

www.burmeseclassic.com
နှင်းပြုတောင်တန်း
လွမ်းသက်သေ
အုပ်(၄၀)ကျော်
အထူးထုတ်
www.burmeseclassic.com

www.burmeseclassic.com

# တြိစက္က

## နှင်းဖြူတောင်တန်း လွမ်းသက်သေ


စာမူခွင့်ပြုချက် = ၅၀၁၂၈၉၀၅၁၀
မျက်နှာဖုံးခွင့်ပြုချက် = ၅၀၁၂၇၅၀၅၁၀
အကြိမ် = ပထမအကြိမ်
၂၀၀၆ခုနှစ်၊ မတ်လ
အုပ်ရေ = ၅၀၀
တန်ဖိုး = ၁၅၀ိ/–
ထုတ်ဝေသူ = ဒေါ်ကေခိုင်ဦး (မြ – ၀၃၇၆၉)
ရွှေသမင်စာပေ
၃၇၊၄၄–လမ်း၊ ဗိုလ်တထောင်မြို့နယ်
ရန်ကုန်မြို့။
အတွင်း/အဖုံး ပုံနှိပ်သူ = ဦးကျော်ဇင် (မြ – ၀၄၂၂၉)
ခိုင်ရည်မွန်ပုံနှိပ်တိုက်၊
၈၁၊ ဗိုလ်ချုပ်လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။


BURMESE CLASSIC .com


ရွှေသမင်
စာပေမှ စီစဉ်တင်ဆက်သည်


# တြိစက္က

## နှင်းဖြူတောင်တန်း လွမ်းသက်သေ

အုပ် (၄၀) မြောက် အထူးထုတ်

[illegible]

www.burmeseclassic.com

www.burmeseclassic.com



## ဆက်လက်ထွက်ရှိမည့် စာအုပ်များ

၄၁။ ကြယ်နဂါးနဲ့ ရွှေသားလိုက်ဂူ
၄၂။ ဗိဝစိုးကျိန်စာ
၄၃။ ပျဉ်ဒရယ်မြနဒီ
၄၄။ နဂါးဗွက်အိုင်လမ်း
၄၅။ မောရမြိုင်မှ သောဠသဝက်ပါ
၄၆။ ကျောက်လက်ဝါးအမြုတေ
၄၇။ ဂမုန်းနက် ရန်စွယ်
၄၈။ မြနှင်းဖြူ မြသင်းကြူ မြဝင်းသူ
၄၉။ ရှမ်ဘဲလားသို့ မဟာဂန္ဓာရီ
၅၀။ တစ္ဆေကျွန်း
၅၁။ နဂါးတစ်ထောင်ဂူ
၅၂။ ဟမလွန်မေတ္တာ
၅၃။ မဟူရာအကျဉ်းသား



## ပါဝင်သောအခန်းများ


အမှာစာ...
အခန်း (၁) မမေ့နိုင်စရာ သီရိစန္ဒာ
အခန်း (၂) သီရိစန္ဒာနှင့် တွေ့ရပြီ
အခန်း (၃) ဒုက္ခိတချစ်သူ
အခန်း (၄) ဘဝမလှတဲ့ အညတြအခြေ
အခန်း (၅) ကျော်စွာ၏ ဘဝအမှန်
အခန်း (၆) မမြင်ရသော မေတ္တာစွမ်းအင်
အခန်း (၇) သံယောဇဉ် နှယ်တစ်ရစ်ကြောင့်
အခန်း (၈) မစ္ဆရိယ ရောင်ပြန်
အခန်း (၉) အသိရခက်သော မိန်းကလေး
အခန်း (၁၀) ပဟေဠိများနှင့်လူ
အခန်း (၁၁) အချစ်ဆိုသောအရာ
အခန်း (၁၂) ပန်းအိဖြူ ရောက်လာခြင်း
အခန်း (၁၃) ခရီးထွက်ရန် ပြင်ကြလေပြီ
အခန်း (၁၄) လော်ဟန်နှင့် လျှို့ဝှက်သောပုစ္ဆာ
အခန်း (၁၅) အရက်မူးတော့မှ ဇာတိပေါ်သည်
အခန်း (၁၆) ကျားသစ်ဖြူတောင်သို့ ရောက်ကြပြီ
အခန်း (၁၇) ကျားသစ်ဖြူတောင်ပေါ်မှ ထူးဆန်းသောပုံရိပ်
အခန်း (၁၈) လောဘသား၏ နိဂုံး
အခန်း (၁၉) အထီးကျန်ဘဝ၏ နိဂုံး
အခန်း (၂၀) ကျားသစ်ဖြူတောင်မှ နှုတ်ဆက်သူများ
အခန်း (၂၁) သစ္စာရှိသူတို့၏ မေတ္တာဆုံတဲ့ပွဲ


BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ရွှေသမင်စာပေ၏ စီစဉ်တင်ဆက်မှု



# စာရေးသူ၏အမှာစာ

၂၀၀၃–ခုနှစ်၊ စက်တင်ဘာလတွင် "စကြ္ကာပါလ သံသေတား" ဝတ္ထုဖြင့် လုံးချင်းလောကသို့ စတင်ဝင်ရောက်ခဲ့သည့်မှာ ယခုအခါ အုပ်ရေ (၄၀)မြောက် အထူးထုတ်သို့ ရောက်ခဲ့ပေပြီ။

စာရေးသူ တစ်ယောက်အနေနှင့် ယခုလို အချိန်တို ကာလအတွင်းမှာ ယခုကဲ့သို့ အုပ်ရေများစွာထွက်နိုင်ဖို့ စာဖတ်သူများ၏ အားပေးမှု မရရှိဘဲ ဘယ်လိုမှ မဖြစ်နိုင်ပါ။ သို့ကြောင့် ကျွန်တော်၏ စာဖတ်ပရိသတ်များ၏ ကျေးဇူးကို မမေ့မလျော့ရှိပါကြောင်း ဦးစွာ ပြောလိုပါတယ်။ ဒုတိယ



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်ထိုက်သူများကတော့ ကျွန်တော့်ရဲ့ စာအုပ်များကို လစဉ်မပြတ်ရအောင် ထုတ်ဝေပေးကြသော စာအုပ်ထုတ်ဝေသူများပဲ ဖြစ်ပါတယ်။

ၵုင်းကျေးဇူးကိုလည်း မမေ့မလျော့ ရှိပါတယ်။

တတိယ ကျေးဇူးတင်ထိုက်သူများကတော့ ကျွန်တော့် ဝတ္ထုများကို ဂရုတစိုက် ဝေဖန်ပေးနေသော ဝေဖန်သူအားလုံးကိုပဲ ဖြစ်ပါတယ်။

(ယခုအချိန်အထိတော့ အကောင်းဘက်မှ ဝေဖန်တာ မတွေ့ရသေးပါ။ ဒါကလည်း ဝေဖန်သူများ နှစ်သက်လက်ခံနိုင်အောင် မကြိုးစားနိုင်ခြင်းက ကျွန်တော့်ရဲ့ အားနည်းချက်ဖြစ်နိုင်ပါတယ်။)

မည်သို့ပင်ရှိပေ...

ကိုယ်ရေးသားသော စာများကို ဖတ်ပေးဖော်ရ၍ ဝေဖန်ပေးသော ကျေးဇူးများကိုလည်း မမေ့မလျော့ရှိရပါတယ်။

ထို့ပြင် ကျွန်တော့်အနေနှင့် ဝတ္ထုအုပ်ရေပေါင်း များစွာ ရေးသားရသည့်အခါတွင် မိမိကိုယ်ပိုင်ဇာတ်လမ်း၊ ကိုယ်ပိုင်အတွေ့အကြုံများကို ရေးရသည့်အခါရှိသလို ဆရာကြီး ဆရာမကြီးများ [ဆရာကြီးရွှေဥဒေါင်း၊ ဒဂုန်ရွှေမျှား၊ ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်)၊ ဆရာမကြီးမဝင်းမြင့်၊ ဆရာ





အောင်ခန့် အစရှိသော ဆရာများ၏ စာပေများကို မှီငြမ်းရေးသားရသည့်အခါလည်း ရှိပါတယ်။ ဒီကျေးဇူးများကိုလည်း မှတ်တမ်းတင်ရပါတယ်။

စာဖတ်ပရိသတ်များက ကျွန်တော့်ရဲ့ ကိုယ်ပိုင်အတွေ့အကြုံများ ဖြစ်သော တောတောင်စွန့်စားခန်းများကို နှစ်သက်သဘောကျသဖြင့် ဝတ္ထုတိုင်းမှာ ထိုအကြောင်းများကို မဖြစ်မနေ ထည့်သွင်းရေးသားရသည့်အခါ ရှိပါတယ်။

တစ်ခါတစ်ရံ အကြောင်းအရာများ ထပ်သွားလျှင် ကျွန်တော့်အား နားလည်ခွင့်လွှတ်ပေးကြပါ။

ကျွန်တော့်အနေကတော့ ရေ့ထွက်မည့် အုပ်များမှာ အကြောင်းအရာ ဆန်းသစ်မှုများနှင့် ဇာတ်လမ်းဇာတ်ကွက်များ မထပ်အောင် ကြိုးစားသွားပါမည်ဟု ပန်ကြားအပ်ပါသည်။

"နှင်းဖြူတောင်တန်း လွမ်းသက်သေ" ဝတ္ထုမှာ ဆရာမကြီး မဝင်းမြင့် ရေးသားခဲ့သော 'သီရိစန္ဒာဒေဝီ' ဝတ္ထုမှ ကျောရိုးအချို့ကို ယူ၍ ဇာတ်လမ်းဖွဲ့ပါကြောင်း ကြိုတင် အစီရင်ခံပါတယ်။

ဇာတ်လမ်း အသစ်အဆန်းများ၊ အကြောင်းအရာ အသစ်အဆန်းများ ရှိပါကလည်း ကျွန်တော့်ထံသို့ ပေးပို့နိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြပါတယ်။ ထိုသို့ပေးပို့ပါက ထိုက်သင့်သလို ကျေးဇူးဆပ်ပါမယ်။ ကျွန်တော့်ထံသို့ ဝေဖန် အကြံပေးစာများ ပေးပို့ကြသူများကို တစ်ဦးချင်း စာပြန်ကြားမှု မပြုနိုင်ပါသဖြင့် ဤနေရာကပင် ခင်မင် အမှတ်တရရှိပါကြောင်း ပြန်ကြားလိုပါတယ်။ ကျွန်တော့်ထံ ဝေဖန် အကြံပေးစာပေးပို့လိုပါက...

အမှတ်(၂၂၆)၊ ဘုရင့်နောင်လမ်း၊ ကျောက်ရေတွင်း မြောက်ပိုင်း၊ မရမ်းကုန်း (၅)ရပ်ကွက်၊ ရန်ကုန်မြို့။

ဖုန်း-၆၅၀၀၉၆၊ ၅၅၇၅၁၉ သို့ ဆက်သွယ်နိုင်ကြပါတယ်။

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေ...။

(တြိစက္က)

[၂၉၊ ဇွန်လ၊ ၂၀၀၅-ခုနှစ်]





ဝါသနာပါ၍ ပြုစုပျိုးထောင်ရသည်မှာ သစ်ပင်တစ်ပင် စိုက်သကဲ့သို့ ဖွဲ့ရှိရသည်၊ စိတ်ရှည်ရသည်၊ ပြုစုပျိုးထောင်မှု ကောင်းရသည်။

သို့မှသာ သစ်ပင်မှ အသီးအပွင့်ကို စားရ သုံးရသကဲ့သို့ ဝါသနာဖြင့် ဆောင်ရွက်ရသော၊ အသက်မွေးဝမ်းကျောင်းမှ ရသော အကျိုးအမြတ်ကိုလည်း မလွဲမသွေ ခံစားရနိုင် ပါသည်။





www.burmeseclassic.com

www.burmeseclassic.com





ဘဝတစ်ခုကို စတင်တည်ထောင်စ.တွင် သင် နှစ်သက်သောအလုပ်ကို လုပ်သည်ထက် ရလာသောအလုပ်ကို လုပ်၍ စတင်ရပါမည်။

အတန်အသင့် ရပ်တည်နိုင်မှ သင် နှစ်သက်သော အလုပ်ကို ပြောင်းလဲလုပ်ကိုင်နိုင်ပါသည်။


စ.ကာစဦးပင် အလုပ်ရွေးနေလျှင် သင့်အတွက် ဘာ တစ်ခုမှ အောင်မြင်မည်မဟုတ်ပေ။





သင်က အဝါရောင်ကိုကြိုက်၍ အပြာရောင်ကို မကြိုက်ပေ၊ သင့်ချစ်သူက အပြာရောင်ကိုကြိုက်၍ အဝါရောင်ကို မနှစ်သက်ပေ။

သို့သော် ဘဝတစ်ခု ထူထောင်ကြသောအခါ မိမိတို့ ကြိုက်နှစ်သက်သော အရောင်များ၏ ခွဲလမ်းမှုကိုဖယ်၍ နှစ်ယောက်ပေါင်း၍ ရလာသော အစိမ်းရောင်ကိုလည်း လက်ခံနိုင်ရပေမည်။





www.burmeseclassic.com

www.burmeseclassic.com





နွေရာသီကို နှစ်သက်သော သင့်အတွက်-

မိုးရာသီနှင့် ဆောင်းရာသီကိုတော့ မလွဲမသွေ ကျော်ဖြတ်ရပါသည်။

ထို့အတူပါပဲ-

အချစ်ကို လိုချင်သူများအတွက်လည်း

သောကနှင့် ဒုက္ခကိုတော့ မလွဲမသွေ လက်ခံရတတ်ပါသည်။





တစ်ချိန်ကပြုခဲ့သော ကုသိုလ်ကောင်းမှုသည် သင် မေ့လျော့နေသော်လည်း နောင်တစ်ချိန်ကျလျှင် မလွဲမသွေ ကောင်းကျိုးချမ်းသာ သုခကို ခံစားရသကဲ့သို့ တစ်ချိန်က ပြုခဲ့သော မကောင်းမှုကိုလည်း လူမသိ သူမသိဖြင့် ရှိခဲ့၍ မေ့လျော့နေသော်လည်း အချိန်ကျလျှင် သင့်ထံသို့ တိတ်ဆိတ်စွာပင် ရောက်လာပြီး ဒုက္ခနှင့် သောကကို ခံစားရပါသည်။






www.burmeseclassic.com

www.burmeseclassic.com





သင်္ဘောတစ်သက်တာမှာ နောင်တကြီးစွာ ရနိုင်တဲ့ အချက်သုံးချက်ကို မကျူးလွန်မိအောင် သတိပြုပါ။

(၁) ငယ်စဉ်ကာလ ပညာသင်ချိန်မှာ မသင်မိခဲ့တဲ့ နောင်တ...။

(၂) မိဘဆွေးကျူးကို ဆပ်နိုင်ပါလျက်နဲ့ မဆပ်ဖြစ်လဲတဲ့ နောင်တ...။

(၃) သစ္စာနဲ့ယှဉ်တဲ့ ချစ်ခြင်းမေတ္တာကို ဥပေက္ခာပြုခဲ့မိတဲ့ နောင်တ...။

ဒီနောင်တသုံးချက်ကို ကျူးလွန်မိရင် ဘယ်သောအခါမှ မေ့ပျောက်လို့ မပျောက်နိုင်တော့ပါဘူး။





လမ်းမသိတဲ့လူဟာ လမ်းမှာတွေ့သမျှ လူကို မေးသွားတာ နောက်ဆုံး သူသွားချင်တဲ့ခရီးကို ရောက်နိုင်တယ်။

သိချင်ယောင်ဆောင်တဲ့ လူကတော့ ဘယ်သူ့ကိုမှ မမေးဘဲသွားလို့ သူလိုချင်တဲ့ခရီးကို မရောက်နိုင်တော့ဘူး။ အန္တရာယ်တွေထဲမှာ မိမိကိုယ်ကို လိမ်ခြင်းဟာ အန္တရာယ် အကြီးဆုံးပါပဲ။





www.burmeseclassic.com

www.burmeseclassic.com





ဖွတ်ပန်တီးသော ဘဝ.သည် ရေရှည်မတည်မြဲနိုင်ပေ။

စနစ်တကျ ပန်တီးတည်ဆောက်သော ဘဝသာလျှင် ခိုင်မြဲ တည်တံ့နိုင်ပါသည်။

အထူးသဖြင့် အချစ်ကို ဖွတ်မပန်တီးပါနှင့်။

အဘယ်ကြောင့်ဆိုသော်...

အသည်းနှလုံးဖြင့် ရင်းရသောကြောင့် ဖြစ်ပါသည်။





ငယ်စဉ်ကာလ လမ်းလျှောက်တတ်စ.မှာ ဘေးနားမှာ အဖော်တစ်ယောက် လိုတယ်...။

ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်တော့ မလိုတော့ဘူး။

ဒါပေမယ့် အသက်အရွယ် အိုမင်းမစွမ်း ဖြစ်လာပြန် တော့ လက်တွဲဖော် လိုလာပြန်ရော...။





www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၁)

# မမေ့နိုင်စရာ သိရိစန္ဒာ

အချိန်ကာလကား နန်းတွင်းအရေးအခင်းများ ရှုပ်ထွေးနေသော အချိန်ကာလ ဖြစ်သည်။

မြင်ကွန်း၊ မြင်းခုန်တိုင်တို့ လက်ချက်ကြောင့် ကနောင်ကိုယ်တော်ကြီး နတ်ရွာစံ ကံတော်ကုန်ပြီး မကြာမီမှာပင် မိဖုရားခေါင်ကြီး နတ်ရွာစံပြီးနောက်ပိုင်းတွင် နန်းတွင်း၌ သူ့ဘက် ကိုယ့်ဘက်၊ သူ့ ငါမယုံ၊ ငါ့ သူမယုံ ဖြစ်ကာ ဖမ်းဆီးသတ်ဖြတ်မှုများလည်း လွန်စွာမှ များပြားလှသော အချိန်ကာလဖြစ်သည်။ ထိုအချိန်တွင် နန်းတွင်းသူ၊ နန်းတွင်း



www.burmeseclassic.com

www.burmeseclassic.com



သား အချို့မှာ အသက်ဘေးမှ လွတ်ရာလွတ်ကြောင်းရစေရန် ပြေးကြရသည်။

ထိုအထဲတွင် ကနောင်ကိုယ်တော်ကြီး ရှိစဉ်က လွန်စွာမှ အားကိုးရသော မင်းရဲကျော်သူနှင့် သီရိစန္ဒာတို့လည်း ပါလေသည်။ မင်းရဲကျော်သူသည် မင်းတုန်းမင်းတရားကြီး၏ လက်စွဲတော်တစ်ဦး ဖြစ်ရုံမက သီရိစန္ဒာမှာလည်း ကနောင်မင်းသားကြီးကဲ့သို့ တီထွင်ကြံဆမှုတွင် လွန်စွာမှ တော်သူဖြစ်၏။

သို့ကြောင့်...

ကနောင်မင်းသားကြီးက မင်းတရားကြီး အရိုက်အရာ လွှဲ၍ ထီးနန်းအမွေ ဆက်ခံရပါက သီရိစန္ဒာအား လက်နက်ဝန်အဖြစ် ခန့်အပ်ရန်ပင် ရည်စူးထားလေသည်။

မင်းရဲကျော်သူတို့ ဇနီးမောင်နှံမှာ ကနောင်ကိုယ်တော်ကြီး၏ လက်ရင်းတော်များ ဖြစ်သည့်အားလျော်စွာ ကနောင်ကိုယ်တော်ကြီး နတ်ရွာစံ ကံတော်ကုန်သောအခါ ၎င်းတို့အား မလိုမုန်းထားသူများက ဘုရင်ကို ကုံးချောစကားများ ပြောကြားသည့်အတွက် တစ်ကြောင်း၊ မိမိတို့၏ အသက်ဘေးအန ္တရာယ်ကို ရန်ရှာသူ များပြားလာသည်က တစ်ကြောင်းကြောင့် နန်းတွင်းမှာ မနေသာတော့ဘဲ နောက်ပါတပည့် နှစ်ဦးနှင့်အတူ ဗန်းမော်ဘက်သို့ ထွက်ပြေးကြရလေတော့





သည်။

၎င်းတို့၏ လက်စွဲတော်နှစ်ဦး၏ ကောင်းမှုကြောင့် ဗန်းမော်ဘက်မှ ရွာကလေးတစ်ရွာမှာ ခေတ္တ ခိုလှုံနေခိုက်မှာပင် ဗန်းမော်မြို့တော်ဝန်က ထိုသတင်းကို ကြားသွားကာ လာရောက် ရှာဖွေကြပြန်သောကြောင့် အထက်ပိုင်းသို့ ရှောင်တိမ်းသွားကြရာ နှစ်ပေါင်း အတော်ကြာသည်အထိ ၎င်းတို့၏သတင်းကို မကြားရတော့ပေ။

ဗန်းမော်မြို့သည် မြန်မာပြည်အလယ်ပိုင်းတွင် အချက်အချာကျသော နေရာမှာရှိပြီး ထင်ရှားသောမြို့တစ်မြို့လည်း ဖြစ်သည်။

ထိုမြို့တွင် ပွဲစားကြီး ဦးဘဖဲ ဒေါ်မယ်မုန့်တို့မှာ မြို့၏ ဂုဏ်သရေရှိ လူတန်းစားများထဲတွင် ပါဝင်ကာ ကြေးရည်တက် လူတန်းစားများဖြစ်ကြသည်။

၎င်းတို့တွင် သားတစ်ယောက် ရှိသည်။

သူ၏အမည်မှာ 'မင်းအောင်' ဖြစ်သည်။

မင်းအောင်မှာ အသက်နှစ်ဆယ်ကျော် အရွယ်ရောက်သည့်တိုင်အောင် ၎င်း၏မိဘမှ ဖြစ်စေချင်သော ဘွဲ့ရပညာတတ်တစ်ယောက် မဖြစ်သေးပေ။

တစ်ဦးတည်းသောသားမို့ အလိုလိုက် အကြိုက်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ကာ ထားသဖြင့် ဆိုးချင်တိုင်း ဆိုးနေလေတော့သည်။

မိဘများကလည်း တစ်ဦးတည်းသော သားဖြစ်သူ စိတ်ချမ်းသာပါစေတော့ဟု အပြစ်ပြောခြင်း၊ ဟန့်တားခြင်း မပြုကြသောကြောင့် မင်းအောင်မှာ လွတ်လပ်ချင်တိုင်း လွတ်လပ်နေတော့သည်။

မင်းအောင်သည် အသိမိတ်ဆွေ၊ အပေါင်းအသင်း များသူ တစ်ယောက်ဖြစ်ရာ တစ်ခါတစ်ရံ မြို့ပေါ်မှ အမဲပစ် ထွက်သူများနှင့်သော် လည်းကောင်း၊ သစ်တောဌာနမှ မိတ်ဆွေ များနှင့်သော် လည်းကောင်း တောထဲ တောင်ထဲသို့ လိုက်သွား လေ့ရှိသည်။

၎င်း၏ဖခင် ဦးဘဇံတွင် လိုင်စင်ဖြင့်ကိုင်ဆောင်သော သေနတ်တစ်လက်ရှိရာ ထိုသေနတ်ကိုပင် တောတက်ရာ၌ အမြဲယူဆောင်သွားလေ့ရှိသည်။

မင်းအောင်မှာ ဆယ်တန်းမအောင်သဖြင့် တက္ကသိုလ် ကျောင်းသား မဖြစ်သည့်တိုင် မိဘမျိုးရိုးကောင်းခြင်း၊ စည်းစိမ် ဥစ္စာ ပြည့်စုံကြွယ်ဝခြင်း၊ အကျင့်စာရိတ္တကောင်း၊ ရုပ်ရည် ရူပကာရမှာ ယောကျ်ားပီသသူ ဖြစ်သဖြင့် မြို့ပေါ်မှ သားမက် တော်ချင်သူများ အများအပြားရှိနေသည်။

ထိုအခါ ပွဲစားကြီးနှင့် ပွဲစားကတော်တို့က မိမိတို့သား





အရွယ်ရောက်ပြီမို့ သင့်တော်သော မိန်းကလေးတစ်ယောက် နှင့် နေရာချထားရန် စိတ်ကူးကြပြီး မိမိတို့နှင့် ဂုဏ်ရည်တူ သော အဆင့်အတန်းတူသည့် မိန်းကလေးတစ်ယောက်နှင့် ထိမ်းမြားလက်ထပ်ပေးရန် စေ့စပ်ထားကြလေသည်။

ထိုအကြောင်းကို မင်းအောင် သိသောအခါ...

"အဖေတို့ အမေတို့က ဒီကိစ္စမျိုးကို ကျွန်တော်မသိဘဲ နဲ့ စီစဉ်ဘာမျိုးကတော့ မကောင်းပါဘူး"

ဟု အပြစ်ဆိုစကား ပြောလေသည်။

"ဘာဖြစ်လို့လဲ သားရဲ့၊ အမေတို့ သားအတွက်ရှာထား တဲ့ ချွေးမလောင်းက ရုပ်လည်းချော၊ သဘောမနောလည်း ကောင်း၊ မိဘချင်းကလည်း အဆင့်အတန်းချင်း တူကြတာပဲ၊ ဘာများ ငြင်းစရာရှိလို့လဲ"

"ကျွန်တော်က မိန်းမကို မယူချင်သေးတာ အမေရဲ့"

"ဘယ်ဟုတ်မလဲကွယ်... လူဆိုတာ အချိန်တန် အရွယ်ရောက်ရင် ဘဝတစ်ခုဆိုတာ ထူထောင်ကြရတယ်၊ အမေတို့ အဖေတို့ မရှိတဲ့အခါ သားတစ်ယောက်တည်း အထီးကျန်ဖြစ်နေမှာပေါ့၊ နောက်ပြီး သားရှာတဲ့ပစ္စည်းဥစ္စာ တွေကို နောက်ကနေ ဘယ်သူထိန်းသိမ်းပေးမလဲ... ကြော်"

"ကျွန်တော့်အသက်က ငယ်ပါသေးတယ် အမေရယ်၊



www.burmeseclassic.com

www.burmeseclassic.com



အချုပ်အချယ်နဲ့ မနေချင်သေးပါဘူး"

ဟု ငြင်းဆန်ထားလေရာ သူ၏လက်ထပ်ရေးကိစ္စမှာ စေ့စပ်[illegible]ာအဆင့်နှင့်ပင် ရပ်တန့်နေလေသည်။

မင်းအောင်ကတော့ ထိုရက်အတွင်းမှာပင် တောတက်သောအဖွဲ့များနှင့် တစ်ဖွဲ့ပြီးတစ်ဖွဲ့ လိုက်သွားတတ်လေသည်။

တစ်နေ့သောအခါ ဗန်းမော်မြစ်ဆိပ်နှင့်နီးသော သစ်ပင်ကြီး တစ်ပင်အောက်မှာ သစ်ပင်ကိုမှီထိုင်နေသော အဘိုးကြီးတစ်ယောက်ကို လှမ်းမြင်ရသဖြင့် သက်ကြီးရွယ်အိုများကို ကြင်နာတတ်သူပီပီ ထိုနေရာသို့ လျှောက်သွားလေသည်။

အဘိုးအို၏အနီးမှာ ဆိုင်းထမ်းဖြင့် ထမ်းလာဟန်ရှိသော အထုပ်ကြီးနှစ်ထုပ်ကို တွေ့ရသည်။

အဘိုးအိုသည် သစ်ပင်ကိုမှီထိုင်ကာ ရင်ဘတ်ကို လက်နှစ်ဖက်ဖြင့် ဖိထားပြီး အသက်ကို ကြိုးစားပမ်းစား ရှူနေရသည်ကို တွေ့ရသည်။

မင်းအောင်က အနီးကပ်သွားပြီး အဘိုးအို၏ လက်မောင်းတစ်ဖက်ကို လက်ဖြင့်ကိုင်၍...

"အဘ...အဘ... ဘာဖြစ်လို့လဲ၊ ကျွန်တော် ဘာအကူအညီ ပေးရမလဲ"





ဟု မေးလိုက်သောအခါ အဘိုးအိုက မျက်လုံးကို အားယူ၍ ဖွင့်ကြည့်ပြီး...

"လူကလေး... အဘရင်ထဲမှာ ကျပ်ပြီး မောနေတယ်၊ ခေါင်းထဲမှာမူးပြီး မျက်လုံးတွေလည်း ပြာနေတယ်၊ ရေအေးအေး တစ်ခွက်လောက်ပေးပါ"

ဟု ပြောသဖြင့် အနီးဝန်းကျင်ရှိ ခြံတစ်ခြံသို့သွားကာ ဖလားနှင့် ရေတစ်ခွက် ခပ်ပေးလိုက်သည်။

အဘိုးအိုက ရေတစ်ခွက် သောက်လိုက်ရသောအခါ အနည်းငယ် သက်သာသွားဟန်ရှိသော်လည်း ရောဂါအခြေအနေကတော့ သက်သာပျောက်ကင်းဟန် မတူပေ။

"အဘ... အခြေအနေမကောင်းရင် ဟိုမှာမြင်နေရတဲ့ တဲပေါ်ကို ကျွန်တော်ပွေ့ပြီး ခေါ်သွားပေးမယ်၊ ပြီးရင် မြို့ထဲမှာ ကျွန်တော် ဆေးဆရာသွားခေါ်ပေးမယ်"

ဟု အားတတ်သရော ပြောလိုက်သောအခါ အဘိုးအိုက...

"အဘ အခြေအနေကို အဘ သိပါတယ်၊ မကြာခင် သေရတော့မယ် ထင်ပါရဲ့ကွယ်"

အားလျော့သောလေသံဖြင့် ပြောသည်။

"ဒီလောက်လည်း အားမလျော့ပါနဲ့ အဘ၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့မြို့မှာ ဆေးဆရာကောင်းကောင်းတွေ ရှိပါတယ်၊ သွားခေါ်ပြီးကုရင် အဘ သက်သာသွားမှာပါ"

အဘိုးအိုက မျက်စိမှိတ်ထားရင်း ခေါင်းကို ဖြည်းလေးစွာ ခါသည်။

"ဒါထက် အဘက ဘယ်မှာနေတာလဲ၊ ဘယ်ကို သွားမှာလဲဟင်"

"အဘက ဟိုး... အထက်ပိုင်းမှာနေတာပါ၊ အဘရဲ့ အရှင်သခင်တွေအတွက် ဈေးလာဝယ်ပေးတာပါ၊ စခန်းက ထွက်လာတုန်းက ဒီလောက်အခြေအနေမဆိုးဘဲ ဒီရောက်ကာမှ ကောက်ကာငင်ကာ ဆိုသလို ရောဂါရတာပါ၊ ငါတော့ ဒီတောင်က ကျော်နိုင်တော့မယ် မထင်ဘူး"

"ကျွန်တော် ဘာလုပ်ပေးရမလဲ အဘ"

"ငါ့မြေး ကူညီချင်တယ်ဆိုရင် ဒီပစ္စည်းတွေကို သယ်ယူသွားပြီးတော့ တာပိန်မြစ်ကမ်းမှာ လှေတစ်စင်းနဲ့ လူတစ်ယောက် စောင့်နေတာတွေ့ရင် ပေးလိုက်ပါကွယ်"

အဘိုးအိုမှာ ဇွဲကောင်းသူတစ်ယောက် ဖြစ်သောကြောင့်သာ ထိုမျှ ပြောနိုင်သေးသော်လည်း အခြေအနေကတော့ မကောင်းလှတော့ပေ။

"လှေဆိပ်ဆိုတော့ အခြားလှေတွေလည်း ရှိချင်ရှိနေ





မှာ၊ ဘယ်သူလို့မေးပြီး ပေးရမှာလည်း အဘ"

"ဟုတ်ပေသားပဲ"

ဟု ပြောကာ ၎င်း၏ ဖျင်အင်္ကျီအတွင်းမှ ဂုံစက္ကူလေး တစ်ရွက်ကို ထုတ်ပေးလေသည်။

"ပိန်းကောလှေပေါ်မှာ ငါ့အရွယ်လောက်ရှိတဲ့ လူတစ်ယောက်ကိုတွေ့ရင် အဲဒီစက္ကူလေးကို ပေးလိုက်၊ သူက ယူပြီး နေရောင်မှာထောင်ကြည့်ရင် ငါ့အဖော်ပဲ၊ ပစ္စည်းတွေကို သူ့ကိုပေးလိုက် ငါ့မြေး"

ဟု ပြောပြီးနောက် ခေါင်းငိုက်စိုက်ကျကာ သတိမေ့သွားလေတော့သည်။

"အဘ...အဘ"

မင်းအောင်က ခေါ်ကြည့်သော်လည်း သတိမရတော့ပေ။

သို့ကြောင့်...

စောစောက ရေတောင်းခဲ့သောခြံမှ လူကိုခေါ်ပြီး အဘိုးအိုကို စောင့်ကြည့်ထားပေးရန် မှာကြားပြီး အထုပ်နှစ်ထုပ်ကို ဆိုင်းထမ်းနှင့်ထမ်းကာ ကမ်းဆိပ်သို့ ဆင်းလာခဲ့သည်။

၎င်းဆင်းလာသော လှေဆိပ်တွင် အခြားလှေများကို မတွေ့ရဘဲ ပိန်းကောလှေတစ်စင်းနှင့် လူတစ်ယောက်ကိုသာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသည်။

လေ့ပေါ်မှ အဘိုးအိုမှာလည်း ကမ်းပေါ်မှာ သတိမေ့ကာ ကျန်ခဲ့သော အဘိုးအိုနှင့် သက်တူရွယ်တူခန့် ရှိသည်။

သူ အထုပ်များထမ်းကာ ဆင်းသွားတော့ လေ့ပေါ်မှ အဘိုးအိုက စိုးရိမ်သောအကြည့်များနှင့် လှမ်းကြည့်နေသည်။

အနီး ရောက်သွားသောအခါ...

"မင်း... ဘယ်သူလဲ၊ ဒါ...ဒါတွေက..."

ဟု မေးလေသည်။

မင်းအောင်က ဘာမှမပြောဘဲ အိတ်ထဲမှ ဂုံစက္ကူလေးကို ထုတ်ပေးလိုက်သောအခါ နေရောင်မှာထောင်ကြည့်ပြီး–

"သူက ဘယ်မှာလဲ"

ဟု မေးသဖြင့် မင်းအောင်က အကျိုးအကြောင်း ပြောပြလိုက်သည်။

"ဒီလိုဆိုရင် ကူညီလက်စနဲ့ သူ့ကို ဒီလေ့ထဲကိုသာ ရောက်အောင်ပို့ပေးပါ ငါ့မြေးရယ်၊ အဘက ဒီမှာ လေ့ကို ဒီအတိုင်းထားခဲ့လို့ မဖြစ်လို့ပါ"

ဟု အကူအညီတောင်းသဖြင့် မင်းအောင်က အထုပ်များကို ချပေးခဲ့ပြီး ကမ်းပေါ်သို့ တစ်ခေါက်ပြန်တက်လာခဲ့





သည်။

သူ ရောက်သွားတော့ အဘိုးအိုမှာ သတိမရသေးပေ။

သို့ကြောင့်...

ခြံစောင့် အကူအညီဖြင့် အဘိုးအိုကို ပွေ့ယူကာ လေ့ဆိပ်သို့ ချပေးလိုက်သည်။

လေ့ပေါ်မှ အဘိုးအိုက သူ့အဖော်ကိုကြည့်ပြီး...

"အင်း... သူကတော့ ကြာကြာနေရတော့မယ် မထင်ဘူး၊ ဒါပေမယ့် ထားခဲ့လို့ကလည်း မဖြစ်ဘူး၊ ငါတို့ဟာစ်ဝေ့ဟာ ကိုယ်တော်ကြီး ခြေရင်းမှာပဲ ဦးခေါင်းချပါ့မယ်လို့ သစ္စာပြုထားကြတယ်၊ နောက်ပြီး ကိုယ်တော်ကြီးကလည်း သူ့မျက်စိရှေ့မှာ သူကိုယ်တော်တိုင် ကိုင်တွယ် သင်္ဂြိုဟ်တော်မှုလိုတာ... ကိုင်း... အခုလို ကူညီပေးတာ ကျေးဇူးတင်တယ်၊ သွားမယ် ငါ့မြေး"

ဟု ပြောကာ လေ့ကိုပြန်ထွက်ရန် ချည်ထားသော ကြိုးကို ဖြုတ်နေလေသည်။

"အဘက ဘယ်ထိအောင်သွားမှာလဲ၊ ကျွန်တော် လိုက်ပို့ပေးရမလား အဘ"

အဘိုးအို၏ ထူးဆန်းသောစကားကို စိတ်ဝင်စားသဖြင့် စူးစမ်းသည့် သဘောဖြင့် မေးလိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လူကလေး လိုက်ပို့လို့ မဖြစ်ဘူးကွယ့်၊ အဘတို့ နေတဲ့နေရာက အဝေးကြီးရယ်၊ တာပိန်မြစ်ညာမှာရှိတဲ့ ကျောက်တောင်ကြီးတစ်လုံးထဲမှာ နေကြတာ...

ဟိုမှာက ကိုယ်တော်ကြီးနဲ့ သီရိစန္ဒာမင်းသမီးကလေး ရှိနေတော့ လူစိမ်းတွေကို ခေါ်သွားလို့မဖြစ်ဘူး...

လူကလေးကြည့်ရတာ ရိုးသားတယ်၊ စိတ်ကောင်း ရှိကယ် ဆိုတာကတော့ မြင်ရုံနဲ့ သိနိုင်ပါတယ်"

"အဘတို့က ဘာကြောင့် အဲဒီလောက်အဝေးကြီးမှာ သွားနေကြတာလဲဟင်"

"အဘတို့က သူ့ကျွန်မခံချင်လို့ အခုလို လွတ်ရာ ကျွတ်ရာမှာ သွားနေကြတာပါ၊ ဒါပေမယ့် အနေကြာလာ တော့လည်း ဒီကိုမပြန်ချင်တော့ဘူး၊ ကိုယ်တော်ကြီးရဲ့ ခြေရင်း မှာပဲ ခေါင်းချဖို့ သစ္စာပြုထားကြတယ် လူကလေး"

အဘိုးကြီးက ကြိုးစ,ကိုဖြေပြီး လှေပေါ်သို့ တင်သည်။

"အဘ... အဘ... နေပါဦး၊ ကျွန်တော် အဘတို့နဲ့ တွေ့တဲ့အထိမ်းအမှတ်အဖြစ် ပစ္စည်းတစ်ခုခုတော့ ပေးခဲ့ပါ လား"

ဟု မင်းအောင်က လှမ်းတောင်းလိုက်ရာ အဘိုးကြီးက အတန်ကြာအောင် စဉ်းစားနေပြီးမှ သူ့အိတ်အတွင်းမှ ဂုံစက္ကူ





ရွက်လေးကို ထုတ်ပေးလေသည်။

"ဒီစက္ကူလေးကို ကိုယ်နဲ့မကွာ သိမ်းထားပေတော့၊ နောက်တစ်ကြိမ် မင်းနဲ့ပြန်တွေ့ခဲ့ရင် ဒီစက္ကူလေးကိုသာ ထုတ်ပြပါ၊ ကိုယ်တော်ကြီးကို ခွင့်တောင်းပြီးတော့ မင်းကို အဘတို့နေရာ ရောက်အောင် ခေါ်သွားပါ့မယ်"

"ဟုတ်ကဲ့...ဟုတ်ကဲ့"

မင်းအောင် ဝမ်းသာအားရ အမူအရာဖြင့် ဂုံစက္ကူလေး ကို မိမိအိတ်အတွင်းသို့ တရိုတသေ ထည့်လိုက်သည်။

"အဘ သွားတော့မယ်လူကလေး၊ မင်းနာမည် ဘယ်သူ လဲကွယ့်"

"ကျွန်တော့်နာမည် မင်းအောင်ပါ"

"အေး...အေး...မင်းရဲ့ စေတနာကောင်းပုံ၊ လူတစ်ဖက် သားတွေကို ကူညီပေးတတ်ပုံတွေကို ကိုယ်တော်ကြီးနဲ့ သီရိစန္ဒာ သခင်မလေးကို ပြောပြလိုက်ပါ့မယ်"

ဟု ပြောကာ လှေထိုးဝါးဖြင့်တွန်း၍ ကမ်းမှထွက်ခွာသွား လေတော့သည်။

လှေသည် ကမ်းစပ်မှခွာ၍ အဝေးသို့ တဖြည်းဖြည်း ရောက်သွားသည့်တိုင် မင်းအောင်သည် ကမ်းစပ်၌ တစ်ယောက်တည်းရပ်ကာ ကျန်ခဲ့လေသည်။ သူ့နားထဲမှာ



www.burmeseclassic.com

သီရိစန္ဒာ ဟူသော အမည်သည် ပဲ့တင်ထပ်လျက်ရှိနေသည်။

စိတ်ကူးထဲမှာ ဂူကြီး တစ်ဂူအတွင်း၌ လှပသော မိန်းကလေးတစ်ယောက်၏ ပုံကို မြင်ယောင်နေမိသည်။

"အဘ ပြောသွားတဲ့အတိုင်း တာပိန်မြစ်ရိုးအတိုင်း လိုက်သွားရင် သူတို့နေတဲ့နေရာ ရောက်ချင် ရောက်နိုင်တယ်၊ နောက်ပြီး သီရိစန္ဒာကိုလည်း တွေ့နိုင်တယ်...

အဖော်ကောင်းရင်တော့ အဲဒီဘက်ကို တက်သွားရင် ကောင်းမယ်"

ဟု တွေးတောကာ ကမ်းစပ်မှ ပြန်တက်ခဲ့လေသည်။

သူ့အတွေးမှာတော့ သီရိစန္ဒာ ဟူသော အမည်က ပဲ့တင်ထပ်လျက် ရှိနေတော့သည်။





## အခန်း (၂)

# သီရိစန္ဒာနှင့် တွေ့ရပြီ

ထို့နောက်ပိုင်းတွင် မင်းအောင်သည် အထက်တောများဘက်သို့ ဆန့်တက်ရန်အတွက် မြန်မာလမ်းပြတစ်ယောက်ကို ငှားရမ်းလေသည်။

မိဘများကိုတော့ ခရီးထွက်ရာမှပြန်လာလျှင် ၎င်းတို့ ဗိုဥ်တဲ့အတိုင်း လက်ထပ်ခြင်းကိစ္စကို လက်ခံမည်ဖြစ်ကြောင်းနှင့် လက်မထပ်မီ လူပျိုဘဝနှင့် လွတ်လွတ်လပ်လပ် ခရီးထွက်လိုကြောင်း ပြောဆိုကာ ၎င်းဖခင် ကိုင်ဆောင်သော သေနတ်ကိုပါ ယူဆောင်ခဲ့သည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ခရီးထွက်ရာတွင် လမ်းပြမှုဆိုးအပြင် သူနှင့် စိတ်တူကိုယ်တူ မိတ်ဆွေနှစ်ယောက်ကိုပါ ခေါ်ဆောင်လာခဲ့သည်။

သူတို့သည် လှေကြီးတစ်စင်းကို ငှားရမ်း၍ တာပိန်မြစ်ရိုးအတိုင်း အထက်သို့ ဆန်တက်ကာ အဘိုးအိုနှစ်ဦး ပြောသွားသောနေရာသို့ လိုက်လံရှာဖွေကြသည်။

တာပိန်မြစ်မှာ လွန်စွာရှည်လှသော မြစ်တစ်စင်းဖြစ်သည်။ ဗန်းမော်မြို့အနီး ဧရာဝတီမြစ်မှ ခွဲထွက်သွားရာ မြန်မာပြည်နယ်နိမိတ်ကိုကျော်၍ တရုတ်ပြည်ထဲအထိ စီးဝင်သွားလေသည်။ တရုတ်ပြည် ထိန်ချုံးမြို့အနီးတွင် သွားရောက်အဆုံးသတ်သည်ဟု အဆိုရှိသည်။

မြစ်လက်တက်ခွဲတစ်ခုကမူ မြန်မာပြည်နယ်စပ်၌ရှိသော ပန်စိန်တောင်ကြားဘက်သို့ ဆန်တက်သွားလေသည်။

မြစ်အတိုင်းအတာနှင့်မူ တာပိန်မြစ်မှာ မြန်မာနိုင်ငံအတွင်းမှာ အလျားမိုင်သိပ်မရှိလှဘဲ တရုတ်ပြည်ထဲမှာ အလျားမိုင် ပိုမိုများပြားသောမြစ် ဖြစ်သည်။

မင်းအောင်တို့သည် လှေတစ်စင်းနှင့် မြန်မာနိုင်ငံ နယ်နိမိတ်အစပ်ရောက်အောင် လိုက်လံရှာဖွေကြသော်လည်း





အဘိုးကြီးပြောသွားသော နေရာကို အစ၊အနမျှပင် မတွေ့ကြရပေ။

ထိုအခါ နယ်စပ်ဘက်ရှိ ရွာကလေးတစ်ရွာမှာ ဝင်ရောက်နားရင်း သတင်းစုံစမ်းကြည့်ရသည်။

ထိုရွာကလေးမှာ တရုတ်နယ်စပ်၌ရှိသောကြောင့် တရုတ်လူမျိုး အများအပြားနေထိုင်ကြသည်။

ထိုရွာရောက်မှ သူတို့လိုချင်သော သတင်းကို ရလေသည်။

ရွာခံ မြန်မာလူမျိုးတစ်ဦးက သတင်းပေးခြင်းဖြစ်သည်။

"ဆရာတို့ပြောတဲ့ ကျောက်တောင်ထဲမှာ လူတွေပုန်းနေတဲ့ နေရာကရှိတယ်၊ ဒီရွာကသွားရင် သိပ်မဝေးတော့ပါဘူး၊ ဒါပေမယ့် မြန်မာနိုင်ငံအတွင်းမှာတော့ မဟုတ်ဘူး"

"ဘယ်နေရာမှာရှိတာလဲဗျ"

"တရုတ်နိုင်ငံထဲမှာရှိတဲ့ တာပိန်မြစ်ဘေးရဲ့ တစ်နေရာမှာပဲ၊ အဲဒီနေရာကို ရောက်ဖူးတဲ့ လမ်းပြတစ်ယောက်ရှိတယ်၊ သူ့နာမည်က လော်စံတဲ့၊ သူက တရုတ်လူမျိုးတစ်ယောက်ပဲ"

"သူက ဒီရွာမှာရှိသလား"

"ရှိပါတယ်"

"ဒါဖြင့် သူနဲ့တွေ့ချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသဖြင့် ရှာခံမြန်မာကပင် သွားရောက်ခေါ်ပေး လေသည်။

ခဏကြာတော့ တရုတ်ကြီးတစ်ယောက် ပါလာသည်။ အသက် လေးဆယ်ကျော် အရွယ်ခန့်ရှိသည်။

သူသည် မြန်မာလူမျိုးများနှင့် ရောနှောနေထိုင်ခဲ့သည်မှာ ကြာပြီဖြစ်သောကြောင့် လေသံဝဲဝဲနှင့် မြန်မာစကားကို ကောင်းစွာပြောနိုင်သည်။

ရှာခံ မြန်မာကပင် မင်းအောင်တို့နှင့် မိတ်ဆက်ပေးသည်။

"ဦးလော်စံကို ခေါ်တာ တခြားမဟုတ်ပါဘူး၊ ဒီနယ်တစ်ဝိုက်မှာ ကျောက်တောင်တစ်လုံးထဲမှာ လူတွေနေတဲ့နေရာရှိတယ် သတင်းကြားလို့ လာတာပါ၊ အဲဒီနေရာကို ဦးလော်စံ ရောက်ခဲ့ဖူးတယ်ဆို၊ ဟုတ်လား"

ဦးလော်စံမှာ ထိုစကားကြားသောအခါ မျက်နှာပေါ်မှာ ကြောက်ရွံ့ ထိတ်လန့်မှုများ ပေါ်လာသည်။

"ဟုတ်...ဟုတ်တယ်၊ ရောက်ဖူးတယ်"

"ဘယ်လိုရောက်သွားတာလဲ"

"ကျားသစ်ဖြူနောက်ကို သဲကြီးမဲကြီးလိုက်ကြရင်းနဲ့ နယ်ကျွံပြီး ရောက်သွားတာပါ"





"ဟင်... ကျားသစ်ဖြူဆိုတာရော တကယ်ရှိလို့လား"

"ရှိပါတယ်၊ အတော်ကို ရှားရှားပါးပါးရှိတယ်၊ ကျုပ်တို့လည်း အဲဒီကောင်ကို လိုချင်တာနဲ့ သဲကြီးမဲကြီး နောက်က လိုက်ကြရင်းနဲ့ နယ်ကျွံ မျက်စိလည်ပြီး အဲဒီဂူထဲကို ကျုပ်တစ်ယောက်တည်း ရောက်သွားခဲ့တာ"

"အထဲရောက်တော့ ဘာတွေ တွေ့သလဲဟင်"

မင်းအောင်က အလောတကြီး မေးလိုက်သည်။

"အထဲမှာ နန်းဝတ်နန်းစားတွေနဲ့ မိန်းမရုပ်တုကြီးတစ်ခုရှိတယ်၊ သူ့လက်ဝါးပေါ်မှာ လိမ္မော်သီး အရွယ်လောက်ရှိတဲ့ ပတ္တမြားကြီးတစ်လုံး တင်ထားတယ်၊ အဲဒီပတ္တမြားကြီးက အလင်းရောင်တွေထွက်ပြီး ဂူတစ်ဂူလုံး လင်းနေတာပဲ"

"ဟင်... အဲဒီတော့ ဦးလော်စံ ဘာလုပ်သလဲ"

"ဘယ်နေမလဲ... ကျုပ်လည်း အဲဒီအရုပ်ကြီးရဲ့ လက်ဝါးပေါ်မှာ တင်ထားတဲ့ ပတ္တမြားကြီးကို သွားယူတာပေါ့၊ အဲဒီလိုလည်း ယူလိုက်ရော မီးခိုးလုံးကြီးတွေ ထွက်လာတယ်၊ နောက် အဲဒီမီးခိုးလုံးထဲက လူကြီးတစ်ယောက်ထွက်လာပြီး ကျုပ်ကို မျက်ထောက်နီကြီးနဲ့ စိုက်ကြည့်နေတာနဲ့ ကျုပ်လည်း ပတ္တမြားကြီးကို ပြန်ချထားခဲ့ပြီးတော့ ထွက်ပြေးခဲ့ရတယ်"

ဟု ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို ထွက်ကြည့်တဲ့လူကြီးက လူလား"

"မီးခိုးတွေထဲက ထွက်လာတာဆိုတော့ မသဲကွဲလှဘူး၊ ကျုပ်တော့ လူပဲလို့ထင်တာပဲ"

"ကျုပ်တို့ အခုလာတာ တခြားမဟုတ်ဘူး၊ အဲဒီနေရာကို သွားချင်လို့ ခင်ဗျားကို လမ်းပြငှားချင်တယ်၊ ခင်ဗျား လိုက်ပြပေးနိုင်မလား"

မင်းအောင်က မေးလိုက်သည်။

ဦးလော်စံက အတန်ကြာအောင် စဉ်းစားနေသည်။

"ခင်ဗျား လိုက်ပြပေးရင် ငွေများများပေးမယ်၊ ဘယ်နှယ့်လဲ၊ လိုက်ပြပေးမှာလား"

ငွေများများရမည်ဆိုသောကြောင့် ဦးလော်စံက စိတ်ဝင်စားသွားဟန်ရှိသည်။

"ဘယ်လောက်ပေးမှာလဲ"

"တစ်ရာပေးမယ်"

မင်းအောင်က လက်တစ်ချောင်း ထောင်ပြကာ ပြောလိုက်သည်။

"တစ်ရာ... နည်းတယ်၊ အဲဒီလမ်းခရီးက အန္တရာယ်သိပ်များတယ်၊ တစ်ရာ့ငါးဆယ်ပေးရင် လိုက်ပြပေးမယ်၊





ဒါပေမယ့် အဲဒီတောင်အထိတော့ မလိုက်ဝံ့ဘူး၊ တောင်ကို လှမ်းမြင်ရတဲ့အထိပဲ လိုက်ပို့ပေးမယ်"

"ရပါတယ်ဗျာ... အဲဒီတောင်ကို လှမ်းမြင်နေရတဲ့ နေရာရောက်ရင် တော်ပြီ၊ ခင်ဗျားတောင်းတဲ့ တစ်ရာ့ငါးဆယ်လည်း ပေးပါ့မယ်"

ဟု သဘောတူကြပြီး နောက်တစ်နေ့တွင် တာပိန်မြစ်ရိုးအတိုင်း အထက်သို့ ဆန်တက်ခဲ့ကြသည်။

တစ်ရက် နှစ်ရက်ခန့် ဆန်တက်လာသောအခါ မြန်မာနိုင်ငံ နယ်နိမိတ်ကိုကျော်လွန်ခဲ့ကြပြီး တရုတ်ပြည် နယ်နိမိတ်အတွင်းသို့ ရောက်သွားကြသည်။

ထိုဘက်သို့ ရောက်သောအခါ တာပိန်မြစ်သည် ရေစီးသန်လာသည်။ နေရာတိုင်းမှာပင် ရေအောက်၌ နစ်မြုပ်နေသော ကျောက်တုံး ကျောက်ဆောင်များ ပေါ်လာသောကြောင့် လှေတစ်စင်းသွားသာရုံမျှသာ ရှိတော့သည်။

ဘေးတစ်ဖက်တစ်ချက်ရှိ ကျောက်တောင်နံရံများမှာလည်း ကျောက်ထရံကြီးများ ကာထားသကဲ့သို့ မတ်စောက်မြင့်မားလာရုံမက တောကလည်း နက်လှပေသည်။

အဝေးသို့ လှမ်းကြည့်လျှင်တော့ တောင်ကုန်း တောင်တန်းအချို့ကို ညို့ညို့မှိုင်းမှိုင်း မြင်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာသို့ ရောက်သောအခါ တောင်တန်းများ အလယ်တွင် အတန်ငယ်မြင့်မားသော တောင်တစ်လုံးကို လှမ်းမြင်ရသည်။

ထိုနေရာသို့ ရောက်သောအခါ လော်စံက လှေကို ထိုနေရာတစ်ဝိုက်တွင် ဆိုက်ကပ်စေသည်။

"ခင်ဗျားတို့ သွားချင်တဲ့တောင်ဆိုတာ ဟိုးမှာ လှမ်းမြင်ရတဲ့တောင်ပဲ၊ အဲဒီတောင်ထဲမှာ မိန်းမအရုပ်ကြီးလည်း ရှိတယ်၊ လူတွေလည်း ရှိတယ်၊ ပတ္တမြားကြီးလည်းရှိတယ်၊ ကျုပ်တော့ မလိုက်တော့ဘူး၊ ဒီနေရာကပဲ စောင့်နေတော့မယ်"

ဟု ပြောလေသည်။

မင်းအောင်တို့အဖွဲ့မှာ လေးယောက်ဖြစ်သည်။

သို့သော်လည်း လှေကို လော်စံယူ၍ ထွက်ပြေးမည်စိုးသောကြောင့် တစ်ယောက် အစောင့်ထားခဲ့ရသဖြင့် သုံးယောက်သာ အပေါ်သို့တက်ကြသည်။

မင်းအောင်မှာ သေနတ်တစ်လက်ပါပြီး ကျန်နှစ်ယောက်မှာတော့ ဒူးလေး၊ မြားဘူးနှင့် ဓား၊ လှံတို့ ပါသည်။

သုံးယောက်သား ရေဘူးနှင့် စားနပ်ရိက္ခာအချို့ယူပြီး ကမ်းပေါ်တက်ကြသည်။





သူတို့ တောထဲမဝင်မီ လော်စံက လှမ်းပြီး သတိပေးလိုက်သေးသည်။

"ဒီနယ်တစ်ဝိုက်မှာ ကျားသစ်ဖြူ ရှိတယ်နော်၊ တွေ့ရင် ရအောင်ပစ်ခဲ့ကြ၊ ဒါပေမယ့် ကျားသစ်ဖြူဆိုတာ အန္တရာယ် အလွန်များပြီး ကြောက်ဖို့လည်း ကောင်းတယ်"

"စိတ်ချပါ"

ဤသို့ဖြင့်...

သုံးယောက်သား လက်နက်များကို အဆင်သင့်ကိုင်ဆောင်၍ တောင်ပေါ်တက်ခဲ့ကြသည်။

၎င်းတို့တွေ့ခဲ့ရသော တောင်မှာ တာပိန်မြစ်၏ အနောက်ဘက်ကမ်းတွင် ရှိသည်။ သို့ကြောင့် မင်းအောင်က သူ့မှာပါလာသော လမ်းပြအိမ်မြှောင်ကို အနောက်စူးစူးအရပ်ကို ချိန်ပြီး ခရီးထွက်ခဲ့ကြသည်။ လူသူအရောက်အပေါက် နည်းသောအရပ်မို့ တောမှာ ထူထပ်လှသည်။

ထို့ပြင် သစ်ကြီးဝါးကြီးများလည်း ပေါလှပေသည်။

တောနက်ထဲ ရောက်သွားသောအခါ တောင်ကို မမြင်ရတော့သဖြင့် လှမ်းပြအိမ်မြှောင်ကိုသာ အားကိုး၍ သွားကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်များပေါ်မှာ ကျေးငှက်တိရစ္ဆာန်များ၊ မျောက်မျိုးစုံတို့ကို တွေ့ရသည့်အပြင် တောကောင်ကြီးများမှလွဲ၍ တောတိရစ္ဆာန်မျိုးစုံတို့ကိုလည်း မနီးမဝေးမှာ တွေ့ရသဖြင့် မင်းအောင်နှင့် အတူပါလာသော မုဆိုးမှာ ဒူးလေးတပြင်ပြင်နှင့် လက်ယားနေလေရာ မင်းအောင်က တားထားရသည်။

"ကျွန်တော်တို့က အမဲပစ်ထွက်လာတာမှ မဟုတ်တာဗျာ၊ ဒီသားကောင်တွေရတော့လည်း ဘာအသုံးကျမှာလဲ၊ ရန်သူနဲ့တွေ့တဲ့အခါမှာ မြားတစ်ချောင်းက တန်ဖိုးရှိပါတယ်၊ မပစ်ပါနဲ့"

"ကိုမင်းအောင် တားလို့သာဗျာ... ကျုပ်တော့ လက်ကိုယားနေတာပဲဗျို့"

သူတို့သုံးယောက် စကားတပြောပြောနှင့် လျှောက်လာရာ တောအုပ်တစ်ခုအတွင်းသို့ ရောက်သောအခါ ကျေးငှက်အော်သံလည်းမကြား၊ မျောက်အော်သံလည်းမရှိ၊ အခြားတိရစ္ဆာန်များ၏ လှုပ်ရှားသွားလာမှုကိုလည်း အလျဉ်းမတွေ့ရသဖြင့် တောအတွေ့အကြုံရှိသော မုဆိုးက တားလိုက်သည်။

"နေကြဦး၊ ဒီတောထဲမှာ ကျုပ်တို့အတွက် အန္တရာယ်တစ်ခုခု ရှိနိုင်တယ်"

"ဘာကြောင့်လဲဗျ"





"တောရဲ့သဘာဝက အမြဲတမ်း လှုပ်ရှားဆူညံနေလေ့ရှိတယ်၊ တိရစ္ဆာန်တွေ ကြောက်ရတဲ့ တောကောင်ရှိနေလို့သာ အခုလို ထူးထူးခြားခြား တိတ်ဆိတ်နေတာဗျ၊ ဒီတော့ ကျုပ်တို့တစ်တွေ အရေးရှိရင် ချက်ချင်းအသုံးချနိုင်အောင် လက်နက်တွေကို အဆင်သင့်ပြင်ထားကြ၊ အကြောင်းရှိရင် ဒါမှမဟုတ် အန္တရာယ်တစ်ခုခုနဲ့ကြုံရင် လက်မနှေးကြဖို့လည်း အရေးကြီးတယ်နော်"

"စိတ်ချပါ... ကျွန်တော်တို့လည်း တောအတွေ့အကြုံ မနည်းလှပါဘူး၊ ဘယ်လိုရန်သူပဲတွေ့တွေ့ ရင်ဆိုင်ရဲပါတယ်"

အားလုံး မိမိတို့ကိုင်ဆောင်သော လက်နက်များကို အဆင်သင့်ပြင်သည်။

မင်းအောင်က ၎င်း၏သေနတ်ကို မောင်းတင် ကျည်ထိုးကာ အဆင်သင့်ပြင်ထားလိုက်သည်။

တောထဲရောက်တော့ မင်းအောင်တို့ နှစ်ယောက်က မြေပြင်တစ်ပိုက်ကို သတိထားကြည့်ရပြီး မုဆိုးကတော့ သစ်ပင်များပေါ်သို့ ဂရုစိုက်ကာ ကြည့်လာခဲ့သည်။

တစ်နေရာရောက်သောအခါ မုဆိုးက အသံမထွက်စေရန် အချက်ပေးပြီး သစ်ပင်တစ်ပင်ပေါ်သို့ လက်ညှိုးညွှန်ပြလိုက်သည်။ သူညွှန်ပြရာသို့ ကြည့်လိုက်တော့ သစ်ရွက်



www.burmeseclassic.com

www.burmeseclassic.com



အစိမ်းရောင်များနှင့် ကွယ်နေသော အဖြူရောင်တစ်ခုကို မြင်ရသည်။

"အဲဒါ ဘာလဲ"

"သတ္တဝါတစ်ကောင်ကတော့ သေချာတယ်၊ ကျုပ် အထင်ပြောရရင်တော့ ဟိုလမ်းပြကြီး ပြောလိုက်တဲ့ ကျားသစ်ဖြူများ ဖြစ်နေမလားဘဲ"

ထိုစကားကြောင့် မင်းအောင်မှာ အနည်းငယ် စိတ်လှုပ်ရှားသွားသည်။

"ဟင်... ကျားသစ်ဖြူဆိုတာ တကယ်ရှိတာပါလား"

"ရှိတာပေါ့ဗျ၊ ကျားသစ်ဖြူဆိုတာ ဟိမဝန္တာတောင်တန်းတွေပေါ်မှာ နေတာပဲ၊ ဒီဘက်က ဟိမဝန္တာနဲ့ နီးတော့ ဆင်းချင် ဆင်းလာနိုင်တာပေါ့၊ ကိုင်း... အချိန်မရှိဘူး၊ ကျုပ်ရဲ့ဒူးလေးနဲ့ ပစ်လို့ကတော့ ဒီလောက်အကွာအဝေးမှာ သိပ်ပြီးထိရောက်မှာ မဟုတ်ဘူး၊ ဒီတော့ ခင်ဗျားသေနတ်နဲ့ ပစ်ဗျာ"

ဟု ပြောသဖြင့် မင်းအောင်က မုဆိုးညွှန်ပြသော နေရာကို သေနတ်ဖြင့် အသေအချာချိန်ကာ မောင်းဖြုတ်ချလိုက်သည်။

"ဒိုင်း..."





တိတ်ဆိတ် ငြိမ်သက်လျက်ရှိသော တောထဲမှာ သေနတ်သံက ကြောက်မက်ဖွယ်ကောင်းလောက်အောင် ဟိန်းထွက်သွားလေတော့သည်။ သေနတ်ပစ်သံနှင့် မရှေးမနှောင်းမှာပင် သစ်ပင်ခွဆုံမှ အဖြူရောင်သတ္တဝါတစ်ကောင် ကျလာသည်။

သူတို့ ဘယ်လိုမှ မျှော်လင့်မထားသော ကျားသစ်ဖြူပင်ဖြစ်သည်။

ကျားသစ်ဖြူမှာ အတော်ကြီးပြီး မြေပေါ်သို့ကျသော်လည်း ချက်ချင်းထ၍ တောထဲသို့ လွှားခနဲခုန်ဝင်သွားသည်။

ထိုနေရာတစ်ဝိုက်မှာ သွေးစက်များ ကျန်ရစ်ခဲ့သောကြောင့် မင်းအောင်ပစ်လိုက်သော သေနတ်ကျည်ဆန် ထိမှန်သွားသည်ဟု ခန့်မှန်းနိုင်သည်။

"ကိုမင်းအောင်... ကျုပ်တို့တစ်သက်မှာ တွေ့ရခဲတဲ့ ကျားသစ်ဖြူကို တကယ်တွေ့နေရပြီဗျ၊ ဖမ်းသာမိလိုက်လို့ကတော့ ကျုပ်တို့တစ်သက် ချမ်းသာပြီ၊ ဘယ်လိုလုပ်မလဲ"

"ကျွန်တော်ပစ်လိုက်တဲ့ ကျည်ဆန် ထိသွားပုံပဲ၊ ဒီကောင် ဝေးဝေးပြေးနိုင်မှာ မဟုတ်ဘူး"

"ဒါဖြင့် လိုက်မလား"

"လိုက်ကြမယ်လေ... ဒါပေမယ့် ဒီအတိုင်းလိုက်လို့ကတော့ မဖြစ်ဘူး၊ ခင်ဗျားတို့နှစ်ယောက်က ဟိုဘက်က



www.burmeseclassic.com

www.burmeseclassic.com



လိုက်၊ ကျွန်တော်က ဒီဘက်ကလိုက်မယ်၊ မကောင်းဘူးလား"

"ခင်ဗျားတစ်ယောက်တည်း ဖြစ်ပါ့မလား"

"ကျွန်တော့်မှာ သေနတ်ရှိတာပဲ၊ ဖြစ်ပါတယ်၊ ခင်ဗျားတို့က ဒူးလေးပဲပါတော့ နှစ်ယောက်သွားကြ၊ ဒါမှ အကြောင်းရှိရင် ကူလို့ရမှာ"

"သတိတော့ထားနော် ကိုမင်းအောင်၊ ဒဏ်ရာရထားတဲ့ သတ္တဝါတွေက ပိုပြီး ကြောက်ဖို့ကောင်းတယ်"

"ရပါတယ်... စိတ်မပူပါနဲ့"

"စုရပ်ကရော ဘယ်နေရာကို ရွေးမလဲ"

"ကျွန်တော်တို့သွားမယ့် တောင်ခြေကိုသာ သတ်မှတ်လိုက်ပေတော့ဗျာ၊ အဲဒီနေရာရောက်မှ တစ်ယောက်နဲ့ တစ်ယောက် အချက်ပေးပြီး ပြန်ဆုံကြမယ်"

"ကောင်းပြီ... ဒီကြားထဲ အရေးအကြောင်းရှိရင်လည်း 'အူ'ပြီးတော့သာ အချက်ပေးလိုက်တော့ဗျို့"

ဟု မှာကြားကာ မုဆိုးနှစ်ယောက်မှာ တစ်ဖက်တောထဲသို့ ဝင်သွားကြလေတော့သည်။

မရွေးမနှောင်းမှာပင် မင်းအောင်လည်း သေနတ်ကို အဆင်သင့်ကိုင်ကာ တောထဲသို့ ဝင်လာခဲ့သည်။





အတန်ငယ် တိုးဝင်လာသည်အထိ အခြေအနေမထူးဘဲ တစ်နေရာ ရောက်သောအခါမှ သစ်ရွက်များပေါ်၌ စွန်းပေနေသော သွေးစက်များကို တွေ့ရလေသည်။

ထိုနေရာမှ ဒဏ်ရာရထားသော ကျားသစ်ဖြူ ဖြတ်သွားသည်မှာ သေချာပေပြီ။

သို့ကြောင့်...

သွေးစက်များနောက်သို့ ခြေရာကောက်ကာ ဆက်လိုက်ခဲ့သည်။

တစ်ခုထူးသည်က ဒဏ်ရာရထားသော ကျားသစ်ဖြူမှာ သူ့ရှေ့ မနီးမဝေးမှ သွားနေသော်လည်း ယခုအချိန်ထိ အရိပ်အယောင်ကိုမှ မတွေ့ရသေးပေ။

ဤသို့ဖြင့် သူသည် တောနက်အတွင်းမှ နယ်ကျွံကာ သူတို့သွားလိုသော တောင်မြင့်ရှိရာသို့ ရောက်သွားလေတော့သည်။

"ဟင်... တဖြည်းဖြည်းနဲ့ ငါတို့လိုက်ရှာနေတဲ့ တောင်ခြေကိုတောင် ရောက်လာပါရောလား"

တောအုပ်မှ ထွက်သောအခါ တောစပ်နှင့် တောင်ခြေ၏ကြားထဲမှာ မြက်ရိုင်းများဖုံးနေသော လွင်ပြင်တစ်ခုကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာတွင် မိမိအဖော်နှစ်ယောက် ရောက်နှင့်နေပြီလားဟု လိုက်လံကြည့်ရှုသော်လည်း အရိပ်အယောင်ကိုမျှ မတွေ့ရပေ။

ထိုအခိုက်မှာပင်…

မြက်ရိုင်းပင်များကြားမှ လွှားခနဲ လွှားခနဲ ပြတ်ပြေးသွားသော အဖြူရောင်သဏ္ဍာန်တစ်ခုကို လှမ်းမြင်လိုက်ရသည်။

ထိုအဖြူရောင်သည် တောင်မြင့်ရှိရာသို့ ပြေးသွားနေခြင်းဖြစ်၏။

"သြော်… သူက တောင်ဘက်ကိုပြေးတာကိုး၊ တွေ့ကြရောပေါ့"

မင်းအောင်သည် ဘာမှ ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ကျောက်တောင်ရှိရာသို့ လိုက်ခဲ့သည်။

တောင်ခြေသို့ ရောက်သောအခါ ကျားသစ်ဖြူ၏ အစအနကို မတွေ့ရသော်လည်း ထူးဆန်းသောအရာများကိုတော့ တွေ့ရသည်။

အခြားမဟုတ်ပေ…

တောင်ခြေတစ်ပိုက်ရှိ မြေကွက်လပ်အချို့တွင်-ရာသီပင်၊ အသီးအနှံပင်များကို စိုက်ပျိုးထားသည်ကို တွေ့ရသောကြောင့် ဖြစ်သည်။





ဘူး၊ ဖရုံ၊ သခွား၊ ခရမ်း အစရှိသောသစ်ပင်များမှာ သူ့သဘာဝအလျောက် အလေ့ကျ ပေါက်နေခြင်းမဟုတ်ဘဲ လူက တကူးတက စိုက်ပျိုးထားခြင်းဖြစ်မှန်း သိသာလှပေသည်။

ထိုအချိန်တွင် ကျောက်တောင်ကွယ် တစ်နေရာဆီမှ သာယာသော သီချင်းညည်းသံကို ကြားလိုက်သဖြင့် မင်းအောင်သည် ကျောက်တုံးတစ်တုံးနောက်သို့ ဝင်ရောက် ပုန်းအောင်းနေလိုက်သည်။ အတန်ကြာတော့ ကြားနေရသော သီချင်းသံမှာ နီးသည်ထက် ပိုနီးလာပြီး ကျောက်တုံးနှစ်ခုကြားရှိ လျှိုအတွင်းမှ မိန်းကလေးတစ်ယောက် အပြင်သို့ ထွက်လာလေသည်။

မိန်းကလေးမှာ အသက်နှစ်ဆယ်ဝန်းကျင်ခန့်ရှိပြီး ဖြူဝင်းသော အသားအရေနှင့် လှပချောမောသူ တစ်ဦးဖြစ်သည်။

မိန်းကလေးသည် တစ်ယောက်တည်း လွတ်လွတ်လပ်လပ် ရှိနေဟန်ဖြင့် သီချင်းလေးတအေးအေးဖြင့် လျှောက်လာရင်းမှ မင်းအောင် ပုန်းနေသောနေရာသို့ ရောက်လာသည်။

ရုတ်တရက် သူ့ကိုတွေ့လိုက်ရသောအခါ လွန်စွာ ထိတ်လန့်တုန်လှုပ်စွာဖြင့် မျက်လုံးပြူး မျက်ဆံပြူးဖြစ်ကာ နောက်သို့ ခြေတစ်လှမ်းနှစ်လှမ်း ဆုတ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်... ရှင်... ရှင်..."

"မကြောက်ပါနဲ့ မိန်းကလေး... ကိုယ်က ရန်သူ မဟုတ်ပါဘူး၊ ခရီးသွားပါ"

"ရှင်... ဘယ်ကနေ ဒီနေရာကို ရောက်လာတာလဲ"

"ကိုယ်က ဗန်းမော်ကပါ၊ ဒီနေရာကို တမင်ရှာပြီး ရောက်အောင်လာခဲ့တာပါ"

"ဟင်..."

"ဒါထက်... မင်းနာမည်က သီရိစန္ဒာလားဟင်..."

"ဟင်...ရှင် ကျွန်မရဲ့နာမည်ကို သိနေတယ်၊ ဘယ်လို သိနေတာလဲဟင်"

"ကိုယ့်နာမည် မင်းအောင်လို့ ခေါ်ပါတယ်"

"ကိုမင်းအောင်... ဟုတ်လား၊ နေဦး... ဒီနာမည်ကို ကြားဖူးနေသလိုပဲ"

"ကိုယ်... ဗန်းမော်မှာရှိနေတုန်းက ဒီစခန်းက ဗန်းမော်ကို ဈေးလာဝယ်တဲ့ အဘနှစ်ယောက်နဲ့ ဆုံဖူးပါတယ်၊ တစ်ယောက်က အတော်နေမကောင်းဖြစ်နေလို့ အကူအညီပေးလိုက်ရပါသေးတယ်၊ သူတို့ဆီက မင်းနာမည်ကို သိခဲ့တာပါ"

ထိုသို့ပြောပြလိုက်မှ မိန်းကလေးမှာ အကြောက်ပြေသွားပြီး အေးအေးဆေးဆေး ဖြစ်သွားလေတော့သည်။





"ဪ... ရှင်က အဘဖိုးတို့နဲ့ တွေ့ခဲ့တဲ့လူကိုး၊ ဒါကြောင့် ရှင့်နာမည်ကို ကြားဖူးနေတာ၊ သူတို့ပြန်ရောက်လာတော့ ရှင် အကူအညီပေးလိုက်တဲ့ အကြောင်းတွေကို ဘိုးတော်ဘုရားကို ပြန်ပြောပြကြတယ်၊ အခုတော့ ရှင်တွေ့ခဲ့တဲ့ နှစ်ယောက်စလုံး မရှိကြတော့ပါဘူး"

ဟု ဝမ်းနည်းသောလေသံဖြင့် ပြောလိုက်လေသည်။

"သူတို့နှစ်ယောက်က ဘယ်ရောက်သွားကြလို့လဲဟင်"

"တစ်ယောက်က လမ်းမှာတင်ဆုံးသွားခဲ့တယ်၊ တစ်ယောက်ကတော့ ဒီကိုပြန်ရောက်ပြီး အတော်ကြာတော့မှ ဆုံးသွားခဲ့တာပါ၊ သူတို့နှစ်ယောက်စလုံးကို ဘိုးတော်ဘုရားကပဲ သင်္ဂြိုဟ်ပေးခဲ့တာပါ"

"သူတို့နှစ်ယောက်က ဘယ်သူတွေလဲဟင်"

"ဘိုးတော်ဘုရားရဲ့ လက်စွဲတော် ငယ်ကျွန်ရင်းတွေပါ၊ တစ်ယောက်က ဦးဘဖိုး၊ တစ်ယောက်က ဦးဘမှန်လို့ ခေါ်ပါတယ်"

"မင်းအဘိုးနာမည်က ဘယ်သူလဲဟင်"

"အဘိုးနာမည်က မင်းရဲကျော်သူ၊ အဘွားနာမည်က သီရိစန္ဒာဒေဝီပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်… သီရိစန္ဒာဆိုတာ မင်းရဲ့နာမည် မဟုတ်ဘူး လား"

"ကျွန်မနာမည်က သီရိစန္ဒာပါ၊ ဘွားတော်ရဲ့အမည်ကို ယူပြီး မှည့်ထားတာပါ"

"ဒါဖြင့် အခု ဂူထဲမှာ ဘယ်သူတွေကျန်သေးလဲဟင်"

"ကျွန်မတို့ မြေးအဘိုးနှစ်ယောက်နဲ့ ဘွားတော်ရုပ်တု ကြီးပဲ ကျန်တော့တယ်"

"ဘွားတော်ရုပ်တုဆိုတာ ဘာလဲဟင်"

"ကျွန်မတို့ရဲ့ ဘွားတော် သီရိစန္ဒာဒေဝီ မင်းသမီးကြီးက သူ့ရဲ့ပုံကို သူကိုယ်တိုင် ဖယောင်းနဲ့ထုလုပ်ထားတဲ့ ပုံတူ ရုပ်တုပါ"

ထိုစကားကြားသောအခါ လမ်းပြ လော်စံ တစ်ခါက တွေ့ခဲ့ဖူးသည်ဆိုသော ရုပ်တုမှာ ထိုရုပ်တုပင်ဖြစ်လိမ့်မည်ဟု စိတ်ထဲမှ တွေးလိုက်မိသည်။

အတန်ကြာအောင် စကားပြောမိသောအခါ မိန်းကလေး မှာ ကြောက်စိတ်ပြေလာပြီး ရဲရဲတင်းတင်း ဖြစ်လာတော့သည်။

"ရှင်က ကျွန်မတို့ဆီကို တကူးတက ဘာလာလုပ် တာလဲဟင်"





"အမှန်ပြောရရင် ဗန်းမော်မှာ အဲဒီ အဘနှစ်ယောက်နဲ့ တွေ့ပြီး မင်းနာမည်ကို ကြားပြီးကတည်းက ကိုယ် စွဲလမ်းမှု ဖြစ်ခဲ့ရတယ်"

"အို…"

ထိုစကားကြောင့် မိန်းကလေး၏ ဖြူဝင်းသောပါးပြင် နှစ်ဖက်ပေါ်မှာ ပန်းနုရောင် သန်းသွားလေတော့သည်။

"ဗန်းမော်ကနေ ဒီနေရာ ရောက်အောင်လာဖို့ဆိုတာ မလွယ်ပါဘူး၊ တောအထပ်ထပ် တောင်အသွယ်သွယ်နဲ့ အခက်အခဲပေါင်းများစွာကို ကျော်ပြီးလာရတာပါ၊ ဒီလောက် အခက်အခဲတွေကို ကျော်လွှားပြီး ရောက်လာကတည်းက မင်းကို မမြင်ဘူးခင်ကတည်းက ဘယ်လောက် စွဲလမ်းခဲ့ရ တယ်ဆိုတာကို သိနိုင်ပါတယ်"

မင်းအောင်ထံမှ ထိုစကားမျိုး ကြားရသောအခါ သီရိ စန္ဒာ၏ ရင်ထဲမှာ တစ်မျိုးခံစားရလေသည်။

သူ့ဘဝတစ်လျှောက်လုံး လူသူနှင့် ကင်းဝေးသော ဂူတစ်ဂူအတွင်းမှာပင် ကြီးပြင်းခဲ့ရပြီး ထိုစကားမျိုးကို တစ်သက် မှာ ကြားလည်းမကြားဖူးခဲ့…။

ဘယ်သောအခါမှလည်း ကြားရလိမ့်မည် ဟုလည်း မမျှော်လင့်ခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



အမှန်ဆိုရပါမူ...

သူမရင်ထဲမှ ချစ်တတ်သော နှလုံးသားတစ်ခုလုံးကို ဂူတစ်ဂူအတွင်းမှာ ပိတ်လှောင်ထားသကဲ့သို့ ရှိနေခဲ့သည်။

ယခုအခါမှာတော့ ယောက်ျားပီသသော လူတစ်ယောက်က သူ့ရှေ့သို့ရောက်လာပြီး မေတ္တာစကား ပြောကြားလာသောအခါ ရင်ထဲမှာ ကြည်နူးမှုနှင့်အတူ ကာလအတန်ကြာ ငြိမ်သက်နေသော နှလုံးသားမှာလည်း နိုးကြားလှုပ်ရှားလာလေတော့သည်။

"ကိုယ် ပြောနေတာတွေဟာ အမှန်တွေပါ သီရိစန္ဒာ၊ ကိုယ် ပြောနေတာတွေကိုရော ယုံကြည်ရဲ့လားဟင်"

မင်းအောင်က မေးလိုက်သည်။

သီရိစန္ဒာက အတန်ကြာအောင် တွေပြီး စဉ်းစားနေသည်။

မင်းအောင် စိတ်ထဲမှာတော့ သူ့ကို ယုံကြည်မှု မရှိသဖြင့် ထိုကဲ့သို့ စဉ်းစားတွေးတောနေသည်ဟု ထင်လိုက်မိသည်။

"မင်း... ကိုယ်ပြောတာတွေကို မယုံကြည်ဘူးဆိုရင် ကိုယ် ဒီနေရာကပဲ လှည့်ပြန်သွားပါ့မယ်၊ နာမည်ကြားကတည်းက စွဲလမ်းနေမိခဲ့တာ အခုလို မင်းကို မြင်လိုက်ရရုံနဲ့ ကိုယ် အပင်ပန်းခံပြီး လာရကျိုးနပ်ပါပြီ"





"ကျွန်မ ရှင်ပြောတာတွေကို ယုံကြည်ပါတယ်၊ ဒါပေမယ့် ဒီကိစ္စမျိုးက ကျွန်မတစ်ယောက်တည်းနဲ့ ဆုံးဖြတ်လို့မရပါဘူး။ ဘိုးတော်ဘုရားရဲ့ ခွင့်ပြုချက်ယူရမှာပါ...

ရှင် ကျွန်မရဲ့အဘိုးနဲ့တွေ့ဖို့ လိုက်လာခဲ့ပေတော့"

ဟု ပြောကာ ခေါ်သွားသဖြင့် မင်းအောင်လည်း မိန်းကလေးနောက်မှ လိုက်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၃)

# ဒုက္ခိတချစ်သူ

တကယ်တော့ ကျောက်တောင်အတွင်းပိုင်းရှိ လျှို့ဝှက်လမ်းမှာ လမ်းသိသူတစ်ယောက် မပါဘဲနှင့် ဘယ်လိုနည်းနှင့်မှ တွေ့နိုင်စရာ မရှိပေ။

ဂူတစ်ဂူအတွင်းမှ ပတ်ဝင်သွားရပြီး တစ်နေရာသို့ ရောက်သောအခါ ကျောက်နံရံကြီးနစ်ခု အက်ကြောင်းဖြစ်နေသည်ကို တွေ့ရသည်။ ထိုအက်ကြောင်းကြီးမှာ လူတစ်ယောက် ဝင်သာရုံရှိပြီး သီရိစန္ဒာက သူ့ကို ထိုအက်ကြောင်းကြီးအတွင်းသို့ ခေါ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် အတွင်းသို့ ရောက်ပြီးသောအခါ ကျောက်ချပ်တစ်ချပ်ကို တွန်းရွှေ့လိုက်ရာ ဝင်ပေါက်ပျောက်သွားပြီး ပကတိ ကျောက်နံရံကြီးသဖွယ် ဖြစ်သွားလေသည်။

အပြင်မှ ရုတ်တရက် ကြည့်ရုံနှင့်တော့ ထိုအက်ကြောင်းကြီး အတွင်း၌ လမ်းတစ်လမ်းရှိနေသည်ကို ဘယ်လိုမှ မသိနိုင်ပေ။

ထိုအတွင်းလမ်းမှ ကျောက်ထစ်များအတိုင်း အတန်ကြာအောင် တက်သွားသောအခါ တောင်၏ထိပ်ပိုင်း နေရာလောက်မှာရှိသော ဂူပေါက်တစ်ခုသို့ ရောက်သည်။

ထိုဂူပေါက်သို့ ရောက်သော် အတွင်းသို့ဝင်သွားသောအခါမှ အလင်းရောင်များရှိသော အခန်းကျယ်ကြီးတစ်ခုအတွင်းသို့ ရောက်သွားတော့သည်။

အခန်းထဲမှာ လူ့အသုံးအဆောင်ပစ္စည်းများရှိပြီး အခန်းထောင့် တစ်နေရာမှာတော့ လက်ဝါးပေါ်မှာ ပတ္တမြားကဲ့သို့ အနီရောင်အလုံးကြီး တင်ထားသော နန်းဝတ်နန်းစားများနှင့် မိန်းမရုပ်တုကြီးကို တွေ့ရသည်။

အခန်းထဲမှာ လင်းနေသော အလင်းရောင်များမှာ ထိုအမျိုးသမီးကြီး လက်ပေါ်မှာတင်ထားသော အနီရောင်အလုံးကြီးမှ အလင်းရောင်များ ဖြာထွက်နေခြင်းဖြစ်၏။





မင်းအောင်မှာ သူ့တစ်သက်တွင် ဘယ်လိုမှ မျှော်လင့်မထားသော မြင်ကွင်းမျိုးကို တွေ့ရသဖြင့် တအံ့တသြဖြစ်နေစဉ် အနောက်ဘက်အခန်းမှ အသက်အရွယ် ကြီးရင့်လှပြီဖြစ်သော အရပ်အမောင်း မြင့်မားလှသည့် လူကြီးတစ်ဦး ထွက်လာသည်။

သျှောင်တစောင်းထုံးထားပြီး ရင်စေ့အင်္ကျီ၊ တောင်ရှည်ပုဆိုးတို့ကို ဝတ်ဆင်ထားသည်။

"သြော်... တစ်နေ့ကျတော့လည်း ဒီနေရာကို ရောက်ဖြစ်အောင် ရောက်လာတာပဲကိုး၊ ရေစက်ဆိုတာ အတော့်ကို ထန်းကြဲယ်လှတယ်"

ဟု တစ်ယောက်တည်း ပြောသလို ညည်းညည်းညူညူ ပြောဆိုနေလေသည်။

"အဘိုး... သူက အဘဦးဘဇံတို့နဲ့ ဗန်းမော်ဆိပ်ကမ်းမှာ တွေ့ခဲ့တဲ့ ကိုမင်းအောင်ဆိုတဲ့ လူပါပဲ"

"သူ ရောက်လာလိမ့်မယ်ဆိုတာ ငါ ကြိုတင်ပြီးသိပါတယ်၊ အခု မောင်က ဒီကို ဘာကိစ္စနဲ့ရောက်လာတာလဲ၊ ငါ့ရဲ့မြေးမလေး သီရိစန္ဒာကြောင့် အခုလို ရောက်လာတာမဟုတ်လားကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



ဟု တဲ့တိုးမေးလိုက်လေရာ မင်းအောင်ကလည်း မကွယ်မဝှက် 'ဟုတ်ကြောင်း' ဝန်ခံလိုက်လေသည်။

အဘိုးအိုက အတန်ကြာအောင် စဉ်းစားနေသည်။

ရုပ်တုကြီးလက်ပေါ်မှာ တင်ထားသော အနီရောင် အလုံးကြီးမှ ဖြာထွက်နေသော အလင်းရောင်များက အဘိုးကြီး၏ မျက်နှာပေါ်သို့ ထင်ဟပ်လျက်ရှိသည်။

အနီရောင် အလင်းများက ၎င်းရင်ထဲမှ အပူကိုထင်ဟပ်နေသကဲ့သို့ ရှိလေသည်။

မင်းအောင် စိတ်ထဲမှာတော့ ထိုလူကြီးမှာ သီရိစန္ဒာ ပြောပြသော မင်းရဲကျော်သူဆိုသော ပုဂ္ဂိုလ်ကြီးဖြစ်လိမ့်မည် ဟု တွေးမိလေသည်။

"ဒီလိုခရီးမျိုးကို တကူးတက ရောက်အောင်လာခဲ့တဲ့ မင်းရဲ့ ဖွဲ့နဲ့ သတ္တိကိုတော့ ချီးကျူးပါတယ်၊ ယောကျ်ားဆိုတာ ဒီလိုစိတ်ထားမျိုး ရှိရတယ်ကွယ့်၊ ဘာမဆို လိုချင်တာကို ရအောင်ယူနိုင်တဲ့ စိတ်မျိုးရှိမှ တကယ့်ယောကျ်ားကောင်း ပီသမှာပေါ့"

ဟု ပြောနေရာ မင်းအောင်မှာ မျက်နှာမထားတတ် အောင် ဖြစ်နေတော့သည်။





"ဒါပေမယ့်... မောင့်ကို ပြောရဦးမယ်၊ အခု ဒီဂူထဲမှာ အဘတို့မြေးအဘိုးနှစ်ယောက်ပဲ ရှိတော့တယ်၊ ကျန်တဲ့လူတွေက ဘဝပြောင်းကုန်ကြပြီကွယ့်၊ ဒီတော့ မင်းကို တစ်ည စဉ်းစားခွင့်ပေးမယ်၊ အဘတို့နဲ့ ဒီဂူထဲမှာ တစ်သက်လုံး အတူနေနိုင်မလား၊ မနေနိုင်ဘူးလားဆိုတာ စဉ်းစားပေတော့၊ အဘရဲ့ မြေးကလေးကိုတော့ မင်းရဲ့နောက်ကို မထည့်လိုက် ပါရစေနဲ့ကွယ်"

ဟု ပြောကာ မျက်နှာမသာမယာဖြင့် နောက်ဘက် အခန်းသို့ ပြန်လည်ဝင်သွားလေတော့သည်။

ထိုအခါ သီရိစန္ဒာက မင်းအောင်အနီးသို့ လာကာ သဘောထား မေးလေသည်။

"အဘိုးပြောသလို အစ်ကိုကရော ကျွန်မတို့နဲ့ ဒီမှာ တစ်သက်လုံး နေနိုင်ပါ့မလားဟင်"

"အစ်ကို့မှာ မိဘနှစ်ပါးစလုံး ရှိပါသေးတယ်၊ သူတို့ကို နှုတ်တောင်းပြီးတော့ ဒီကိုလာခဲ့တာပါ၊ အစ်ကို ပြန်မသွားရင် သူတို့ တစ်သက်လုံး စိတ်ဖြောင့်နိုင်ကြတော့မယ် မထင်ဘူး"

"ဒါဖြင့် ဘယ်လိုလုပ်ရင် ကောင်းမလဲဟင်"

"ကိုယ် သီရိစန္ဒာကို အဖေ အမေတို့ဆီကို ခေါ်သွားမယ်၊ ဟိုရောက်တော့ အကျိုးအကြောင်းပြောပြပြီး သူတို့ကို



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်နိုင်းမယ်၊ ပြီးမှ ဒီကိုပြန်လာရင် မကောင်းဘူးလား ဟင်"

ဟု ပြောသောအခါ သီရိစန္ဒာက အတန်ကြာအောင် စဉ်းစားနေပြီးမှ....

"အင်း... ဒါလည်းဟုတ်တာပဲ၊ ဒီလိုမှမဟုတ်ရင် အစ်ကို့မိဘတွေက တစ်သက်လုံး ဘယ်စိတ်အေးကြမလဲ၊ အစ်ကိုခေါ်ရင် သီရိ အဘိုးကို ခွင့်တောင်းပြီး လိုက်ခဲ့ပါ့မယ်"

"ဝမ်းသာလိုက်တာကွယ်၊ သီရိကိုသာ အစ်ကို့ရဲ့ အဖေ အမေတွေက မြင်ကြရင် မုချသဘောကျမှာပါပဲ....

သီရိက သီရိစန္ဒာဒေဝီ သခင်မကြီးရဲ့ မြေးတော်မှန်း သိရင် ပိုပြီးတောင် သဘောကျကြဦးမှာ"

ဟု ဝမ်းသာအားရ ပြောဆိုတိုင်ပင်ကာ နောက်တစ်နေ့တွင် အဘိုးအိုအား အကြောင်းစုံ ဖွင့်ပြောလိုက်သည်။

"မြေးကလေးကရော လိုက်သွားဖို့ ဆုံးဖြတ်ပြီးပြီလား"

သီရိစန္ဒာက ပါးပြင်ပေါ်သို့ မျက်ရည်ဖြိုင်ဖြိုင်ကျလာရင်းနှင့် ခေါင်းညိတ်ပြလိုက်သည်။

"ဒီလိုပါပဲလေ... ငါ့မြေး လိုက်သွားချင်သပဆိုရင်လည်း အဘိုးက မတားရက်တော့ပါဘူး၊ အဘိုးကတော့ သေနေ့ကို ထိုင်စောင့်နေရတဲ့ သူဆိုတော့ ဘယ်ကိုမှ မလိုက်နိုင်တော့





ပါဘူး၊ နောက်ပြီး သီရိစန္ဒာဒေဝီ ခေါင်းချသွားတဲ့နေရာမှာပဲ တစ်သက်လုံး နေသွားပါတော့မယ်၊ ကိုင်း... ငါ့မြေး လိုက်သွားတော့မယ်ဆိုတော့ တစ်သက်လုံး ကျန်းမာပကတိ ချမ်းသာရှာရှိဖို့ အဘိုး ဖော်စပ်ထားတဲ့ဆေးကို ငါ့မြေးလေးကို တိုက်လိုက်မယ်"

ဟု ပြောကာ သီရိစန္ဒာအား ဆေးတစ်ခွက် တိုက်လေသည်။

သီရိစန္ဒာမှာ ထိုဆေးကို သောက်လိုက်မိပြီးနောက်တွင် အသံ လုံးဝမထွက်တော့ဘဲ စကားမပြောနိုင်သော ဘဝသို့ ရောက်သွားလေတော့သည်။

ထိုအခါမှ သီရိစန္ဒာမှာ အဘိုးဖြစ်သူခြေရင်းမှာ လူးလှိမ့် ငိုကြွေးကာ အမျိုးမျိုး တောင်းပန်ပါသော်လည်း မရတော့ပေ။

"မရတော့ဘူး သမီး၊ လက်လွန်သွားပြီ၊ ဒီဆေးက ပြေဆေးမရှိဘူး၊ ငါ့မြေးလိုက်သွားပြီးရင် အဘိုးတစ်ယောက်တည်း ဒီဂူထဲမှာ စကားပြောဖော်မရှိဘဲ နေရတော့မယ်၊ ငါ့မြေးလည်း ဒီတစ်သက်လုံး စကားပြောဖော်မရှိတဲ့ ဘဝနဲ့ နေပေတော့"

ဟု ပြောဆိုပြီးနောက် ရုပ်တုကြီးပေါ်တွင် တင်ထားသော အနီလုံးကြီးကို လက်ဖြင့်ပွတ်ကာ လှုပ်လိုက်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



ဂူတစ်ဂူလုံး မီးခိုးငွေ့များ မှောင်တက်လာသဖြင့် မင်းအောင်သည် သီရိစန္ဒာလက်ကို ဆွဲကာ ဂူအပြင်သို့ရောက်အောင် ပြေးထွက်ခဲ့ကြရသဖြင့် နောက်ပိုင်းမှာ မည်သို့မည်ပုံ ဖြစ်ကျန်ရစ်ခဲ့သည်ကို မသိနိုင်တော့ပေ။

ထို့နောက်...

တောင်ခြေ ရောက်သောအခါ မိမိအဖော်နှစ်ယောက်နှင့် ပြန်လည်ဆုံတွေ့ပြီး ထိုမှတစ်ဆင့် မိမိတို့လှေဆိပ်ရောက်အောင် ပြန်ခဲ့ကြသည်။

အားလုံးကတော့ မင်းအောင်နှင့်အတူ လွန်စွာလှပချောမောသော မိန်းကလေးတစ်ဦး ပါလာသဖြင့် အံ့သြနေကြပြီး ထိုမိန်းကလေးမှာ စကားလုံးဝမပြောတတ်သော အ,အ ဖြစ်နေမှန်း သိရသောအခါ စိတ်မကောင်းဖြစ်ကြရသည်။

မင်းအောင်မှာ မိမိတွေ့စဉ်က ခြောက်ပစ်ကင်း သဲလဲစင် ဖြစ်သော်လည်း မိမိမျက်စိရှေ့မှာတင် ဒုက္ခိတဘဝရောက်သွားသော သီရိစန္ဒာအတွက် စိတ်မကောင်းကြီးစွာဖြစ်ရရုံမှတစ်ပါး အခြား ဘာမှမတတ်နိုင်ရှာတော့ပေ။

အပြန်ခရီးမှာ ရေစုန်ဖြစ်သောကြောင့် ရက်တိုတိုနှင့် မိမိတို့နေရပ်သို့ ပြန်ရောက်ခဲ့ကြလေသည်။





ဇန်းမော်သို့ ပြန်ရောက်သောအခါ မင်းအောင်၏မိဘများက ၎င်းတို့စီစဉ်သော မိန်းကလေးကိုမယူဘဲ စကားမပြောတတ်သော ဒုက္ခိတတစ်ယောက်ကို ယူလာခဲ့သဖြင့် မိမိတို့၏ ဂုဏ်သိက္ခာကို ထိခိုက်သည်ဟုဆိုကာ မင်းအောင်ကို အမွေပြတ်စွန့်လွှတ်လိုက်သဖြင့် မင်းအောင်မှာ သီရိစန္ဒာကိုခေါ်ပြီး ဇန်းမော်မှ ထွက်သွားခဲ့ပေသည်။

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ပြီး နှစ်ပေါင်း နှစ်ဆယ်ကျော်မျှ ကြာသောအခါ...



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၄)

# ဘဝမလှတဲ့ အညာတြအခြေ

ဆယ်တန်းစာမေးပွဲ အောင်စာရင်း ထွက်သောနေ့က စာမေးပွဲအောင်မြင်သူ၏ ပျော်ရွှင်မှုများမှာ အထွတ်အထိပ်သို့ ရောက်သည်ဟု ဆိုရပေလောက်ပေသည်။

ကျယ်လောင်စွာ အော်ဟစ်သံ...

အချင်းချင်း ပွေ့ဖက်နှုတ်ဆက်သံ...

တစ်ယောက်နှင့်တစ်ယောက် သတင်းပေးပို့သံများဖြင့် ဆူညံလျက် ရှိနေသလို...



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာလွန်းသောကြောင့် လွတ်လွတ်လပ်လပ် ရယ်မောနေသူ၊ မျက်ရည်ဖြိုင်ဖြိုင် ကျနေသူများကိုလည်း တွေ့မြင်ရသည်။

ထိုအထဲတွင် စာမေးပွဲအောင်သော်လည်း ပြည့်ပြည့်ဝဝ မပျော်နိုင်သူ တစ်ယောက်ရှိသည်။

သူ့အမည်မှာ ကျော်စွာ ဖြစ်သည်။

သူသည် အသက်နှစ်ဆယ်ဝန်းကျင်ခန့်ရှိ လူရွယ်တစ်ဦးဖြစ်ပြီး ဆယ်တန်းစာမေးပွဲကို နှစ်ချင်းပေါက် ဂုဏ်ထူးရဘာသာများဖြင့် အောင်မြင်ခဲ့သော်လည်း အခြားသူများကဲ့သို့ လွတ်လွတ်လပ်လပ် ပျော်ရွှင်နိုင်ခွင့် မရှိပေ။

စာမေးပွဲအောင်မြင်ပြီး သူ့ဘဝအတွက် ရှေ့ဆက်သွားရမည့် ခရီးအတွက် ရင်လေးနေခြင်းဖြစ်သည်။

ကျော်စွာမှာ မိဘနှစ်ပါး မရှိတော့သဖြင့် ကင်းဘဲလမ်းမှာနေသော အစ်ကိုဝမ်းကွဲတော်သူ ဦးကျော်ဒွန်းက ခေါ်ယူစောင့်ရှောက်ထားသဖြင့် သည်လိုအခြေအနေ ရောက်နေရသူဖြစ်သည်။

သူသည် ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းမှ မိဘမဲ့ဘဝ ရောက်ခဲ့ရပြီး ထိုအချိန်မှစကာ ဦးကျော်ဒွန်းက ခေါ်ယူ စောင့်ရှောက်ထားခဲ့ရခြင်း ဖြစ်သည်။





ကျော်စွာကတော့ ဦးကျော်ဒွန်းကို အစ်ကိုအရင်းသဖွယ်၊ မိဘသဖွယ် မှတ်ယူကာ အားကိုးအားထား ပြုနေရလေသည်။

ဦးကျော်ဒွန်း ပိုင်ဆိုင်သော နှစ်ထပ်တိုက်ကြီးနှင့် ကေအတော်ကျယ်ဝန်းသော ခြံကြီးမှာ ကင်းဘဲလမ်းအတွင်းပိုင်း ငါးထပ်ကြီးဘုရား အနောက်ဘက်တွင်ရှိသည်။

ခြံကြီး၏အမည်မှာ "သီရိဂေဟာ" ဖြစ်သည်။

ဦးကျော်ဒွန်းမှာ ပင်မအလုပ်အကိုင် မယ်မယ်ရရမရှိဘဲ ပွဲစားယောင်ယောင်၊ ကုန်သည်ယောင်ယောင်နှင့် မိဘအမွေအနှစ် လက်ကျန်ပစ္စည်းများကို အခန့်သား သုံးဖြုန်းနေသူဖြစ်သည်။

၎င်း၏မိန်းမအမည်မှာ သိဂ်ီဖြစ်ပြီး အသက်လေးဆယ်ဝန်းကျင်မျှသာ ရှိသေးပြီး အထည်ကြီးပျက် အတန်းအစားထဲက ဖြစ်သည်။

လူကုံထံအသိုင်းအဝိုင်းများ အမြဲဆုံလေ့ရှိသော ပိုကာဝိုင်းတစ်ဝိုင်းတွင် ဆုံတွေ့ကြရာမှာ သိဂ်ီက ဦးကျော်ဒွန်းကို အမိဖမ်းကာ ရအောင်ယူလိုက်ခြင်း ဖြစ်သည်။

သိဂ်ီသည် တရုတ်သွေးပါသူ အမျိုးသမီးတစ်ဦးဖြစ်ပြီး အသက်လေးဆယ်ဝန်းကျင် အရွယ်ရောက်နေသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



အရွယ်မကျသေးဘဲ အလုအပကို လွန်စွာ မက်မောသူ ဖြစ်သည်။

ဦးကျော်ဒွန်းနှင့် အိမ်ထောင်ကျပြီး ပန်းအိဖြူဆိုသော သမီးတစ်ယောက် ရပြီးသောအခါမှ ဦးကျော်ဒွန်းမှာ ဟန်သာ ရှိတော့ပြီး အတွင်းပစ္စည်း မက်လောက်အောင် မကျန်တော့မှန်း သိသောအခါ အရေးမလုပ်တော့ဘဲ ယခင်ကကဲ့သို့ ပါတီပွဲ တက်ခြင်း၊ မာကျောက်ဝိုင်း၊ ပိုကာဝိုင်း သွားခြင်းများကိုသာ လုပ်လေတော့သည်။

ပန်းအိဖြူ (၁၆)နှစ်ခန့် အပျိုပေါက်အရွယ် ရောက်ပြီး ခုနစ်တန်းကျောင်းသူဘဝ ရောက်သည့်တိုင် အိမ်မှုကိစ္စကို စိတ်မဝင်စားတော့ဘဲ အိမ်ဖော်များနှင့်သာ မျက်နှာလွှဲထားလေ့ ရှိသည်။ ဦးကျော်ဒွန်းနှင့် သီဂီတို့မှာ ၎င်းတို့၏သမီးရင်းဖြစ်သူ ပန်းအိဖြူကိုပင် ဂရုစိုက်ခြင်းမရှိလေရာ သနားသဖြင့် အိမ်မှာ ခေါ်ထားသော ကျော်စွာကိုတော့ ဖုတ်လေသည်ငပိ ရှိလေ သည်ဟုပင် မထင်ကြပေ။

ထိုအိမ်ကြီးတွင် ခြံဝေယျာဝစ္စနှင့် အိမ်ဝေယျာဝစ္စကို တာဝန်ယူ ဆောင်ရွက်ပေးနေကြသော ဦးထွန်းအုံနှင့် ဒေါ်မင်းဇာ တို့ရှိနေ၍သာ ကျော်စွာအတွက် ထမင်းနပ်မှန်အောင် စားနေ ရသည်ဆိုက မမှားပေ။





၎င်းတို့နှစ်ဦးကတော့ ကျော်စွာအား ငယ်စဉ်ကတည်းက ပင် ပြုစုစောင့်ရှောက်လာခဲ့ရသဖြင့် မြေးအရင်း သားအရင်း သဖွယ် ခင်မင်တွယ်တာနေကြသည်။

ဦးထွန်းအုံရော ဒေါ်မင်းဇာတို့မှာ ရှေးအစဉ်အဆက် ကတည်းက သီရိဂေဟာအိမ်ကြီးမှာ နေထိုင်ခဲ့ကြသောကြောင့် ထိုအိမ်ကြီးနှင့် ပတ်သက်သော အကြောင်းများ အားလုံးကို သိထားကြလေရာ ကျော်စွာအတွက် များစွာ စိတ်မကောင်း ဖြစ်ကြရသည်။

သို့သော်...

ဦးကျော်ဒွန်းနှင့် သီဂီတို့ မျက်မာန်ရှမည် စိုးသဖြင့် စကားတစ်ခွန်းမှ မဟဝံ့ကြရှာပေ။

ဒါပေမယ့် အိမ်ရှင်များ လစ်ရင်လစ်သလို မိမိတို့အတွက် ရသော အစားအစာများကို ခိုးကြောင်ခိုးဝှက် ကျွေးမွေးလေ့ ရှိသည်။

အထူးသဖြင့် မီးဖိုဆောင်တာဝန်ကို ယူထားရသော ဒေါ်မင်းဇာက ပိုမိုကျွေးမွေးနိုင်သည်။

"ငါ့မြေးလေး... ကံဆိုးရှာတယ်၊ အမျိုးမြတ်ပါလျက်နဲ့ သူတစ်ပါးဆီမှာ ကျွန်ဘဝလို နေရရှာတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု မျက်ရည်လေးစမ်းစမ်းဖြင့် ညည်းညူပြောဆိုတတ်သည်။

"အဘွားကလည်း ဆင်းရဲတာ ဝမ်းနည်းစရာမှမဟုတ်ဘဲ၊ ကျွန်တော် ယောက်ျားပဲ၊ ဘာမဆို ရအောင်လုပ်နိုင်ပါတယ်၊ တစ်နေ့ကျရင် ချမ်းသာအောင်လုပ်မှာပေါ့၊ ကျွန်တော် ချမ်းသာလာတဲ့ တစ်နေ့ကျရင်သာ အဘွားတို့နှစ်ယောက်စလုံးကို ခေါ်ပြီး တစ်လှည့်ပြန်ပြုစုရမယ်"

ထိုစကား ကြားသောအခါ ဒေါ်မင်းဇာက...

"အင်း... စွန့်စားချင်တဲ့သတ္တိက အဖေ့ဘက်က စိတ်ဓာတ်ပါပြီး လူတစ်ဖက်သားကို ကျေးဇူးသိတတ်ပြီး ကြင်နာတတ်တဲ့စိတ်ကတော့ အမေ့ဘက်ကပဲ၊ ဒီလိုစိတ်မျိုး ရှိလို့ကတော့ ငါ့မြေး ချမ်းသာလာမှာ မလွဲပါဘူး"

ဟု မှတ်ချက်ချလေသည်။

ကျော်စွာမှာ သီရိဂေဟာတွင် အိမ်ဖော်တစ်ယောက်လို ထားရာနေ စေရာသွားဘဝနှင့် ကျွေးသမျှစားကာ ဘဝကို ချို့ချို့တဲ့တဲ့ နေရကာ ပညာကို ကြိုးစားရှာခဲ့ရသူ ဖြစ်သည်။

ကျောင်းနေစဉ် ကာလမှာလည်း မုန့်ပဲသွားရေစာဖိုးကတော့ ဝေးရော... ပညာသင်စရိတ်နှင့် စာအုပ်ဖိုးကိုမင်





ဦးကျော်ဒွန်းက မလွဲသာ၍ ပေးကမ်းထောက်ပံ့ပေးနေရခြင်း ဖြစ်သည်။

"မင်းကလည်း အလကားနေရင်း ငွေတောင်းဖို့ပဲ ကြည့်နေတာပဲ၊ ငွေတွင်းထဲက နှိုက်ပေးနေရတာ မဟုတ်ဘူး၊ တို့မှာလည်း အရင်ကလို ချောင်ချောင်လည်လည် မဟုတ်တော့ဘူး...

နောက်ပြီး အိမ်မှာ မင်းတစ်ယောက်တည်း မဟုတ်ဘူး၊ ငါ့သမီးကလည်း ရှိသေးတယ်"

ဦးကျော်ဒွန်းသည် ကျော်စွာ စာအုပ်ဖိုးနှင့် ကျောင်းစရိတ်ငွေ တောင်းတိုင်း ထိုစကားမျိုး ပြောလေ့ရှိသည်။

"ကျွန်တော်လည်း စာအုပ်ဖိုးငွေလိုလို့ တောင်းတာပါ အစ်ကိုကြီးရယ်၊ အစ်ကိုကြီးပေးတဲ့ငွေကို ကျောင်းမှာ မုန့်ပဲသွားရေစာတောင် ဝယ်မစားပါဘူး"

"အေး... ဘာပဲဖြစ်ဖြစ် အသုံးအစား ချွေတာဖို့ ပြောတာပါကွာ၊ ကိုင်း... ရော့...ရော့..."

ဦးကျော်ဒွန်းက ပြောပြောဆိုဆိုနှင့်တော့ လိုသောငွေကို ပေးလေ့ရှိသည်။

ထိုသို့ပေးတိုင်းလည်း သီဂိက မကျေနပ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာ ငွေကုန်ကြေးကျတွေ များရတဲ့အထဲ အပိုလူတွေအတွက်ကလည်း တစ်ခါကုန်ရသေးတယ်၊ တကတည်း ဒီအရွယ်ရောက်နေပြီ၊ ကိုယ့်အားကိုယ်ကိုးပြီးတော့ ရှာချင်စိတ်ကို မရှိဘူး"

ဟု တဖျစ်တောက်တောက် ပြောဆိုတတ်သည်။

"မင်း... အဲဒီလိုတော့ မပြောသင့်ပါဘူး သီဂီရယ်၊ ကျော်စွာဟာ မင်းထင်သလို အပိုလူလည်း မဟုတ်ဘူး၊ ကလေကချေ အောက်တန်းစားထဲကလည်း မဟုတ်ဘူး၊ ငါသူ့ကို ဒီလိုထောက်ပံ့နေရတာ အကြောင်းမဲ့မဟုတ်ဘူး၊ အကြောင်းရှိလို့ ထောက်ပံ့နေရတာပေါ့... သိရဲ့လား"

"အမယ်... ကိုကို့စကားက အဆန်းပါလား၊ ဘယ်လို အကြောင်းတွေရှိလို့လဲဆိုတာ ပြောပါဦး၊ ဘာလဲ ကျော်စွာက ကိုကိုနဲ့ တိတ်တိတ်ပုန်းယူထားတဲ့ မယားက မွေးတာမို့လား"

"မင်း စကားတွေ သိပ်လွန်လာပြီသီဂီ၊ မင်း လူတစ်ဖက်သားကို ဒီလောက် မှိုချိုးမျှစ်ချိုး မပြောသင့်ပါဘူး၊

အေး... ငါ တစ်ခုတော့ မင်းကိုပြောမယ်၊ တစ်နေ့ကျလို့ အကြောင်းစုံသိရတဲ့အခါ မင်း ကျော်စွာ့ကို ရှိခိုးပြီး တောင်းပန်ရလိမ့်မယ်၊ ဒါပဲ..."





ထိုစကားကြောင့် သီဂီမှာ စိတ်ထဲမှာ အုံ့ညြသွားသလို ဇဝေဇဝါလည်း ဖြစ်သွားလေသည်။

သို့သော်လည်း...

နောက်ပိုင်းရောက်ပြန်တော့ ၎င်းမှာ ထိုအကြောင်းများကို သတိမရတော့ဘဲ ကျော်စွာအပေါ် နှိမ့်ချမြဲ နှိမ့်ချကာ ဆက်ဆံပြန်လေတော့သည်။

သီရိဂေဟာအိမ်ကြီးမှာ ကျော်စွာအတွက် အဖော်ကောင်းတစ်ယောက်တော့ ရှိပါသေးသည်။

အခြားသူ မဟုတ်ပေ...

ပန်းအိဖြူပင် ဖြစ်ပေသည်။

ပန်းအိဖြူမှာ (၁၆)နှစ်အရွယ် အပျိုပေါက်မလေး ဖြစ်လာသော်လည်း ကျော်စွာအပေါ်မှာ အစ်ကိုအရင်းတစ်ယောက်မှာ အထင်ရှိလျက် နွဲ့ဆိုး ဆိုးမြဲတိုင်း ဆိုးတတ်ပေသည်။

ပန်းအိဖြူအနေနှင့် ကျော်စွာအပေါ်မှာ နွဲ့ဆိုး ဆိုးတတ်သည်ကတစ်ကြောင်း၊ ကျော်စွာ့အတွက် လိုအပ်သည်များကိုလည်း တတ်အားသမျှ ထောက်ပံ့ပေးတတ်သည်။

"ကိုကို... ဆယ်တန်းစာမေးပွဲကို ဂုဏ်ထူးတွေအများကြီးနဲ့ အောင်တယ်ဆို... ဟုတ်လား"

"ညီမလေးကို ဘယ်သူက ပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုသူငယ်ချင်း ကိုတင်မောင်လွင် လာပြောတာ"

"ဟင်… တင်မောင်လွင်ကို ကြည့်မရဘူးဆို၊ အခုတော့ သူနဲ့ စကားပြောပြီလား"

"ဘယ်ကြည့်ရပါ့မလဲ… သူက အိဖြူကိုတွေ့တိုင်း ရိသဲ့သဲ့နဲ့ အမြဲလုပ်တာကိုး၊ အခု စကားပြောတယ်ဆိုတာ ကလည်း ကိုကို့သတင်း သိချင်လို့မေးကြည့်တာ"

ဟု ပန်းအိဖြူက နှုတ်ခမ်းလေးစူစူနှင့် ပြောနေလေသည်၊

"ဟုတ်တယ် ညီမလေး… ကိုကို စာမေးပွဲအောင်တယ်၊ ဘာသာစုံ ဂုဏ်ထူးပါတယ်"

"ဟယ်… ဟုတ်လား၊ တော်လိုက်တာ… ဒီလိုဆိုရင် ကိုကို ဆေးတက္ကသိုလ်တက်ဖို့ အမှတ်မီမှာပေါ့နော်"

"မီနိုင်ပါတယ် ညီမလေး၊ ဒါပေမယ့် ကိုကို ဆေးတက္ကသိုလ် တက်မှတက်နိုင်ပါ့မလားလို့ တွေးပူနေတာ"

"အို…ကိုကိုကလည်း ဆေးတက္ကသိုလ်တက်ဖို့ဆိုတာ လွယ်တာမှတ်လို့၊ သိပ်တော်တဲ့သူတွေမှသာ တက်ခွင့်ရတာ၊ ဒီလိုအခွင့်အရေးဆိုတာ ရဖို့မလွယ်ဘူး၊ ဒီလိုပဲ မဖြစ် ဖြစ်တဲ့ နည်းနဲ့ တက်ဖို့ကြိုးစားရမှာပေါ့"

"အို… ညီမလေးကလည်း စိတ်ထဲရှိတာ အရမ်းပြော နေတယ်၊ အခုဆိုရင် အစ်ကိုကြီးနဲ့ မမကြီးတို့မှာ အရင်ကလို





ငွေကြေးချောင်လည်ကြတာ မဟုတ်ဘူးကွယ့်၊ ဆေးတက္ကသိုလ် တက်ရတဲ့စရိတ်ဆိုတာ နည်းတာမှတ်လို့၊ တော်ကြာ ကိုကို့ အတွက်နဲ့ ဝန်ထုပ်ဝန်ပိုးတွေ ပိနေပါဦးမယ်ကွယ်"

"ဖေဖေနဲ့ မေမေတို့ ဒီလိုဖြစ်နေတာ လောင်းကစား တွေ အကြီးအကျယ်လုပ်နေကြလို့ မဟုတ်ဘူးလား၊ သူတို့ ဒီလိုဖြစ်တိုင်း ကိုကို ဆေးတက္ကသိုလ်မတက်ဘဲနေရင် ဘဝ အတွက် နစ်နာသွားမှာပေါ့၊ ဘာပဲဖြစ်ဖြစ် ညီမလေးကတော့ ကိုကို ဆေးတက္ကသိုလ်တက်ဖြစ်အောင် တက်နိုင်ဖို့ ကြိုးစား စေချင်တယ်"

ဟု ပန်းအိဖြူက အားတက်သရော ပြောသွားလေသည်။

ကျော်စွာ့စိတ်ထဲမှာတော့…

"အဖေ အမေတို့သာရှိကြရင် ငါ အခုလို ဂုဏ်ထူးတွေနဲ့ စာမေးပွဲအောင်တာသိရင် ဝမ်းသာကြမှာ၊ ဆေးတက္ကသိုလ် တက်ခွင့်ရတယ်သာသိရင် ပိုတောင်မှ ဝမ်းသာကြဦးမယ်၊ သူတို့သာရှိကြရင် ငါ့အတွက် ကျောင်းစရိတ်ဆိုတာလည်း တာမှပူစရာရှိမှာ မဟုတ်ဘူး… ခုတော့…"

ဟု ဝမ်းနည်းစွာ တွေးတောနေမိလေသည်။



www.burmeseclassic.com

## အခန်း (၅)

# ကျော်စွာ၏ ဘဝအမှန်

"ကျော်စွာ... မင်းအိမ်က အခြေအနေ ဘယ်လိုရှိသလဲ၊ မင်းကို ကျောင်းဆက်ထားပေးဖို့ သူတို့ သဘောတူကြရဲ့လား"

ဟု တင်မောင်လွင်က မေးသည်။

တင်မောင်လွင်သည် သူနှင့် ငယ်ပေါင်းကြီးဖော် သူငယ်ချင်း ဖြစ်ရုံမက တစ်ယောက်အကြောင်း တစ်ယောက်သိကာ ညီရင်းအစ်ကိုလို ချစ်ခင်ကြသူများ ဖြစ်သည်။

တင်မောင်လွင့်မိဘများ နေသောခြံမှာ ကင်းဘဲလမ်းထဲမှာပင်ရှိပြီး ကျော်စွာတို့နေသော ခြံနှင့် မဝေးလှပေ။



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်လွင်၏ မိဘများမှာလည်း ဖန်းမော်ဘက်မှ ဇာတိဖြစ်ပြီး ကျော်စွာမိဘများရှိစဉ်က ခင်မင်ရင်းနှီးသော မိတ်ဆွေများ ဖြစ်ကြသည်ဟု သိရလေသည်။

"သူတို့က ပစ္စည်းဥစ္စာ လျှောနေတဲ့အချိန်ဖြစ်လို့ ငါ့ကို ကျောင်းဆက်ထားနိုင်တဲ့ အခြေအနေ သိပ်မရှိဘူး သူငယ်ချင်း"

"မင်းအဖြစ်က ဆိုးလှချည်လား သူငယ်ချင်းရယ်၊ သူများတွေ ဆေးတက္ကသိုလ် တက်ခွင့်ရဖို့ မဆိုထားနဲ့ စာမေးပွဲအောင်ဖို့တောင် မနည်းကြိုးစားနေရတာ၊ မင်းကျတော့ လည်း ဆေးတက္ကသိုလ်ကို နှစ်ချင်းပေါက် တက်ခွင့်ရတာ တောင် စိတ်မချမ်းသာရပါလား"

"ဘယ်တတ်နိုင်ပါ့မလဲ သူငယ်ချင်းရယ်၊ ကံတရားပေါ့"

"ဒါ ကံတရားမဟုတ်ဘူး၊ သက်သက် ပတရားလုပ်ခံ နေရတာကွ၊ တကယ်တော့ ဒီခြံနဲ့အိမ်ကြီးက မင်းမိဘတွေ ပိုင်ဆိုင်တဲ့ ပစ္စည်းတွေဆိုတာရော မင်း သိရဲ့လား ..

သူတို့ဖြုန်းတီးပစ်နေတဲ့ ပစ္စည်းတွေကရော မင်းရဲ့ပစ္စည်း တွေဆိုတာရော မင်း သိရဲ့လား"

ဟု တင်မောင်လွင်က မချိတင်ကဲလေသံဖြင့် ပြောသည်။

"ဒါပေမယ့် အစ်ကိုကြီး ကိုကျော်ဒွန်းဟာ အခါ မွေးစားခဲ့တဲ့သား မဟုတ်လား"





"အေး... ဟုတ်တယ်၊ သူက မွေးစားသား၊ မင်းက သားအရင်း၊ အခု မွေးစားထားတဲ့သားက ရှိသမျှစည်းစိမ် ဥစ္စာတွေကို အခန့်သား ထိုင်ဖြုန်းပစ်နေပြီး သားအရင်းက ကျွန်တစ်ယောက်လို နေရတယ်၊ မင်းကသာ သဘောထား ပြည့်ဝလို့ နေနိုင်ပေမယ့် တို့ ဘေးကမြင်နေရတဲ့ အတွင်းသိ တွေက ဘယ်စိတ်ကောင်းနိုင်ပါ့မလဲ သူငယ်ချင်းရယ်"

"ဒါပေမယ့် ငါ့ရဲ့မိဘတွေက အစ်ကိုကြီးရဲ့လက်ထဲကို စည်းစိမ်ဥစ္စာတွေအားလုံး လွှဲသွားတာ မဟုတ်ဘူးလား"

"လွှဲရမှာပေါ့၊ အဲဒီအချိန်တုန်းက မင်းအသက်က ငယ်ငယ်လေးရှိသေးတာကိုး၊ ဒါတွေ ဘယ်သိမှာလဲ၊ ငါတောင် မှ ငါ့ရဲ့မိဘတွေ ပြောပြလို့ ဒီလောက်သိရတာ၊

တကယ်တော့ ဒီခြံနဲ့ အိမ်ကြီး အပါအဝင် ပစ္စည်းတွေက မင်းပဲပိုင်ဆိုင်သင့်တယ်"

"ဒါပေမယ့် ရှိပါစေတော့ကွာ၊ ငါ့ဘဝနဲ့ ငါပဲ ရှိပါစေ တော့၊ သူတို့ကိုလည်း ဒုက္ခမပေးချင်တော့ပါဘူးကွာ၊ ဒါပေမယ့် ငါ့ရဲ့မိဘတွေအကြောင်းကိုတော့ ငါသိချင်တယ်"

"မင်း ဒီလိုသိချင်ရင် ငါ တစ်ခုအကြံပေးမယ်၊ သီရိ ဂေဟာနဲ့ မင်းမိဘတွေအကြောင်း အားလုံးသိတဲ့ လူနှစ်ယောက် ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူတွေလဲ"

"ဦးထွန်းအုံနဲ့ ဒေါ်မင်းဇာတို့ပေါ့၊ သူတို့က မင်းမိဘတွေ လက်ထက်ကတည်းက အတူနေခဲ့ကြတဲ့ သူတွေဆိုတော့ သူတို့ကို မေးကြည့်ရင် မင်းသိချင်တာတွေ သိရနိုင်တယ်"

ဟု အကြံပေးသဖြင့် တစ်နေ့သောအခါ အိမ်မှာ ဘယ်သူ့မှမရှိခိုက် ခြံစောင့်ကြီး ဦးထွန်းအုံနေသော တဲဆီသို့ သွားလေသည်။

သူ့ကိုမြင်တော့ ဦးထွန်းအုံက...

"လူကလေး... အဘကို ဘာခိုင်းချင်လို့လဲ"

ဟု ကွမ်းတမြုံ့မြုံ့ ဝါးနေရာမှ မေးသည်။

"ကျွန်တော် အဘကို ခိုင်းစရာမရှိပါဘူး၊ မေးစရာရှိလို့ လာတာပါ"

"ဘာများမေးမှာလဲကွယ့်"

"ကျွန်တော့်ရဲ့ မိဘတွေအကြောင်းကို သိချင်လို့ပါ အဘ၊ အဘသိသမျှ ကျွန်တော့်ကို ပြောပြပါလား"

"ဟင်... မင်းကို ဒါတွေ ဘယ်သူပြောလိုက်ပြီလဲ"

ကျော်စွာက တင်မောင်လွင်၏ မိဘများဆီမှတစ်ဆင့် တင်မောင်လွင်က သိခဲ့ရပြီး သူ့ကို ပြန်ပြောခဲ့ပုံများကို ဦးထွန်းအုံအား ပြောပြလိုက်သည်။





ဦးထွန်းအုံသည် အတန်ကြာအောင် စဉ်းစားနေပြီး သိဝေသော အကြည့်ဖြင့် အပြင်ဘက်သို့ လှမ်းကြည့်နေသည်။

အတန်ကြာမှ...

"အဘလည်း ဒီနေရာကမခွာခင် မင်းကို ဒီအကြောင်းတွေ ပြောပြခဲ့ချင်တာနဲ့ အတော်ပဲဖြစ်သွားတယ်"

"ဟင်... အဘက ဘယ်ကိုသွားမှာမို့လဲ"

"အဘ ရွာကိုပြန်တော့မယ် လူလေး၊ အဘ ဒီမှာ နေတာ မင်းမိဘတွေအပေါ်မှာ မင်းအတွက်နဲ့ တာဝန်ကျေချင်လို့ နေရတာ၊ အခုတော့ မင်းလည်း အသက်နှစ်ဆယ် ပြည့်လို့ အရွယ်ရောက်ပြီဆိုတော့ အဘအနေနဲ့ ပြောသင့် ပြောထိုက်တာတွေကို ပြောပြပြီးရင်တော့ ဇာတိကို ပြန်တော့မယ်"

ကျော်စွာမှာ ထိုစကားကြားရသောအခါ ဝမ်းနည်းကြေကွဲသလို ခံစားရသည်။

"မင်းရဲ့အဖေက ဦးမင်းအောင်လို့ ခေါ်တယ်၊ မိခင်ရဲ့ အမည်က သီရိစန္ဒာတဲ့"

"ဟင်... သီရိစန္ဒာ၊ ဟုတ်လား အဘ၊ အမေ့နာမည်က ဒေါ်သီရိ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်သီရိဆိုတာက အများသိတဲ့နာမည်ပါ၊ သီရိစန္ဒာလို့ သိတဲ့လူကတော့ အတွင်းလူတွေလောက်ပဲ ရှိတယ်၊ မင်းမိခင်ရဲ့ဘွားတော်က ကနောင်မင်းသားကြီးရဲ့ လက်စွဲတော် သီရိစန္ဒာဒေဝီ မင်းသမီးကြီးပဲ"

ထိုစကား ကြားသောအခါ ကျော်စွာမှာ များစွာအံ့သြနေတော့သည်။

"မင်းအဖေနဲ့ အမေ ဖူးစာဆုံတာကလည်း အတော့်ကို ဆန်းကြယ်လှတယ်"

"ကျွန်တော်ငယ်ငယ်က ကြားဖူးတာက အမေက စကားလုံးဝ မပြောတတ်ဘူးဆို၊ ဟုတ်လား အဘ"

"ဒီအကြောင်းတွေကို ပြောရရင် ရင်နာစရာပါကွယ်၊ အဘ ပြောပြပါ့မယ်"

ဟု အစချီကာ ဦးမင်းအောင်နှင့် ဒေါ်သီရိ အမည်ခံ သီရိစန္ဒာတို့ အကြောင်းကို ပြောပြလေသည်။

စကားဆုံးသောအခါ ကျော်စွာက...

"ဟင်... ဒီလိုဖြင့် အဖေဟာ အဘိုးတို့ အဘွားတို့ သဘောမတူတဲ့ စကားမပြောတတ်တဲ့ အမေ့ကိုယူလို့ အမွေပြတ် စွန့်လွှတ်ခဲ့တာပေါ့၊ ဟုတ်လား... အဘ"

ဟု မေးလိုက်သည်။





"ဟုတ်ပါတယ်၊ ဒါပေမယ့် မင်းအမေဟာ အစကတည်းက စကားမပြောတတ်သူတစ်ယောက် မဟုတ်ပါဘူး၊ သူ့ကိုးတော်က ဆေးတစ်ခွက်တိုက်လိုက်လို့ အကောင်းဘဝကနေ ဒုက္ခိတဘဝကို ရောက်သွားခဲ့တာပါ၊ ဒါပေမယ့် မင်းအဖေဟာ မင်းအမေရဲ့အပေါ်မှာ သစ္စာရှိခဲ့တယ်၊ သေတပန်သက်တစ်ဆုံး ရိုးမြေကျအောင် ပေါင်းသင်းသွားခဲ့တယ်၊ သေတော့လည်း နှစ်ယောက်အတူတူပဲ သေကြရတာပါပဲ"

"အဖေနဲ့အမေ ဘာ့ကြောင့်သေတာလဲဟင်... အဘ"

"အဘ ဒီအကြောင်းကို ပြန်မပြောပါရစေနဲ့တော့ ငါ့မြေးရယ်၊ ဒီအချိန်ကျမှ ပြန်ပြောလို့လည်း အကျိုးမထူးတော့ပါဘူး၊ ဒါပေမယ့် မင်းကို အဘ တစ်ခုတော့မှာခဲ့မယ်၊ တပိန်မြစ်ရဲ့ အထက်ဘက်တစ်နေရာမှာ မင်းအမေရဲ့ ဆွေစဉ်မျိုးဆက်တွေ နေသွားတဲ့ဂူတစ်ဂူရှိတယ်၊ အဲဒီဂူထဲမှာ မင်းဘဝအတွက် အကျိုးရှိမယ့်ပစ္စည်းတွေ ရှိတယ်...

ငါ့မြေး အရွယ်ရောက်လာတဲ့အခါမှာ အဲဒီနေရာကို တစ်ခေါက်သွားနိုင်အောင်တော့ ကြိုးစားပါကွယ်"

ဟု မှာကြားလေသည်။

ဒေါ်မင်းဇာနှင့် တွေ့သောအခါမှာလည်း ဤသို့မှာကြားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မြေးလေး... အဘွားလည်း ကိုတွန်းအုံပြန်ရင် ဇာတိရွာကို ပြန်တော့မယ်၊ အဘွားမပြန်ခင် ငါ့မြေးကို မှာစရာရှိတာလေးတွေ မှာခဲ့ချင်တယ်...

တခြားတော့မဟုတ်ဘူး၊ ဒီခြံနဲ့ အိမ်ကြီးက မင်းမိဘ တွေ ပိုင်ဆိုင်တဲ့ပစ္စည်းတွေပဲ၊ ကျော်ဒွန်းက မွေးစားသားကွယ့်၊ မင်းကမှ သူတို့ရဲ့ တကယ့်သားအရင်းပဲ"

"အဘပြောပြလို့ ကျွန်တော်သိပြီးပါပြီ အဘွား"

"အေး... မင်းအဖေရေးထားခဲ့တဲ့ သေတမ်းစာက ရှေ့နေကြီး ဦးဘဦးလက်ထဲမှာရှိတယ်၊ မင်း အသက်နှစ်ဆယ် ပြည့်တဲ့အချိန်မှာ သူလာတွေ့လိမ့်မယ်၊ အခု ငါ့မြေး အသက် ဘယ်လောက်ရှိပြီလဲ"

"၁၉ နှစ်ကျော်ရုံပဲ ရှိသေးတယ် အဘွား"

"အေး... အဘွားမှာချင်တာက မင်းအသက် နှစ်ဆယ် မပြည့်ခင်မှာ ဒီအိမ်မှာမနေဘဲ တခြားနေရာကိုရွှေ့နေပါ၊ အဘွားတို့နှစ်ယောက် မရှိတော့ရင် မင်းကို သူတို့ ရန်ပြုကြ လိမ့်မယ်၊ ကျော်ဒွန်းဟာ လူကောင်းမဟုတ်ဘူး၊ ဥစ္စာပစ္စည်း နဲ့ ပတ်သက်လာရင် ဘနဖူးကိုတောင် သိုက်တူးဝံ့တဲ့လူမျိုး ကွယ့်"

ဟု အသေအချာ မှာလေသည်။





"နောက်ပြီး ဒီအိမ်ကြီးရဲ့တစ်နေရာမှာ မင်းအဖေ ရေးခဲ့တဲ့ မှတ်တမ်းတွေရှိတယ်၊ အဲဒါတွေကိုလည်း ငါ့မြေး တွေ့အောင် ရှာပေတော့၊ အဲဒီမှတ်တမ်းတွေကို မင်းရဲ့ ဘိုးတော် ဘေးတော်တွေ ခေါင်းချခဲ့င ရောက်အောင်သွားဖို့ လမ်းတွေသိရလိမ့်မယ်"

"ဟုတ်ကဲ့ အဘွား၊ ကျွန်တော် ကြိုးစားပြီး၊

"တကယ်လို့ ငါ့မြေး အဲဒီခရီးကိုသွားဖြစ်ရင် ဆီကို ရောက်အောင်လာခဲ့ပါ၊ အဘွား လမ်း တစ်ယောက်ကို ထည့်ပေးလိုက်မယ်"

"ဟုတ်ကဲ့"

"အဘွားတို့ မရှိတော့ရင် ကျော်ဒွန်းဟာ ဒအိမ် ကြီးရဲ့ပိုင်ဆိုင်မှုတွေကို မင်းကို လွှဲပြောင်းပေးရမှာစိုးလို့ မင်းရဲ့အသက်ကို ရန်ရှာလိမ့်မယ်၊ မင်းအဖေနဲ့ အမေတုန်းက လည်း ဒီလိုပဲ ရန်ရှာခံခဲ့ရတယ်"

ဒေါ်မင်းဇာထံမှ မမျှော်လင့်သော စကားကို ကြားလိုက် ရသဖြင့် ကျော်စွာ အံ့သြသွားလေသည်။

"ဟင်... ဘယ်လို ရန်ရှာခံခဲ့ရတာလဲ၊ ပြောပြပါဦး အဘွား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအကြောင်းတွေက အခုပြောလို့ မဖြစ်သေးဘူး၊ အန္တရာယ်များတယ်၊ မင်း အဘွားဆီ ရောက်လာတဲ့တစ်နေ့ မှာစရားလုံးပြောပြပါ့မယ်"

တ..နှစ်သိမ့်စကား ပြောလေသည်။

ဝွေ ပိုင်ဆိုင်ယ်စဉ်ကာလကတည်းက သီရိဂေဟာအိမ်ကြီး မင်းကမှ ..ာကြသော ဦးထွန်းအုံနှင့် ဒေါ်မင်းဇာတို့ ပြန်ကြ

"..ာအခါ ကျော်စွာ့စိတ်ထဲမှာ အားငယ်သွားသလို ..သည်။

ရှေ့နေ..ကြောင့်...

ပြည့်တဲ့အ...န်က...ါနီးတွင် ကျော်စွာက ငင်းစုဆောင်းထား ဘယ်ငွေလောက်...များဖြင့် နှစ်ယောက်စလုံးကို ကန်တော့လိုက် လေသည်။

"သာဓုကွယ် သာဓု... သာဓု...ငါမြေးလေးရဲ့ စေတနာ အကျိုးကြောင့် မိမိပိုင်ဆိုင်ခွင့်ရှိတဲ့ ဘဝမှန်ကို အမြန်ဆုံး ပြန်လည်ရောက်ပါစေကွယ်" ဟု ဆုပေးကြသည်။

နောက်တစ်နေ့တွင် ဦးထွန်းအုံရော ဒေါ်မင်းဇာပါ ၎င်းတို့နေရပ်သို့ ပြန်သွားကြလေတော့သည်။





## အခန်း (၆)

# မမြင်ရသော မေတ္တာစွမ်းအင်

တစ်နေ့သ၌ ကျော်စွာ အပြင်သွားရာမှ ပြန်လာစဉ် ဦးကျော်ဒွန်း၏ဇနီး သီဂီသည် ခြံဝင်းထောင့်တစ်နေရာတွင် စက္ကူထုပ်များကို မီးရှို့နေသည်ကို လှမ်းမြင်ရသည်။

ကျော်စွာ့စိတ်ထဲမှာတော့...

"ဘာတွေများ မီးရှို့နေပြန်တယ် မသိဘူး၊ ကေန္တ ..ါ့အဖေ အမေတွေထားခဲ့တဲ့ မှတ်တမ်းမှတ်ရာတွေများ မီးရှို့ ..ပစ်နေသလား မသိဘူး"

ဟု သံသယနှင့် တွေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း အနားသွားပြီး စပ်စုခြင်းတော့ မပြုပေ။

ညဘက်ရောက်သောအခါမှ ထိုနေရာသို့ တိတ်တဆိတ်သွားကာ မီးမလောင်ဘဲကျန်သော စာရွက်အပိုင်းအစ,များကို မိမိအခန်းထဲသို့ ယူလာပြီး ကြည့်သောအခါ ဓာတ်ပုံအချို့နှင့် က်ရေးဖြင့် ရေးထားသော စာရွက်ထပ်အချို့ကို တွေ့ရသည်။

စာရွက်မှာ သတင်းစာစက္ကူကဲ့သို့ စာရွက်မျိုးဖြစ်ပြီး ထိုစာရွက်ပေါ်မှာ အပြာရောင်မင်ဖြင့် ရေးသားထားလေသည်။

ကာလကြာပြီ ဖြစ်သောကြောင့် မင်များမှာ မှေးမှိန်လျက်ရှိနေပြီ။ တစ်ပိုင်းတစ်စကျန်သော စာရွက်အပိုင်းအစများပေါ်မှ စာလုံးများကိုဖတ်၍ ဆက်စပ် တွေးတောကြည့်သောအခါ ဒေါ်မင်းဇာပြောခဲ့သည့် သူ့ဖခင် ဦးမင်းအောင် ရေးထားခဲ့သော မှတ်တမ်းများဖြစ်မည်ဟု ခန့်မှန်းရလေသည်။

အချို့စာရွက်များမှာ တစ်ပိုင်းတစ်စ အတော်ပင်ကျန်သေးသဖြင့် အဓိပ္ပာယ်ဖော်၍ရသည်။

စာအချို့တွင် တာပိန်မြစ်ရိုးတွင် တွေ့ခဲ့ရသည့် ထင်ရှားသည့် အမှတ်အသားများ၊ ခရီးစဉ်များ၊ မြစ်ကမ်းမှ လှမ်းမြင်ရသည့် ကျောက်တောင်အကြောင်း၊ ကျားသစ်ဖြူအကြောင်း၊ ဂူကြီးထဲမှ ထူးဆန်းသောရုပ်တုနှင့် အနီရောင်အလုံးကြီးအကြောင်းနှင့် သီရိစန္ဒာဒေဝီ အမည်များကိုပါ တွေ့ရသဖြင့်





ထိုကျန်သောအပိုင်းအစများကို တရိုတသေသိမ်းနေစဉ် စာရွက်ထပ်များကြားမှ ထောင့်စွန်းလေးသာ မီးလောင်ထားသော ဓာတ်ပုံတစ်ပုံ ထွက်ကျလာသဖြင့် ကောက်ယူ၍ ကြည့်လိုက်သောအခါ အမျိုးသားတစ်ဦးနှင့် လွန်စွာမှ ချောမောလှပသည့် အမျိုးသမီးတစ်ဦးတို့ ယှဉ်တွဲ၍ရိုက်ထားသော ပုံဖြစ်သည်ကို တွေ့ရသည်။ ဓာတ်ပုံမှာ မှန်ပေါင်သွင်းထားပြီးသား ဖြစ်၏။

ကျော်စွာ့စိတ်ထဲမှာ...

"ဒါ ငါ့အဖေနဲ့ အမေရဲ့ပုံ ဖြစ်ရမယ်"

ဟု မှတ်ချက်ချလေသည်။

အကယ်ကြောင့်ဆိုသော် ဓာတ်ပုံထဲမှ အမျိုးသမီး၏ မျက်နှာမှာ သူ့မျက်နှာနှင့် ချွတ်စွပ်နီးပါး တူနေသောကြောင့်ဖြစ်သည်။

"ဒီမိန်းမ အတော်ယုတ်မာပါလား၊ ငါ့မိဘတွေထားခဲ့တဲ့ မှတ်တမ်းမှတ်ရာတွေကို အားလုံး လက်စ,ဖျောက်ပစ်နေတယ်၊ ဘာပဲပြောပြော ငါ ဒီအိမ်ကြီးမှာ ဆက်မနေဘဲ တခြားရွှေ့နေရင် ပိုကောင်းမယ်"

ဟု တစ်ယောက်တည်း ဆုံးဖြတ်ချက် ချလေသည်။

ထိုစိတ်ကူးရသည်နှင့် တင်မောင်လွင်နှင့် တိုင်ပင်ကြည့်သောအခါ တင်မောင်လွင်က ဝမ်းသာအားရ အမူအရာဖြင့်...



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်ပါလား...မင်း အဲဒီမှာမနေချင်ရင် ငါ့အိမ်မှာ လိုက်နေပါလား၊ အိမ်မှာလည်း လူများများရှိတာမှ မဟုတ်တာ၊ မင်း လာနေမယ်ဆိုရင် ငါ့မိဘတွေက ငါနဲ့ အဖော်ရလို့ သဘောကျကြမှာပါ၊ ဘယ့်နှယ့်လဲ"

ဟု ပြောသည်။

"မင်းစေတနာကို ငါ လေးစားပါတယ် သူငယ်ချင်း၊ ဒါပေမယ့် အဲဒီလို မင်းတို့အိမ်မှာလိုက်နေရင် အစ်ကိုကြီးက ငါ့အပေါ်မှာ အထင်လွဲသထက် ပိုလွဲသွားလိမ့်မယ်"

"ဒါဖြင့် မင်းက ဘယ်လိုလုပ်ချင်လို့လဲ"

"ငါ အဆောင်ရအောင် လျှောက်မယ်၊ အဆောင်ရရင် ကျောင်းစရိတ်ရအောင် တစ်ဖက်တစ်လမ်းက ရတဲ့အလုပ် ထွက်လုပ်မယ်၊ မကောင်းဘူးလား"

"အေး... ဒီလိုလည်း ကောင်းတာပါပဲ၊ ဒါပေမယ့် အပြင်မှာထွက်နေမယ်ဆိုတဲ့ အစီအစဉ်ကိုတော့ သူတို့ လင်မယား လုံးဝမသိစေနဲ့ သူငယ်ချင်း၊ သူတို့သိသွားရင် မင်းကို အနှောင့်အယှက်ပေးချင် ပေးနိုင်တယ်"

"စိတ်ချပါ"

သူ တင်မောင်လွင်နှင့်တွေ့ပြီး အိမ်ပြန်သွားသောအခါ ညနေခန်းတွင် ဦးကျော်ဒွန်းတို့ လင်မယားနှစ်ယောက်ကို တွေ့ရသည်။





သူ့ကိုမြင်သောအခါ ဦးကျော်ဒွန်းက ပြုံးရွှင်သောမျက်နှာဖြင့် လှမ်းခေါ်လေသည်။

"လာပါဦး ညီလေးရ... ဒီမှာ ထိုင်ပါဦး၊ အစ်ကိုကြီးလည်း အခုတစ်လော အလုပ်တွေရှုပ်နေတာနဲ့ မင်းနဲ့ကို အေးအေးဆေးဆေး မတွေ့ရဘူး"

ဟု ဆိုသဖြင့် ကျော်စွာက မလှမ်းမကမ်းရှိ ထိုင်ခုံတွင် ဝင်ထိုင်လေသည်။

"ဘယ်က ပြန်လာတာလဲ ညီလေး"

"အပြင်က ပြန်လာတာပါ အစ်ကိုကြီး"

"မင်း... စာမေးပွဲအောင်တဲ့ အကြောင်းကို မင်းအစ်မကြီးက ပြောပြတယ်၊ ဂုဏ်ထူးတွေ အများကြီးပဲဆို"

"ဟုတ်ပါတယ်"

"ဒါဖြင့် မင်း ဆေးတက္ကသိုလ်တက်ဖို့ အမှတ်မီမှာပေါ့"

"ဟုတ်ကဲ့ မီပါတယ်"

"ဒါဖြင့် မင်း ဘယ်လိုလုပ်ဖို့ အစီအစဉ်ရှိသလဲ"

"ကျွန်တော် ဆေးတက္ကသိုလ် တက်ဖြစ်အောင် တက်မှာပါ"

"ဟင်... ဒီလိုဆိုရင် စရိတ်စကတွေ အများကြီး ကုန်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတွက်လည်း မပူပါနဲ့ အစ်ကိုကြီး၊ ကျွန်တော် စရိတ် ကျွန်တော့်ဘာသာ ကြိုးစားရှာပြီး တက်မှာပါ"

"ဟင်..."

ထိုစကားကြောင့် ဦးကျော်ဒွန်းမှာ အနည်းငယ် အံ့ဩ သွားဟန်ရှိလေသည်။

"မင်းက ဘာအလုပ်တွေများ လုပ်ဖို့ စိတ်ကူးထားလို့လဲ"

"ပိုက်ဆံရဖို့ဆိုရင် ရိုးရိုးသားသားလုပ်ရတဲ့ အလုပ် မှန်သမျှ အားလုံးလုပ်မှာပါ"

ထိုစကား ကြားသောအခါ သီဂီက...

"ငါ့မောင်ရယ်... မမကြီးတို့က တစ်သက်လုံး ဂုဏ် ဒြပ်နဲ့ နေခဲ့ကြတာပါကွယ်၊ ဆွေမျိုးအသိုင်းအဝိုင်းတွေ ဂုဏ် ပျက်အောင်တော့ မလုပ်ပါနဲ့ကွယ်"

ဟု တောင်းပန်သလိုလိုနှင့် ရှိသဲ့သဲ့စကား ဆိုသည်။

"လောကမှာ ကိုယ့်ဘဝတက်လမ်း ရှာတဲ့အခါမှာ ရိုးရိုးသားသား လုပ်ရတဲ့အလုပ်မှန်သမျှ ဘယ်အလုပ်မျိုးမှ ရှက်စရာမဟုတ်ပါဘူး၊ ဒီအတွက် ဂုဏ်ပျက်စရာလည်း မရှိ ပါဘူး"

ထိုစကားကြောင့် ဦးကျော်ဒွန်းရော သီဂီပါ မျက်နှာ အနည်းငယ် ပျက်သွားကြလေသည်။





"သြော်... ငါ့ညီက အရွယ်ကလေးရလာတော့ ကိုယ့် အား ကိုယ်ကိုးချင်တဲ့စိတ်ကလေး ဝင်လာပြီပဲကိုး၊ ကောင်း ပါတယ်၊ ယောကျ်ားဆိုတာ ဒီလိုစိတ်ဓာတ်မျိုးရှိတော့ တိုးတက် နိုင်တာပေါ့၊ ဒါထက် အခု ညီလေးအသက် ဘယ်လောက် ရှိပြီလဲ"

"၁၉ နှစ် ပြည့်ပြီးပါပြီ"

"သြော်... မင်းတောင် နှစ်ဆယ် ပြည့်တော့မှာကိုး၊ အစ်ကိုကြီးတို့က မျက်စိအောက်မှာဆိုတော့ မင်းကို ကလေးပဲ အောက်မေ့နေသေးတာကွယ့်၊ ဘာပဲဖြစ်ဖြစ် မင်းမှာ အခက် အခဲ ရှိတယ်ဆိုရင်တော့ အစ်ကိုကြီးတို့ အစ်မကြီးတို့ကို ပြော၊ တို့က မင်းရဲ့အစ်ကိုကြီး၊ အစ်မကြီးတွေဆိုရင်လည်း ဟုတ်တယ်၊ အဖေ အမေတွေဆိုရင်လည်း မမှားဘူးပေါ့ ကွယ်... ကဲ... သွားသွား... ငါ့ညီ လုပ်စရာရှိ သွားလုပ်ပေဦး တော့"

ဟု ပြောသဖြင့် ကျော်စွာလည်း မိမိအခန်းရှိရာသို့ လာခဲ့သည်။ အခန်းထဲတွင် တစ်ယောက်တည်း မိမိပစ္စည်း များကို သိမ်းဆည်း ရှင်းလင်းနေရင်းမှ စာအုပ်ကြားထဲမှာ ညှပ်ထားသော ဓာတ်ပုံလေးတစ်ပုံ ထွက်ကျလာသဖြင့် ကောက်ယူ၍ ကြည့်လိုက်ရာ ၎င်း၏ မိဘနှစ်ပါး၏ဓာတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်ကို တွေ့ရသဖြင့် ခေါင်းရင်းဘက်ရှိ စားပွဲပေါ်မှာ ထောင်ထားလိုက်ပြီး လက်အုပ်ချီကာ...

"အဖေနဲ့အမေ... သားရဲ့ဘဝကို သားကိုယ်တိုင် ထူထောင်ဖို့ ဆုံးဖြတ်ချက်ချပြီးပါပြီ၊ နောက်ပြီး မိဘနှစ်ပါးရဲ့ မျိုးရိုးဂုဏ်သိက္ခာတွေကို ဖော်ထုတ် ထိန်းသိမ်းဖို့လည်း သားမှာ တာဝန်ရှိပါတယ်...

ဒီတာဝန်တွေကိုလည်း ကျေပွန်အောင် ဆောင်ရွက်ပါ့ မယ်လို့ အဖေနဲ့ အမေတို့ကို သား ကတိပေးပါတယ်၊

အဖေ အမေတို့ ရောက်ရာဘဝက ကျေနပ်နိုင်ပါစေ" ဟု ပြောကာ ကန်တော့လိုက်သည်။

ထိုအချိန်တွင် သူ့မျက်ဝန်းမှ မျက်ရည်စက်အချို့မှာ ကြမ်းပြင်ပေါ်သို့ ကျသွားလေတော့သည်။

ထိုညက ကျော်စွာ့အတွက် ထူးခြားသော အိပ်မက် တစ်ခုကို မြင်မက်လေသည်။

အိပ်မက်ထဲမှာ ရှေးခေတ် နန်းဝတ်နန်းစားနှင့် လှပသော အမျိုးသမီးတစ်ဦးကို တွေ့ရလေသည်။

ထိုအမျိုးသမီးမှာ မူလတွေ့ရစဉ်က ဖယောင်းရုပ်တုကြီး ဖြစ်သော်လည်း ကြည့်နေရင်းမှာပင် တဖြည်းဖြည်း အသက် ဝင်လာလေတော့သည်။





ထိုအမျိုးသမီး၏ လက်ဝါးပေါ်မှာ ပတ္တမြားကဲ့သို့ နီရဲ သော အလုံးကြီးတစ်လုံးကို တင်ထားလေသည်။

ထိုရုပ်တုကြီး၏ မျက်နှာမှာ ဓာတ်ပုံထဲမှာတွေ့ရသော ...င်း၏ မိခင်မျက်နှာနှင့် ချွတ်စွပ်နီးပါး တူလှပေသည်။

ထိုအမျိုးသမီးကြီးက...

"မြေးတော်...မြေးတော်က ဘွားတော်တို့ရဲ့ သွေးဆက် ...စ်ယောက်ပဲ၊ ဒီတော့ ဆွေတော်မျိုးတော်တွေရဲ့ တာဝန် ...တွေကို ကျေပွန်အောင် ဆောင်ရွက်ရလိမ့်မယ်...

ဒီသီရိဂေဟာ အိမ်ကြီးဟာ မြေးတော်ပိုင်ဆိုင်တဲ့ ...ိမ်ကြီးပဲ...

သူတို့ ကျေးဇူးရှင်ကို ပစ်မှားပြီး မတရားသိမ်းပိုက် ...ားပေမယ့် ကြာရှည်မတည်မြဲနိုင်ဘူး...

တစ်နေ့ကျရင် သူတို့စေတနာ သူတို့ကိုပြန်ပြီး အကျိုး ...ပေးလိမ့်မယ်...

ဒါပေမယ့် အခုလောလောဆယ်မှာတော့ မြေးတော် ...အိမ်ကြီးမှာ ဆက်နေရင် အန္တရာယ်ရှိတာမို့ ...ခြားတစ်နေရာ ကို ရွှေ့ပြောင်းနေပါ"

"ဟင်..."

ကျော်စွာ့စိတ်ထဲမှာ အံ့ဩသွားမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော်...

ထိုအစီအစဉ်မှာ မကြာမီ အကောင်အထည်ဖော်ရန် စီစဉ်ထားသော အစီအစဉ် ဖြစ်သောကြောင့်ပင်။

"နောက်ပြီး မြေးတော်အနေနဲ့ ဘွားတော်တို့ရဲ့ ဆွေစဉ်မျိုးဆက် တာဝန်တစ်ခုကို ထမ်းဆောင်ရန် ကျန်ပေသေးသည်...

ထိုကား အခြားမဟုတ်ပေ...

ဘွားတော်ရုပ်တုရှိသော ကျားသစ်ဖြူတောင်သို့ တစ်ခေါက်လာကာ ဘွားတော်တို့ သိုဝှက်ထားသော ရတနာပစ္စည်းအချို့ကို ရှာဖွေ၍ ယူဆောင်ပါလေ...

ပြီးလျှင် ဘွားတော်၏ ရုပ်တုကြီးအား ပျက်စီးအောင် ဖျက်ဆီးပစ်ပါလေ...

အဘယ်ကြောင့်ဆိုသော် ထိုရုပ်တုကြီး ရှိနေသရွေ့ ဘွားတော်မှာ ထိုရုပ်တုကြီးအား စွဲလမ်းမှုဖြင့် ဤနေရာမှာပင် နေရပါသည်၊ ဘွားတော်၏ဝိညာဉ်မှာ အခြားလွတ်လပ်ရာ နေရာသို့ ထွက်ခွာသွားခွင့် မရသေးပါ...

ရတနာပစ္စည်းများအား ရှာဖွေရရှိပါက ဘွားတော်တို့ ဆွေတော်မျိုးတော်များကို ရည်စူး၍ ကောင်းမှုကုသိုလ်များ ပြုလုပ်ကာ အမျှအတန်း ပေးဝေပါလေ..."





ဟု မှာကြားပြောဆိုကာ မီးခိုးငွေ့များကဲ့သို့ ဝေ့ဝဲး ပျောက်ကွယ်သွားလေတော့သည်။

ထိုအိပ်မက်ကြောင့် ကျော်စွာလည်း အိပ်ပျော်နေရာမှ ထိတ်တလန့် နိုးလာတော့သည်။

အိပ်ပျော်ရာမှ နိုးလာသောအခါ ကျော်စွာမှာ ထူးဆန်းသော အိပ်မက်အကြောင်းကို ပြန်လည်စဉ်းစားကာ တအံ့တသြ ဖြစ်နေမိသည်။

"ဘွားတော်ဆိုတဲ့ အမျိုးသမီးကြီးရဲ့ရုပ်က ငါ့မိခင်ရဲ့ ရုပ်ရည်နဲ့ အတော်တူလှပေတယ်၊ ဒီလိုဆိုရင် ဒီအမျိုးသမီးကြီးဟာ အဖေ့ရဲ့မှတ်တမ်းထဲမှာပါတဲ့ သီရိစန္ဒာဒေဝီ ဆိုတဲ့ အမျိုးသမီးကြီးပဲ ဖြစ်ရမယ်...

ဘာပဲဖြစ်ဖြစ် ဒီအိပ်မက်ထဲမှာပါတဲ့ အကြောင်းအရာတွေကတော့ ငါ့အတွက် ထူးဆန်းတာအမှန်ပဲ..."

ဟု မျက်စိမှိတ်ကာ စဉ်းစားနေစဉ် နားထဲမှာ ထူးဆန်းသောအသံတစ်သံကို သတိပြုမိလိုက်သည်။

ထိုအသံမှာ လေချွန်သံလိုလို မြွေတွန်သံလိုလို အသံမျိုး ဖြစ်သည်။

ကျော်စွာ မလှုပ်ဝံ့ဘဲ မျက်လုံးဖွင့်ကြည့်လိုက်တော့ ပုခေါင်းရင်းဘက်ရှိ စာအုပ်များထားသော စားပွဲပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ် လှုပ်ရှားနေသော အရာဝတ္ထုတစ်ခုကို သတိပြုမိ လိုက်သည်။

အမှောင်ထဲမှာပင် ဖြစ်လင့်ကစား ထိုလှုပ်ယမ်းနေ သော အရာဆီမှ ဟင်းပြဒါးကဲ့သို့ ရဲရဲနီနေသော မျက်လုံး နှစ်လုံးကို မြင်လိုက်သဖြင့် ကျော်စွာ့ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားမိသည်။

သူနှင့် လက်တစ်ကမ်းအကွာရှိ စာအုပ်စားပွဲပေါ်မှာ မြွေဆိုးတစ်ကောင် ရှိနေပြီ။

ဝိုးတဝါးရှိနေသော အလင်းရောင်ကြောင့် အနည်းငယ် ယိမ်းထိုးနေသော မြွေ၏ပါးပျဉ်းကိုလည်း မြင်နေရသည်။

သူ မလှုပ်ဝံ့တော့ပေ။

ယခုမှ အကျဉ်းအကျပ် အခြေအနေ ဖြစ်တော့သည်။

သူ ခုတင်ချထားသော ဝဲဘက်မှာ နံရံသာရှိသောကြောင့် ဘယ်လိုမှ ထွက်မရပေ။

ယာဘက်မှာ စာရေးစားပွဲရှိပြီး ထိုစားပွဲပေါ်မှာ မြွေက အဆင်သင့်ရှိနေသည်။

သူ တစ်ချက်လှုပ်တာနှင့် ပေါက်မှာသေချာသည်။

ဘယ်လိုလုပ်ရပါ့မလဲဟု စဉ်းစားနေစဉ် စားပွဲပေါ်မှ မြွေ၏လှုပ်ရှားမှုကြောင့် ထင်သည်။





သူ့ခေါင်းရင်းမှာ ထောင်ထားသော ဓာတ်ပုံမှာ သူ့ ရင်ဘတ်ပေါ်သို့ လဲကျလာသည်။

ထိုအခိုက်မှာပင် ဓာတ်ပုံ၏လှုပ်ရှားမှုကြောင့် မြွေကလည်း သူ့ရင်ဘတ်ပေါ်သို့ ဝိုးခနဲ ပေါက်ချလိုက်သည်။

"ဝိုး..."

"ဒုတ်..."

ကျော်စွာ့ စိတ်ထဲမှာ ဒီတစ်ခါတော့ သွားပြီဟုထင်မှတ် ကာ ရင်ထဲမှာ အေးခနဲ ဖြစ်သွားသည်။

ဒါပေမယ့် ကျော်စွာ ကံကောင်းပါသည်။

ပေါက်ချလိုက်သော မြွေဆိုး၏ အစွယ်နှစ်ချောင်းမှာ သူ့ရင်ဘတ်ကို မပေါက်မိဘဲ မှောက်ကျလာသော ဓာတ်ပုံ၏ ကျောဘက်မှ ကတ္တူပြားကိုသာ တည့်တည့်မတ်မတ် ပေါက်မိ ပြီး ဓာတ်ပုံမှာ မြွေစွယ်ဖြင့် ချိတ်ပါသွားလေတော့သည်။

သို့ကြောင့်...

ကျော်စွာလည်း ထိုအခါမှ နေရာမှထ၍ ကာ မီးခလုတ် ကို ဖွင့်ကြည့်လိုက်တော့ မြွေက စားပွဲအောက် ရောက်သွား ပြီး ဓာတ်ပုံနှင့် အစွယ်ချိတ်မိလျက်သားနှင့် တွန့်လိမ်နေရာ ကျော်စွာက အခန်းထောင့်မှာ ထောင်ထားသော တံမြက်စည်း ရိုးဖြင့် ရိုက်သတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗုန်း...ဗုန်း...ဗုန်း..."

တိတ်ဆိတ်သောအချိန် ထိုအသံများကြောင့် ထင်သည်။ အပေါ်ထပ်မှာ အိပ်ကြသော ဦးကျော်ဒွန်းနှင့် သီဂီတို့ အပြေးအလွှား ရောက်လာကြသည်။

"ဘာဖြစ်တာလဲ ကျော်စွာ... ဘာဖြစ်တာလဲ"

"ကျွန်တော့်အခန်းထဲ မြွေဝင်လို့ပါ"

"မင်းကို ကိုက်မိသွားသေးလားဟင်"

ဦးကျော်ဒွန်းက အလောတကြီး မေးလိုက်သည်။

"ကျွန်တော့်မိဘတွေ ကယ်လိုက်လို့ ကျွန်တော့်ကိုတော့ မကိုက်မိပါဘူး"

"ဟင်... ဘယ်...ဘယ်လို...ဘယ်လိုပြောလိုက်တာလဲ၊ မင်းရဲ့မိဘတွေက သေသွားတာကြာပြီပဲ၊ ဘယ်လိုလာကယ်တာလဲ"

ကျော်စွာက ဘာမှမပြောဘဲ မြွေအစွယ်ဖြင့် ချိတ်မိနေသော ဓာတ်ပုံလေးကို ဖြုတ်ယူ၍ ဦးကျော်ဒွန်းအား ပြလိုက်သည်။

"ဟင်... မင်း ဒီဓာတ်ပုံကို ဘယ်ကရတာလဲ"

"ခြံထောင့်က အမှိုက်ပုံထဲက ရတာ"





"နေစမ်းပါဦး၊ ဒီဓာတ်ပုံထဲက နှစ်ယောက်က မင်းမိဘတွေလို့ မင်းကို ဘယ်သူပြောတာလဲ"

"ဘယ်သူမှမပြောလည်း ကျွန်တော့်ရင်ထဲက သိနေတာပဲ"

"အေး... ဒါပေမယ့် အခုလောလောဆယ်မှာတော့ တို့လင်မယားနှစ်ယောက်ကပဲ မိဘလို စောင့်ရှောက်နေတာဆိုတော့ တို့ကိုတော့ ကျေးဇူးမကန်းသင့်ဘူးပေါ့ကွာ"

"ကျွန်တော့်ကို ဒီအရွယ်ရောက်လာတဲ့အထိ စောင့်ရှောက်ပေးခဲ့တာကိုတော့ ကျေးဇူးတင်ပါတယ်၊ ကျွန်တော် တစ်နေ့ကျရင် အဲဒီကျေးဇူးတွေကို ပြန်ဆပ်ပါ့မယ်"

ဟု ပြောလိုက်သောအခါ ဦးကျော်ဒွန်းနှင့် သီဂီတို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဘာမှ ဆက်မပြောကြတော့ဘဲ အခန်းထဲမှ ပြန်ထွက်သွားကြသည်။

သီဂီမှာ ကျော်စွာ၏ မိဘနှစ်ပါးက ကျော်စွာ့ကို မြွေအန္တရာယ်မှ လွတ်အောင်ကယ်လိုက်သည် ဆိုသောစကားကြားကတည်းက မျက်စိမျက်နှာ ပျက်နေသည်။

ရင်ထဲမှာလည်း တစ်ခုခုကို စိုးရိမ်ကြောက်ရွံ့နေသလို ခံစားနေရသည်။

သို့ကြောင့်...



www.burmeseclassic.com

www.burmeseclassic.com



အလျင်စလို အပြင်သို့ ပြန်လှည့်ထွက်လိုက်သောအခါ စောစောက အခန်းဝအနီးတွင် ကျော်စွာချထားသော မြွေသေကြီးကို နင်းမိပြီး သူ့ခြေထောက်ကို ပတ်ထားသလို ရှိနေတော့သည်။

"အမယ်လေး... ကိုကို၊ လုပ်ပါဦး... မြွေကြီး သိဂိ ခြေထောက်မှာ ပတ်နေပြီ... လုပ်ပါဦး"

ဟု အလန့်တကြားဖြင့် ငယ်သံပါအောင် အော်လေတော့သည်။

"ဘယ်မှာလဲ... ဘယ်မှာလဲ"

ဦးကျော်ဒွန်းက ကြည့်လိုက်သောအခါ မြွေမှာ သက်ရှိမြွေတစ်ကောင် ပတ်ထားသကဲ့သို့ရှိရာ ခက်ခက်ခဲခဲ ဖယ်ပစ်လိုက်ရသည်။

ပြီးလျှင်... လင်မယားနှစ်ယောက်စလုံး လွန်စွာ ထိတ်လန့်ကြောက်ရွံ့သော မျက်နှာဖြင့် ကျော်စွာ့ကို တစ်ချက်ကြည့်ကာ အခန်းအပြင်သို့ ထွက်သွားကြသည်။

ထိုအခါမှ ကျော်စွာလည်း မိမိအခန်းထဲမှ မြွေသေကြီးကို အဝေးသို့သွားကာ စွန့်ပစ်လိုက်ရသည်။

ထို့နောက်...





စောစောက ဓာတ်ပုံလေးကို စားပွဲပေါ်သို့ ပြန်ထောင်လိုက်ပြီး လက်အုပ်ချီကာ ရှိခိုးလိုက်သည်။

"အဖေနဲ့ အမေ... မိဘဆိုတာ လူကိုယ်တိုင် အနီးမှာ မရှိနိုင်ရင်တောင်မှ အဝေးကနေ မေတ္တာဓာတ်နဲ့ စောင့်ရှောက်ပေးနိုင်တယ်ဆိုတာ သား ယုံကြည်ပါပြီ...

အဖေ အမေတို့ရဲ့ မေတ္တာတရားနဲ့ ကျေးဇူးတွေကို သား ကန်တော့ပါတယ်..."

ဟု တုန်ယင်သောလေသံဖြင့် ပြောကာ ထပ်မံကန်တော့လိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၇)

# သံယောဇဉ် နွယ်တစ်ရစ်ကြောင့်

ကျော်စွာ ဆေးတက္ကသိုလ် ဆက်တက်နိုင်ရန် အဆောင် လျှောက်ထားခြင်းနှင့် အလုပ်အကိုင် တစ်ခုခုလုပ်ရန် ကြိုးစား နေမှုများကို ဦးကျော်ဒွန်းနှင့် သိဂီတို့ မရိပ်မိအောင် ပိပိရိရိ ဆောင်ရွက်လေသည်။ ၎င်းအတွက် လိုအပ်သော အကူအညီ များကိုတော့ သူငယ်ချင်းဖြစ်သူ တင်မောင်လွင်က အစစ အရာရာ အကူအညီပေးလေသည်။

အမှန်တော့ တင်မောင်လွင်မှာ ကျော်စွာ့ဆီသို့ မကြာခဏ လာနေသောအကြောင်းမှာ တစ်ကြောင်းက ကျော်စွာ့အပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ညီအစ်ကိုအရင်းပမာ ခင်မင်တွယ်တာမှု ရှိနေသည့်က တစ်ကြောင်းနှင့် အခြားအကြောင်းတစ်ခုမှာ ကျော်စွာ၏ညီမ ဖြစ်သူ ပန်းအိဖြူကို ကြိတ်၍ သဘောကျနေသောကြောင့် ဖြစ်သည်။

ကျော်စွာ့အနေနှင့် ထိုအကြောင်းကို ရိပ်မိသော်လည်း သူငယ်ချင်းဘက်ကသော်လည်းကောင်း၊ ညီမဖြစ်သူဘက်က သော်လည်းကောင်း တစ်စုံတစ်ရာ ဝင်ရောက်စွက်ဖက်မှု မပြုဘဲ မသိဟန်ဆောင်နေခဲ့သည်။

ပန်းအိဖြူကတော့ အရွယ်ငယ်သေးသောကြောင့် အချစ်ရေးကိစ္စများကို သိပ်ပြီး စိတ်ဝင်စားဟန် မရှိလှသေးပေ။

တစ်ခုတော့ရှိသည်။

တကယ်တော့ ပန်းအိဖြူမှာ ဦးကျော်ဒွန်းနှင့် သီဂီတို့မှ မွေးထားသောကြောင့် ကျော်စွာနှင့်က ဘာမှ မတော်စပ်ပေ။

သို့ကြောင့်...

ကျော်စွာမှာ ပန်းအိဖြူ အရွယ်ရလာသောအခါ အစစ အရာရာ သတိဖြင့် နေရပေသည်။

ပန်းအိဖြူ အနေနှင့်ကတော့ တစ်အိမ်ထဲမှာ မောင်နှမ အရင်းအခြာပမာ နေထိုင်လာခဲ့သောကြောင့် သူမအနေနှင့်





မောင်နှမအရင်းပမာ ရင်းရင်းနှီးနှီး ဆက်ဆံမြဲ ဆက်ဆံလေသည်။

တစ်အိမ်ထဲမှာ နှစ်ယောက်တည်းရှိနေစဉ် ကျော်စွာ့ အခန်းထဲသို့ လှစ်ခနဲရောက်လာကာ သူမ မသိနားမလည်သော ကျောင်းသင်ခန်းစာများကို လာမေးသည့်အခါမေး။

တစ်ခါတစ်ရံလည်း သူမ အလိုရှိသော အကြောင်းအရာများကို ပူဆာသည့်အခါ ပူဆာနှင့် ငယ်စဉ်ကအတိုင်းပင် ပြုမူနေထိုင်လျက်ရှိသည်။

ကျော်စွာကတော့ အစ်ကိုတစ်ယောက်ကဲ့သို့ အမြင်မတော်သည်များကို ဆုံးမပေးလေ့ရှိသည်။

"ညီမလေး... ကိုကို့အခန်းထဲကို အဲဒီလို မလာရဘူးလေ၊ ညီမလေး စာမသိလို့မေးစရာရှိရင် လှမ်းခေါ်လိုက်ရင် ကိုကို လာပြပေးမှာပေါ့"

ထိုစကားကို ပန်းအိဖြူက သိပ်မကျေနပ်ပေ။

"ကိုကိုကလည်း အခုမှအဆန်းလုပ်ပြီး လာပြောနေပြန်ပါပြီ၊ ညီမလေးက အရင်လည်း ဒီလိုပဲလာနေကျဟာ၊ ဘာများ ဆန်းတာမှတ်လို့... ကိုယ့်အစ်ကိုအခန်းထဲလာတာ ဘာဖြစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးလေ ညီမလေးရဲ့၊ အခု ညီမလေးက အရင်လို ကလေးမဟုတ်တော့ဘူး၊ အရွယ်ကလေးရလာပြီ မဟုတ်လား၊ မိန်းကလေးဆိုတာ အရွယ်ရလာရင် အနေအထိုင် ဆင်ခြင်ရတယ် ညီမလေးရဲ့"

"ဘာလဲ... ကိုကိုက အခု ဆေးကျောင်းသားဖြစ်တော့မှာမို့ ညီမလေးကို ဆရာကြီးလေသံနဲ့ ပြောနေတာလား"

"ဒီသဘောမျိုးနဲ့ ပြောတာမဟုတ်ပါဘူးကွယ်၊ ကိုကိုက ညီမလေးကို ကောင်းစေချင်လို့ စေတနာနဲ့ ဆုံးမတာပါ"

"အို... မရပါဘူး၊ ဒီတစ်အိမ်လုံးမှာ ပြေးကြည့်မှ မောင်နှမနှစ်ယောက်တည်းရှိတာ၊ ညီမလေးကတော့ ကိုကို ပြောသလို မနေနိုင်ပါဘူး"

ပန်းအိဖြူက ငယ်စဉ်ကတည်းက တစ်ဦးတည်းသော သမီးမို့ နေရာတကာ တဖွတ်ထိုးနိုင်လှပေသည်။

ကျော်စွာက ဘယ်လိုပဲပြောပြော၊ ဘယ်လိုပင် ဆုံးမဆုံးမ သူမကတော့ ယခင်ကအတိုင်း လွတ်လွတ်လပ်လပ်ပင် နေမြဲတိုင်းနေသည်။ ဦးကျော်ဒွန်းနှင့် သီဂီတို့ကလည်း အချိန်ရလျှင် ကစားဝိုင်းရောက်နေကြသည်မို့ သမီးဖြစ်သူကိုပင် လှည့်မကြည့်နိုင်ကြသဖြင့် ပန်းအိဖြူမှာ လွတ်လပ်ချင်တိုင်း





လွတ်လပ်နေရုံမက ကျော်စွာ့ကိုလည်း ယခင်ကထက်ပို၍ ပွတ်သီးပွတ်သပ်လုပ်ကာ နွဲ့ဆိုး ဆိုးလာလေတော့သည်။

ကြာတော့ ကျော်စွာပင်လျှင် စိတ်မရှည်ချင်တော့ပေ။

"အိဖြူ... ငါ နှင့်ကို ပြောရတာ အကြိမ်မနည်းတော့ဘူး၊ ငါရှိတဲ့အခန်းထဲကို အချိန်မရှိ အချိန်ရှိ မလာပါနဲ့ မှာထားလျက်နဲ့ ဘာဖြစ်လို့ ခဏခဏလာနေတာလဲ"

"ကိုကိုကလည်း ဒါကိုပဲ အပြစ်ပြောနေတော့တာပဲ၊ အိမ်ပေါ်မှာလည်း ဘယ်သူမှမရှိဘူး၊ အရင်ကလို အဘဦးထွန်းအုံတို့၊ ဒေါ်မင်းဇာတို့ အဖော်ရှိရင်လည်း တော်သေးတာပေါ့၊ အခုတော့ အိမ်ပေါ်မှာ ဘယ်သူမှမရှိလို့ ကိုကို့ကို လာပြီးအဖော်လုပ်ရတာ၊ ဒါကိုပဲ အပြစ်ပြောနေတော့တာပဲ"

"ကိုကိုက အပြစ်ပြောချင်လို့ ပြောရတာမဟုတ်ပါဘူး ညီမလေးရာ၊ တကယ်တော့ ညီမလေးနဲ့ ကိုကိုဟာ ဘာမှ မသွေးသားတော်စပ်ကြတာ မဟုတ်ဘူးဆိုတာ ပတ်ဝန်းကျင်က သိကြတယ်...

ညီမလေးရဲ့ ဂုဏ်သိက္ခာ ထိခိုက်မှာစိုးလို့ ကိုကိုက စေတနာနဲ့ ပြောတာပါကွယ်"

ထိုစကားကြားသောအခါ ပန်းအိဖြူ၏ မျက်ဝန်းမှာ မျက်ရည်ကြည်ကလေးများ ရစ်ဝဲတက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပေါ်မှာလည်း ဝမ်းနည်းသည့်အရိပ်အယောင်များဖြင့် ညှိုးနွမ်းသွားလေတော့သည်။

"ကိုကို ညီမ့်လေးရဲ့အပေါ်မှာ ဒီလို သဘောမျိုးရှိတာ သိပ်ပြီးဝမ်းနည်းတာပဲ၊ ညီမလေးကတော့ ကိုကို့အပေါ်မှာ အစ်ကိုအရင်းတစ်ယောက်လို ခင်မင်တွယ်တာနေမိတာပါ...

ကိုကိုမကြိုက်ဘူးဆိုရင် ညီမလေး ဘယ်တော့မှ ကိုကို့ဆီကို မလာတော့ပါဘူး"

ဟု ပြောဆိုကာ မျက်နှာကို လက်ဝါးဖြင့်အုပ်၍ ငိုကြွေးကာ အပြင်သို့ ပြန်ထွက်သွားလေတော့သည်။

သည်လိုဆိုပြန်တော့ ကျော်စွာမှာ ပန်းအိဖြူအတွက် စိတ်မကောင်းဖြစ်ကာ ကျန်ရစ်ခဲ့လေသည်။

ထိုအချိန်မှစ၍ ပန်းအိဖြူကို မတွေ့ရတော့။

ယခင်က သူ့ဆီသို့ မကြာခဏ လာလေ့ရှိသော်လည်း ယခုတော့ လုံးဝမလာတော့ပေ။

ထိုအခါ သူ့စေတနာကို အထင်လွဲသွားပြီဟု တွေးမိသဖြင့် ကျော်စွာမှာ ပို၍ စိတ်မကောင်းဖြစ်ရပြန်သည်။

ထိုရက်များအတွင်းမှာပင် အဆောင်သို့ ရွှေ့ပြောင်းနေရန် ခွင့်ပြုချက်ရပြီဖြစ်သောကြောင့် မိမိပစ္စည်းလေးများကို





ထုပ်ပိုးသိမ်းဆည်းကာ ပန်းအိဖြူကို နှုတ်ဆက်ဖို့ လိုက်ရှာရပြန်သည်။

နောက်ဆုံး ဘယ်နေရာမှ ရှာမတွေ့တော့မှ သူမအခန်းသို့သွားကာ တံခါးခေါက်ရသည်။

"ဒေါက်... ဒေါက်... ဒေါက်..."

"ဘယ်သူလဲ"

"ညီမလေး... ကိုကိုပါ၊ စကားပြောစရာရှိလို့ အပြင်ကို ခဏလေးထွက်ခဲ့ပါဦး"

"ဒီမှာ စာကျက်နေတယ်၊ ပြောစရာရှိရင် အပြင်က ပြောပါ"

"မဟုတ်ဘူး ညီမလေးရဲ့၊ အရေးကြီးတဲ့ကိစ္စ ပြောစရာရှိလို့ ခဏလေးထွက်ခဲ့ပါဦး"

ထိုအခါ အတွင်းမှ...

"ရှင်နဲ့ကျွန်မနဲ့က ဘာမှတော်တာမဟုတ်ဘူး၊ အိမ်မှာလည်း ဘယ်သူမှမရှိကြဘူး၊ ပြောစရာရှိရင် အဖေ အမေတို့ ပြန်လာမှ လာပြောပါ"

ထိုစကား ကြားသောအခါ ကျော်စွာ့ရင်ထဲမှာ စိတ်မကောင်း ဖြစ်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော်... ညီမလေး ငါ့ရဲ့စေတနာကို အထင်လွဲ
ပါရော့လား"

ဟု တွေးမိကာ အခန်းဝမှ ပြန်လှည့်လာလေသည်။

နောက်တစ်နေ့တွင် အိပ်ရာလိပ်တစ်လိပ်၊ သားရေအိတ်
တစ်လုံးနှင့် အခန်းထဲမှထွက်လာသော ကျော်စွာ့ကိုကြည့်ပြီ
လင်မယားနှစ်ယောက်စလုံး တအံ့တသြ ဖြစ်နေကြသည်။

"ဟင်... ဒါက ဘယ်သွားမှာမို့ အထုပ်အပိုးတွေ
ထွက်လာတာလဲ"

ဟု ဦးကျော်ဒွန်းက မေးသည်။

"ကျွန်တော် အဆောင်နေခွင့်ရလို့ အဆောင်မှာ ပြော
နေတော့မယ် အစ်ကိုကြီး"

"ဩော်... ငါ့မောင်ရယ်၊ အိမ်မှာနေရတာထ
အဆောင်က ပိုကောင်းမှာမို့လား၊ နေစမ်းပါဦး... မင်းက
ဆေးတက္ကသိုလ် တက်ခွင့်ရတယ်ဆိုတော့ အမှတ်(၁)လာ
အမှတ်(၂)လား"

"အမှတ်(၂)မှာပါ မမကြီး"

"အမှတ်(၂)ဆိုတော့ မြောက်ဥက္ကလာပမှာ ရှိတာပေါ့
ဒီကနေတက်ရင် ပိုမကောင်းဘူးလား၊ ကင်းဘဲလမ်းက
မြောက်ဥက္ကလာပဆိုတာ ဘယ်လောက်ဝေးတာမှတ်လို့ကွယ်"





သီဂီက စိတ်မကောင်းဟန် အမူအရာဖြင့် တားမြစ်
နေသည်။

"အဆောင်နေဖို့ အားလုံးစီစဉ်ပြီးသား ဖြစ်နေလို့
အဆောင်ကပဲ တက်တော့မယ် မမကြီး"

"ဒါကတော့ မင်းသဘောပါကွယ်၊ မမကြီးတို့က ကိုယ့်
သွေးသားထဲမှာ ဆေးတက္ကသိုလ် ကျောင်းသားတစ်ယောက်
ရှိတယ်လို့ ဂုဏ်ယူမယ်ကြံကာရှိသေး မင်းက တခြားပြောင်းနေ
မယ်ဆိုတော့လည်း မင်းသဘောပေါ့ကွယ်"

ဟု ငေါ့တော့တော့လေသံဖြင့် ပြောသည်။

ဦးကျော်ဒွန်းက...

"နေစမ်းပါဦး ငါ့ညီရယ်၊ တို့က မင်းကို သွေးရင်း
သားရင်းလို စောင့်ရှောက်ပါလျက်နဲ့ မင်းက တို့နဲ့ အတူတူ
မနေနိုင်တာ ဘာကြောင့်လဲကွယ့်"

"ကျွန်တော်လည်း အရွယ်ရောက်လာပြီဆိုတော့ ကိုယ့်
အတွက်နဲ့ သူများကို ဒုက္ခမပေးချင်တော့လို့ပါ အစ်ကိုကြီး၊
ဒါကြောင့် အပြင်မှာသွားနေမှာပါ"

"လူကြားလို့တောင် မကောင်းပါဘူးကွယ်၊ တော်ကြာ
တို့တစ်တွေက ဆိုးလွန်းလို့ တခြားသွားနေရတယ်လို့ ထင်စရာ
ဖြစ်နေပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာက ဘာမှ ပြန်မပြောတော့ပေ။

ထိုအခါ သိင်္ဂီက...

"မင်းက တို့ဆီက အပြီးသွားတာလား"

"ဟုတ်ပါတယ်"

"ဒါဖြင့် ဘယ်တော့မှ ပြန်မလာတော့ဘူးပေါ့၊ ဟုတ်လား"

"ပြန်လာသင့်တဲ့အချိန်ကျရင် ပြန်လာမှာပါ"

"ဟင်... မင်းစကားက ဘယ်လိုအဓိပ္ပာယ်လဲကွယ့်၊ ပြန်လာသင့်တဲ့အချိန်ဆိုတာ ဘာကို ပြောတာလဲ"

ဟု သိင်္ဂီက နားမလည်ဟန်ဖြင့် မေးလိုက်သည်။

"ပြန်လာသင့်တဲ့အချိန်ဆိုတာ ကျွန်တော် အသက် နှစ်ဆယ် ပြည့်တဲ့အချိန်ကျမှ ပြန်လာမှာပါ"

"ဟင်... ဘာ့ကြောင့်လဲဟင်"

"ဘာ့ကြောင့်လဲဆိုတာ အစ်မကြီး တကယ်မသိသေးတာလား၊ မသိဟန်ဆောင်နေတာလား၊ တကယ်မသိသေးဘူးဆိုရင်လည်း ကျွန်တော် ပြောပြခဲ့ပါ့မယ်...

ဒီသီရိဂေဟာအိမ်ကြီးနဲ့ ဒီခြံကြီးဟာ ကျွန်တော့်မိဘတွေ ပိုင်ဆိုင်တဲ့ အိမ်နဲ့ခြံပါ"

"ဟင်..."





"အစ်ကိုကြီးက ကျွန်တော့်မိဘများရဲ့ မွေးစားသားပါ၊ ကျွန်တော့်မိဘ နှစ်ယောက်စလုံး ဆုံးသွားကြတော့ ကျွန်တော် အရွယ်မရောက်သေးလို့ အစ်ကိုကြီးက ခဏတာဝန်ယူ စောင့်ရှောက်ပေးထားတာပါ၊ ကျွန်တော့်အသက် နှစ်ဆယ်ပြည့်တဲ့နေ့မှာ ပြန်လွှဲပေးဖို့ ရှေ့နေကြီးဆီမှာ စာချုပ်စာတမ်းတွေ ရှိပါကယ်"

"ဟင်... ဟုတ်လား ကိုကို၊ သူပြောတာတွေ အမှန်ပဲလားဟင်"

ဟု သိင်္ဂီက ဦးကျော်ဒွန်းလက်ကို ကိုင်လှုပ်ကာ မေးနေလေသည်။

ဦးကျော်ဒွန်းက ဘာမှပြန်မပြောဘဲ မေးကြောကြီးများ ထောင်ထ လာသည်အထိ အံကြိတ်ကာ ကျော်စွာ့ကို ကြည့်နေလေသည်။

"ဩော်... မင်းက ဒီအကြောင်းတွေကို အကုန်သိနေမှကိုး၊ ဒါတွေ မင်းကို ဘယ်သူပြောတာလဲ ကျော်စွာ"

"ကျွန်တော်သိထားတာ ကြာပါပြီ အစ်ကိုကြီး၊ ကျွန်တော့် ရည်ရွယ်ချက်တွေ မပြည့်သေးလို့ ဖွင့်မပြောတာပါ၊ ကဲ... ကျွန်တော် သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ မိမိအိတ်များကိုယူရန် ဟန်ပြင်လိုက်သည်နှင့် သိဂီက...

"မင်း အိတ်တွေထဲမှာ ဒီအိမ်က ဘာတွေယူသွားသေးလဲ"

ဟု မသင်္ကာသောအကြည့်ဖြင့် လှမ်းမေးသည်။

ထိုစကားကြောင့် ကျော်စွာက မဲ့ပြုံးတစ်ချက်ပြုံးလိုက်သည်။

"တကယ်တော့ ဒီအိမ်မှာရှိတဲ့ ပစ္စည်းတွေက ကျွန်တော်ပိုင်ဆိုင်တဲ့ ပစ္စည်းတွေချည်းပါပဲ၊ ကျွန်တော်ကြိုက်တဲ့နေရာယူသွားခွင့်ရှိပါတယ်၊ ဒါပေမယ့် ကျွန်တော် ဘာတစ်ခုမှ ယူမသွားပါဘူး၊ အချိန်တန်မှ အားလုံးကိုယူဖို့ ကျွန်တော် ပြန်လာပါ့မယ်"

ဟု ပြောကာ ခြံဝသို့ ဆင်းလာခဲ့သည်။

တံခါးဝ မှာ တင်မောင်လွင်က ကားတစ်စင်းနှင့် အဆင်သင့် စောင့်နေလေသည်။

ကားပေါ်သို့ ပစ္စည်းများတင်ပြီးသောအခါ နောက်ဘက်မှ ခေါ်သံကြားသဖြင့် လှည့်ကြည့်လိုက်တော့ မိမိတို့ရှိရာသို့ ပြေးလာသော ပန်းအိဖြူကို လှမ်းမြင်ရသည်။





ပန်းအိဖြူက အနားရောက်လာတော့ ကျော်စွာ လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်ဖက်ထားရင်း...

"ကိုကို... ကိုကို... အထုပ်အပိုးတွေနဲ့ ဒါက ဘယ်ကိုသွားမလို့လဲဟင်"

ဟု အမောတကော မေးလေသည်။

"ကိုကို အဆောင်ပြောင်းနေတော့မယ် ညီမလေး"

"ဟင်... ဒါဖြင့် ဒီအိမ်ကြီးမှာ မနေတော့ဘူးပေါ့နော်"

ကျော်စွာက ခေါင်းညိတ်ပြသည်။

"ဘာဖြစ်လို့လဲဟင်... ဒီမှာနေရတာ အဖေ အမေတို့နဲ့ အဆင်မပြေလို့လား၊ ဒါမှမဟုတ် ညီမလေးကို စိတ်ဆိုးသွားလို့လားဟင်"

"ညီမလေးကိုလည်း စိတ်ဆိုးလို့မဟုတ်ပါဘူး၊ အစ်ကိုကြီးတို့ အစ်မကြီးတို့နဲ့လည်း အဆင်ပြေပါတယ်၊ ကျောင်းက အဆောင်မှာ သွားနေရတာက ကိုကို့အတွက် ပိုပြီးအဆင်ပြေလို့ပါ"

"ဒါဖြင့် ဒီကို ဘယ်တော့ပြန်လာမှာလဲဟင်"

"ကိုကို ဆရာဝန်ဖြစ်ပြီးရင် ပြန်လာခဲ့မယ်"

"တကယ်ပြောတာနော်... ဒီမှာ ကိုကိုမရှိရင် ညီမလေး တစ်ယောက်တည်း ပျင်းကျန်ခဲ့မှာ သိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ... ကိုကို ဆရာဝန်ဖြစ်တာနဲ့ ညီမလေးဆီကို ချက်ချင်းပြန်လာခဲ့မယ်၊ ဒီမှာ ညီမလေး လိမ်လိမ်မာမာ နေနေ၊ ကြားလား"

ပန်းအိဖြူက ငိုမဲ့မဲ့ မျက်နှာလေးဖြင့် ခေါင်းညိတ်ပြသည်။

ထို့နောက်တွင် ကျော်စွာလည်း စိတ်မကောင်းဖြစ်ရသော်လည်း စိတ်ကိုတင်းကာ တင်မောင်လွင့် ကားပေါ်တက်၍ ထိုနေရာမှ မောင်းထွက်ခဲ့ကြသည်။

အတော်ဝေးဝေးနေရာရောက်မှ လှည့်ကြည့်လိုက်သောအခါ ပန်းအိဖြူမှာ နေရာတွင်ရပ်လျက်သားနှင့် လက်ပြနှုတ်ဆက်ရင်း ကျန်နေခဲ့သည်ကို စိတ်မကောင်းစွာ လှမ်းမြင်ရလေသည်။





## အခန်း (၈)

# မစ္ဆရိယ ရှောင်ပြန်

ကျော်စွာ အိမ်ပေါ်မှ ဆင်းသွားပြီးနောက်တွင် စိတ်ကယောက်ချောက်ချား အဖြစ်ရဆုံးမှာ ဦးကျော်ဇွန်းပင် ဖြစ်သည်။

သူ့စိတ်ထဲမှာ မကြာခင် သီရိဂေဟာ အိမ်ကြီးနှင့် မြေကြီးအား ပိုင်ရှင်အစစ်ဖြစ်သော ကျော်စွာအား ပြန်ပေးရတော့မည်ကို သိနေသောကြောင့် ထိုမျှ စိတ်ဂဏှာမငြိမ်ဖြစ်နေခြင်းဆိုက မများပေ...။

ထိုနှင့်တစ်ဆက်တည်း လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်လောက်က အဖြစ်အပျက်များကလည်း ယခုပင် ဖြစ်ပျက်နေသကဲ့သို့ ပြန်လည်မြင်ယောင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က သူ့ဘဝမှာ ဗန်းမော်နယ်ဘက်ရှိ ရွာကလေးမှ သာမန်သူဆင်းရဲဘဝဖြင့် နေထိုင်ရသော ကာလဖြစ်သည်။

တစ်နေ့တော့ ကံကောင်းထောက်မ,စွာ ဦးမင်းအောင်နှင့်တွေ့ပြီး သနားသဖြင့် ရန်ကုန်သို့ ခေါ်လာကာ မွေးထားခဲ့သည်။

သူသည် ရန်ကုန်ရောက်စ, ကလေးဘဝတုန်းကလီမွှာရေးခြားရှိသူမို့ ဦးမင်းအောင်တို့ လင်မယားနှစ်ယောက်စလုံးက သားအရင်းပမာ ချစ်ခဲ့ကြသည်။

ထိုအချိန်က ဦးကျော်ဒွန်းကလည်း ဦးမင်းအောင်တို့အားမိဘအရင်းသဖွယ် မှတ်ထင်ခဲ့သည်။

ဦးမင်းအောင်က သူ့ကို ခေါ်ယူမွေးစားရခြင်း အကြောင်းမှာ ထိုအချိန်အထိ သားသမီး မထွန်းကားခဲ့သောကြောင့်ဖြစ်သည်။

ဤသို့ဖြင့်...

သူ့အသက် (၁၈)နှစ်ခန့် ရှိသောအခါ သီရိစန္ဒာမှာကိုယ်ဝန်ရှိပြီး ကျော်စွာကို မွေးဖွားလာတော့သည်။

ထိုအချိန်မှစ၍ ကျော်ဒွန်းဘဝလည်း အလှည့်အပြောင်းဖြစ်လာရတော့သည်။





ကျော်စွာ ရောက်လာသောအချိန်မှစ၍ ပထမနေရာမှ ...ကိုယနေရာသို့ ဆင်းပေးလိုက်ရတော့သည်။

သူ့ဆီသို့ ပုံထားခဲ့သောအချစ်များသည် ကျော်စွာ့ဆီသို့ ...ဖြည်းဖြည်း ရောက်သွားလေတော့သည်။

ဒီအချက်ကပင် ကျော်ဒွန်းရင်ထဲမှာ ဆူးတစ်ချောင်း ...ဖြစ် ပေါ်လာခဲ့ခြင်းဖြစ်၏။

ထိုဆူးသည် အာဃာတဆူးတစ်ချောင်းဆိုက မမှားပေ။

"ငါက သားအရင်းမှ မဟုတ်တာ၊ သူတို့က ငါ့ကို ...ယ်ချစ်ကြတော့မလဲ... နောက်ပြီး သူတို့ပိုင်ဆိုင်တဲ့ ပစ္စည်း ...တွေကိုလည်း အားလုံး ငါမရနိုင်တော့ဘူး...

သားအရင်းဖြစ်တဲ့ ကျော်စွာပဲ အကုန်လုံးရမှာ၊ သူ ...သမျှပဲ ငါကရတော့မှာ... မဖြစ်ဘူး၊ တစ်နည်းနည်းတော့ ...ကြံထုတ်ဦးမှ"

ထိုအကြံသည် အာဃာတနှင့် မစ္ဆရိယစိတ်တို့ ပေါင်း...မှ ပေါ်လာသော မကောင်းသည့်အကြံအစည်ပင် ဖြစ်သည်။

ကျော်ဒွန်းသည် မူလကပင် မျိုးရိုးညံ့သူတစ်ယောက် ...ရာ သူ၏ ယုတ်ညံ့သောစိတ်သည် ဟန်ဆောင်မှုအောက် ...နှစ်မြုပ် ပျောက်ကွယ်နေရာမှ ယခု မစ္ဆရိယစိတ်က



www.burmeseclassic.com

ပြန်လည်တူးဆွလိုက်သောအခါ တစ်ဖန် ပြန်လည်နိုးထ,လာခြင်း ဖြစ်တော့သည်။

ထိုအခါ ငယ်စဉ်တောင်ကျေး ကလေးဘဝက,စ ပြုစုကျွေးမွေးခဲ့သော ကျေးဇူးကိုမှ မထောက်တော့ဘဲ ယုတ်မာ ရက်စက်သော အကြံအစည်ကို ကြံလေတော့သည်။

တစ်နေ့သောအခါ ဦးမင်းအောင်တို့ လင်မယား အပြင် ထွက်ကာနီးတွင် ၎င်းတို့စီးသောကားကို သန့်ရှင်းရေး ပြုလုပ် ပေးသယောင်နှင့် စက်ဖုံးကိုဖွင့်၍ ဘရိတ်ကြိုးကို တဲတဲကလေး ဖြစ်အောင် ဖြတ်ထားလိုက်သည်။

ဒါကို မရိပ်မိဘဲ ဦးမင်းအောင်က ကားကို မောင်းသွား လေသည်။ ကားမှာ ထွက်စက မသိသာသော်လည်း အင်ဂျင်ပူလာသောအခါ ဘရိတ်ကြိုးက လုံးလုံးပြတ်ထွက် သွားလေရာ အရှိန်မထိန်းနိုင်တော့သဖြင့် ကင်းဘဲလမ်း အထွက် တာမွေအပိုင်းကြီးနားမှာ ကုန်တင်ကားတစ်စင်းနှင့် တိုက်မိပြီး ဦးမင်းအောင်ရော သီရိစန္ဒာပါ နှစ်ယောက်စလုံး သေဆုံးသွားကြလေသည်။

ကျော်စွာကတော့ လူမှန်းသိတတ်စ အရွယ်မရောက် သေးခင်မှာ မိဘမဲ့ဖြစ်ရတော့သည်။





ကျော်ဇွန်း အနေကတော့ သူ၏အကြံအစည် အောင်မြင် သွားလေသည်။

ဦးမင်းအောင်နှင့် သီရိစန္ဒာတို့ မရှိသောအခါ လက်ရှိ သားအကြီးဖြစ်သော သူသည် သီရိဂေဟာအိမ်ကြီး၊ ခြံကြီး နှင့် ကျန်ရစ်ခဲ့သော အမွေပစ္စည်းများကို ဆက်ခံခွင့်ရကာ နေ့ချင်း, ညချင်း အသက်ငယ်ငယ်ရွယ်ရွယ်နှင့် သူဌေးပေါက်စ ဘဝသို့ ရောက်သွားလေတော့သည်။

ထိုအခါ ၎င်းတို့ အသိုင်းအဝိုင်းမှ သမီးရှင်များက ကျော်ဇွန်းလို ငယ်ငယ်ရွယ်ရွယ်နှင့် သူဌေးပေါက်စ,တစ်ယောက် အား အမိဖမ်းရန် သူ့ထက်ငါ ကြိုးစားကြလေတော့သည်။

ထိုအထဲမှာမှ အထည်ကြီးပျက် လည်လည်ဝယ်ဝယ် ရှိသော သီဂီက အားလုံးသောပြိုင်ဘက်များကို ကျော်ဖြတ်ကာ ကျော်ဇွန်းကို ရအောင်ယူနိုင်ခဲ့သည်။

ထိုအချိန်က ကျော်ဇွန်းဘဝမှာ ငွေကြေးဥစ္စာ ပြည့်စုံ သည့်အပြင် ချောမောလှပသော ဇနီးမယားတစ်ယောက်ကိုပါ ရသဖြင့် မိုးမမြင် လေမမြင်ဖြစ်ကာ အပျော်ကြီး ပျော်နေတော့ သည်။ လူမမယ် ကလေးဘဝသာရှိသေးသော ကျော်စွာ ကိုတော့ ဖုတ်လေသည့်ငပိ ရှိလေသည်ဟုပင် မထင်

www.burmeseclassic.com



ပစ်ထားသောကြောင့် ဦးထွန်းအုံနှင့် ဒေါ်မင်းဇာတို့က ကျွေးမွေး ပြုစုခဲ့ရလေသည်။

ကျော်စွာမှာ အရွယ်ကလေး ရလာပြန်တော့လည်း အပယ်ခံဘဝဖြင့် နေထိုင်ခဲ့ရရှာသည်။

အမှန်တော့ ကျော်ဒွန်းမှာ ပင်ကိုအရည်အချင်းရှိသူ တစ်ယောက် မဟုတ်သဖြင့် ဦးမင်းအောင်တို့ ကျန်ရစ်ခဲ့သော စည်းစိမ်ဥစ္စာများကို မထိန်းသိမ်းနိုင်ခဲ့ပေ။

သီဂီကလည်း မိန်းမလည်တစ်ယောက် ဖြစ်သောကြောင့် ချယ်လှယ်ချင်တိုင်း ချယ်လှယ်ခဲ့လေသည်။

သူတို့တစ်သက်တော့ဖြင့် သုံးမကုန်သော ပစ္စည်း ဥစ္စာများ ရရှိထားသည်ဟု အထင်ရှိကာ လင်မယားနှစ်ယောက် စိတ်တူကိုယ်တူဖြင့် ဖဲဝိုင်း၊ မာကျောက်ဝိုင်း၊ လောင်းကစား ဝိုင်းများ၌သာ အချိန်ကုန်လေရာ ရှိရှိသမျှ စည်းစိမ်ဥစ္စာ တို့မှာ တစ်နေ့တခြား ကုန်လာတော့သည်။

နောက်ဆုံး အတွင်းပစ္စည်းများကုန်၍ ကြံရာမရသော အခါ သီရိဂေဟာအိမ်ကြီးနှင့် ခြံကြီးကို ပေါင်နှံရောင်းချရန် ပြင်လေတော့သည်။

ထိုအခါ သူ့ထံသို့ ရုံးတော်တံဆိပ်ဖြင့် အကြောင်းကြား စာတစ်စောင် ရောက်လာလေတော့သည်။





သီရိဂေဟာအိမ်နှင့် ခြံဝင်းထဲတွင် ခေတ္တနေထိုင် ခွင့် ပေးထားသော ဦးကျော်ဒွန်းနှင့် ဒေါ်သီဂီတို့ သိသာရန် အကြောင်းကြားလိုက်သည်။

ဤသီရိဂေဟာခြံနှင့် အိမ်မှာ ကျွန်ုပ်၏အမှုသည် ဦးမင်းအောင်နှင့် ဒေါ်သီရိစန္ဒာတို့၏ ဘိုးဘွားမိဘ အဆက်ဆက် ပိုင်ဆိုင်ခဲ့သော ဘိုးဘွားပိုင်ပစ္စည်းများ ဖြစ်ပေသည်။

ထိုပစ္စည်းများအား ၎င်းတို့မရှိသောအခါ တစ်ဦး တည်းသောသားဖြစ်သူ မောင်ကျော်စွာသာ ပိုင်ဆိုင် ခွင့်ရှိပေသည်။

မောင်ကျော်စွာ အသက်နှစ်ဆယ်ပြည့်သော နေ့တွင် အပြီးအပိုင် လွှဲပြောင်းပေးရန် ဦးမင်းအောင် နှင့် ဒေါ်သီရိစန္ဒာတို့က ကျွန်ုပ်အား လွှဲအပ်ထားခဲ့ပြီး ဖြစ်ပါသည်။

သို့ကြောင့်... ဤသီရိဂေဟာခြံနှင့် အိမ်ပေါ်တွင် ခေတ္တနေထိုင်ခွင့်ပြုထားသော ဦးကျော်ဒွန်းနှင့် ဒေါ်သီဂီ တို့ အနေနှင့် ဘာမှ မိမိတို့ သဘောဆန္ဒအလျောက် ဆောင်ရွက်ခွင့်မရှိပါ။ အကယ်၍ မိမိတို့ သဘောဆန္ဒ



www.burmeseclassic.com

www.burmeseclassic.com



အလျောက် ဆောင်ရွက်ပါက တရားဥပဒေအရ အရေး
ယူမည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။

အမိန့်အရ

( ဘဦး )
တရားရုံးချုပ်ရှေ့နေကြီး

ရက်စွဲ..................... ၊ ရန်ကုန်မြို့။

ဟူ၍ ဖြစ်ပေသည်။

ထိုအကြောင်းကြားစာကို ဖတ်ရသောအခါ ဦးကျော်ဒွန်း
တို့ လင်မယား နှစ်ယောက်စလုံးမှာ မျက်လုံးပြူး မျက်ဆံပြူး
ဖြစ်ကြလေတော့သည်။

"အမယ်လေး... ကိုယ်ကျိုးနည်းပါပြီ၊ ဒီလိုဆိုရင်
မကြာခင်မှာ ဒီအိမ်နဲ့ခြံကို သူ့ကိုလွှဲပေးပြီး သိဂီတို့က
အိမ်ပေါ်က ဆင်းပေးရတော့မှာပေါ့နော်၊ ဘယ်လိုဖြစ်ကုန်
တာလဲ ကိုကို"

"ငါလည်းမသိဘူး၊ အဖေတို့မသေခင်က ကျော်စွာ
အတွက် လွှဲပေးသွားတာဖြစ်မှာပေါ့"





"ဒီလိုဆိုရင်တော့ တစ်သက်လုံး ဂုဏ်နဲ့ဒြပ်နဲ့ နေလာ
တာ အရှက်တကွဲ အကျိုးနည်း ဖြစ်ကုန်တော့မှာပဲ၊ ကြံစမ်း
ပါဦး ကိုကိုရဲ့"

ဦးကျော်ဒွန်းမှာ ဘယ်လိုလုပ်ရမှန်း မသိအောင် အကြံရ
ကျပ်နေတော့သည်။

"ဒီလိုလုပ်ပါလား ကိုကို"

"ဘယ်လိုလဲ"

"ကျော်စွာနဲ့ ကိုကိုနဲ့က ဘာမှ သွေးသားမတော်စပ်
ဘူး မဟုတ်လား"

"ဟုတ်တယ်"

"ဒီလိုဆိုရင် ကမ္ဘာမီးလောင် သားကောင်ချနင်း ဆိုတဲ့
စကားပုံအတိုင်းပဲ လုပ်ရုံရှိတာပေါ့၊ သူ့ကိုညှာနေရင် သိဂီတို့
တစ်သက်လုံး ဒုက္ခရောက်ကြရလိမ့်မယ်"

"ဒီတော့ ဘယ်လိုလုပ်ရမှာလဲ"

"ဘာမှမခက်ဘူး... သူ့ မရှိတော့ရင် ဒီပစ္စည်းတွေ
အားလုံး ကိုကို တစ်ယောက်တည်း ပိုင်ဆိုင်ရမှာလေ၊
ဒီတော့ သူ့ကို ရှင်းပစ်လိုက်ရုံရှိတာပေါ့"

"ဖြစ်...ဖြစ်ပါ့မလား သိဂီရယ်၊ တော်... တော်ကြာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မဖြစ်နိုင်စရာမရှိဘူး၊ သူက လက်ခုပ်ထဲက ရေပဲ၊ အချိန်မရွေး သွန်လိုသွန်၊ မှောက်လိုမှောက် လုပ်လို့ ရတယ်၊ ကိုကို့မှာ ရွေးစရာနှစ်လမ်းပဲ ရှိတယ်၊ တစ်လမ်းက လူကုံထံဘဝနဲ့ ဒီအိမ်ကြီးပေါ်မှာ ဆက်နေသွားမလား၊ နောက် တစ်လမ်းက အခြေအနေပျက်ဘဝနဲ့ လမ်းဘေးမှာ ဆင်းနေ မလား၊ ပြော..."

"ဒီလိုတော့ မနေနိုင်ပါဘူး၊ ဘယ်လိုလုပ်ရမလဲဆိုတာ သာ အကြံပေးပါ"

"ဒီလိုဆိုရင် သီဂီ အကြံပေးတဲ့အတိုင်းသာ လုပ်ပေ တော့"

ဟု သီဂီက သူမ ကြိုတင်ကြံစည်ထားသော အကြံ အစည်များအား ပြောပြလေသည်။

၎င်းတို့အကြံအစည်မှာ အဆိပ်ပြင်းသော မြွေဆိုး တစ်ကောင်ကို ရှာဖွေထားကာ ကျော်စွာ အိပ်ပျော်နေသော အချိန်တွင် ခေါင်းရင်းဘက်မှ တင်ပေးလိုက်ခြင်းဖြစ်သည်။

သို့စေကာမူ...

၎င်းတို့အကြံအစည်မှာ မအောင်မြင်ခဲ့ပေ။

ကျော်စွာမှာ ကံကောင်း ထောက်မစွာဖြင့် အသက် ဘေးအန္တရာယ်မှ လွတ်မြောက်သွားခဲ့ပေသည်။





ဦးကျော်ဒွန်းတို့ လင်မယားမှာ နောက်ထပ်တစ်ကြိမ် ကြံစည်ဖို့ရန် အခွင့်အရေးမရတော့ပေ။

အဘယ်ကြောင့်ဆိုသော်...

ကျော်စွာမှာ ၎င်းတို့၏ အကြံအစည်များကို ရိပ်မိသွား ဟန်ဖြင့် ဘော်ဒါဆောင်သို့ ပြောင်းရွှေ့သွားသောကြောင့် ဖြစ်သည်။

သို့သော်လည်း ဦးကျော်ဒွန်းကတော့ လက်မလျှော့ သေးပေ။ အခွင့်အရေးရသည်နှင့် မိမိအကြံအစည်ကို အကောင် အထည်ဖော်ကာ အောင်မြင်အောင် လုပ်မည်ဟုသာ တွေးတော ကြံဆလျက် ရှိနေသည်။

တစ်ညတွင် ဦးကျော်ဒွန်း အိပ်ပျော်နေစဉ် သူရှိရာသို့ သေဆုံးသွားပြီဖြစ်သော ဦးမင်းအောင် ရောက်လာလေသည်။ ဦးမင်းအောင်က သူ့ကိုကြည့်ကာ...

"မင်းကို သနားမိခဲ့လို့ ဆင်းဆင်းရဲရဲဘဝက ချမ်းသာ တဲ့ဘဝရောက်အောင် ငါလုပ်ပေးခဲ့တယ်၊ ဒါပေမယ့် မင်းက ကျေးဇူးသစ္စာကိုမှ မထောက်ဘဲ ငါတို့ရဲ့အပေါ်ကို ယုတ်မာ ရက်စက်ခဲ့တယ်...

အခုလည်း ငါတို့ရဲ့သားလေးကို ယုတ်မာရက်စက်တဲ့ အကြံနဲ့ သတ်ဖို့ ကြံစည်နေပြန်ပြီ...



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် မင်း သူ့ကိုသတ်လို့ လုံးဝမရအောင် ငါတို့က အမြဲအကာအကွယ် ပေးနေတယ်ဆိုတာ မင်း သိထားပါ၊

နောက်ပြီး မင်း ကျေးဇူးရှင်တွေရဲ့အပေါ်မှာ ကျူးလွန်ခဲ့တဲ့ အကုသိုလ်ကံရဲ့ ဒဏ်ခတ်မှုကို ခံရလိမ့်ဦးမယ်"

ဟု ပြောဆိုကာ အိပ်မက်ထဲမှာတွေ့ရသော ဦးမင်းအောင်၏ ရုပ်သွင်မှာ တဖြည်းဖြည်းနှင့် မှုန်ဝါး ပျောက်ကွယ်သွားလေတော့သည်။

ဦးကျော်ဒွန်းလည်း အိပ်ပျော်နေရာမှ ထိတ်လန့် ကြောက်ရွံ့စွာဖြင့် နိုးလာလေတော့သည်။

"ဘာဖြစ်တာလဲ ကိုကို... ဘာဖြစ်တာလဲဟင်"

သီဂီပါ လန့်နိုးလာပြီး အလန့်တကြား မေးလိုက်သည်။

"ကိုကို... အိပ်မက်ဆိုးတွေ မက်နေတယ်"

"ဘယ်လိုအိပ်မက်ဆိုးတွေလဲ"

ဦးကျော်ဒွန်းက သူ၏အိပ်မက်အကြောင်းကို ပြောပြလိုက်သည်။

"ဩော်... ဒါကတော့ ကိုကို့စိတ်ထဲမှာ ဒီအကြောင်းတွေချည်း စဉ်းစားနေလို့လည်း ဖြစ်မှာပါ၊ ဟိုးတစ်လောကတောင် အခန်းထဲမှာတွေ့တဲ့ မှတ်တမ်းစာရွက်ထပ်တွေနဲ့





ဓာတ်ပုံတွေ သီဂီ မီးရှို့ပစ်လိုက်သေးတယ်၊ ညှော်ခန်းမှာချိတ်ထားတဲ့ ဓာတ်ပုံတွေလည်း တစ်ပုံမှ မရှိတော့ပါဘူး"

ဟု ပြောကာ သီဂီက ရေတစ်ခွက် ခပ်ယူလာကာ ဦးကျော်ဒွန်းကို ပေးလေသည်။

ဦးကျော်ဒွန်းက ရေခွက်ထဲမှရေကို မော့သောက်လိုက်ပြီး...

"အခုတစ်လော ဘာဖြစ်နေတယ်မသိဘူး၊ ဒီကောင်လေးအတွက်နဲ့ တစ်ခုခုဖြစ်မယ်ချည်း ထင်နေတယ်"

ဟု ပြောသည်။

"အခု ကျော်စွာက ဘယ်မှာနေတာလဲ"

"ဆေးတက္ကသိုလ်(၂)က အဆောင်မှာပေါ့"

"ကျောင်းစရိတ်ရအောင် ဘယ်လိုလုပ်နေသတဲ့လဲ"

"အစိုးရရဲ့ ထောက်ပံ့ကြေးလည်း ရတယ်လို့ သတင်းကြားတယ်၊ မနက်ပိုင်းဆိုရင် သတင်းစာလိုက်ပို့နေတယ်"

"အဲဒါ အခွင့်အရေးပဲပေါ့ ကိုကိုရဲ့၊ သူ အပြင်ထွက်လာတဲ့အချိန်မှာ နောက်ကနေလိုက်ပြီး အပြတ်ရှင်းလိုက်ရင်မပြီးဘူးလား၊ သူ့မိဘတွေတုန်းက ကိုကို ဘယ်လိုရှင်းခဲ့သလဲ"

"ကားနဲ့ ရှင်းခဲ့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အခုလည်း ကားနဲ့ရှင်းလိုက်ရင် အလွယ်လေးပေါ့၊ ဒီအချိန်ကာလမျိုးမှာ ရန်ကုန်မြို့မှာ ကားတိုက်မှုဆိုတာ ဆန်းတာမှတ်လို့၊ အမှုဖြစ်တော့လည်း နောက်ကငွေနဲ့ လိုက်ရှင်းမှာပေါ့၊ အရေးကြီးတာက လောကကြီးမှာ သူ မရှိရင် ပြီးတာပဲမဟုတ်လား"

ဟု သိင်္ဂီက အကြံပေး တိုက်တွန်းလေရာ ဦးကျော်ဒွန်းမှာလည်း မတတ်သာတော့သဖြင့် ထိုအကြံအစည်အတိုင်း ပြုလုပ်ရန်သာ ဆုံးဖြတ်မိတော့သည်။

သို့ကြောင့်...

နောက်တစ်ရက်မှစ၍ ရုပ်ဖျက်ကာ ကျော်စွာ သွားတတ်လာတတ်သော နေရာများကို နောက်မှလိုက်ကာ စနည်းနာလေတော့သည်။

ကျော်စွာမှာ နံနက်အစောကြီး မြန်မာ့အလင်းသတင်းစာတိုက်သို့ စက်ဘီးဖြင့်လာ၍ သတင်းစာယူပြီး နံနက်ပိုင်းတွင် မြောက်ဥက္ကလာပတစ်ကြောရှိ အိမ်များသို့ သတင်းစာလိုက်ပို့ပြီးမှ ကျောင်းတက်လေသည်။

သူသည် နံနက်အစောကြီးထ,ကာ မြောက်ဥက္ကလာပမှ ဝေဇယန္တာလမ်းအတိုင်း တာမွေအပိုင်းသို့ ရောက်အောင် လာရသည်။ တာမွေအပိုင်းရောက်လျှင် ငါးထပ်ကြီး၊ ခြောက်





ထပ်ကြီး ဘုရားလမ်းအတိုင်း ဆင်းလာကာ ရွှေဂုံတိုင်မှာရှိသော မြန်မာ့အလင်းသတင်းစာတိုက်မှ သတင်းစာယူပြီး လာလမ်းအတိုင်း ပြန်လေ့ရှိသည်။

သူ သတင်းစာဆင်းယူသော အချိန်မှာ မိုးမလင်းသေးသောကြောင့် ကားနှင့် လူသွားလူလာရှင်းကာ အချိန်ကောင်းဖြစ်ပေသည်။

တစ်နေ့တော့ ဦးကျော်ဒွန်းသည် မိမိအကြံအစည်ကို အကောင်အထည် ဖော်တော့မည်ဟု ယတိပြတ် ဆုံးဖြတ်ချက်ချကာ မိမိ၏ကားကို ကားနံပါတ်များ ပြောင်းလဲတပ်ဆင်ပြီး နံနက်စောစော ရွှေဂုံတိုင်ဘုရားအနီးမှ ရပ်စောင့်နေလေသည်။

နံနက် ငါးနာရီမထိုးသေးမီ ကျော်စွာ စက်ဘီးနှင့် ဆင်းသွားသည်ကို တွေ့လိုက်ရသဖြင့် ကားပေါ်တက်၍ စက်နှိုးကာ အဆင်သင့်စောင့်နေလိုက်သည်။

ထိုအချိန်မှာ ရွှေဂုံတိုင်လမ်းတစ်လျှောက် လူနှင့်ကားများ အသွားအလာ ရှင်းလျက်ရှိသည်။

အချိန်ကောင်းပင်...

မကြာမီ စက်ဘီးကယ်ရီယာနောက်တွင် သတင်းစာထုပ်ကို ကြိုးဖြင့်ပတ်ချည်၍ ကျော်စွာ ပြန်လာသည်။

သူ့ကားအနီးမှပင် ဖြတ်နင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ဒွန်း စိတ်နှလုံးတုန်လှုပ်စွာဖြင့် ကားကို သော့ဖွင့်စက်နှိုးပြီး နောက်မှ မောင်းလိုက်လာသည်။

တစ်သက်လုံး ညီအစ်ကိုလိုနေလာပြီးမှ ယခုကဲ့သို့ ရက်ရက်စက်စက် လုပ်ရမည်ဆိုတော့လည်း စိတ်မကောင်းဖြစ်မိသေးသည်။

ဒါပေမယ့် မတတ်သာတော့...

ထိုအချိန်တွင် သူ့နံဘေးရှိ ထိုင်ခုံပေါ်မှာ လူရိပ်လိုလို တွေ့လိုက်ရသည်

"ဟင်..."

ကပျာကယာ လှည့်ကြည့်တော့ ဘာမှမတွေ့ရပေ။

နောက်တစ်ကြိမ်မှာတော့ သေသေချာချာ မြင်လိုက်ရသည်။

သူ့နံဘေးရှိ ထိုင်ခုံပေါ်မှာ လူတစ်ယောက် ထိုင်နေသည်။

ဦးကျော်ဒွန်း စိတ်နှလုံး တုန်လှုပ်စွာဖြင့် မျက်လုံးကို လက်ဖြင့် ပွတ်ကြည့်ပြန်တော့ ဘာမှ မတွေ့ရပြန်ပေ။

"ငါ့စိတ်တွေ ချောက်ချားနေလို့ ဖြစ်မှာပါ"

ဟု တွေး၍ မိမိလုပ်ရမည့်အလုပ်ကို အမြန်ဆုံး အဆုံးသတ်ရန် ဆုံးဖြတ်လိုက်သည်။





ဤသို့ဖြင့် တဖြည်းဖြည်းနှင့် တာမွေအဝိုင်းကြီးနားသို့ ရောက်လာတော့သည်။

ထိုနေရာတစ်ဝိုက်မှာ လူသွားလူလာ ရှင်းနေသည်။

လမ်း၏ လက်ယာဘက်၌ရှိသော သချိုင်းမြေထဲမှ ကုက္ကိုပင်ကြီးများ အရိပ်က လမ်းမပေါ်သို့ အုပ်မိုးနေသောကြောင့် မှောင်နေသည်။

ကျော်စွာ့စက်ဘီးက သူ့ရှေ့မှ မှန်မှန်သွားနေသည်။

သူ အံကိုကြိတ်၊ စိတ်ကိုတင်းလိုက်ပြီး ဂီယာထိုး၍ လီဗာကို ဖိနင်းလိုက်ရာ ကားမှာ စက်ဘီးတည့်တည့်သို့ ကိုးဝင်သွားလေတော့သည်။

မလှမ်းမကမ်းသို့ ရောက်သောအခါ မျက်စိကို မှိတ်ထားလိုက်သည်။

ထိုအချိန်တွင် စတီယာတိုင်ကို ဆုပ်ကိုင်ထားသော သူ့လက်ပေါ်သို့ အေးစက်သော အတွေ့အထိတစ်ခု ရောက်လာပြီး စတီယာတိုင်ကို တစ်ဖက်သို့ ဆွဲလှည့်လိုက်သည်ကို သိလိုက်ရသည်။

ဦးကျော်ဒွန်း တအံ့တသြနှင့် မျက်စိကို ဖွင့်ကြည့်လိုက်တော့ ကားက စက်ဘီးနားရောက်ကာနီးမှ ဘေးသို့ ကွေ့ထွက်သွားပြီး တစ်ဖက်လမ်းကြောပေါ်သို့ ရောက်သွားရာ အဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဘက်မှ ကွေ့ဆင်းလာသော ကုန်တင်ကားတစ်စင်းနှင့် ခေါင်းချင်းဆိုင်ကာ ဝင်တိုက်မိလေတော့သည်။

"အား..."

ကားခေါင်းတစ်ခုလုံး စေ့စေ့ညက်ညက် ကြေသွားရုံမက စတီယာတိုင်ဖြင့် ရင်ဘတ်ကို ဆောင့်တိုက်ခြင်းခံလိုက်ရသဖြင့် ပါးစပ်ထဲမှသွေးများ ပွက်ခနဲ အန်ထွက်ကာ ခေါင်းငိုက်စိုက် ကျသွားလေတော့သည်။

သူ အသက်မထွက်မီ နောက်ဆုံးမြင်လိုက်ရသည်က သူ့ဘေးမှ ကားတံခါးကိုဖွင့်ကာ အပြင်သို့ ထွက်သွားသော လူတစ်ယောက်၏ ပုံရိပ်ပင်ဖြစ်သည်။

ထိုလူက သူ့ကို တစ်ချက်လှမ်းကြည့်သဖြင့် မျက်နှာကို မြင်လိုက်ရသည်။ အခြားသူမဟုတ်ပေ...

ဦးမင်းအောင်၏ မျက်နှာပင်ဖြစ်တော့သည်။

ယခု သူ ကားတိုက်သောနေရာသည် တစ်ချိန်က ဦးမင်းအောင်နှင့် သီရိစန္ဒာတို့နှစ်ယောက် ကားတိုက်မှုဖြစ်၍ သေဆုံးသွားခဲ့သော နေရာဖြစ်မှန်း ဦးကျော်ဒွန်းတစ်ယောက် သိခွင့်မရနိုင်တော့ပါပေ...





## အခန်း (၉)

# အသိရခက်သော မိန်းကလေး

ကျော်စွာ့အနေနှင့် ဦးကျော်ဒွန်းတစ်ယောက် ကားတိုက်ဖြစ်သဖြင့် သေဆုံးသွားသော သတင်းကို ကြားရသောအခါ ...တ်မကောင်းဖြစ်ရုံမှလွဲ၍ ဘာမှမတတ်နိုင်ပေ။

သူ့အနေနှင့်လည်း ကျောင်းစာများကတစ်ဖက်၊ ကျောင်း...ိုက်ရအောင် အလုပ် လုပ်ရသည်ကတစ်ဖက်နှင့် မအားလပ်...တာကြောင့် သီရိဂေဟာဘက်ကိုတောင် မရောက်ဖြစ်...တော့ပေ။

သို့ကြောင့်...



www.burmeseclassic.com

www.burmeseclassic.com



သီဂီနှင့် ပန်းအိဖြူတို့ ဘယ်သို့ဘယ်ပုံ စခန်းသွားနေကြသည်ကိုပင် မသိရတော့ပေ။

ကျော်စွာမှာ ဘဝပေးအခြေအနေ မကောင်းသောကြောင့် ဆေးတက္ကသိုလ် ကျောင်းသားတစ်ယောက် ဖြစ်နေရသော်လည်း အခြားသူများကဲ့သို့ မနေနိုင်ရှာပေ။

ကျောင်းချိန်အားသည်နှင့် သမ္မာအာဇီဝ ရိုးသားသော အလုပ်မှန်သမျှ အကုန်လုပ်၍ ကျောင်းစရိတ်နှင့် စာအုပ်စာတမ်းဖိုးများ ကာမိအောင် လုပ်ကိုင်ရသည်။

တစ်နေ့တော့ ကျောက်ရေတွင်း လေယာဉ်ကွင်းလ[illegible]ဘက်မှ ခြံကျယ်ကြီးတစ်ခြံသို့ သတင်းစာသွားပို့ရာ လွန်[illegible] ချောမောလှပ၍ မြန်မာဆန်ဆန် ကျက်သရေရှိလှသော အမျိုးသမီးတစ်ဦးကို တွေ့ရသည်။

ထိုခြံမှာ သူ သတင်းစာပို့နေကျခြံမဟုတ်ဘဲ အခြ[illegible] သတင်းစာပို့သမား ပျက်ကွက်သဖြင့် အစားဝင်ပို့ရသော ခြံဖြစ်သည်။

ကျော်စွာက ပါးစပ်မှ 'သတင်းစာခင်ဗျ' ဟု အော်ပြ[illegible]ကာ သတင်းစာကို ခြံဝင်းချိတ်ထားသော ပုံးထဲသို့ အသာထည့်သည်။





သူ့ကို ခြံထဲမှာရပ်နေသော အမျိုးသမီးက စူးစူးစိုက်စိုက် လှမ်းကြည့်နေသည်ကို တွေ့ရသည်။

ထိုနေရာမှ ပြန်ထွက်လာတော့ စိတ်ထဲမှာ…

"ခြံရှင် အမျိုးသမီးထင်ပါရဲ့၊ ငါ့ကို လူသစ်မို့ အကဲခတ်ကြည့်တာ ထင်ပါရဲ့"

ဟု တွေးကာ အခြားနေရာများကို သတင်းစာဆက်ပို့သည်။

သို့သော်…

ထူးထူးခြားခြား ထိုအမျိုးသမီး၏ မျက်နှာကို မကြာခဏ သတိရနေမိသည်။

ကျော်စွာမှာ မိမိ ဘဝပေးအခြေအနေအရ အမျိုးသမီးများနှင့် ကင်းနိုင်သမျှ ကင်းအောင်နေခဲ့ရသည်။

အချစ်ရေးနှင့် ပတ်သက်လို့ကတော့ ယောင်လို့တောင် စိတ်မကူးဝံ့ရှာပေ။ သို့ကြောင့်လည်း အခြားကျောင်းသားများကဲ့သို့ ဆေးတက္ကသိုလ်ကျောင်းသား ဟူသောဂုဏ်ကို တင်၍ အမျိုးသမီးများနှင့် ရောရောနှောနှော မနေခဲ့ပေ။

အလုပ်မရှိလျှင် စာအုပ်နှင့်မျက်နှာ ခွာသည်မရှိခဲ့ပေ။

သို့သော်…



www.burmeseclassic.com

www.burmeseclassic.com



ထိုခြံထဲမှ အမျိုးသမီးကို အမှတ်တမဲ့ တွေ့လိုက်ရပြီး သည့်နောက်တွင် သူ့စိတ်ထဲမှာ တစ်မျိုးဖြစ်နေမိသည်။

မကြာခဏလည်း သတိရနေသည်။

၎င်းခြံသို့ သတင်းစာပို့ရန်သွားတိုင်း နောက်တစ်ကြိမ် တွေ့ရနိုးဖြင့် ခိုး၍ကြည့်ရတာ အမောပင်။

သို့သော်...

ထိုတစ်ခါသာ အမှတ်တမဲ့တွေ့ရပြီး နောက်တစ်ခါ ထပ်မတွေ့ရတော့သဖြင့် စိတ်ထဲမှာ...

"ဩော်... သူက ဒီအိမ်က ဟုတ်ချင်မှဟုတ်မှာပါ၊ တခြားကလာတဲ့သူလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

ဟု ဖြေ၍ တွေးလိုက်မိသည်။

တစ်နေ့သောအခါ နံနက်စောစော ထိုခြံရှေ့သို့ ရောက် သွားပြီး သတင်းစာပုံးထဲ သတင်းစာထည့်ရင်း ခြံဝင်းထဲသို့ တစေ့တစောင်း ကြည့်နေစဉ် တံခါးနံဘေးနားမှ မျက်နှာ တစ်ခု ဘွားခနဲပေါ်လာသဖြင့် ကျော်စွာ လန့်သွားလေသည်။

"ရှင်... ဘယ်သူ့ကို ရှာနေတာလဲ"

ဟု ပြုံးစစဖြင့် မေးသည်။

"ဩော်... ဟို... ဟို... မရှာပါဘူးခင်ဗျ၊ လူရှိသလား လို့ လှမ်းကြည့်တာပါ"





"ကျွန်မ တစ်နေ့ရာကနေ ရှင်လာတိုင်း အကဲခတ်နေ တာ၊ ဒီကိုလာရင် တစ်ယောက်ယောက်ကို ရှာနေသလိုပဲ"

"မ... မဟုတ်ပါဘူး အစ်မလေး... သွားဦးမယ်နော်"

ကျော်စွာက ကတုန်ကယင်ဖြင့် ခြံဝမှ လှည့်ထွက်ရန် ပြင်လိုက်သည်နှင့် မိန်းကလေးက နောက်မှ လှမ်းခေါ်လိုက် ပြန်သည်။

"နေပါဦး...ရှင့်ကို မေးစရာရှိလို့ ကျွန်မ စောင့်နေတာပါ"

ဟု ခေါ်သဖြင့် ကျော်စွာက ပြန်လှည့်သွားသည်။

"ဒါထက် ရှင်က ဆေး(၂)မှာ တက်နေတဲ့ ကျောင်းသား တစ်ယောက် မဟုတ်လား"

"ဘာကြောင့်လဲ အစ်မလေး"

"ကျွန်မ ရှင့်ကို ဆေး(၂)မှာ မကြာခဏတွေ့ဖူးတယ်၊ ကျွန်မသူငယ်ချင်းရှိတဲ့ ဆေး(၂)ကိုသွားရင်းနဲ့ ရှင့်ကို တစ်ခါ နှစ်ခါ တွေ့ဖူးတယ်"

"လူတူလို့များလား"

"မဟုတ်ပါဘူး၊ ရှင်မှ ရှင်အစစ်ပါပဲ၊ ကျွန်မ ရှင့်ကို ကောင်းကောင်းမှတ်မိပါတယ်၊ ရှင့်နာမည်ကိုတောင် သူက ပြောပြလိုက်သေးတယ်၊ နေဦး... ဩော်... မှတ်မိပြီ၊ ရှင့်နာမည် ကိုကျော်စွာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ကျော်စွာလည်း မငြင်းသာတော့ပဲ...

"ဟုတ်ပါတယ် အစ်မလေး... ကျွန်တော် ဆေးကျော
တက်ရင်း အလုပ် လုပ်နေတာပါ"

မိန်းကလေး၏ မျက်နှာပေါ်မှာ အနည်းငယ် စိ
မကောင်း ဖြစ်သွားသည့်ဟန် တွေ့လိုက်ရသည်။

ထို့နောက်...

ကျော်စွာက နှုတ်ဆက်ကာ ထွက်လာခဲ့လေတော့သည်

နောက်တစ်ရက်တွင် ဆေးတက္ကသိုလ်ဝင်းထဲမှာ တ
မိန်းကလေးကို ပြန်တွေ့ရပြန်သည်။

သူ့သူငယ်ချင်း တစ်ယောက်ဆီသို့ အလည်လာဟ
ရှိသဖြင့် ကျော်စွာလည်း နှုတ်မဆက်တော့ဘဲ မိမိအဆော
ရှိရာသို့ ပြန်လာခဲ့သည်။

သူ့အလုပ်က မနက်ပိုင်းတွင် သတင်းစာပို့၍ ကျော
အားရက်များတွင် ဆိုက်ကားထွက်နင်းလေသည်။

ဆိုက်ကားကို မေဓာဝီလမ်းဆုံနေရာမှာ ဂိတ်ထိုးလေ
ရှိသည်။

ခရီးသည်ရလျှင် လိုက်ပို့ပြီး ခရီးသည်မရလျှင် စာထို
ကျက်နေလေ့ရှိသည်။





တစ်နေ့တော့ အမျိုးသမီးနှစ်ယောက်က ဆိုက်ကား
ငှားကြသည်။

ကျော်စွာက သက္ကလပ်ဦးထုပ်ကို ခပ်စိုက်စိုက် ဆောင်း
ားသောကြောင့် မိန်းကလေးနှစ်ယောက်က သိဟန်မတူ
ာ်လည်း ကျော်စွာကတော့ ကောင်းစွာမှတ်မိလေသည်။

တစ်ယောက်က ဆေးကျောင်း တက်နေသော
ိန်းကလေးဖြစ်ပြီး ကျန်တစ်ယောက်က လေယာဉ်ကွင်းလမ်းမှ
သတင်းစာပို့ပေးနေသောအိမ်မှ မိန်းကလေးဖြစ်သည်။

"ဘယ်သွားကြမလဲ အစ်မလေးတို့"

"ကျွန်မတို့နှစ်ယောက်ကို ဆေးရုံကြီးရှေ့က စားသောက်
ိုင်ကို လိုက်ပို့ပေးပါရှင်"

ဟု ပြောသဖြင့် ကျော်စွာက ဆိုက်ကားကိုနင်းပြီး
ိုက်ပို့ပေးလေသည်။ မေဓာဝီလမ်းဆုံနှင့် ဆေးရုံကြီးမှာ
ဝေးလှသောကြောင့် ခဏလေးနှင့် ရောက်သွားလေသည်။

"ဆိုက်ကားခ ဘယ်လောက်ပေးရမလဲ ကိုကျော်စွာ"

"ဗျာ..."

ကျော်စွာက သူ့အမည်ကို တရင်းတနှီး ခေါ်လိုက်သဖြင့်
ကြသွားသည်။

"ခရီးက နီးနီးလေးပဲ၊ အစ်မလေးတို့ပဲ ကြည့်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သတင်းစာပို့သောအိမ်မှ မိန်းကလေးက သူ့အိတ်ထဲမှ တစ်ရာတန်ငွေစက္ကူတစ်ရွက်ကို ထုတ်ပေးသည်။

"ဟို... အကြွေမရှိရင်လည်း နောက်ကျမှပဲ ယူပါတော့မယ်"

"ဘာဖြစ်လို့လဲဟင်"

"ဟို...ဟို... ကျွန်တော်က အခုမှ ဆိုက်ကားစ,ထွက်လာတာဆိုတော့ အကြွေအမ်းစရာ မရှိလို့ပါ"

"ဒါဖြင့် ပြန်အမ်းမနေပါနဲ့၊ အကုန်သာ ယူလိုက်ပါတော့ရှင်..."

"ဒီလောက်တော့ များပါတယ် အစ်မလေးရယ်၊ ဒီခရီးနဲ့ ဒီခရီးက အလွန်ဆုံးကျလှမှ နှစ်ဆယ်လောက်ပဲ ရှိပါတယ်"

ထိုအခါ ဆေးကျောင်းသူ အမျိုးသမီးက...

"ကဲပါ ကိုကျော်စွာရယ်... ကျွန်မတို့က စေတနာရှိလို့ပေးတာပဲ၊ ယူသာယူထားလိုက်ပါတော့"

ဟု ဝင်ပြောမှ "ကျေးဇူးတင်ပါတယ် အစ်မလေး" ဟု ပြောကာ ပြန်ထွက်သွားလေသည်။

"ဪ... နေဦး... နေဦး၊ နောက် တစ်နာရီလောက်ကြာရင် ကျွန်မတို့ကို တစ်ခေါက်ပြန်လာကြိုပေးဦးနော်"

"ဟုတ်ကဲ့... ဟုတ်ကဲ့"





ကျော်စွာ ထွက်သွားတော့မှ မိန်းကလေးနှစ်ယောက်မှာ စားသောက်ဆိုင်အတွင်းသို့ ဝင်ကာ လူရှင်းသောစားပွဲတွင် ထိုင်ကာ ဆီချက်ခေါက်ဆွဲနှစ်ပွဲ မှာလိုက်ကြသည်။

၎င်းတို့နှစ်ဦးအနက် ဆေးကျောင်းသူ အမျိုးသမီး၏ အမည်မှာ ဝင်းလဲ့ဖြူဖြစ်ပြီး ညှိသည့် မိန်းကလေး၏ အမည်မှာ မိမိမြတ် ဖြစ်ပေသည်။

"ကဲ... မင်းက ကိုကျော်စွာ့အကြောင်းကို ဘာကြောင့်များ ဒီလောက် စိတ်ဝင်စားနေရတာလဲ မြတ်"

"တခြားတော့ မဟုတ်ပါဘူး လဲ့ဖြူရယ်၊ ကိုယ်က ပညာတော်သလောက် ရိုးရိုးသားသားနဲ့ ကြိုးစားနေတာ ကြည့်ပြီး စိတ်ဝင်စားလို့ မေးကြည့်တာပါ"

မိမိမြတ်ဆိုသော မိန်းကလေးက ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်လေသည်။

ထိုအခါ ဝင်းလဲ့ဖြူက...

"ကိုယ်လည်း သူ့အကြောင်းကို သိပ်တော့ ပြည့်ပြည့်စုံစုံ မသိလှဘူး၊ ဘာကြောင့်လဲဆိုတော့ သူက တခြား ယောကျ်ားလေးတွေနဲ့ မတူဘူး၊ ကျောင်းမှာ စာသင်တာက လွဲပြီး ဘယ်သူနဲ့မှလည်း အပေါင်းအသင်းမလုပ်ဘူး၊ ဘယ် မိန်းကလေးနဲ့မှလည်း အရောတဝင် မနေဘူး၊ စာသင်ချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



စာသင်ပြီး စာသင်ချိန်မရှိလျှင် အလုပ်တစ်ခုခု ထွက်လုပ်နေတာပဲ တွေ့ရတယ်"

ဟု ပြောပြလေသည်။

"သူက ဘော်ဒါလာနေတာဆိုတော့ နယ်ကလား။ ဒါမှမဟုတ် မိဘတွေ မရှိကြတော့လို့လား"

"နယ်ကတော့မဟုတ်ဘူး၊ ရန်ကုန်ကပဲတဲ့၊ မိဘတွေကတော့ ရှိတော့ဟန်မတူဘူး၊ ဆေးကျောင်းတက်နေတဲ့ကာလတစ်လျှောက်လုံး သူ့သူငယ်ချင်းတစ်ယောက် လာတာကလွဲပြီး တခြားဘယ်သူမှ လာတာမတွေ့မိဘူး၊ တစ်ခုစိတ်ဝင်စားဖို့ကောင်းတာက ကိုကျော်စွာဟာ သာမန်အတန်းအစားထဲကတော့ ဟုတ်ဟန်မတူဘူး"

"ဘာကြောင့်လဲဟင်"

"ကိုယ်ကြားရသလောက်ကတော့ ကိုကျော်စွာတို့က နန်းတွင်းဆက်တွေဖြစ်ပြီး သူ့မိဘတွေလက်ထက်က အတော်ချမ်းသာကြတယ်လို့ ပြောသံကြားဖူးတယ်"

"အတော် စိတ်ဝင်စားဖို့ကောင်းတာပဲ၊ သူက ကိုယ်တို့အိမ်ကို သတင်းစာလာပို့ပေးနေတာ၊ သူ့ကိုမြင်စ,ကတည်းက တစ်ခုခုတော့ ထူးခြားမှုရှိနေပါတယ်လို့ ကိုယ် ထင်ထားတာ အခုတော့ မမှားတော့ဘူးပေါ့"





"ဘာလဲ မြတ်... မင်းက သူ့ကို စိတ်ဝင်စားနေလို့လား"

"ဒီလိုလည်း မဟုတ်ပါဘူး၊ ဒါပေမယ့် ကိုကျော်စွာဟာ စိတ်ဝင်စားဖို့ ကောင်းလောက်အောင် လျှို့ဝှက်ချက်ရှိတဲ့ လူဆိုတာတော့ မင်း လက်ခံရဲ့လား"

"အင်း... ကိုယ်လည်း မင်းတွေးသလိုတော့ တွေးမိပါတယ်၊ ဒါပေမယ့် ခက်တာက သူက ဘာဆိုဘာမှ စိတ်မဝင်စားတော့လည်း ခက်တာပေါ့ကွာ"

မိမိမြတ်နှင့် ဝင်းလဲ့ဖြူတို့ စကားတပြောပြောနှင့် စားသောက်နေကြစဉ် ကျော်စွာက ဆိုင်ရှေ့သို့ တစ်ခေါက်ပြန်ရောက်လာပြီး စောင့်နေလေသည်။

မိမိမြတ်က စားသောက်ပြီးသောအခါ ခေါက်ဆွဲကြော်တစ်ပွဲ ထပ်မှာလိုက်ပြီး အပြင်သို့ထွက်လာကြသည်။

"အချိန်မှန်လှချည်လား ကိုကျော်စွာ"

ဝင်းလဲ့ဖြူက မေးလိုက်သည်။

"ကျွန်တော်က အစ,ကတည်းက ဘယ်မှမသွားဘဲ ဟိုနားက ကုက္ကိုပင်အောက်မှာ စာဖတ်ရင်း စောင့်နေတာပါ၊ အခုမှ ပြီးလောက်ပြီထင်လို့ လာကြိုတာပါ"

"ဟင်... ဘာဖြစ်လို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အစ်မလေးတို့ ပေးထားတဲ့ငွေတစ်ရာက ကျွန်တော် တစ်နေ့လုံးရှာရင်တောင် မရနိုင်တဲ့ငွေဆိုတော့ ကျွန်တော် အဖို့ ငုံလောက်နေပြီ၊ အစ်မလေးတို့ကိုပြန်ပို့ပြီးရင် ကျွန်တော် ဆိုက်ကားသိမ်းပြီး စာကျက်တော့မှာ"

"ဖြစ်ရလေ ကိုကျော်စွာရယ်"

ကျော်စွာ၏ ပွင့်လင်းရိုးသားသော စကားကြောင့် မိမိ မြတ် ရင်ထဲမှာ စိတ်မကောင်းဖြစ်သွားလေသည်။

"ဒီလိုဆိုရင်လည်း ကျွန်မကို ကျောင်းပြန်ပို့ပေးပြီးရင် ကျွန်မသူငယ်ချင်းကို လေဆိပ်လမ်းကို ပြန်လိုက်ပို့ပေးလိုက် ပေါ့။ သူတို့အိမ်ကို ရှင်သိတယ်မဟုတ်လား၊ ရှင် မနက်တိုင်း သတင်းစာပို့ပေးနေတဲ့ အိမ်လေ"

"ဟုတ်ကဲ့... ကျွန်တော်သိပါတယ်၊ လိုက်ပို့ပေးပါ့မယ်"

ထို့နောက်...

သူတို့နှစ်ယောက်ကို တင်ကာ ဆေးကျောင်းဝင်းသို့ ပြန်ပို့ပေးသည်။

ဝင်းတံခါးရှေ့ ရောက်သောအခါ နှစ်ယောက်စလုံး ဆိုက်ကားပေါ်မှ ဆင်းကြသည်။

"တစ်ယောက်က လေဆိပ်လမ်းကို ပြန်ပို့ပေးရမယ်ဆို"

ထိုအခါ မိမိမြတ်က သဘောကျစွာ တစ်ချက်ပြုံး၍...





"မပို့ပါနဲ့တော့ ကိုကျော်စွာ၊ ကျွန်မမှာ ကားပါလာပါ တယ်၊ ရော့... ဒီမှာ ရှင့်အတွက် ခေါက်ဆွဲကြော်"

ဟု လှမ်းပေးလိုက်ရာ ကျော်စွာက အယောင်ယောင် အမှားမှားဖြင့် လှမ်းယူထားလိုက်သည်။

ထို့နောက်...

မိမိမြတ်နှင့် ဝင်းလဲ့ဖြူ ကျောင်းဝင်းထဲ ဝင်သွားသော အခါ ကျော်စွာခမျာ အတန်ကြာသည်အထိ ထိုနေရာတွင် ရပ်လျက်သား ကျန်ခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







BURMESE CLASSIC .com

## အခန်း (၁၀)

# ပဟေဠိများနှင့်လူ

မြင်ရသောကြိုးများဖြင့် ခိုင်မြဲစွာ တုပ်နှောင်ထားခြင်း
မပြင်ရသော သံယောဇဉ်ကြိုးဖြင့် ရစ်ပတ်ရုံကလေး
သာ၍ခိုင်မြဲတတ်ပေသည်။

ထို့ထက်...

ပွင့်လင်းသော သံယောဇဉ်ထက် သိုဝှက်သော သံယော
ပို၍ အင်အားကြီးတတ်ပေသည်။

ယခုလည်း ကျော်စွာနှင့် မိမိမြတ်တို့အဖြစ်က ထိုကဲ့သို့
တစ်ယောက်နှင့်တစ်ယောက် ပွင့်လင်းမှု မရှိကြသေး



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း တစ်ယောက်ရင်ထဲမှ သံယောဇဉ်ကို တစ်ယောက်က မြင်သာနေကြသည်။

မိမိမြတ်တို့၏ မိဘများအခြေအနေမှာ ဆွေကြီးမျိုးကြီး အသိုင်းအဝိုင်းထဲမှဖြစ်ပြီး ပစ္စည်းဥစ္စာကလည်း ကြွယ်ဝချမ်းသာကြသည်။ မိမိမြတ်မှာ တစ်ဦးတည်းသော သမီးဖြစ်ကာ စီးပွားရေးတက္ကသိုလ် နောက်ဆုံးနှစ်တက်နေသော ကျောင်းသူဖြစ်သည်။

ယခုလက်ရှိ အခြေအနေမှာ မိမိမြတ်တို့အခြေအနေနှင့် မိုးနှင့်မြေပမာ အဆင့်အတန်းချင်းက ကွာလှသောကြောင့် ရင်ထဲမှ ခံစားချက်ကို သိုဝှက်ထားခဲ့ရသည်။

ထို့ထက်...

မိမိရည်မှန်းထားသော ပညာရေးကလည်း မပြီးသေးသောကြောင့် နှလုံးသားရေးရာကို ဦးစားမပေးနိုင်သေးသော အခြေအနေမျိုးလည်း ဖြစ်ပေသည်။

တစ်နေ့တော့ မနက်ပိုင်း သင်တန်းစာသွားပို့တော့ မိမိမြတ်က ထွက်လာသည်။

"မနက်ဖြန် တနင်္ဂနွေနေ့ ကိုကျော်စွာ ကျောင်းအားတယ် မဟုတ်လား ဟင်"

"ဟုတ်ကဲ့... အားပါတယ်"





"ကျွန်မနဲ့ ဝင်းလဲ့ဖြူနဲ့ ဘုရားသွားချင်လို့ ကိုကျော်စွာ ခေါ်လိုက်ခဲ့ပေးပါလားဟင်"

ဟု ပြောသဖြင့် ကျော်စွာက အလွယ်တကူပင် ခေါင်းညိတ်ပြလိုက်လေသည်။

နောက်တစ်နေ့ နံနက်စောစောတွင် သုံးယောက်သား ရွှေတိဂုံစေတီတော်ကြီးရှိရာသို့ လာကြလေသည်။

ဘုရားပေါ်သို့ ရောက်သောအခါ မိမိမြတ်က...

"ကိုကျော်စွာ... ရွှေတိဂုံစေတီတော်မြတ်ကြီးက သိပ်ပြီး ကြည်ညိုဖို့ ကောင်းတာပဲနော်၊ ထူးခြားမှုတွေလည်း အများကြီး ရှိတယ်လို့ ပြောသံကြားတယ်၊ အဲဒါတွေကို ကိုကျော်စွာ သိသလားဟင်"

ဟု မေးလေသည်။

"ဟုတ်ကဲ့၊ ကျွန်တော် ဗဟုသုတအနေနဲ့ လေ့လာထား ...တွေတော့ ရှိပါတယ်၊ ကျွန်တော် လိုက်ပြရင်းနဲ့ အေးအေး ဆေးဆေး ရှင်းပြပေးမယ်"

ဟု ပြောကာ သုံးယောက်သား ရွှေတိဂုံစေတီတော် ကြီးအား လက်ယာရစ် ပတ်ကြလေသည်။

"ဒီရွှေတိဂုံစေတီတော်မြတ်ကြီးရဲ့ မူလအမည်က ...ကေသဓာတု စေတီလို့ ခေါ်တယ်၊ အဓိပ္ပာယ်ကတော့



www.burmeseclassic.com

ဆံတော်ရှင်ဆိုတဲ့ အဓိပ္ပာယ်ပဲ၊ ရွှေတိဂုံဆိုတဲ့ အမည်ကတော့ သိဂုံတ္တရကုန်းတော်နဲ့ တိဂုမ္ဘနာရ တိဂုံမြို့ အစွဲပြုပြီး ဖြစ်ပေါ် လာတဲ့ အမည်ပါပဲ"

"ဟုတ်ကဲ့"

"သိင်္ဂုတ္တရဆိုတာ မြတ်သောရွှေတောင်လို့ အဓိပ္ပာယ် ရှိတော့ အဲဒီက 'ရွှေ'ဆိုတဲ့ စာလုံးကိုယူပြီး တိဂုမ္ဘနာရက တိဂုံကိုယူပြီး 'ရွှေတိဂုံ' ဆိုတဲ့အမည် ဖြစ်လာတာပါ"

"ဟုတ်ကဲ့"

"ရွှေတိဂုံစေတီတော်မှာ ဌာပနာထားတဲ့ မြတ်စွာဘုရားရဲ့ ဆံတော်ရှစ်ဆူရဲ့ ဒါယကာကတော့ တဖုဿနဲ့ ဘလ္လိက ညီနောင်နှစ်ပါးပဲ၊ စေတီတော်တည်တဲ့ ဒါယကာကတော့ ဥက္ကလာပမင်းကြီး ဖြစ်ပါတယ်၊ ဉာဏ်တော် (၄၄)တောင်ရှိပြီး မဟာသက္ကရာဇ် (၁၀၃)ခု၊ တပေါင်းလပြည့် ဗုဒ္ဓဟူးနေ့မှာ ပြီးမြောက်အောင်မြင်ပါတယ်"

"ဒီစေတီတော်ကြီးဟာ ကမ္ဘာပေါ်မှာ ပထမဦးဆုံး စေတီတော်ကြီး ဖြစ်တယ်လို့ သိရပါတယ်၊ စေတီတော်ရဲ့ အတွင်းအပြင် နေရာတွေမှာ ထူးခြားတာတွေ အများကြီးရှိတယ် လို့ သိရတယ်"





"ဟုတ်ပါတယ်၊ စေတီတော်ကြီးရဲ့ အတွင်းမှာ မမြင်ရတဲ့ ထူးဆန်းမှုတွေရော၊ အပြင်မှာမြင်ရတဲ့ အံ့သြဖွယ်ရာတွေလည်း အများကြီးရှိပါတယ်၊ သိဂုံတ္တရကုန်းတော်ပေါ် ရောက်ပြီး ရွှေတိဂုံစေတီတော်ကြီးကို ဖူးမြင်ပြီးတဲ့အခါ အံ့ဖွယ် ကိုးပါး ဘုရားကိုးဆူကိုလည်း ပြည့်အောင်ဖူးသင့်ပါတယ်"

"အဲဒါ ဘယ်နေရာမှာရှိတာလဲဟင်"

"အဲဒီကိုးဆူက စေတီတော်မြတ်ကြီးရဲ့ အထက်ပစ္စယံ အရှေ့ဘက်တည့်တည့်မှာရှိတဲ့ ပတ္တမြားမျက်ရှင်ဘုရား၊ ရင်ပြင် တော်ရဲ့ စနေထောင့်မှာရှိတဲ့ ဝိဇ္ဇာဇော်ဂျီဘုရား၊ အနောက် မြောက်ထောင့်မှာရှိတဲ့ ရှင်စောပုဘုရား၊ စေတီတော် မြောက် ဘက် အာရုံခံတန်ဆောင်းထဲမှာရှိတဲ့ ရှင်မထီးဘုရား၊ နောင် တော်ကြီးစေတီ အာရုံခံတန်ဆောင်းထဲမှာရှိတဲ့ ရှင်အဇ္ဇဂေါဏ ဘုရား၊ မြောက်ဘက် အာရုံခံတန်ဆောင်းနဲ့ မျက်နှာချင်းဆိုင် မှာရှိတဲ့ ဆံတော်တွင်း ဗုဒ္ဓရုပ်ပွားတော်၊ အရှေ့ဘက်မုခ်ဦး အနီး ဘိုးဘိုးအောင် တန်ဆောင်းထဲမှာရှိတဲ့ ဘိုးဘိုးအောင် ဘုတောင်းပြည့်ဘုရား၊ အရှေ့ဘက် အာရုံခံတန်ဆောင်းထဲ မှာရှိတဲ့ လက်ပက်လက်ဘုရား၊ အင်္ဂါ ဒေါင့် စေတီငယ်တစ်ဆူ ရဲ့ တစ်ဝ,ဂူထဲမှာရှိတဲ့ ပြဒါးရှင်ဘုရား



www.burmeseclassic.com

www.burmeseclassic.com



စတဲ့ ဘုရားကိုးဆူဟာ အဓိဋ္ဌာန်ဝင်ပုတီးစိပ်သူတွေနဲ့ ပြည့်နေတဲ့ အံ့ဖွယ်ကိုးဌာနပါပဲ"

"ကိုကျော်စွာက အတော့်ကို ဗဟုသုတ ပြည့်စုံတာပါပဲ"

"အဲဒါအပြင် အခြားသိမှတ်စရာ နေရာတွေလည်း ရှိသေးတယ်"

"ဘာတွေလဲ ကိုကျော်စွာ"

"တောင်ဘက်စောင်းတန်းကြီး အထက်မှာရှိတဲ့ ကူလွှာ သယ ဆုတောင်းပြည့်ဘုရားနှစ်ဆူ၊ နေ့,လ,ဘုရား၊ မျက်ရှင် တော်သုံးဆူ၊ ပြည်တော်ပြန်ဘုရား၊ ပဒုံးပဒိုင်းမုနိ၊ ထယ်တော် ဘုရား၊ ပိတောက်ပိုင်းဘုရား၊ ဓမ္မစေတီမင်း ကောင်းမှုတော် ဘုရား၊ ရာဇမုနိဘုရားတွေကလည်း ရင်ပြင်တော်ပေါ်မှာ အဓိဋ္ဌာန်ဝင်တဲ့လူတွေ အတော်များတဲ့ ဘုရားတွေပါပဲ"

"ဟုတ်ပါရဲ့၊ နေ့,လ ဘုရားနဲ့ ဓမ္မစေတီမင်း ကောင်းမှု တော်ဘုရားမှာ လူတွေ အမြဲပြည့်နေတာပါပဲ"

"ဒါ့အပြင် ခြေတော်ရာနှစ်ဆူနဲ့ ရှင်ငါးရှင်လည်း ရှိသေး တယ်"

"ရှင်ငါးရှင်ဆိုတာ ဘယ်ဘုရားတွေလဲဟင်"

"ရှင်ငါးရှင်ဆိုတာ ပတ္တမြားမျက်ရှင်၊ ရှင်စောပုဘုရား၊ ရှင်မထီးဘုရား၊ ရှင်အဇ္ဇဂေါဏဘုရား၊ ရှင်အရဟံဘုရား





ငါးဆူပါပဲ၊ ရှင်အရဟံဘုရားကလွဲပြီး ကျန်လေးဆူက အံ့ဖွယ်ကိုးပါးထဲမှာ ပါပါတယ်"

"အတော်ကို ပြည့်စုံပါတယ်"

ထိုသို့လျှောက်လာရင်းနှင့် ရင်ပြင်တော်ပေါ်မှာရှိသော ပင်ငါးဆင်၊ ခြသေ့်က နဂါးကိုမြိုနေဟန်၊ ရွှေတိဂုံဘိုးဘိုးကြီး နှင့် သိကြားမင်းရုပ်တု၊ ရန်ကုန်ဘိုးဘိုးကြီးရုပ်တု၊ ဥက္ကလာပ မင်းကြီးရုပ်တုနှင့် လောကပါလမယ်တော်ကြီးရုပ်တု အကြောင်း များကို လိုက်လံပြသ ရှင်းပြပေးသည်။

ထို့နောက် အောင်မြေနေရာတွင် အဓိဋ္ဌာန်ဝင်ကြသည်။ ပြီးသောအခါ ဝင်းလဲ့ဖြူက မွေးနေ့နံဂြိုဟ်တိုင်တွင် ရေလှူချင်သည် ပြောသဖြင့် တောင်ဘက်ရင်ပြင်တော်သို့ လျှောက်လာသည်။ အင်္ဂါထောင့်နှင့် ဗုဒ္ဓဟူးထောင့် ရင်ပြင် တစ်နေရာရှိ နတ်ရုပ်နှစ်ရုပ်ကို အမျိုးသမီးများ ဝိုင်း၍ ပန်း သားများ ဆက်သ,နေသည်ကို မြင်ရသဖြင့် မိမိမြတ်က–

"အဲဒါ ဘာနတ်ရုပ်တွေလဲဟင်"

ဟု မေးလိုက်သည်။

"အဲဒါ ကြာပိုက်သားပိုက်လို့ ခေါ်တယ်၊ နတ်ရုပ်တစ်ရုပ် ရဲ့ လက်ထဲမှာ ကြာပန်းကို ပိုက်ထားတယ်၊ နောက်တစ်ရုပ်က သားရုပ်ကို ပိုက်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က ဘာအတွက် ဆုတောင်းနေကြတာလဲဟင်"

"ဒီမှာဆုတောင်းရင် သားသမီးမရတဲ့သူတွေ ရနိုင်တယ်၊ သားကောင်းရတနာ၊ သမီးကောင်းရတနာ ရနိုင်တယ်လို့ ယုံကြည်ကြလို့ပါ"

"အဲဒါတွေကရော တကယ်ဟုတ်ပါ့မလား ကိုကျော်စွာ"

"ဒါတွေကတော့ ပြောရတာခက်တယ်၊ ကိုယ့်ရဲ့ ဉာဏ်တစ်ထွာတစ်မိုက်နဲ့ ဘယ်လိုမှ လိုက်မမီလို့ မျက်စိမှိတ်ငြင်းလို့လည်း မဖြစ်ဘူး၊ ဂမ္ဘီရဆိုတာ လျှို့ဝှက်ဆန်းကြယ်ခြင်းပဲ၊ ဒါတွေဟာ ကျွန်တော်တို့လို သာမန်လူတွေ မသိနိုင်ဘူး၊ လိုက်မမီနိုင်ဘူး၊ ကျွန်တော် ပြောဝံ့တာ တစ်ခုရှိပါတယ်၊ ယုံကြည်စွဲလမ်းမှု ထက်သန်လွန်းရင် အကျိုးပေးတတ်ပါတယ်လို့တာ ပြည့်စုံနိုင်ပါတယ်"

ဟု ပြောပြလိုက်သည်။

ဗုဒ္ဓဟူးဂြိုဟ်တိုင်သို့ ရောက်သောအခါ ဝင်းလဲ့ဖြူက ရေလှူရန် ထွက်သွားသဖြင့် ကျော်စွာနှင့် မိမိမြတ်တို့က မျက်နှာချင်းဆိုင်ရှိ တန်ဆောင်းထဲမှာ သွားထိုင်၍ စောင့်ကြသည်။

"ကိုကျော်စွာကို ကျွန်မ တစ်ခုမေးစရာရှိတယ်၊ အမှန်အတိုင်း ပြောပြမလား"





"မေးလေ... ကျွန်တော် ပြောသင့်တာဆိုရင် ပြောပြပါမယ် မမိမိမြတ်"

"ကျွန်မကို ရင်းရင်းနှီးနှီး မြတ်လို့ပဲခေါ်ပါ ကိုကျော်စွာ"

"ကျေးဇူးတင်ပါတယ်... မေးပါ မြတ်"

"တခြားတော့ မဟုတ်ပါဘူး၊ ကိုကျော်စွာရဲ့ဘဝမှာ အလွန်ကြီးမားတဲ့ လျှို့ဝှက်ချက်ကြီးတစ်ခုများ ရှိနေမလား သိချင်လို့ပါ"

ထိုအမေးကြောင့် ကျော်စွာမှာ အတန်ကြာအောင် ငြိမ်စားနေလေသည်။

"ကျွန်မ စပ်စုရာများ ကျမလား၊ တကယ်လို့ ကိုကျော်စွာ အနေနဲ့ မဖြေနိုင်ရင်လည်း မဖြေပါနဲ့ ကိုကျော်စွာ"

"ရပါတယ်... ကျွန်တော့်အတွက် အခက်အခဲ မရှိပါဘူး၊ ဟုတ်ပါတယ်... မြတ်ထင်သလို ကျွန်တော့်ဘဝမှာ ကြီးမားတဲ့ လျှို့ဝှက်ချက်တစ်ခု ရှိပါတယ်"

"အဲဒါကို ကျွန်မအနေနဲ့ သိခွင့်ရနိုင်မလား ကိုကျော်စွာ"

"အချိန်တန်ရင် ကျွန်တော် ပြောပြပါ့မယ်"

"ကျွန်မအထင်ပြောရရင်တော့ ကိုကျော်စွာရဲ့ ဘဝအမှန်နဲ့ အခုရောက်နေတဲ့ အခြေအနေက လုံးဝမတူဘူးလို့ ထင်ပါတယ်၊ အဲဒါရော ကိုကျော်စွာ လက်ခံသလား"



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာက ဖြည်းလေးစွာ ခေါင်းညိတ်ပြလိုက်ရင်း

"ဟုတ်ပါတယ်... ကျွန်တော့်ရဲ့ ရည်ရွယ်ချက်တွေ မပြည့်သေးလို့ ဒီလိုဘဝမျိုးနဲ့ နေတာပါ"

ဟု ဝန်ခံလိုက်သည်။

"ကျွန်မ ရှင့်ရဲ့စိတ်ဓာတ်ကို လေးစားသလို ရှင့်ရဲ့ဘ အမှန်ကိုလည်း စိတ်ဝင်စားပါတယ်၊ ဘာပဲဖြစ်ဖြစ် ကျွန် ကိုတော့ ရင်းနှီးတဲ့မိတ်ဆွေတစ်ယောက်လို သဘောထားပြ လိုတဲ့အကူအညီရှိရင် ပြောနိုင်ပါတယ် ကိုကျော်စွာ"

"ဟုတ်ကဲ့... ကျေးဇူးတင်ပါတယ်"

ထိုသို့ ပြောဆိုနေစဉ် သူတို့ရှိရာသို့ မိန်းကလေ နှစ်ယောက် ဝင်လာသည်။

တစ်ယောက်မှာ ပန်းအိဖြူ ဖြစ်သည်။

ပန်းအိဖြူက သူ့အနားမှာဝင်ထိုင်၍ လက်မောင်းကို ကိုင်ကာ...

"ကိုကို... ကိုကို ဘာဖြစ်လို့ အိမ်ကိုပြန်မလာတာလဲ ဟင်၊ အိမ်မှာ ဖေဖေလည်း မရှိတော့ဘူး၊ မေမေနဲ့ နေရတာ လည်း အဆင်မပြေဘူး၊ ညီမလေး ကိုကို့ဆီလာမလို့ စဉ်းစားနေတာ၊ ကိုကို အိမ်ကို ဘယ်တော့ပြန်လာမှာလဲ ဟင်..."





ဟု ကလေးတစ်ယောက်လို တတွတ်တွတ် ပြောဆို နေတော့သည်။

မိမိမြတ်ကတော့ ပန်းအိဖြူကို အကဲခတ်သလို ကြည့် နေသည်။

"ဒီလိုပဲ အဆင်ပြေအောင်နေပေါ့ ညီမလေးရယ်၊ ကိုကို ဆရာဝန်ဖြစ်ပြီးရင် ညီမလေးတို့ဆီကို ပြန်လာခဲ့မယ်၊ ဟုတ်ပလား"

ဟု နှစ်သိမ့်လိုက်သည်။

"တကယ်ပြောတာနော်၊ ကိုကို ဆရာဝန်ဖြစ်ပြီးလို့မှ အိမ်ကိုပြန်မလာရင် ညီမလေးက ကိုကိုရှိတဲ့နေရာကို လိုက်လာ ပြီးနေမှာ သိရဲ့လား"

"အေးပါ.... ကိုကို တကယ်ပြန်လာပါ့မယ်"

"ကိုကို... သူက ဘယ်သူလဲဟင်"

ဟု ပန်းအိဖြူက မိမိမြတ်ကိုကြည့်၍ တိုးတိုးမေးသည်။

"သူ့နာမည်က မိမိမြတ်တဲ့၊ ကိုကို့ရဲ့မိတ်ဆွေပါ"

"မမက နာမည်လည်းလှတယ်၊ လူကလည်း အရမ်း လှတာပဲနော်"

"ကျေးဇူးတင်ပါတယ်ကွယ်၊ ဒါထက် ညီမလေးရဲ့နာမည် က ဘယ်သူလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မနာမည်က ပန်းအိဖြူလို့ ခေါ်ပါတယ်"

"ညီမလေးပေည်း နာမည်လည်းလှ၊ လူလည်းလှတာ ပါပဲကွယ်၊ ဒါထက် ညီမလေးတို့က အခု ဘယ်မှာနေတာလဲ ဟင်"

"ကျွန်မတို့က ကင်းဘဲလမ်းက သီရိဂေဟာခြံကြီးမှာ နေပါတယ်၊ မမကြုံရင် ဝင်လည်နိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ်ကွယ်"

"ကိုကို... ညီမလေး သွားတော့မယ်၊ ကိုကို့ကတိ အတိုင်း ဆရာဝန်ဖြစ်ရင် အိမ်ကိုပြန်လာခဲ့ရမယ်နော်"

"အေးပါ... ကိုကို ပြန်လာပါ့မယ်"

"ဒါဖြင့် ညီမလေး သွားတော့မယ်၊ မမ ကျွန်မ သွားတော့မယ်နော်"

"အေးကွယ်..."

ပန်းအိဖြူက နူတ်ဆက်ပြီး သူ့အဖေ်နှင့်အတူ ထွက်သွားလေတော့သည်။

ထိုအခါ မိမိမြတ်က...

"ကိုကျော်စွာ ညီမလေးက သွက်လည်းသွက်တယ်၊ ချစ်ဖို့လည်း သိပ်ကောင်းတာပဲနော်"





ဟု ပြောလိုက်ရာ ကျော်စွာက ပြုံး၍ ခေါင်းညိတ်ပြရုံသာ ပြုလိုက်လေသည်။

ခဏကြာသောအခါ ဝင်းလဲ့ဖြူ ပြန်ရောက်လာသဖြင့် သုံးယောက်သား ဘုရားရင်ပြင်တော်ပေါ်မှ ပြန်ဆင်းခဲ့ကြလေတော့သည်။

ထိုနေ့က ဘုရားပေါ်မှ ပြန်လာပြီးကတည်းက မိမိမြတ်ရင်ထဲမှာ ပဟေဠိတွေ ပါလာခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၁၁)

# အချစ်ဆိုသောအရာ

နောက်တစ်ပတ်ခန့် ကြာသောအခါ မိမိမြတ်က ဝင်းလဲ့ဖြူကို ဤသို့ပြောပြလေသည်။

"ကိုယ်တော့ သိချင်တာတွေ သိခဲ့ရပြီ လဲ့ဖြူ"

"ဘာတွေ သိခဲ့ရတာလဲ၊ ကိုကျော်စွာအကြောင်းလား"

"ဟုတ်တယ်လေ... ကိုယ် သူ့ညီမလေး ပန်းအိဖြူနဲ့လည်း တွေ့ခဲ့ရတယ်၊ နောက်ပြီး ကိုကျော်စွာပိုင်တဲ့ သီရိဂေဟာ [illegible]နဲ့ ခြံကြီးကိုလည်း တွေ့ခဲ့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်... ဟုတ်ရဲ့လားဟယ်၊ သူက ဒီလောက်ချမ်းသာ ပါလျက်နဲ့ ဘာကြောင့် အခုလို ဒီမှာ ဆင်းဆင်းရဲရဲ လာနေ ရတာတဲ့လဲ"

"မင်း... အံ့ဩသွားပြီ မဟုတ်လား၊ သူ့အကြောင်း တွေကိုသာ သိရင် ဒီထက်တောင်အံ့ဩရဦးမယ်၊ ကိုကျော်စွာ ဟာ သာမန် အညတြတစ်ယောက် မဟုတ်ဘူးလို့ ကိုယ် မှတ်ချက်ချထားတာ အခုတော့ မှန်နေပြီလေ"

"ဘယ်လိုမှန်တာလဲ ပြောပြပါဦး"

"သူတို့ရဲ့ဘိုးဘွားတွေဟာ နန်းစဉ်နန်းဆက်တွေ ဆိုတာ ရယ်၊ ကင်းဘဲလမ်းထဲမှာရှိတဲ့ သိရိဂေဟာခြံနဲ့ အိမ်ကြီးဟာ သူ အသက်နှစ်ဆယ်ပြည့်ရင် ပြန်လွှဲယူရမယ်ဆိုတာ ကိုယ် သိခဲ့ရတယ်"

"ဒါတော့ ထားပါတော့၊ မင်းက ဒီအကြောင်းတွေကို ဘယ်လိုကနေဘယ်လို သိခဲ့တယ်ဆိုတာလည်း ပြောပြပါဦး"

"ပြောပြရရင်တော့ အတော်အံ့ဩစရာပဲ၊ ငါ့မိဘတွေ က တစ်နေ့တုန်းက ကင်းဘဲလမ်းထဲမှာရှိတဲ့ သူ့မိတ်ဆွေတွေ ဆီကိုသွားတာ ကိုယ့်ကိုပါ ခေါ်သွားကြတယ်၊ အဲဒီခြံက ကိုကျော်စွာပိုင်ဆိုင်တဲ့ သိရိဂေဟာနဲ့ မဝေးလှဘူး၊ နောက်ပြီး





အဲဒီမှာ နေတဲ့လူတွေကလည်း ကိုကျော်စွာအကြောင်းကို ကောင်းကောင်းသိကြတယ်လေ"

"ထားပါတော့၊ ဒါထက် မင်းက တွေ့တွေ့ချင်း သူ့ အကြောင်းတွေကို မေးကြည့်တာလား"

"အဲဒီလိုမေးရင် ငါ့ကို အထင်လွဲကုန်မှာပေါ့ လဲ့ဖြူရဲ့"

"ဒါဖြင့် ဘယ်လိုသိတာလဲ၊ ပြောပါဦး"

"ပြောရရင်တော့ ငါ့မိဘတွေ သွားကြတဲ့ကိစ္စဟာ သားရေးသမီးရေးကိစ္စ ဖြစ်မယ်ထင်တယ်၊ သူတို့မှာ သား တစ်ယောက်ရှိတော့ ငါ ဘွဲ့ရပြီးတာနဲ့ လက်ထပ်ပေးကြဖို့ စီစဉ်နေတာ ဖြစ်ကြလိမ့်မယ်၊ သူ့နာမည်က ကိုတင်မောင် လွင်တဲ့"

"ဩော်... မင်းက နာမည်တွေ ဘာတွေတောင် သိခဲ့ ပြီပေါ့"

"သိတာပေါ့... ငါတို့နှစ်ယောက်ကို အေးအေးဆေးဆေး စကားပြောဖို့ တွေ့ပေးတာကိုး၊ ဒီတော့မှ ကိုယ်က ဒီလမ်းထဲ မှာ သူငယ်ချင်းတစ်ယောက်ရှိတယ်၊ သူ့နာမည်က ကိုကျော်စွာ လို့လည်း ပြောလိုက်ရော..."

တင်မောင်လွင်မှာ မိမိနှင့် လူကြီးချင်း စေ့စပ်နေကြ သော မိမိမြတ်ထံမှ ကျော်စွာဆိုသော နာမည်ကို ကြားလိုက် ရသောအခါ များစွာ အံ့ဩသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမိမိမြတ်က ကျော်စွာ့ကို သိလို့လား"

"ကျွန်မ သူနဲ့သိတာကြာပါပြီ၊ ဆေး(၂)မှာရှိတဲ့ သူငယ်ချင်းဆီကို သွားရင်းနဲ့ ခင်ကြတာပါ၊ သူ့ကြည့်ရတာ သနားဖို့သိပ်ကောင်းတယ်၊ ချို့ချို့တဲ့တဲ့လည်း အတော်နေနိုင်တယ်၊ နေပူမရှောင်၊ မိုးရွာမရှောင် သတင်းစာပို့လိုက်၊ ဆိုက်ကားနင်းလိုက် လုပ်နေရတာ"

"ဟင်... သူက ဆိုက်ကားနင်းနေတယ်၊ ဟုတ်လား"

"ဟုတ်ပါတယ်"

"ခက်တယ်... အတော်ကို ခက်ပါတယ်၊ သူက တကယ့်ကို လူတစ်မျိုးပါပဲ၊ ဘယ်သူပေးတဲ့ အကူအညီကိုမှ မယူချင်ဘူး၊ သူ့အတွက်ဆိုရင် ကျွန်တော် ဘာပဲလုပ်ပေးရ လုပ်ပေးရ လုပ်ပေးနိုင်ပါတယ်၊ ဒါပေမယ့် သူက လုံးဝလက်မခံဘူးဗျာ"

ဟု တင်မောင်လွင်က စိတ်မကောင်းသည့် လေသံဖြင့် ပြောလိုက်သည်။

"ကျွန်မကို သူ့အကြောင်း နည်းနည်းလောက် ပြောပြပေးပါလား"

"တကယ်တော့ ကျော်စွာဟာ သာမန် အညတြမျိုးရိုးထဲက မဟုတ်ပါဘူး၊ သူ ဘာကြောင့် ဒီလိုနေရသလဲဆိုတာ ကျွန်တော် ပြောပြပါ့မယ်"





ဟု အစချီကာ တင်မောင်လွင်က ကျော်စွာနှင့် ပတ်သက်သော အကြောင်းအရာအချို့ကို သူသိသမျှ ပြောပြလိုက်သည်။

ထိုအခါမှ မိမိမြတ်လည်း သူသိချင်သော ကျော်စွာအကြောင်းကို သိရလေတော့သည်။

"ငါ... သူ့အကြောင်းကိုသိရတာ မဆန်းဘူးလား"

ဝင်းလဲ့ဖြူက မိမိမြတ်ပြောသမျှကို နားထောင်နေပြီးမှ

"ဒါကတော့ ထားပါတော့၊ ဒီအတိုင်းဆိုရင် မင်းတွဲ့ယူပြီးတာနဲ့ ကိုတင်မောင်လွင် ဆိုတဲ့လူကို လက်ထပ်ရမှာပေါ့၊ ဟုတ်လား"

ဟု မေးလိုက်သည်။

"ဒီလိုလည်း မဟုတ်သေးပါဘူး၊ လူကြီးချင်းသာ ပြောကြတဲ့အဆင့်ပဲ ရှိပါသေးတယ်၊ တို့လူငယ်ချင်းက တစ်ယောက်အကြောင်းလည်း တစ်ယောက်က ဘာမှမသိ၊ တစ်ယောက်သဘောလည်း တစ်ယောက်က မသိရသေးဘဲနဲ့ လက်ထပ်ဖို့အဆင့်အထိ မရောက်နိုင်သေးပါဘူး"

"ကိုယ့်အမြင် ပြောရရင်တော့ ကိုတင်မောင်လွင်ထက် ကိုကျော်စွာကိုများ ပိုပြီးစိတ်ဝင်စားနေသလား မသိဘူး"

"အို... လဲ့ဖြူကလဲ၊ ဘာတွေပြောနေမှန်း မသိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ဟာ ဆေးကျောင်းသူ တစ်ယောက်ဆိုတာ မင်းမေ့နေပြီထင်တယ်၊ လူတစ်ယောက်ရဲ့ နှလုံးသားကို ခွဲစိတ်ပြီးတော့လည်း သိနိုင်တယ်၊ အပြင်ကလည်း မြင်အောင် ကြည့်နိုင်တယ်၊ ကိုယ်နဲ့ လက်ထပ်ရမယ့် လူတစ်ယောက်ရဲ့ ရှေ့မှာ ဘာမှမဆိုင်သေးတဲ့ လူတစ်ယောက်ရဲ့အကြောင်းကို မေးဝံ့တယ်ဆိုတဲ့ သတ္တိဟာ နည်းသလား။ ဒါဟာ မမြင်ရတဲ့ စွမ်းအားတစ်ခုက မတိုက်တွန်းဘဲ ဘယ်နည်းနဲ့မှ မရနိုင်ဘူး သိလား... အဲဒီစွမ်းအားက ဘာလဲဆိုတာရော သိသလား"

မိမိမြတ်က ဝင်းလဲ့ဖြူမျက်နှာကို ငေးကြည့်နေသည်။

သည်တော့မှ ဝင်းလဲ့ဖြူက သူမ၏မျက်နှာအနီးသို့ တိုးတိုးလေးကပ်ကာ ပြောလိုက်သည်။

"အဲဒါ မမြင်ရတဲ့ အချစ်ရဲ့စွမ်းအားပဲပေါ့"

ဝင်းလဲ့ဖြူက တိုးတိုးလေး ကပ်ပြောလိုက်သော်လည်း မိမိမြတ် ရင်ထဲမှာ ကျယ်လောင်စွာ ပဲ့တင်ရိုက်ခတ်သွားလေသည်။

ထိုအသံသည် အိမ်ပြန်ရောက်သည်အထိ လှိုင်းထ,နေဆဲဖြစ်၏။

တစ်နေ့တွင် မိမိမြတ် ကျောင်းမှ ကားဖြင့်ပြန်လာစဉ် လေဆိပ်လမ်း ရောက်သောအခါ သတင်းစာပို့ပြီး ပြန်လာ





သော ကျော်စွာနှင့်တွေ့သဖြင့် လမ်းမှာရပ်၍ စကားပြောနေစဉ် မိမိမြတ်၏ မိဘများက ကားနှင့်ရောက်လာလေတော့သည်။

"ငါ့သမီး သတင်းစာပို့တဲ့လူနဲ့ ဘာလိုလို သဘင်းကြားလို့ တမင်စောင့်ကြည့်နေတာ၊ အခုမှ တွေ့ရတော့တယ်"

"မဟုတ်ပါဘူး မေမေ၊ သမီးတို့ မိတ်ဆွေတွေပါ၊ သူက သတင်းစာပို့နေပေမယ့် ဆေးတက္ကသိုလ်တက်နေတဲ့ ကျောင်းသားတစ်ယောက်ပါ"

"အို... ဆေးတက္ကသိုလ်တက်တက်၊ ဘယ်မှာပဲတက်တက် အရေးမကြီးပါဘူး၊ တို့က ဆွေကြီးမျိုးကြီး ဂုဏ်နဲ့ ဖြိုးနဲ့နေတာ၊ ဒီလို အဆင့်အတန်းမရှိတဲ့ လူနဲ့ ဆက်ဆံတာ မကြိုက်ပါဘူး၊ ညည်းကသာ ဆေးတက္ကသိုလ်ကျောင်းသား ဆိုပြီးတော့ အထင်ကြီးနေတာ၊ သူ့မှာ မိဘဆွေမျိုးနဲ့ နေစရာမရှိလို့ အဆောင်မှာကပ်နေပြီး သတင်းစာပို့နေရတာ မဟုတ်လား"

"ဒေါ်ဒေါ်... လူတစ်ဖက်သားရဲ့ အကြောင်းကို အားလုံး မသိဘဲနဲ့ ဒီလိုတော့ မပြောသင့်ပါဘူး"

"အောင်မယ်... မင်းကတောင် ဒီစကားမျိုး ပြောတယ် ဟုတ်လား၊ နေစမ်းပါဦး၊ မင်းက ဒီလိုစကားမျိုး ပြောရလောက်အောင် ဘယ်လိုမျိုးရိုး ဂုဏ်သိက္ခာရှိခဲ့လို့လဲ"



www.burmeseclassic.com

"တစ်နေ့ကျရင်တော့ ဒေါ်ဒေါ် ကျေနပ်လောက်အောင် ကျွန်တော့်ရဲ့ အဆင့်အတန်းကို ပြပါ့မယ်"

"အောင်မယ်... သတင်းစာပို့သမားရဲ့ စကားက ကြီးကျယ်လှချည်လား၊ အေး... ဘာပဲဖြစ်ဖြစ် နောက်ကို ငါ့သမီးနဲ့ ပတ်သက်ဖို့ လုံးဝမကြိုးစားပါနဲ့၊ နောက်နေ့ကစပြီး သတင်းစာလည်း လုံးဝလာမပို့နဲ့တော့၊ ဒါပဲ"

ဟု ပြောဆိုကာ မိမိမြတ်ကို သူ့ကားပေါ် တင်ခေါ်သွားလေတော့သည်။

မိမိမြတ် စီးလာသောကားကို ဒရိုင်ဘာက မောင်း၍ နောက်မှလိုက်သွားလေသည်။

ကျော်စွာ့ရင်ထဲမှာတော့...

"တစ်နေ့ကျရင် ငါ့မိဘဆွေမျိုးတွေရဲ့ အကြောင်းကို အားလုံးသိဖို့ ငါကြိုးစားရမယ်"

ဟု အံကိုကြိတ်ကာ ဆုံးဖြတ်ချက် ချလိုက်လေသည်။

ထိုအချိန်မှစ၍ နောက်ပိုင်းရက်များတွင် မိမိမြတ်နှင့် မတွေ့ရတော့ပေ။

ကျော်စွာမှာလည်း သတိရမိသော်လည်း မိမိနှင့် ဘာမှ မဆိုင်သေးသောကြောင့် မတတ်သာဘဲ မိမိပညာရေးကို ပြီးဆုံးအောင်သာ ကြိုးစားရလေတော့သည်။





တစ်နေ့တော့ ဝင်းလဲ့ဖြူထံမှတစ်ဆင့် သူ့ဆီသို့ စာအိတ်ပူထူတစ်လုံး ရောက်လာသည်။

မိမိမြတ်ထံမှ ရေးလိုက်သောစာ ဖြစ်သည်။

ဖွင့်ကြည့်လိုက်တော့...

ကိုကျော်စွာ...

မြတ် သတိရစွာနဲ့ စာရေးလိုက်ပါတယ်...

တစ်လောက မေမေ ပြောခဲ့တဲ့စကားတွေနဲ့ ပတ်သက်ပြီး ခွင့်လွှတ်ပေးပါလို့ တောင်းပန်ချင်ပါတယ်၊

တကယ်တော့ မေမေတို့က ဘိုးဘွား အစဉ်အဆက်က နန်းတွင်းဆက်တွေဆိုတော့ မျိုးရိုးရဲ့ဂုဏ်ကို သိပ်ပြီးတန်ဖိုးထားကြတယ်၊ ဒါပေမယ့် ကိုကျော်စွာရယ်...

ဒါတွေက ဘဝတစ်ခုအတွက်တော့ သိပ်ပြီး အရေးကြီးလှတယ်လို့တော့ မဆိုသာပါဘူး...

ကျွန်မ ကိုတင်မောင်လွင်နဲ့ တွေ့လို့ ကိုကျော်စွာ့ အကြောင်းတွေကို သိတန်သလောက် သိပြီးပါပြီ...

ထိုနေရာရောက်သောအခါ ကျော်စွာ့စိတ်ထဲမှာ 'သူက ...မောင်လွင်နဲ့ ဘယ်လို အဆက်အစပ်ရှိလို့ ငါ့အကြောင်း

www.burmeseclassic.com



တွေကို သိရတာပါလိမ့်' ဟု တွေးမိရင်း စာကို ဆက်ဖ
သည်။

မြတ် ကိုကျော်စွာနဲ့တွေ့ပြီး စကားပြောချ
သေးတယ်၊

ဒီလိုတွေ့ဖို့ကလည်း လွယ်တော့ မလွယ်လှ

ကိုတင်မောင်လွင်ကို ပွင့်ပွင့်လင်းလင်း ပြော
အကူအညီတောင်းမှ ရမှာပါ…

ကိုကျော်စွာကို အမြဲသတိရနေတဲ့

မြတ်

ဟူ၍ ရေးသားထားလေသည်။

စာကိုဖတ်ပြီးတော့ ကျော်စွာ သက်ပြင်းတစ်
ချလိုက်သည်။

"ကိုယ်လည်း စိတ်ထဲက မြတ်ကို အမြဲသတိရ
တယ်"

ဟု တိုးတိုးလေး ရေရွတ်လိုက်မိသည်။

နောက်တစ်ရက်တွင် အဆောင်သို့ တင်မော
ရောက်လာသည်။

ရောက်ရောက်ချင်း တင်မောင်လွင်က မေးသ





"ကျော်စွာ… မင်း မိမိမြတ်ဆိုတဲ့ မိန်းကလေးကို
သိလား"

"သိပါတယ်… အရင်က ငါ သူတို့အိမ်ကို သတင်းစာ
သွားပို့ပေးရင်း သိတာပါ"

"မင်းတို့ချင်း အတော်ရင်းနှီးနေကြပြီလား"

"သာမန် မိတ်ဆွေအဆင့်ပဲ ရှိပါတယ်၊ ဘာဖြစ်လို့လဲ
တင်မောင်လွင်"

"မင်းကသာ သာမန်မိတ်ဆွေလို သဘောထားနေ၊
သူက မင်းအကြောင်းတွေကို အတော်စိတ်ဝင်စားနေပုံရတယ်၊
ဒီနေ့က ငါနဲ့တွေ့တော့ မင်းအကြောင်းတွေကို မေးလို့
ပြောလိုက်ရသေးတယ်"

"ဒါထက် နေပါဦး… မိမိမြတ်နဲ့ မင်းနဲ့က ဘယ်လို
ပတ်သက်ကြတာလဲ"

ဟု ကျော်စွာက မေးလိုက်သည်။

"မင်းကို အမှန်အတိုင်းပြောရရင်တော့ သူက ငါနဲ့
ကြီးချင်း သဘောတူထားတဲ့ မိန်းကလေးပဲ"

"ဟင်…"

"သိပ်လည်း မစိုးရိမ်ပါနဲ့ သူငယ်ချင်းရာ၊ လူကြီးတွေ
သာ စေ့စပ်နေပေမယ့် ငါကလည်း သူ့ကို စိတ်မဝင်စား



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ သူကလည်း ငါ့ကို စိတ်ဝင်စားတဲ့ပုံ မပေါ်ပါဘူး၊ …
တကယ်စိတ်ဝင်စားတာက မင်းကိုပဲ၊ ဒါကို မင်း သိရဲ့လား…

ကျော်စွာက သက်ပြင်းတစ်ချက် ချလိုက်သည်။

"မဖြစ်နိုင်ပါဘူးကွာ... ငါတို့ချင်းက ဘာမှဖြစ်ကြ… တာ မဟုတ်ပါဘူး၊ မင်းတို့နှစ်ယောက်ကြားမှာ ငါ့အတွက်… အနှောင့်အယှက် မဖြစ်ပါရစေနဲ့"

"ပူစရာမဟုတ်တာကို ပူမနေပါနဲ့ ကျော်စွာရယ်၊ လော… မှာ ကိုယ့်ကိုယ်ကို မညာသင့်တဲ့အရာ၊ ဟန်မဆောင်သင့်… အရာတွေထဲမှာ 'အချစ်' ပါတယ်...

အချစ်နဲ့ပတ်သက်လာရင် အားမနာနဲ့၊ ဟန်မဆောင်… အဲသည်လိုဆိုရင် တစ်သက်လုံး နောင်တ,ရမဆုံး ဖြစ်ရတ… တယ်ကွ သိရဲ့လား"

တင်မောင်လွင်က ဝါရင့် အချစ်အဘိဓမ္မာ ဆရာ… တစ်ဦး လေသံနှင့် ပြောဆိုကာ ပြန်သွားလေတော့သည်။

ကျော်စွာမှာသာ ဝေခွဲရခက်သော အတွေးများ… ငိုင်၍ကျန်ရစ်ခဲ့လေသည်။





## အခန်း (၁၂)

# ပန်းအိဖြူ ရောက်လာခြင်း

တင်မောင်လွင်၏ ကူညီဆောင်ရွက်ပေးမှုကြောင့် မိမိမြတ်နှင့် တွေ့ခွင့်ရလေသည်။

မိမိမြတ်၏ မိဘများက တင်မောင်လွင် လာခေါ်သဖြင့် စိတ်ချလက်ချ ထည့်လိုက်ကြခြင်းဖြစ်သည်။

သည်လို ခက်ခက်ခဲခဲ တွေ့ရပြန်တော့လည်း ဘယ်ကနေ ဘယ်လို စကားစ,ရမှန်း မသိပေ။

"ကိုကျော်စွာ"

ကျော်စွာက လှည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝင်းလဲ့ဖြူနဲ့ ပေးလိုက်တဲ့စာ ရသလားဟင်"

"ရပါတယ်"

"ဖတ်ပြီးပြီ မဟုတ်လား"

"ဖတ်ပြီးပါပြီ၊ ကျွန်တော် မြတ်ကို ခွင့်လွှတ်ပါတယ်၊ အခုလိုဖြစ်တာ ကျွန်တော့်အတွက်တော့ တစ်ခုကောင်းပါ တယ်"

"ဘာလဲဟင်"

"ကျွန်တော့်မိဘတွေနဲ့ ပတ်သက်ပြီး ဆောင်ရွက်ရမယ့် တာဝန်တစ်ခု ကျန်နေသေးတယ်၊ အဲဒီတာဝန်ကို ကျော် ကိစ္စတွေပြီးတာနဲ့ ကျွန်တော် ဆောင်ရွက်ရတော့မယ်"

"ဘယ်လို တာဝန်လည်းဆိုတာ ကျွန်မ မသိရဘူးလား ဟင်"

"ကျွန်တော့်ရဲ့ ဘိုးဘွားတွေရှိတဲ့ နေရာတစ်ခုကို သွားရှာရမှာပါ၊ အချိန်ကတော့ နည်းနည်းယူရမှာပါ၊ ဒါကြောင့် မြတ်ကို ကျွန်တော် တစ်ခုမေးပါရစေ"

"မေးလေ ကိုကျော်စွာ"

"မြတ်ရဲ့မိဘတွေက တင်မောင်လွင်နဲ့ စေ့စပ်ကြတယ် ဆိုတာ ဟုတ်သလားဟင်"

မိမိမြတ်က ခေါင်းညိတ်ပြသည်။





"အဲဒါ မြတ်သဘောက ဘယ်လိုရှိသလဲဟင်"

"ဟင့်အင်း... အခုအချိန်အထိ ကိုတင်မောင်လွင်နဲ့ ပတ်သက်ပြီး ဘယ်လိုခံစားမှုမှ မရှိသေးဘူး၊ အဲဒီလိုမရှိလို့ သာ သူ့ရှေ့မှာ ကိုကျော်စွာနဲ့ အခုလို လာတွေ့ဝံ့တာပေါ့"

"အင်း... ဒါလည်း ဟုတ်သားပဲ၊ ဒီလိုဆိုရင် မြတ်ကို ကိုယ်ပြောချင်တာတွေ ပြောပါရစေ"

"ပြောလေ ကိုကျော်စွာ"

"ကျွန်တော် မြတ်ကို စ,တွေ့ကတည်းက စိတ်ဝင်စား မိတယ်၊ နောက်တော့ တဖြည်းဖြည်းနဲ့ သံယောဇဉ်ဖြစ်ပြီး ချစ်လာမိတယ်၊ ဒါကြောင့် မြတ် သဘောတူရင် မြတ်မိဘ တွေ လက်ခံနိုင်တဲ့အထိ ကျွန်တော် ကြိုးစားပါရစေ"

"ကိုကျော်စွာက ဘယ်လိုအစီအစဉ်တွေ ရှိနေလို့လဲဟင်"

"ကျွန်တော့်မိဘ ဘိုးဘွားတွေရဲ့ ဆွေစဉ်မျိုးဆက် မှတ်တမ်းတွေကို ကျွန်တော် ရအောင်ရှာမယ်၊ ပြီးမှ မြတ်ကို လက်ထပ်ပြီး သီရိဂေဟာအိမ်ကြီးကို ပြန်မယ့်အစီအစဉ်ပါ၊ အဲဒါ မြတ်ရဲ့သဘောကို သိပါရစေ"

မိမိမြတ်က အတန်ကြာအောင် စဉ်းစားနေပြီးမှ...

"ကျွန်မရဲ့ နှလုံးသားနဲ့ပတ်သက်တဲ့ ပထမဆုံး ဆုံးဖြတ် ချက်ဟာ ကိုကျော်စွာရဲ့ မေတ္တာကို လက်ခံဖို့ပါပဲ၊ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာ ဂုဏ်တွေ, ငွေတွေ မလိုပါဘူး၊ ကိုယ်မြတ်နိုးတဲ့လူ အတူတူနေနိုင်ဖို့ပဲ မျှော်လင့်မိပါတယ်...

ကိုကျော်စွာ ပြန်လာတဲ့အထိ ကျွန်မ သစ္စာရှိရှိ စောင့်နေပါ့မယ်"

"ဒီစကားကြားရတာ ကိုယ် ဝမ်းသာလိုက်တာ မြတ် ရယ်၊ ကိုယ် မြတ်ရဲ့အပေါ်မှာ ဘယ်တော့မှ သစ္စာမဖောက် ဘူး၊ ခရီးထွက်ရာက ပြန်ရောက်တာနဲ့ မြတ်ဆီကို ချက်ချင် လာခဲ့ပါ့မယ်"

ဟု ပြောဆို ကတိပေးကာ ပြန်ခဲ့ကြလေသည်။

ထို့နောက်...

ကျော်စွာသည် ဆေးတက္ကသိုလ်မှ ဆရာဝန်ဘွဲ့လက်မှတ် ရပြီး အလုပ်သင်တာဝန်များ ထမ်းဆောင်ပြီး အစိုးရခန့်အပ် မည့် အလုပ်တာဝန်များကို စောင့်နေစဉ်ကာလမှာပင် ရှေ့နေ ကြီး ဦးဘဉီးနှင့်တွေ့ပြီး မိမိ မိဘဘိုးဘွားများ၏ အမွေ ဖြစ်သော သီရိဂေဟာခြံနှင့် အိမ်ကြီးကို လွှဲယူရလေသည်။

မိဘများထားရစ်ခဲ့သော အတွင်းပစ္စည်းဖြစ်သည့် ရွှေငွေ ရတနာများကတော့ ဦးကျော်ဒွန်းနှင့် သီဂီတို့ ဖြုန်းတီးပစ်သော ကြောင့် အားလုံးမကျန်တော့ပေ။





အိမ်နှင့်ခြံကို ပြန်ရပြီးသော်လည်း မိမိမှာ ခရီးထွက်ရန် အစီအစဉ်များရှိသောကြောင့် သီဂီတို့ကိုသာ ဆက်လက်နေထိုင် ခွင့် ပြုထားခဲ့လေသည်။

သီဂီအပေါ်မှာ စေတနာမရှိလှသော်လည်း ညီမငယ် တစ်ဦးပမာ သံယောဇဉ်ရှိသော ပန်းအိဖြူအတွက် ငဲ့ညှာကာ ထိုကဲ့သို့ ဆက်နေခွင့်ပြုခြင်းလည်း ဖြစ်သည်။

အစီအစဉ်များပြီးသောအခါ ခရီးထွက်မည့် အစီအစဉ် ကို တင်မောင်လွင်နှင့် တိုင်ပင်ရလေတော့သည်။

"ငါ ခရီးထွက်စရာရှိတယ် သူငယ်ချင်း၊ နည်းနည်း ကြာချင် ကြာမယ်"

"မင်းက ဘယ်နေရာကိုသွားမှာလဲ၊ ငါ့ကို အကျိုး အကြောင်းလည်း ပြောပြပါဦး"

ဟု မေးသဖြင့် အကြောင်းစုံ ပြောပြလိုက်ရာ တင်မောင် လွင်က စိတ်ဝင်စားသွားလေသည်။

"မင်းပြောတဲ့ ခရီးစဉ်က အတော် စိတ်ဝင်စားစရာ ကောင်းတာပဲ၊ ဗဟုသုတတွေလည်း အများကြီးရမှာ၊ ငါလည်း ကျောင်းပြီးကတည်းက အိမ်မှာ ဘာအလုပ်မှမရှိဘဲ နေရတာ ပျင်းလာပြီ၊ အိမ်မှာရှိနေရင်လည်း မိန်းမယူဖို့ချည်း နားပူ



www.burmeseclassic.com

www.burmeseclassic.com



နားဆာ လုပ်နေကြတာလည်း နားငြီးလှပြီ၊ ဒီတော့ မင်းလည်း အဖော်ရအောင် ငါပါလိုက်ခဲ့မယ်လေ"

"ဖြစ်ပါ့မလား တင်မောင်လွင်ရာ၊ ခရီးက အဝေးကြီး ရယ်၊ နောက်ပြီး အန္တရာယ်တွေလည်းများတယ်"

"ဖြစ်ပါတယ်ကွာ၊ မင်းတောင်မှ စွန့်စွန့်စားစား သွားဝံ့သေးတာ၊ ငါက ဘာကြောင့် မလိုက်ဝံ့ရမှာလဲ၊ အဖေတို့ အမေတို့ကိုတော့ မင်းနဲ့အတူ ပန်းမော်ကို အလည်သွားမှာ လို့ပဲ ပြောကြတာပေါ့"

ဟု ပြောလေရာ ကျော်စွာမှာလည်း မိမိတစ်ယောက်တည်း သွားတာနှင့်စာလျှင် တင်မောင်လွင်ပါလျှင် ပိုကောင်းမည်ဟု ယူဆမိသဖြင့် လက်ခံလိုက်သည်။

သို့ကြောင့်...

နှစ်ယောက်သား ခရီးထွက်ရာတွင် လိုအပ်မည်ထင်သော ပစ္စည်းများကို ဝယ်ယူစုဆောင်းကြသည်။

တင်မောင်လွင်က ၎င်းဖခင် လိုင်စင်နှင့်ကိုင်သော ခြောက်လုံးပြူးသေနတ်ကို ယူလာခဲ့မည်ဟု ပြောသည်။

တင်မောင်လွင့် မိဘများကလည်း ကျော်စွာနှင့်သွားမှာ ဆိုတော့ စိတ်ချလက်ချနှင့်ပင် ခွင့်ပြုလိုက်ကြသည်။





ခရီးထွက်ကာနီးမှာတော့ မြတ်နှင့် တစ်ကြိမ်ထပ်တွေ့ကာ ခရီးထွက်ရာမှ ပြန်ရောက်တာနှင့် လက်ထပ်ပါမည့်အကြောင်း ကတိပေးခဲ့လေသည်။

ထိုရက်နားနီးကာမှ ကျော်စွာရှိရာသို့ မမျှော်လင့်သူတစ်ဦး ရောက်လာလေတော့သည်။

ပန်းအိဖြူပင် ဖြစ်တော့သည်။

ပန်းအိဖြူသည် ကျော်စွာကို မြင်သောအခါ လက်မောင်းကိုဖက်ကာ ရှိုက်ကြီးတငင် ငိုလေတော့သည်။

"ဟင်... ညီမလေး... ဘယ်လိုဖြစ်လာတာလဲ"

"ကိုကို... ညီမလေးကို ကယ်ပါဦး"

"နင် ဘယ်လိုဖြစ်လာတယ် ဆိုတာကို ပြောပြဦးလေ"

ထိုအခါ ပန်းအိဖြူက ရှိုက်သံတစ်ဝက်ဖြင့် ပြောပြလေသည်။

"ဖေဖေ မရှိတဲ့နောက်မှာ အိမ်မှာ စီးပွားရေးက မကောင်းတော့ မေမေက လောင်းကစားဝိုင်းတွေကို အိမ်ပေါ်မှာလုပ်ပြီး အကောက်ရတဲ့ငွေနဲ့ စားတယ်"

"ဟင်..."

"အိမ်ပေါ်မှာ အရက်ဝိုင်းတွေလည်း ရှိတယ်၊ နေ့ရောညပါ ဖဲဝိုင်းတွေလုပ်နေတော့ အိမ်ပေါ်မှာ ရှုပ်နေတာပါပဲ...



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး မေမေက ကျွန်မကို တရုတ်သူဌေးတစ်ယောက်နဲ့ ယူဖို့ အတင်းနားချနေတယ်...

တရုတ်သူဌေးကလည်း ရိသဲ့သဲ့လုပ်လာတယ်၊ ဒါကြောင့် အိမ်ပေါ်မှာ ဆက်မနေဝံ့လို့ ကိုကို့ဆီကို ပြေးလာတာပဲ၊ ညီမလေးကို ကယ်ပါဦး ကိုကိုရယ်"

ဟု သနားစဖွယ် ပြောပြလေသည်။

ထိုစကား ကြားရသောအခါ ကျော်စွာမှာ များစွာ စိတ်မကောင်း ဖြစ်သွားမိလေသည်။

ပန်းအိဖြူမှာ သွေးရင်းသားရင်း မဟုတ်သော်လည်း ငယ်စဉ်ကတည်းက အတူတူနေလာခဲ့ရသည်မို့ ညီမအရင်း သဖွယ် ချစ်ခင် တွယ်တာမိခဲ့ရသည်။

ယခု ထိုကဲ့သို့ ဒုက္ခနှင့်တွေ့လာတော့ ကျော်စွာမှာ ဘယ်လိုနည်းနှင့်မှ မျက်နှာမလွှဲသာတော့ပေ။

"ကဲ... တိတ်ပါတော့ ညီမလေးရယ်၊ အခုမှတော့ စိတ်မကောင်း ဖြစ်မနေပါနဲ့တော့၊ ညီမလေးသာ ကိုကိုနဲ့ လာနေမယ်ဆိုရင် တစ်သက်လုံး နေလို့ရပါတယ်"

"ဟင်... ကိုကို တကယ်ပြောတာလားဟင်"

"တကယ်ပြောတာပေါ့ ညီမလေးရယ်၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ အခု ကိုကိုတို့က ခရီးထွက်ကြဖို့ ပြင်ဆင် နေကြတာဆိုတော့ ဘယ်လိုလုပ်ရပါ့မလဲ"





"ကိုကိုတို့က ဘယ်ကိုသွားကြမှာလဲ"

"ဟိုး... အထက်ဘက်ကို သွားကြမှာ၊ ရက်နည်းနည်း ကြာချင်ကြာမယ်"

"ဒီလိုဆိုရင် ညီမလေးလည်း တစ်ခါတည်း လိုက်ခဲ့မယ်လေ"

"ညီမလေးက ကျောင်းတက်နေရတယ် မဟုတ်လား"

"စာမေးပွဲဖြေပြီးလို့ ကျောင်းတွေ ပိတ်ထားတယ်လေ ကိုကိုရဲ့"

"ဪ... ဟုတ်သားပဲ၊ ခရီးထွက်ရင် ပင်ပန်းမှာ ညီမလေးရဲ့၊ အပင်ပန်းခံနိုင်ပါ့မလား"

"ရပါတယ် ကိုကိုရယ်၊ အိမ်မှာနေရတာနဲ့စာရင် ကိုကိုနဲ့ လိုက်ရတာ လူပင်ပန်းပေမယ့် စိတ်ချမ်းသာမှာပါ၊ ညီမလေးကို မထားခဲ့ပါနဲ့နော် ကိုကို"

ထိုသို့ ပြောလာသဖြင့် ကျော်စွာက တင်မောင်လွင်နှင့် တိုင်ပင်ကြည့်သောအခါ တင်မောင်လွင်က လိုလိုလားလား နှင့်ပင် ခေါ်လာခဲ့ရန် ပြောဆိုလေသည်။

သို့ကြောင့်...

မူလ ခရီးထွက်ဖို့ရန် စီစဉ်ထားတာ သူတို့နှစ်ယောက်တည်း ဖြစ်သော်လည်း မမျှော်လင့်ဘဲ ပန်းအိဖြူတစ်ယောက် ပါလာသဖြင့် သုံးယောက် ဖြစ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အရေးပေါ်စီစဉ်ရသောကြောင့် ပန်းအိဖြူအတွက် သီးသန့်အဝတ်အစားများ ဝယ်မပေးနိုင်တော့ဘဲ ခရီးထွက် ရာတွင် ဝတ်ဆင်ရန်အတွက် အကြမ်းခံသော ဘောင်းဘီနှင့် ရှပ်အင်္ကျီများကိုသာ ဝယ်ပေးကြရသည်။

ခရီးထွက်ရန် အဆင်သင့်ဖြစ်သောအခါ ကျော်စွာက မြတ်နှင့်တွေ့၍ ခရီးထွက်ရာမှ ပြန်လာသည်နှင့် လက်ထပ် ရန်အတွက် အမြန်ဆုံးစီစဉ်မည်ဖြစ်ကြောင်း ကတိပေးကာ သုံးယောက်သား အမြန်ရထားဖြင့် မန္တလေးသို့ စတင် ခရီး ထွက်ခဲ့ကြလေသည်။





## အခန်း (၁၃)

# ခရီးထွက်ရန် ပြင်ကြလေပြီ

ပန်းမော်သည် ကျော်စွာ့ဖခင် ဦးမင်းအောင်နှင့် ဘိုးဘွား များ၏ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော်လည်း သူ့အနေ နှင့် တစ်ကြိမ်တစ်ခါက်မှ မရောက်ဖူးသေးပေ။

ပန်းမော်သည် သူတို့အတွက်တော့ တကယ်ကို နယ်မြေ အစိမ်းသက်သက် ဖြစ်နေတော့သည်။

သို့သော်လည်း နယ်မြို့ဖြစ်သည့်အားလျော်စွာ သူ၏ အဘိုးအဘွားများဖြစ်ကြသော ဦးဘဇံ ဒေါ်မယ်မုန့်တို့ အမည် ကိုသော်လည်းကောင်း၊ သူ့ဖခင် ဦးမင်းအောင်၏ အမည်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြောပြလိုက်သည့်နှင့် လူချင်း မမြင်ဖူး မသိဖူးသော်လည်း မိဘဘိုးဘွားများ မျက်နှာနှင့် ကူညီရိုင်းပင်းသူများကို တွေ့ကြ ရသည်။

ထို့နောက်...

ပန်းမော်မြို့တွင် တစ်ရက်ခန့်နေပြီး ဦးထွန်းအုံ့တို့ ဒေါ်မင်းဇာတို့ နေသောရွာများကို စုံစမ်းကြည့်ရာ ပန်းမော်နှင့် သိပ်မဝေးလှကြောင်း သိရသဖြင့် နောက်တစ်နေ့တွင် ထိုရွာ သို့ လိုက်သွားရန် ပြင်ဆင်ကြသည်။

သူတို့ ခရီးစဉ်အတွက် ဦးဆောင်သူမှာ ကျော်စွာ ဖြစ်သော်လည်း အတက်ကြွ အပျော်ရွှင်ဆုံးမှာ တင်မောင်လွင် ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော်...

သူ တစ်ဖက်သတ် နှစ်သက် သဘောကျနေသော ပန်းအိဖြူမှာ မမျှော်လင့်ဘဲ သူတို့အဖွဲ့နှင့် အတူပါလာသော ကြောင့် ဖြစ်သည်။

ပန်းအိဖြူကတော့ ယခင်က တင်မောင်လွင်ကို သိပ်ပြီး ကြည့်မရလှသော်လည်း ယခုကဲ့သို့ ခရီး အတူတူသွားရာမှ တစ်ယောက်အကြောင်း တစ်ယောက် သိသွားသောအခါ ယခင်ကလိုတော့ စိမ်းစိမ်းကားကား မဆက်ဆံတော့ပေ။





ကျော်စွာကတော့ သူတို့နှစ်ယောက် အခြေအနေကို မိသော်လည်း ဘာမှမပြောဘဲ မသိဟန်ပြုနေလေသည်။

ဒေါ်မင်းဇာ နေသောရွာမှာ ဧရာဝတီမြစ် အနောက် က်ကမ်းတွင်ရှိသဖြင့် အဆန်ခရီးဖြစ်ရာ ပန်းမော်မှ လှေဖြင့် စ်နေ့ခရီးခန့်မျှ ဆန်တက်ရသည်။

ပန်းမော်ဆိပ်ကမ်းမှ ကူးတို့လှေသမားတစ်ယောက်ကို က်ပို့ခိုင်းရာ နေဝင်ကာနီး အချိန်လောက်ရောက်မှ ဒေါ်မင်းဇာ နေသော မိုးမခရွာသို့ ရောက်သွားကြသည်။

ထိုရွာရောက်တော့ ရွာခံတစ်ယောက်က ဒေါ်မင်းဇာ နေသောအိမ်သို့ လိုက်ပို့ပေးသည်။

"ဒေါ်မင်းဇာ... ဒေါ်မင်းဇာ... ဧည့်သည်တွေ ပါလာ ယ်ဗျို့"

"ဟဲ့... ဘယ်က ဧည့်သည်တွေများလဲ"

အိမ်ထဲမှ ဒေါ်မင်းဇာ၏အသံကို ကြားရသဖြင့် ကျော်စွာ ာ ပန်းအိဖြူပါ ဝမ်းသာသွားကြသည်။

"ရန်ကုန်က လာကြတာလို့ ပြောတာပဲ"

"ရန်ကုန်ကလာတာ၊ ဟုတ်လား... ငါ့ဆီကို ရန်ကုန်က ကူးတက လာမယ့်ဧည့်သည် မရှိပါဘူးဟယ်"

ဟု ပြောကာ အပြင်သို့ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



နေဝင်ရီတရောအချိန် ဖြစ်သောကြောင့် သဲသဲကွဲကွဲ မြင်ရဟန်မရှိသဖြင့် ကျော်စွာက ခေါင်းပေါ်မှာဆောင်းထားသော ဦးထုပ်ကို ချွတ်လိုက်သည်။

"အဘွား..."

"ဟင်..."

"အဘွား... ကျွန်တော် အဘွားမြေး ကျော်စွာလေ"

"ဟင်... မြေးလေး... ကျော်စွာ၊ မင်း အဘွားဆီကို လိုက်လာတယ်၊ ဟုတ်လား... အဘွား ဝမ်းသာလိုက်တာကွယ်"

ဟု ကျော်စွာ့လက်မောင်းတစ်ဖက်ကို ကိုင်ထားရင်း မျက်ရည်လေးစမ်းစမ်းနှင့် ပြောရှာသည်။

"ဒီမှာ ကျွန်တော်တင်မဟုတ်ဘူး၊ ညီမလေးလည်း ပါလာတယ် အဘွားရဲ့"

"ဟင်... ပန်းအိဖြူလည်း ပါလာတယ်၊ ဟုတ်လား မင်းတို့မောင်နှမ ဘယ်လိုဖြစ်လာတာလဲ၊ အိမ်ကများ ထွက်ပြေးလာကြတာလားကွယ်"

"မဟုတ်ပါဘူး အဘွားရဲ့၊ အိမ်ထဲရောက်မှ ကျွန်တော် အကြောင်းစုံ ပြောပြပါ့မယ်"

"ကဲ... လာကြ...လာကြ"





ဟု အိမ်ထဲသို့ ခေါ်သွားလေသည်။

အိမ်ထဲသို့ ရောက်သောအခါမှ ကျော်စွာက ဒေါ်မင်းဇာတို့ ပြန်သွားပြီးနောက်ပိုင်း အဖြစ်အပျက် အခြေအနေအားလုံးနှင့် မိမိတို့ ခရီးထွက်လာခဲ့သော အစီအစဉ်များကို ပြောပြလိုက်လေသည်။

"ဩော်... ဦးကျော်ဒွန်းတောင် ဆုံးသွားရှာပြီကိုး"

ဒေါ်မင်းဇာက ပန်းအိဖြူရှိနေသောကြောင့် တိုးမျှသာပင် ရေရွတ်လိုက်သည်။

"မင်း ရောက်လာမှန်းသိရင် ကိုထွန်းအုံကြီးကတော့ သိပ်ပြီးဝမ်းသာရှာမှာပဲ၊ အဘွား သူ့နေတဲ့ရွာကို လူလွှတ်ပြီး အကြောင်းကြားခိုင်းလိုက်တယ်၊ မင်း ရောက်နေမှန်းသိရင် ညတွင်းချင်းတောင် ပေါက်ချင်ပေါက်ချလာမှာ"

ဟု ပြောလေသည်။

ဒေါ်မင်းဇာ ထင်သည့်အတိုင်းပင် ညဦးပိုင်း အချိန်လောက်တွင် ဦးထွန်းအုံ ရောက်လာလေတော့သည်။

ကျော်စွာနှင့် ပန်းအိဖြူတို့ကို မြင်သောအခါ လွန်စွာဝမ်းသာသော အမူအရာဖြင့်...

"ငါဖြင့် ယုံတောင် မယုံဘူးကွယ်၊ မင်းတို့ကို တွေ့ရတာ စိတ်ထဲမှာ ဝမ်းသာလိုက်တာ မပြောပါနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



ဟု စကားဆိုလေသည်။

ကျော်စွာက ဦးကျော်ဒွန်း ဆုံးသွားပြီးနောက် မိမိလည်း အသက်နှစ်ဆယ် ပြည့်ပြီဖြစ်၍ သီရိဂေဟာခြံနှင့် အိမ်ကြီးကို အမွေဆက်ခံခွင့် ရပြီဖြစ်ကြောင်း...

အပြန်တွင် ဦးထွန်းအုံရော ဒေါ်မင်းဇာပါ တစ်ပါတည်း ခေါ်သွားကာ မိမိပိုင်ဆိုင်သော သီရိဂေဟာတွင် ရာသက်ပန် ထားမည်ဖြစ်ကြောင်း ပြောလိုက်သောအခါ နှစ်ယောက်စလုံး မျက်ရည်များ ကျလာသည်အထိ ဝမ်းသာသွားကြလေသည်။

"အဘွားတို့မှာ အသက်အရွယ်ကြီးကာမှ အားကိုး အားထားမရှိတုန်း မင်း အခုလိုလာခေါ်တာ ကျေးဇူးတင်လိုက် တာကွယ်၊ ဟိုမှာ မနေနိုင်လွန်းလို့သာ ဒီမှာပြန်နေရပေမယ့် တစ်သက်လုံးနေခဲ့တဲ့ နေရာကိုပဲ သတိရနေတော့တာပဲ"

ဟု သနားစဖွယ်စကား ဆိုရှာလေသည်။

ထို့နောက်...

ခရီးထွက်မည့်အစီအစဉ်ကို ဦးထွန်းအုံအား ပြောပြ သောအခါ ဦးထွန်းအုံက...

"ခရီးထွက်မယ်ဆိုတော့ မင်းတို့လူငယ်တွေချည်းသွား တာ စိတ်မချပါဘူး၊ အဘလည်း လိုက်ခဲ့ပါ့မယ်၊ နောက်ပြီး လမ်းပြတစ်ယောက်လည်း လိုလိမ့်မယ်ထင်တယ်"





ဟု ပြောသည်။

"လမ်းပြက ဘယ်မှာရမလဲ အဘ"

"အဘတို့ရွာမှာ ရှိပါတယ်၊ ငါ ချက်ချင်း ပြန်ခေါ်လာ ခဲ့မယ်"

ဟု ပြောကာ ညတွင်းချင်း ပြန်သွားလေတော့သည်။

ကျော်စွာတို့သုံးယောက်လည်း ထိုညက ဒေါ်မင်းဇာ အိမ်မှာ ချက်ပြုတ်စားသောက်ရင်း ရှေးဟောင်းနှောင်းဖြစ် များအား ပြောဆိုနေကြလေသည်။

ထိုသို့ပြောနေရင်းမှ ကျော်စွာက ဒေါ်မင်းဇာအား မိမိ၏မိခင်နှင့် ပတ်သက်သော အကြောင်းများကို ပြောပြ နိုင်းရာ ဤသို့ ပြောပြလေသည်။

"မစန္ဒာက မောင်မင်းအောင်နဲ့ အကြောင်းပါလာတော့ စကားမပြောနိုင်ရှာဘူး၊ ဒါကြောင့် သူ့အကြောင်းကို ဘာမှ မပြောနိုင်ရှာဘူး၊ ဒါပေမယ့် မင်းအမေဟာ ငယ်စဉ်ကတည်းက ဒုက္ခိတဘဝနဲ့ မွေးလာတာတော့ မဟုတ်ဘူး၊ မောင်မင်းအောင် ပြောပြတာက မင်းမိခင်ဟာ ရုပ်ဆင်းအင်္ဂါ ချောမောလှပ သလောက် သူ့အသံကလည်း အတော်သာယာသတဲ့..."

"ဒါဖြင့် ဘာကြောင့် စကားမပြောတတ်တဲ့ ဒုက္ခိတ ဖြစ်သွားရတာလဲ အဘွား"



www.burmeseclassic.com

www.burmeseclassic.com



"မောင်မင်းအောင် ပြောပြလို့သိရတာကတော့ မစန္ဒာ
အဘိုးက ဆေးတစ်ခွက် တိုက်လိုက်ပြီးတဲ့နောက်မှာ စက
လုံးဝမပြောနိုင်တော့တာတဲ့၊ မင်းအမေရဲ့ ဘွားတော် ဘိုးတေ
တွေဟာ နယ်နယ်ရရတွေ မဟုတ်ကြဘူး၊ သူတို့လက်ထ
စဥ်က မင်းတုန်းမင်းတရားကြီးရဲ့ မိဖုရားခေါင်ကြီးကိုယ်တို
ပတ္တမြားတွေစီထားတဲ့ ဘယက်ကြီးတစ်ခု လက်ဖွဲ့ခဲ့တယ်
နောက်ပြီး မင်းတို့ရဲ့ ဘွားတော်ကြီးကို မိဖုရားခေါင်ကြီး
ရွှေပြားပေါ်မှာ သီရိစန္ဒာဒေဝီလို့ ဘွဲ့တံဆိပ်တော်ရေး
ချီးမြှင့်ခဲ့တာကွယ့်"

"တကယ်လို့သာ ဒီပစ္စည်းတွေကိုသာ တွေ့အေ
ရှာနိုင်ရင် ကျွန်တော့်အမေရဲ့ မျိုးရိုးကို ဖော်ထုတ်လို့ရမှာ
နော် အဘွား"

"ဒီပစ္စည်းတွေရရင်တော့ မင်းသိချင်တာတွေ သိနို
တာပေါ့ သားရယ်"

"ဒါထက် အဘွား... အမေတို့နေခဲ့တဲ့ဂူထဲမှာ ဘွားတေ
ရဲ့ ရုပ်တုကြီးရှိတယ်ဆို၊ အခုလောက်ဆိုရင် ရှိနိုင်ပါဦးမလာ
ဟင်"

"မသမာသူတွေ တွေ့လို့ မဖျက်ဆီးသေးဘူးဆိုရ
ရှိဦးမှာပေါ့ကွယ်"





"အဲဒီနေရာက တာပိန်မြစ်ရဲ့ အထက်ပိုင်းမှာဆို"

"ဟုတ်တယ်၊ ခရီးကတော့ အတော်ကလေးလှမ်းတယ်၊ တရုတ်နယ်ထဲအထိ ရောက်အောင် သွားရတယ်လို့တော့ ပြောကြတယ်၊ အဲဒီမှာ ကျားသစ်ဖြူတွေနေတဲ့ ကျားသစ်ဖြူတောင်ဆိုတာ ရှိတယ်၊ ကိုထွန်းအုံတို့နေတဲ့ ရွာမှာ မောင်မင်းအောင်နဲ့ ရောက်ဖူးတဲ့လူတစ်ယောက် ရှိတယ်၊ ကိုထွန်းအုံ မနက်ဖြန်လာရင် ပါချင်ပါလာမှာပါ"

ဟု ပြောဆိုကာ ညဉ့်နက်သောအခါ စကားဝိုင်းသိမ်း၍ အိပ်ရာဝင်ကြလေသည်။

ပန်းအိဖြူကို ဒေါ်မင်းဇာနှင့် အတူအိပ်စေပြီး ကျော်စွာနှင့် တင်မောင်လွင်တို့က အတူတူအိပ်ကြသည်။

နောက်တစ်နေ့ နံနက်စောစောတွင် ဦးထွန်းအုံ ပြန်ရောက်လာသည်။

သူနှင့်အတူ လူနှစ်ယောက် ပါလာလေသည်။

အသက်သုံးဆယ်ကျော် အရွယ်ခန့်ရှိသော အသားနီစပ်စပ်နှင့် တရုတ်ကပြားများ ဖြစ်ကြသည်။

"ဒီမှာ မောင်ကျော်စွာ၊ မင်းတို့အတွက် လမ်းပြမယ့်လူ ရခဲ့ပြီကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးထွန်းအုံက ခရီးရောက်မဆိုက် ပြောလေသည်။

လမ်းပြလိုက်လာသောသူမှာ အခြားမဟုတ်ပေ။

ဦးမင်းအောင် သွားစဉ်က လမ်းပြလိုက်ခဲ့သော လော်စံ ဆိုသူ၏သား ဖြစ်သည်။

လော်စံက အသက်အရွယ် ကြီးလှပြီဖြစ်သောကြောင့် ခရီးစဉ်နှင့် လမ်းများကို သားဖြစ်သူ လော်ဟန်ကို အသေအချာ ပြောပြကာ အဖော်တစ်ယောက်နှင့်အတူ ထည့်လိုက်ခြင်းဖြစ်သည်။

လော်ဟန်မှာ ခွန်အားဗလ ကောင်းကောင်းနှင့် ဖျတ်လတ်သွက်လက်သော အမူအရာရှိသည်။

ထို့ပြင်...

သူ့အမူအရာမှာ တောတောင်များနှင့် ရင်းနှီးကျွမ်းဝင်ပုံရကာ ဗမာစကားရော တရုတ်စကားပါ ပြောနိုင်သဖြင့် မိမိတို့သွားမည့် ခရီးအတွက် အဆင်ပြေလိမ့်မည်ဟု ခန့်မှန်းရသည်။ လမ်းပြခအတွက် ဈေးညှိကြသောအခါမှာလည်း အခက်အခဲ မရှိလှပေ။

လော်ဟန်က ထိုခရီးကို လမ်းပြလိုက်ရသည့်အတွက် ကျေနပ် ဝမ်းသာနေဟန်ရှိသည်။





ထို့ပြင်...

ရောက်ရောက်ချင်း ပန်းအိဖြူကို မြင်လိုက်ရသဖြင့် လိုလားနှစ်သက်သော အမူအရာမျိုး တွေ့ရသည်။

လောဟန်တွင် အမဲပစ်သေနတ်တစ်လက်ပါပြီး သူ့အဖော်၌ လေးနှင့်မြား ပါသည်။

စကားပြောနေရင်းမှာပင် အနားမှာထိုင်နေသော ပန်းအိဖြူကို ကွက်ကြည့် ကွက်ကြည့် လုပ်နေသည်ကို အကဲခတ်မိသော တင်မောင်လွင်က အင်္ဂလိပ်ဘာသာစကားဖြင့်...

"သူငယ်ချင်း... ဒီတရုတ်ကိုကြည့်ရတာ သိပ်မဟန်ဘူး၊ လမ်းပြခေါ်သွားလို့ ဖြစ်ပါ့မလား"

ဟု ပြောလိုက်သည်။

"ဖြစ်ပါတယ်၊ တို့အဖွဲ့မှာ အဘလည်းပါတာပဲ၊ အခြေအနေ မဟန်ဘူးထင်ရင် ပန်းအိဖြူကို အဘွားနဲ့ထားခဲ့တာပေါ့"

ဒီလိုဆိုပြန်တော့လည်း တင်မောင်လွင်က စိတ်မချပြန်ပေ။

"ထားခဲ့လို့ နေပါ့မလား၊ သူ လိုက်ချင်တယ်ဆိုရင်လည်း ခေါ်သာလာခဲ့ပါကွာ၊ ငါ့ဆီမှာလည်း သေနတ်ပါတာပဲ၊ ပူစရာတော့ မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေသည်။

ထင်သည့်အတိုင်းပါပေ…

ပန်းအိဖြူကို ဒေါ်မင်းဇာနှင့် နေခဲ့ရန် အမျိုးမျိုးနား[illegible] ကြည့်သော်လည်း ဘယ်လိုမှ လက်မခံသဖြင့် နောက်ဆုံး အတူခေါ်သွားရန်သာ ဆုံးဖြတ်ရပေတော့သည်။





## အခန်း (၁၄)

# ဃော်ဟန်နှင့် လျှို့ဝှက်သောပုစ္ဆာ

ခရီးထွက်ကြသောအခါ အားလုံး ခြောက်ယောက် ဖြစ်သည်။

ကျော်စွာတို့အဖွဲ့တွင် ဦးထွန်းအုံပါ လိုက်လာသော ကြောင့် လေးယောက်ဖြစ်သွားပြီး လမ်းပြ ဃော်ဟန်တို့ နှစ်ယောက်နှင့် ပေါင်းသောအခါ ခြောက်ယောက်ဖြစ်လေ သည်။

မိုးမခရွာမှ မြန်မာပြည်နယ်စပ် ရောက်အောင် တာပိန် မြစ်အတိုင်း လှေဖြင့်ဆန်တက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အဆန်ခရီးဖြစ်သော်လည်း နွေရာသီ ဖြစ်သောကြောင့် ရေစီးသိပ်မသန်လှပေ။

မြန်မာနိုင်ငံ နယ်စပ်ရောက်သောအခါ လိုက်ပို့သော လှေက ဆက်မပို့ဘဲ ပြန်သွားသဖြင့် ကမ်းရိုးအတိုင်း ခြေလျင် ခရီး ဆက်ကြရသည်။

ကိုယ်ပိုင်လှေမဟုတ်ဘဲ လှေငှားရလျှင် လှေငှားသမား များက နယ်စပ်အထိသာ လိုက်ပို့လေ့ရှိကြသည်။

ထိုအခါ ပန်းအိဖြူမှလွဲ၍ ကျန်လူများက ရိက္ခာနှင့် အခြားပစ္စည်းထုပ်များကို အလေးအပေါ့မျှ၍ သယ်ကာ လျှောက် ကြရသည်။

နွေရာသီ... ရာသီဥတု သာယာသည်ကတစ်ကြောင်း။

ရေကျနေသဖြင့် ကမ်းစပ်တစ်လျှောက် သောင်ပြင်များ ပေါ်နေသောကြောင့် တောပေါ်မှမလျှောက်ဘဲ ထိုသောင်များ ပေါ်မှ လျှောက်သွားကြသည်။

အားလုံး ဘောင်းဘီ၊ အင်္ကျီလက်ရှည်၊ သားရေခြေသိုင်း ဖိနပ်၊ ဦးထုပ် စသည်တို့ကို ဝတ်ဆင်လာကြသည်။

ပန်းအိဖြူကိုလည်း ယောကျ်ားလေးတစ်ယောက်လိုပင် ဘောင်းဘီရှည်၊ အင်္ကျီလက်ရှည်များ ဝတ်ဆင်ပေးထားရုံမက သက္ကလပ်ဦးထုပ်တစ်လုံးကိုပါ ဆောင်းပေးထားသည်။





သူ့ကိုတော့ ပေါ့ပါးသော ကျောပိုးအိတ်တစ်လုံးကိုသာ သယ်ယူလာစေသည်။

သူတို့သည် တဖြည်းဖြည်းနှင့် ခရီးဆက်ကြသောအခါ မြန်မာနိုင်ငံ နယ်နိမိတ်ကိုကျော်၍ တရုတ်နိုင်ငံ နယ်နိမိတ် အတွင်းသို့ ရောက်လာကြသည်။

ထိုဘက်သို့ရောက်မှ လှေသမားများ အဘယ်ကြောင့် လှည့်ပြန်သွားကြသည်ကို သဘောပေါက်ရတော့သည်။

နွေရာသီ ဖြစ်သောကြောင့် တာပိန်မြစ်ရိုးတစ်လျှောက် မှာ ရေအနည်းဆုံးအချိန် ဖြစ်နေရာ ကမ်းဘေးဝဲယာ တစ်ဖက်တစ်ချက်နှင့် ရေလယ်တစ်လျှောက်မှာ ကျောက် ဆောင် ကျောက်တုံးများ ထူထပ်စွာ ပေါ်နေရာ အချို့နေရာ များမှာ လှေတစ်စင်း သွားမရလောက်အောင် ကျဉ်းမြောင်း လှသည်။

လော်ဟန်တို့ လမ်းပြနှစ်ယောက်နှင့် ဦးထွန်းအုံမှလွဲ၍ ကျန်သုံးယောက်မှာ ခရီးကြမ်းအတွေ့အကြုံ မရှိသောကြောင့် လွန်စွာပင်ပန်းကြလေသည်။

သို့ကြောင့်...

အရိပ်ကောင်းသော သစ်ပင်ရိပ်များရောက်လျှင် မကြာ မကြာ ဝင်ရောက်နားကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာနှင့် တင်မောင်လွင်တို့ထက် မိန်းမသားတစ်ယောက်ဖြစ်သော ပန်းအိဖြူခမျာ ပို၍ပင်ပန်းမှုဒဏ် ခံရသော်လည်း လိုက်ချင်သောခရီးကို လိုက်လာရသည့်မို့ မိမိအတွက်နှင့် အနှောင့်အယှက် မဖြစ်စေရန် ကြိုးစား၍လိုက်လေသည်။

လမ်းပြဖြစ်သော လော်ဟန်ကတော့ ထိုခရီးကို သွားနေရသည်မှာ သူ့အတွက် အညောင်းပြေ လမ်းလျှောက်ထွက်နေရသလို မောပန်းခြင်းမရှိပေ။

သို့ကြောင့် ကျော်စွာက…

"ကိုလော်ဟန်… ခင်ဗျားကြည့်ရတာ ဒီခရီးကိုသွားနေတာ လမ်းတွေလည်း မှတ်မိနေသလိုပဲ၊ နောက်ပြီး သွားကျင့်လာကျင့်ရှိပြီးသား လူတစ်ယောက်လိုပဲ… အရင်က သွားဖူးလားဟင်"

ဟု မေးလိုက်သည်။

"အခု ဆရာလေးတို့ သွားချင်တဲ့နေရာကို ကျုပ်အဖေက တစ်ခေါက်ရောက်ဖူးခဲ့တယ်၊ သူပြောတာကတော့ ကျားသစ်ဖြူ သွားလိုက်တယ်လို့ ပြောတာပဲ၊ သူပြောတာနဲ့ ကျုပ်လည်း ကျားသစ်ဖြူ လိုချင်တာနဲ့ အဲဒီနေရာကို ရောက်အောင်သွားဖို့ ကြိုးစားတာ နှစ်ကြိမ် သုံးကြိမ်ရှိနေပြီ၊ ဒါပေမယ့် ကျုပ်တို့ တက်သွားတဲ့အချိန်က ရာသီဥတုကလည်း မကောင်းဘူး။





အဖော်ကလည်း မကောင်းတာနဲ့ လမ်းကချည်း တပ်ခေါက်ပြန်ရတာပါပဲ၊ တစ်ခါမှ ခရီးဆုံးအောင် မရောက်ပါဘူး ဆရာလေးရယ်"

ဟု စကားကို လိမ်မာပါးနပ်စွာ ပြောသည်။

ကျော်စွာ့ စိတ်ထဲမှာတော့ လော်ဟန် တစ်ခုခု ဖုံးကွယ်ထားသည်ဟု သိလိုက်သည်။

"ခင်ဗျားက ဘာအတွက် သွားတာလဲ"

တင်မောင်လွင်က ဝင်မေးလိုက်သည်။

"ကျုပ်က ကျားသစ်ဖြူ လိုချင်လို့ပါ၊ နယ်စပ်ဘက်က လာတဲ့ တရုတ်ကုန်သည်တွေက ကျားသစ်ဖြူသားရေ ရရင် ဈေးအများကြီးပေးမယ်ဆိုလို့ ကြိုးစားပြီး လိုက်ရှာနေတာပါ၊ အခု ဆရာလေးတို့ကရော အဲဒီဘက်ကို ဘာလုပ်သွားကြမှာလဲ"

ထိုသို့ ပြန်မေးသဖြင့် ကျော်စွာက…

"ကျွန်တော်တို့က ဆေးကျောင်းသားတွေပါ၊ ဆရာဝန်ဖြစ်ဖို့ သုတေသနစာတမ်း ရေးဖို့အတွက် ထူးဆန်းတဲ့ ဆေးပင် ဆေးမြစ်တွေကို လေ့လာချင်လို့သွားမှာပါ"

ဟု ဝင်ပြောလိုက်သည်။

လော်ဟန်ကလည်း လူပါးပင်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာပြောသော စကားကို သိပ်ပြီး ယုံကြည်ဟန် မပြပေ။

"ဆရာလေးတို့ဗျာ... ဆေးပင်ဆေးမြစ် ထူးထူး ဆန်းဆန်းတွေ လိုချင်တာ အဲဒီဘက်သွားတာထက် ရှမ်ဂရီ လာဘက် သွားရင် ပိုများတာပေါ့"

"ခင်ဗျားက ရှမ်ဂရီလာကို ရောက်ဖူးလို့လား"

လော်ဟန်က ခေါင်းညိတ်ပြသည်။

"ဆရာလေးတို့ သွားချင်ရင် ကျုပ်လိုက်ပို့ပေးပါ့မယ် ဒါပေမယ့် မိန်းကလေးပါရင်တော့ တက်လို့မရဘူး"

လော်ဟန်က ပန်းအိဖြူကို တစ်ချက်လှမ်းကြည့်က ပြောသည်။

"ဘာဖြစ်လို့လဲ"

"အခုလို လမ်းလျှောက်ရတာတောင် သူ ဒီလောက် မောနေရင် တောင်အမြင့်ကြီးတွေသာ တက်ရရင် တစ်ခါတည်း အမောဆို့ပြီး သေသွားမှာပေါ့၊ ရှမ်ဂရီလာတောင်တန်းတွေက အောက်ကနေ မော့ကြည့်ရင် တောင်ထိပ်ကို မမြင်ရဘူး"

ဟု ပြောသည်။

ပန်းအိဖြူက သူ့အကြောင်းကို ပြောနေသဖြင့် လော်ဟန် ကို မကျေမနပ်နှင့် မျက်စောင်းတစ်ချက်လှမ်းထိုးသည်။





ဤသို့ဖြင့် ခရီးထွက်လာခဲ့ကြရာ သုံးရက်ခန့်ကြာသော အခါ အားလုံးမှာ အတော်ပင်ပန်းနေပြီ ဖြစ်သောကြောင့် လုံခြုံစိတ်ချရသော နေရာတစ်ခုကို ရွေး၍ တစ်ရက်နှစ်ရက် နားကြရန် အားလုံးတိုင်ပင်၍ နားကြသည်။

ထိုသို့နားနေကြစဉ် လော်ဟန်တို့နှစ်ယောက်က တောထဲ သို့ထွက်ကာ အမဲပစ်ကြသည်။

၎င်းတို့တွင် ကျည်ဆန် လုံလုံလောက်လောက် ပါသည် ကတစ်ကြောင်း၊ လေးနှင့်မြားလည်း ပါသောကြောင့် စိတ် တိုင်းကျ အမဲပစ်ကြခြင်းဖြစ်သည်။

သူတို့ ထွက်သွားသောအခါ တင်မောင်လွင်က...

"ကျော်စွာ... ငါတော့ ဒီလူနှစ်ယောက်ကို သိပ်ပြီး မသင်္ကာချင်ဘူး၊ သူတို့မှာ အကြံအစည်တစ်ခုခုရှိလို့ တစ်ချက် ရုတ် နှစ်ချက်ပြုတ် သဘောနဲ့ တို့နဲ့လိုက်လာတာ ဖြစ်မယ်လို့ ငါထင်တယ်"

သူ့ထင်မြင်ချက်ကို ပြောသည်။

"ဟုတ်တယ် ကိုကို... ဒီလူတွေ မရိုးသားဘူး၊ ညီမ လေးကို ကြည့်ကြည့်ပြီး သူတို့ တရုတ်ဘာသာစကားနဲ့ ပြောနေကြတာ တွေ့ရတယ်"

ဟု ပန်းအိဖြူကပါ ဝင်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ... ငါလည်း ရိပ်မိပါတယ်၊ တို့မှာလည်း သေနတ်ပါဟာပဲ၊ သတိနဲ့ နေကြတာပေါ့၊ တစ်ခုခုဖြစ်လာရင်တော့ ကိုယ်က လက်ဦးမှုရဖို့သာ အရေးကြီးပါတယ်"

ဟု ပြောဆိုတိုင်ပင်ထားကြသည်။

လော်ဟန်တို့နှစ်ယောက်သည် ၎င်းတို့ရှာရလာသော အမဲများကို ကျင်လည်စွာဖျက်၍ အသားများကို ကင်တန်တာကင်၊ ပြုတ်တန်တာပြုတ်၊ အခြောက်လှမ်းထားတန် လှမ်း၍ ရိက္ခာအတွက် ဖန်တီးပေးကြသည်။

"တောထဲ တောင်ထဲသွားတဲ့အခါ အသွားခရီးဆိုတာ ရိက္ခာကို ချွေတာမှ တော်ကာကျတယ်၊ ပြန်တော့မှ ပိုနေရင် လွှင့်ပစ်လိုက်ရလည်း ဘာမှအကြောင်းမဟုတ်ဘူး၊ ဒါကြောင့် ဆရာလေးတို့ ယူလာတဲ့ရိက္ခာတွေကို တတ်နိုင်သမျှ သိမ်းထားပြီး ကျုပ်တို့နှစ်ယောက် ရှာပေးတဲ့ရိက္ခာတွေကို စားကြပါ"

ဟု စေတနာနှင့်ပြောပြန်သဖြင့် 'သည့်လိုတော့လည်း ခရီးသွားဖော် သွားဖက်ချင်း စာနာတတ်သား' ဟု တွေးလိုက်မိကြသည်။

မီးပုံပေါ်မှ ကင်ထားသောအမဲမှ ရနံ့ထွက်လာသည်။

ထိုပူပူနွေးနွေး အမဲကင်နှင့် မိမိတို့တွင်ပါလာသော မုန့်ခြောက်များကို မြိန်ယှက်စွာ စားသောက်နေကြရင်းမှ





ကျော်စွာက တစ်စုံတစ်ခုကို သတိရလိုက်သဖြင့် မိမိကျောပိုးအိတ်ထဲမှ ဆေးဝါးအတွက် ဆောင်ယူလာသော ဂျင်အရက်ပုလင်းကို ထုတ်ယူလိုက်သည်။

ထိုအရက်ပုလင်းကို မြင်လိုက်ရသောအခါ လော်ဟန်တို့နှစ်ယောက်စလုံး အငမ်းမရ လှမ်းကြည့်နေကြသည်။

ကျော်စွာက မသိဟန်ဆောင်၍ အရက်ပုလင်း၏အဖုံးကို ဖွင့်နေသည်။

"အဲ... အဲဒါ ဘာအရက်လဲ ဆရာလေး"

"ဒါ နိုင်ငံခြားက တကူးတက မှာထားတဲ့ အရက်အကောင်းစားဗျ၊ ကိုလော်ဟန် နိုင်ငံခြားအရက်တွေထဲက ဘာတွေသောက်ဖူးလဲ"

"တစ်သက်တစ်ခါ ဆိုရလောက်အောင်ပါပဲ၊ ရမ်နဲ့ ဝီစကီတော့ သောက်ဖူးပါရဲ့"

"ဒီအရက်က အဲဒါတွေထက် ပိုပြီးကောင်းတယ်၊ ခင်များက ကျွန်တော်တို့ရဲ့အကျိုးကို လိုက်ပြီးဆောင်ရွက်ပေးတော့ ကျွန်တော်က ကျေးဇူးဆပ်တဲ့အနေနဲ့ ဒီည ဒီအရက်နဲ့ ဂုဏ်ပြုပါ့မယ်၊ ရော့... သောက်ကြပါ"

ဟု ပြော၍ ပုလင်းအဖုံးဖွင့်ကာ လှမ်းပေးလိုက်သည်။

"ဟင်... ဆရာလေးတို့ရော မသောက်ကြဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



လော်ဟန်က အရက်ပုလင်းကို လှမ်းယူရင်း အားနာ ဟန်ဖြင့် မေးလိုက်သည်။

"ကျွန်တော်တို့က လူငယ်တွေဆိုတော့ ဒီလောက် ပြင်းတဲ့အရက်မျိုး မသောက်နိုင်ကြပါဘူး၊ ဒါ ခင်ဗျားတို့ အတွက် ရည်စူးပြီး ထည့်ယူလာတာဆိုတော့ အားမနာပါနဲ့ သောက်ကြပါ"

ဟု ပြောလိုက်သောအခါ လော်ဟန်တို့နှစ်ယောက်မှာ အရက်ကောင်းကောင်း မသောက်ရတာ ကြာပြီဖြစ်သော ကြောင့် အမဲကင်တစ်ကိုက်၊ အရက်တစ်ကျိုက်နှင့် သောက် လိုက် စားလိုက် လုပ်ကြရာ မကြာမီ လူမှန်းသူမှန်းမသိအောင် ဖြစ်ကုန်တော့သည်။

ထိုအခါမှ ကျော်စွာက သတိမရတစ်ချက် ရ,တစ်ချက် ဖြစ်နေသော လော်ဟန်အား သူသိလိုသော မေးခွန်းများကို စ,တင်မေးလေတော့သည်။





အခန်း (၁၅)

# အရက်မူးတော့မှ ဇာတိပေါ်သည်

လော်စံတို့နေသော ရွာသည် မြန်မာနိုင်ငံ နယ်စပ်နားတွင် ရှိလေသည်။

လော်စံသည် အိမ်ထောင်မရှိဘဲ နှမတစ်ယောက်နှင့် နို့စို့အရွယ် တူတစ်ယောက်နှင့် အတူနေလေသည်။

လော်စံသည် လူဆိုး လူမိုက်တစ်ယောက် ဖြစ်သည်။

အရက်သေစာ သောက်စား၍ မူးလာလျှင် တစ်ရွာလုံး ကို လိုက်လံ ရမ်းကားလေ့ရှိသဖြင့် မိဘမရှိတော့သော ၎င်းတို့ မောင်နှမနှစ်ယောက်ကို ရွာထဲမှာရှိသော လူများက ဝိုင်းပယ်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လော်စံနှမ၏ ယောက်ျားကလည်း လော်စံလိုပင် မိုက်ရိုင်းရမ်းကားသူ ဖြစ်သည်။

တစ်နေ့သော် သူတို့ရမ်းကားမှုကို သည်းမခံနိုင်ကြတော့သဖြင့် သူတို့သမီးယောက်ဖ နှစ်ယောက်နှင့် ရွာသူရွာသားများ ရန်ဖြစ်ကြလေရာ လော်စံ၏ယောက်ဖမှာ သေသွားလေတော့သည်။

ကျန်ခဲ့သော သူတို့မောင်နှမကိုလည်း ရွာသူ ရွာသားများက ဝိုင်းဝန်းရန်မူနေကြသောကြောင့် မနေဝံ့တော့ဘဲ နှမနှင့် တူလေးကို ခေါ်ကာ ထွက်ပြေးရလေတော့သည်။

သူတို့သည် ခြေဦးတည့်ရာ ပြေးကြရင်း မျက်စိလည်ကာ တောနက်ကြီးတစ်ခုအတွင်းသို့ ရောက်သွားလေတော့သည်။

ထိုတောနက်ထဲမှာ ပြေးရင်း လွှားရင်းနှင့် ထူးဆန်းသော ကျားသစ်ဖြူတစ်မျိုးကို တွေ့ခဲ့ရသေးသည်။

လော်စံသည် အစာရေစာရှာဖွေရင်းနှင့် တောင်ကုန်းအမြင့်တစ်ခုပေါ်သို့ ရောက်သွားလေသည်။

လူသူမနီးသော တောနက်ကြီးအတွင်းရှိ တောင်ကုန်း၏ အောက်ခြေအနားမှာ ရေအိုင်တစ်အိုင်ရှိသည်။

ထိုရေအိုင်နှင့် မနီးမဝေးရှိ ကွက်လပ်များထဲတွင် စပါးပင်များနှင့် အခြားသီးပင် စားပင်အချို့ကို လှမ်းမြင်ရသဖြင့် များစွာအံ့ဩသွားမိလေသည်။





သီးပင်များမှာ အလေ့ကျ ပေါက်နေသည်မဟုတ်ဘဲ လူတို့ စနစ်တကျ စိုက်ပျိုးထားမှန်း သိသောအခါ ထိုနေရာတွင် လူရှိရမည်ဟု ခန့်မှန်းမိသည်။

အကယ်၍ လူတွေ့လျှင် အစာရေစာနှင့် အကူအညီတောင်းမည်ဟု စိတ်ကူးပြီး လိုက်လံရှာဖွေကြည့်သောအခါ တောင်ခြေတစ်နေရာတွင် ဟင်းသီးဟင်းရွက်များ ဆွတ်ခူးနေသော လူနှစ်ယောက်ကို တွေ့မြင်ရသည်။

ထိုလူနှစ်ယောက်မှာ တရုတ်လူမျိုးတော့ မဟုတ်ကြပေ။

အနီးသို့ ရောက်သွားသော်လည်း ရန်မူလိုသည့် လက္ခဏာ မတွေ့ရသဖြင့် လက်ဟန်ခြေဟန်ဖြင့် အစားအစာတောင်းသောအခါ မည်သည့်စကားမှ ပြန်မပြောသော်လည်း သူတို့တွင်ပါလာသော ထမင်းနှင့် အစားအစာများကို ပေးလေသည်။

ထိုသို့ ကျွေးမွေးပြီးသောခါ စကားတစ်ခွန်းမှ မပြောဘဲ သူတို့လုပ်စရာရှိသော အလုပ်များကို ဆက်လုပ်နေကြသည်။

လော်စံတို့မှာလည်း ထူးဆန်းသည်ဟု အောက်မေ့ကာ သည်အတိုင်းပဲ ကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာသောအခါ ထိုလူနှစ်ယောက်သည် ဟင်းသီး ဟင်းရွက်များကို တောင်းတစ်လုံးဖြင့်ထည့်ယူပြီး မလှမ်းမကမ်း တွင် မြင်နေရသော တောင်မြင့်မြင့်ရှိရာသို့ ပြန်သွားကြလေ သည်။

လော်စံတို့လည်း ထိုနေရာမှာပင် ကျန်ခဲ့လေသည်။

နောက်တစ်ရက်တွင် လော်စံသည် တစ်နေရာမှပုန်းကာ စောင့်ဆိုင်းကြည့်နေပြီး ထိုလူနှစ်ယောက် ပြန်သောလမ်းကို အသေအချာ မှတ်သားထားလိုက်သည်။

ညချမ်းအချိန် ရောက်သောအခါ နှမဖြစ်သူအား လုံခြုံသော နေရာတစ်ခုတွင်ထားခဲ့ပြီး သူသည် လူနှစ်ယောက် ပြန်သွားသော ကျောက်တောင်ရှိရာသို့ လိုက်သွားလေသည်။

လော်စံ၏အကြံမှာ လူမိုက်အကြံပင် ဖြစ်သည်။

သူတို့အား ထမင်းကျွေးခဲ့သော ကျေးဇူးကိုမှမထောက် ဘဲ ထိုလူများထံတွင် အဖိုးတန်သော ပစ္စည်းများရှိပါက ရတဲ့နည်းနှင့် ယူမည်ဟူသော ကျေးဇူးကန်းသော စိတ်ကူး ဉာဏ်ပင်ဖြစ်သည်။

အမှောင်ထဲမှာဖြစ်သော်လည်း နှင်းထုကိုဖောက်၍ ဆင်းလာနေသော အလင်းရောင်ကြောင့် ဝိုးတဝါးမြင်နိုင်ပေ သည်။





တောင်ခြေတွင် လူသွားလမ်းကလေး တွေ့ရသဖြင့် ထိုလမ်းကလေးအတိုင်း လိုက်လာခဲ့သည်။

တောင်ခြေတစ်ဝိုက်မှာသာ သစ်ပင်ကြီးငယ်များနှင့် သီးပင်စားပင်များ ရှိသော်လည်း တောင်ပေါ်သို့ တက်လာ သည်မှစကာ ရှင်းလင်းသွားလေတော့သည်။

တောင်မှာ ကျောက်တောင် အမျိုးအစားဖြစ်သော ကြောင့် သစ်ပင်များ သိပ်မရှိခြင်းဖြစ်သည်။

အပေါ်သို့ ရောက်လာလေလေ သစ်ပင်လုံးဝမရှိတော့ဘဲ ကျောက်တုံး ကျောက်ခဲများသာ တွေ့ရလေသည်။

ပေလေးငါးရာမျှ တက်သွားမိသောအခါ ဂူတစ်ဂူအတွင်း ထဲမှ မီးရောင်ကဲ့သို့ အနီရောင် အလင်းရောင်အချို့ ထွက်နေ သည်ကို လှမ်းမြင်ရသဖြင့် သတိကြီးစွာထားကာ ထိုနေရာ ရောက်အောင် တဖြည်းဖြည်း တက်လာခဲ့သည်။

အနီးသို့ ရောက်သောအခါ အလင်းရောင်များ အံထွက် နေသောနေရာမှာ ဂူတစ်ခုကဲ့သို့ ဖြစ်နေသော တောင်ခေါင်း တစ်ခုဖြစ်သည်ကို တွေ့ရသဖြင့် အပေါက်ဝ,နားသို့ကပ်ကာ အခြေအနေကို ကြည့်လိုက်သော်လည်း လူရိပ်လူခြည်လည်း မမြင်ရ၊ ဘာသံမှလည်း မကြားရပေ။

သို့ကြောင့်...



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တုံးအကွယ်မှ အတွင်းသို့ ချောင်းကြည့်လိုက်သောအခါ သူ့မျက်စိကိုပင် မယုံနိုင်လောက်အောင် ဖြစ်သွားမိသည်။

အဘယ်ကြောင့်ဆိုသော်...

သူ လှမ်းမြင်နေရသော အလင်းရောင်မှာ မီးရောင်မဟုတ်ဘဲ အမျိုးသမီးတစ်ယောက် လက်ပေါ်မှာတင်ထားသော ပတ္တမြားကဲ့သို့ အလုံးကြီးမှ အလင်းရောင်များ ဖြာထွက်နေခြင်းကို တွေ့ရသောကြောင့် ဖြစ်သည်။

သူ့စိတ်ထဲမှာတော့ ထိုအမျိုးသမီးလက်ပေါ်မှာ တင်ထားသော အနီရောင်အလင်းများ ထွက်နေသည့်အရာမှာ မုချ ပတ္တမြားကြီးဖြစ်ရမည်ဟု စိတ်ထဲမှာ တွေးလိုက်မိသည်။

သူ ထိုနေရာမှ အတန်ကြာအောင် ကြည့်နေသော်လည်း အမျိုးသမီးမှာ လုံးဝလှုပ်ရှားမှု မရှိသောအခါမှ လူနှင့် ပုံသဏ္ဍာန်တူလှသော အရုပ်ကြီးဖြစ်မှန်း သိရလေသည်။

လက်ပေါ်မှာတင်ထားသော ပတ္တမြားဆီမှ အလင်းရောင်များ ထပ်ဟပ်နေသော အမျိုးသမီး၏ မျက်နှာမှာ အရုပ်ဟုပင် မထင်ရဘဲ သက်ရှိလူသားတစ်ယောက်နှင့် မခြား တူလွန်းလှပေသည်။





ဦးခေါင်းမှာ ပဝါတစ်စ ပတ်ထားပြီး မြန်မာနန်းတွင်းသူ အဝတ်အစားနှင့်ပင် ဖြစ်သည်။

မျက်နှာ၏သွင်ပြင်မှာ ချောမောလှပခြင်း၊ တည်ကြည်ခန့်ညားခြင်းနှင့် ကျက်သရေရှိခြင်းတို့ဖြင့် ပေါ်လွင်နေသည်။

အမျိုးသမီး၏ အရုပ်မှာ ဂူပေါက်ဝ,ဘက်သို့ မျက်နှာလှည့်ထားရာ မျက်လုံးများက သူရှိရာသို့ စူးစူးစိုက်စိုက် လှမ်းကြည့်နေသကဲ့သို့ ရှိနေသဖြင့် သော်စံမှာ ကျောထဲ၌ စိမ့်ခနဲ ဖြစ်သွားမိလေသည်။

"ဒါဟာ နတ်သမီးအရုပ်ပဲ ဖြစ်မယ်ထင်တယ်...

ဒါပေမယ့် အရုပ်ပေမယ့် အသက်ဝင်နေတဲ့ လက္ခဏာတော့ ရှိတယ်၊

ဒါကြောင့်သာ ဒီလောက်တန်ဖိုးရှိတဲ့ ပတ္တမြားကြီးကို အစောင့်မရှိဘဲ ထားဝံ့တာဖြစ်မယ်...၊

သူ့လက်ပေါ်က ပတ္တမြားကြီးကို ယူလိုက်တော့ တစ်သက်မပြောနဲ့ ဆယ်သက်တောင် မဆင်းရဲနိုင်တာ သေချာတယ်...

ငါ ဒီပတ္တမြားကြီး ယူသွားရင်တောင်မှ ဒီအသက်မရှိတဲ့ အရုပ်ကြီးကတော့ ငါ့ကို ဘယ်နည်းနဲ့မှ ဒုက္ခလိုက်မပေးနိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



လော်စံသည် ကျောက်တုံးအကွယ်မှ မြင်နေရသော ပတ္တမြားကြီးကို လိုချင်တပ်မက်စိတ် ရှိသော်လည်း တစ်ဖက် ကလည်း ကြောက်ရွံ့ ထိတ်လန့်စိတ်ကလည်း ရှိနေလေသည်။

ယူရကောင်းနိုးနိုး၊ မယူဘဲ နေရကောင်းနိုးနိုးဖြ ချီတုံချတုံ ဖြစ်နေသေးသည်။

နောက်ဆုံးတော့ ဒုက္ခဆင်းရဲမှလွတ်အောင် ယူသွား တော့မည်ဟု ဆုံးဖြတ်ချက်ချကာ ဂူအတွင်းသို့ ခြေသံမကြာ အောင် ဝင်သွားလေသည်။

အနီးသို့ရောက်၍ ကြည့်လိုက်သောအခါ ရုပ်တုမှ ဖယောင်းဖြင့် ပြုလုပ်ထားတာဖြစ်ပြီး လက်ဝါးပေါ်မှာ အဝတ် တစ်စ ဖြန့်ခင်းထားကာ အပေါ်မှာ ပတ္တမြားလုံးကြီး တင်ထား ခြင်းဖြစ်သည်။

သို့ကြောင့်...

တွေတွေထူးထူး စဉ်းစားမနေတော့ဘဲ ထိုအဝတ်စနှင့် ပင် ပတ္တမြားလုံးကို ထုပ်ယူရန် ကိုင်လိုက်သည်။

ထိုသို့ ကိုင်လိုက်သည်နှင့် ပတ္တမြားလုံးဆီမှ ရှူးခနဲ အသံမြည်၍ မီးခိုးလုံးကြီးများထွက်လာရာ လော်စံလည်း ကြောက်လန့်တကြားနှင့် လွှတ်ချလိုက်ရာ အောက်သို့ကျသွား လေတော့သည်။





ထိုအချိန်မှာပင် ဂူအတွင်းဘက်မှ စကားသံများကြားရ ပြီး အပြင်သို့ထွက်လာသော ခြေသံများကြားရသဖြင့် လက် ထဲမှာကိုင်ထားသော ပဝါစ,ကလေးကို ဆုပ်ကိုင်ကာ ဂူအပြင်သို့ ပြေးထွက်ခဲ့ရလေတော့သည်။

ထို့နောက်...

ဂူထဲမှ လူများလိုက်လာသံများ ကြားရသဖြင့် မိမိ မနှင့် တူကို ဝှက်ထားခဲ့သောနေရာသို့ အရောက်ပြန်၍ ၎င်းတို့ကိုပါ တစ်ပါတည်းခေါ်ကာ ထိုနေရာမှ ဝေးရာသို့ ခြေဦးတည့်ရာ ပြေးခဲ့ရလေတော့သည်။

ထိုသို့ ပြေးရင်းလွှားရင်းမှ မြန်မာပိုင်နက်အတွင်း ရောက်ခဲ့ကြပြီး ပန်းမော်အနီးမှ ရွာကလေးတွင် နေထိုင်ခဲ့ ကြသည်။

နှစ်အနည်းငယ် ကြာသောအခါ ထိုရွာသို့ လူရွယ် တစ်ယောက် ရောက်လာပြီး သူ့အား လမ်းပြအဖြစ်လိုက်ပါရန် ပြောဆို ငှားရမ်းလေသည်။

သူ သွားလိုသောနေရာသို့ မေးမြန်းကြည့်သောအခါ သူ တစ်ခါက ရောက်ခဲ့ဖူးသော ကျောက်တောင်ဖြစ်မှန်း သိရသောအခါ စိတ်ထဲမှာ ကြိတ်၍ဝမ်းသာသွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



လောစုံကိုယ်တိုင်ကလည်း အဖော်ကောင်းလျှင် ထိုနေရာသို့ တစ်ခေါက်ပြန်သွားလိုသည့် ဆန္ဒရှိနေသောကြောင့်ပင် ဖြစ်၏။

"ဆရာလေးသွားချင်တဲ့ နေရာက ဒီပဝါလေးရှိတဲ့ ကျောက်ဂူကို မဟုတ်လား"

ကိုမင်းအောင်က ပဝါစ,လေးကို ယူကြည့်သောအခါ ပိုးသားစ,ဖြင့် ပြုလုပ်ထားသော လက်ကိုင်ပဝါအရွယ်ဖြစ်ပြီး အလယ်မှာ ချည်ဖြင့်ထိုးထားသည့် 'သီရိစန္ဒာဒေဝီ' ဟူသော စာလုံးကို မြင်လိုက်ရသဖြင့် ကိုမင်းအောင်မှာ များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေသည်။

လော်စံက လက်ကိုင်ပဝါ အကြောင်းကိုသာ ပြောပြီး လက်ကိုင်ပဝါပေါ်မှာ တင်ထားသော ပတ္တမြားအကြောင်းကိုတော့ လုံးဝပြောမပြပေ။

ထို့နောက်တွင် လော်စံ၏ လမ်းပြပေးမှုကြောင့် ထိုအရပ်ကြီးရှိရာဂူသို့ နောက်တစ်ကြိမ် ရောက်သွားကြသောအခါ ထိုဂူထဲမှာ မည်သည့်အစအနမှ မရှိတော့ဘဲ လူမနေဘဲ စွန့်ခွာသွားကြသည်မှာ နှစ်အတန်ကြာသည့် လက္ခဏာများကိုသာ တွေ့ရသဖြင့် လော်စံမှာ မကျေမနပ်ဖြင့် တဖျစ်တောက်တောက် ပြောနေရာ ထိုအခါမှ ကိုမင်းအောင်က





လော်စံမှာ လမ်းပြရုံသက်သက် လိုက်လာသည်မဟုတ်ဘဲ သူ့အကြောင်းနှင့်သူ လိုက်လာခြင်းဖြစ်ကြောင်း ရိပ်မိလေတော့သည်။

တစ်ဆက်တည်းမှာပင် ယခင်က ထိုဂူအတွင်းမှာ နေထိုင်ကြသော လူများမှာ သူတို့နေသောနေရာကို လော်စံ တွေ့သွားပြီဖြစ်သောကြောင့် အခြားနေရာသစ် တစ်ခုတွင် ရွှေ့ပြောင်း နေထိုင်ကြဟန်ရှိကြောင်း ရိပ်မိလိုက်သည်။

အဘယ်ကြောင့်ဆိုသော်...

သူတို့တက်လာစဉ်က တောင်ခြေတစ်နေရာမှာ ခြေရာလက်ရာမပျက် ရှိနေသော စိုက်ခင်းများကိုကြည့်ရုံနှင့် အနီးတစ်ဝိုက်မှာပင် ရှိနေသေးကြောင်း တွေးလိုက်မိသည်။

ဒါကိုတော့ သူ လော်စံကို မပြောတော့ပေ။

လော်စံကတော့ ဂူထဲမှာ ပတ္တမြားကြီး မတွေ့ရကတည်းက စိတ်ပျက်လက်ပျက်ဖြစ်ကာ ကမ်းစပ်သို့ ပြန်ဆင်းသွားရှာလေသည်။

ကိုမင်းအောင်ကတော့ ဂူထဲမှာ တစ်ယောက်တည်း ကျန်နေခဲ့ရင်း ဖွဲကောင်းကောင်းနှင့် ထပ်မံရှာဖွေရာမှ သီရိ ...ာနှင့်တွေ့ပြီး နောက်ဆုံး ဂူထဲသို့ရောက်သွားခဲ့ပြီး တစ်ရက်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ရက်ခန့် ကြာသောအခါ စကားလုံးဝမပြောနိုင်သော လှပ
သည့် မိန်းကလေးတစ်ယောက်ကို ခေါ်၍ လော်စံတို့ရှိရာသို့
ပြန်လာလေတော့သည်။

အထက်ပါအကြောင်းများမှာ ကျော်စွာက အရက်မူး
အောင်တိုက်ပြီး မေးရာမှ လော်ဟန် ပြောပြသော အကြောင်း
အရာအချို့ပင် ဖြစ်ပေတော့သည်။





## အခန်း (၁၆)

# ကျွားသစ်ဖြူတောင်သို့ ရောက်ကြပြီ

လော်ဟန်သည် အရက်မူးမူးနှင့် ကျော်စွာသိလိုသမျှ
ကိုများကို ဗလုံးဗထွေးနှင့် ပြောပြီးနောက် သတိလစ်
တခူးခူးနှင့် အိပ်မောကျသွားလေသည်။

သူနှင့်ပါလာသော အဖော်ကတော့ အစောကြီးကတည်း
အိပ်မောကျနေလေပြီ...။

ထိုအခါမှ ကျော်စွာ၊ တင်မောင်လွင်၊ ဦးထွန်းအုံနှင့်
ဖြူတို့မှာ တိုးတိုးတိတ်တိတ် တိုင်ပင် ပြောဆိုကြ
။



www.burmeseclassic.com

www.burmeseclassic.com



"ငါ အိမ်ဟုန်းက အဖေ့ရဲ့ မှတ်တမ်းတချို့တစ်ဝက် ဖတ်ရတယ်၊ ဒါတောင် မီးမလောင်ဘဲကျန်နေတဲ့ တစ် တစ်ပျက်လောက်ကိုပဲ ဖတ်ရတာ၊ အဖေဟာ လော်စံ လမ်းခွဲပြီးမှ အမေနေတဲ့ဂူကို ရှာတွေ့ခဲ့တာတော့ သေချာတယ်

"ဒါကတော့ ဟုတ်ပါပြီ... ဒီနှစ်ယောက်ကလ သူတို့အကြံအစည်နဲ့ သူတို့လိုက်လာကြတာ ဖြစ်မယ်၊ ဟိုရော မှ တို့ကိုအန္တရာယ်ပေးရင် ဘယ်လိုလုပ်မလဲ"

ဟု တင်မောင်လွင်က စိုးရိမ်စွာ သတိပေးသည်။

"ဒါကတော့ သတိရှိရမှာပေါ့၊ အဓိက,က ကိုယ် ချင်တဲ့ နေရာရောက်သွားဖို့ပဲ၊ အဲဒီနေရာရောက်ရင် အ အနေကြည့်ပြီး လမ်းခွဲတန်ခွဲရမှာပဲ"

"ဖြစ်ပါ့မလား"

"ဘာကြောင့် မဖြစ်ရမှာလဲ၊ အဖေတောင်မှ လ တွေနဲ့ စွန့်စွန့်စားစား လမ်းခွဲပြီးမှ အမေရှိတဲ့နေရာ ရှာတွေ့သွားတာပဲ၊ ဘာမှစိုးရိမ်စရာ မရှိဘူး"

"ဒီလောက်လည်း စိုးရိမ်မနေပါနဲ့ကွယ်၊ အကြော လာရင် အဘကိုယ်တိုင် ရဲရဲဝံ့ဝံ့ ရင်ဆိုင်ကာကွယ်ပေးပါမယ်

ဟု ဦးထွန်းအုံကပါ အားတက်သရော ဝင်ရော ပြောဆိုသဖြင့် အတော်ပင် အားရှိသွားကြသည်။





ထို့နောက်တွင် ညဉ့်နက်လာပြီဖြစ်သောကြောင့် တစ် ယာက်တစ်လှည့် ကင်းစောင့်ကာ အိပ်ကြရန် သဘော ပြီး ဦးစွာ တင်မောင်လွင်က ကင်းစောင့်၍ ကျန်သုံးယောက် အိပ်ကြလေသည်။

ညဉ့်နက်ပိုင်း ရောက်သောအခါ အတန်ငယ် အအေး တ်များလာသောကြောင့် မီးပုံမှမီးကို မပြတ်စေရန် ထိုးပေး နရသည်။

ထိုအခါ မီးရောင်ဖြင့် ဝင်းပဖြူစင်လျက်ရှိသော ပန်းအိ ၏မျက်နှာလေးကို မြင်လိုက်ရသည်။

မိမိဘက်သို့လှည့်ကာ တစောင်းအနေအထားဖြင့် မှိန်မောကျနေလေရာ မျက်ခုံးကောင်းကောင်းနှင့် မျက်တောင် ကာများ စင်းကျနေပုံမှာ မိန်းမချော မိန်းမလှတစ်ယောက် ဖြစ်ကြောင်း သက်သေခံနေပေသည်။

တင်မောင်လွင့်အနေနှင့် ယခင်ကတည်းက ပန်းအိဖြူ အလှကို စိတ်ဝင်စားမိရာမှ ယခုလို ခရီးအတူတူသွားပြီး ပ၏အလှကို အနီးကပ်တွေ့ရသောအခါ ပို၍စွဲလမ်းမှု ဖြစ်မိလေသည်။

"ဒီမိန်းကလေးဟာ အပြစ်ကင်းစင်ပြီး အတော်လှတာပဲ"

ဟု စိတ်ထဲမှ မှတ်ချက်ချမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာက မီးပုံဘက်မှာအိပ်ပြီး ပန်းအိဖြူက အလ
မှာရှိကာ ဦးထွန်းအုံက မလှမ်းမကမ်း အစွန်နေရာမှ အိ
သည်။

မီးဖိုမှအပူရှိန်သည် အလယ်တွင် ကျော်စွာခံနေသ
ပန်းအိဖြူဆီသို့ သိပ်ရဟန်မတူပေ။

သို့ကြောင့်...

ချမ်းလွန်းသဖြင့် တဖြည်းဖြည်း နူးကွေးလာသည်
သတိပြုမိလိုက်သဖြင့် တင်မောင်လွင်က မိမိ၏အပေါ်အ
တစ်ထပ်ကို ချွတ်ကာ ပန်းအိဖြူကိုယ်ပေါ်သို့ အသာခြုံ
လိုက်သည်။

ပန်းအိဖြူမှာ မိမိအပေါ်သို့ လေးလံသောအရာတ
ရောက်လာသဖြင့် ချက်ချင်းနိုးသွားပြီး မျက်လုံးကို အ
ဖွင့်ကြည့်လိုက်တော့ တင်မောင်လွင် အကျီခြုံပေးနေမှ
သိသောအခါ မျက်စိကို အသာပြန်မှိတ်ထားလိုက်သည်။

အကြင်နာ အရိပ်အငွေ့များကြောင့် ကိုယ်မှာ နွေးသွ
သလို ရင်ထဲမှာလည်း နွေးထွေးသွားသည်။

နောက်တစ်နေ့ နံနက်စောစောတွင် အိပ်ရာမှနိုးလ
သောအခါ အဆင်သင့်ရှိသော အစားအစာများကို အဆ
စားသောက်ကြပြီးနောက် ခရီးဆက်ကြလေသည်။





လမ်းခရီး တစ်လျှောက်လုံးမှာတော့ ကံအားလျော်စွာ
အန္တရာယ် တစ်စုံတစ်ရာနှင့် မတွေ့ရဘဲ ဤသို့ဖြင့် သတင်း
တစ်ပတ်ခန့် ကြာလာခဲ့သည်။ လမ်းတစ်လျှောက်လုံးမှာတော့
ပန်းအိဖြူကို ကျော်စွာထက် တင်မောင်လွင်က ပိုမိုဂရုတစိုက်
ရှိနေသည်ကို တွေ့ရသောအခါ ပန်းအိဖြူမှာ ခေတ်ပညာတတ်
လူငယ်တစ်ဦးပီပီ တင်မောင်လွင်၏ အတွင်းသဘောကို
ရိပ်မိလေသည်။

ထို့အတူ ကျော်စွာကလည်း ရိပ်မိသည်။

သို့သော်လည်း...

တစ်ဖက်က သူငယ်ချင်း...

တစ်ဖက်က ညီမအရင်းသဖွယ် ချစ်ခင်ရသူမို့ ဘာမှ
မပြောသာဘဲ သူတို့သဘောနှင့် သူတို့ရှိစေတော့ဟု စိတ်
ထဲမှာ ထားလိုက်လေသည်။

ဤသို့ဖြင့် ရှစ်ရက်မြောက်သောနေ့တွင် အဝေးတွင်
တောင်တစ်လုံးကို လှမ်းမြင်ကြရသည်။

လော်ဟန်က...

"ဆရာလေးတို့... ဟိုးမှာ ဆီးနှင်းတွေဖုံးနေတဲ့တောင်
ကို လှမ်းမြင်ရလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ညွှန်ပြလေရာ တာပိန်မြစ်ကမ်းနှင့် မဝေးလှသော နေရာတွင် တောင်တစ်လုံး၏ ပုံရိပ်ကို ခပ်ရေးရေး လှမ်းမြင် ကြရသည်။

"မြင်တယ် ကိုလော်ဟန်ရဲ့၊ အဲဒါ ကျွန်တော်တို့ သွားရမယ့်တောင်လား"

"ဟုတ်တယ်၊ အဲဒါ ကျားသစ်ဖြူတောင်လို့ ခေါ်တယ်၊ နောက်ထပ် တစ်ရက် နှစ်ရက်တော့ သွားရဦးမယ်"

"ဟင်... အဲဒီလောက်တောင် သွားရဦးမှာလား"

"သွားရတယ်လေ... စကားပုံတောင် ရှိသေးတာပဲ၊ အမြင်နီးပေမယ့် ခရီးဝေးသည့်တောင် ဆိုတာမျိုးပေါ့၊ ဒါပေမယ့် မပူပါနဲ့၊ နားနားနေနေ သွားရင်တောင်မှ အလွန်ဆုံး နှစ်ရက်လောက်ပါပဲ"

"ဝမ်းသာစရာပဲပေါ့ဗျာ"

"ယောကျ်ားတွေချည်း သွားမယ်ဆိုရင် အဲဒီလောက် မသွားရပါဘူး၊ အခုက မိန်းကလေးတစ်ယောက် ပါနေလို့ သူ့ကိုညှာပြီး လျှောက်နေရလို့ပါ၊ အပြန်ဆိုရင် ဖြတ်လမ်း တွေရှိတယ်၊ ခရီးတော့ ကြမ်းတယ်၊ ဒါပေမယ့် အမြန်ပြန် ရောက်နိုင်တယ်"





ထိုစကားကြောင့် ကျော်စွာ့စိတ်ထဲမှာ လော်ဟန်မှာ ထိုခရီးကို တစ်ခေါက်မက နှံ့နှံ့စပ်စပ် သွားလာဖူးသူ ဖြစ်ရမည်ဟု မှတ်ချက်ချလိုက်သည်။

"အပြန်ကျတော့လည်း အဆင်ပြေသလို ကြည့်ပြီး စီစဉ်တာပေါ့"

"ဒါထက် ဆရာလေးတို့ ဆေးပင်ဆေးမြစ်ရှာချင်တာ အဲဒီ ကျားသစ်ဖြူတောင်မှာလား"

လော်ဟန်က စူးစမ်းသလို တစ်ချက်မေးလိုက်သည်။

"ဟုတ်တယ်၊ ကျွန်တော်တို့အဘိုးတွေ လမ်းညွှန်ပေး ခဲ့တာကတော့ အဲဒီတောင်တစ်ဝိုက်မှာပဲ"

ဟု ကျော်စွာက အဆင်ပြေသလို ပြောလိုက်သည်။

နောက်ထပ် တစ်ရက်ကျော်ကျော်ခန့် ခရီးဆက်သွားပြီးသောအခါ ကျားသစ်ဖြူတောင်ကို သဲသဲကွဲကွဲ လှမ်းမြင်နိုင်သောနေရာသို့ ရောက်ခဲ့ကြသည်။

တောင်မှာ ကျောက်တောင်အမျိုးအစားဖြစ်ပြီး အောက်ပိုင်းမှသာ သစ်တောများရှိပြီး တောင်အလယ်ပိုင်းမှစကာ အပေါ်ထိပ်ရောက်သည်အထိ သစ်ပင်များမရှိတော့ပေ။

နွေရာသီပင်ဖြစ်လင့်ကစား တောင်ထိပ်ပိုင်းမှာ ဆီးနှင်းလိုလို မြူနှင်းလိုလို အရာများက ဖုံးအုပ်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့်...

တောင်၏ထိပ်ပိုင်းအထိတော့ လုမ်းမမြင်ရပေ။

"ဒီကနေ တောင်ဆီကိုရောက်ဖို့ ကြားထဲမှာ တောနက် တစ်ခုကို ဖြတ်သွားရမယ်၊ အဲဒီမှာ ကျားသစ်ဖြူတွေရှိတယ်၊ ဆရာလေးတို့မှာ ဘာလက်နက်တွေပါကြလဲ"

ဟု လော်ဟန်က အကဲခတ်သလို တစ်ချက်ကြည့်ပြီး မေးလိုက်သည်။

"သေနတ်ပါတယ်"

ထိုစကားကို ဝင်ပြောလိုက်သူမှာ တင်မောင်လွင် ဖြစ်သည်။ တင်မောင်လွင်မှာ ပန်းအိဖြူနှင့်ပတ်သက်၍ လော်ဟန်ကို သိပ်ကြည့်ရဟန်မတူပေ...။

"ဟင်... ဘယ်မှာလဲ၊ ကျုပ်လည်းတစ်ခါမှ မမြင်မိ ပါလား"

"သေနတ်ဆိုတာ အကြောင်းရှိမှ ထုတ်သုံးမှာပေါ့ဗျာ"

ဟု ပြောကာ တင်မောင်လွင်က အပေါ်အင်္ကျီကိုလှပ်ကာ ချိုင်းအောက်မှာ လွယ်ထားသော သေနတ်ကို ပြလိုက်ရာ လော်ဟန်မှာ မျက်နှာတစ်ချက် ပျက်သွားလေသည်။

သူ့စိတ်ထဲမှာ သေနတ်က သူ့ဆီမှာသာပါပြီး ကျန်တဲ့ လူများထံမှာ မပါနိုင်ဟု ယူဆထားရာမှ ယခုလို မမျှော်လင့်ဘဲ





တင်မောင်လွင့်ထံမှာ သေနတ်တစ်လက် ပါလာသည်ကို တွေ့လိုက်ရသောအခါ အနည်းငယ်တော့ တွန့်သွားလေသည်။

"သေနတ်ပါတော့ ပိုကောင်းတာပေါ့၊ ကျားသစ်နဲ့တွေ့ရင် တော့ လက်မနှေးဖို့လိုတယ်နော်..."

"အရေးကြုံလာတော့လည်း သက်လုံကောင်းရမှာပေါ့ ကိုလော်ဟန်ရယ်၊ ကျွန်တော်တို့အတွက် မပူပါနဲ့"

ဟု တင်မောင်လွင်က စိတ်ထဲမှာ ခပ်ချဉ်ချဉ်ရှိသည့် နှင့် ပိတ်ပြောလိုက်မှ ငြိမ်ကျသွားလေသည်။

"အဲဒီတောင်ကြီးကို ကျုပ်ရဲ့အဖေ ရောက်ခဲ့တာပေါ့"

ဟု စကားကို လွှဲပြောလိုက်သည်။

"အမြင့်ပေ ဘယ်လောက်ရှိသတဲ့လဲ..."

"တောင်ကတော့ အတော်ကလေးမြင့်တယ်၊ ဒါပေမယ့် သူရောက်သွားတဲ့ဂူကတော့ ပေလေးငါးရာလောက် တက်လိုက် တာနဲ့ ရောက်နိုင်တယ်လို့ ပြောတယ်..."

"အပေါ်တက်လမ်း အမှတ်အသားက ဘာတွေရှိသ တဲ့လဲ..."

ကျော်စွာက သူလိုချင်သော အချက်အလက်များကို လော်ဟန်ထံမှ မသိမသာ မေးကြည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဖေ ပြောလိုက်တာကတော့ တောင်ရဲ့ အနောက်ဘက်ကို လှည့်သွားရင် ရေစပ်စပ်နဲ့ အင်းပျက်လိုနေရာမျိုး တစ်ခုရှိတယ်တဲ့၊ အဲဒီနေရာတစ်ဝိုက်မှာ စိုက်ခင်းဟောင်းတွေလည်း တွေ့နိုင်တယ်တဲ့၊ အဲဒီနားမှာ အပေါ်ကိုတက်တဲ့ လမ်းဟောင်းတစ်ခု ရှိတယ်၊ အဲဒီလမ်းအတိုင်း အပေါ်ကို ပေလေးငါးရာလောက် တက်သွားရင် အရင်က လူတွေနေတဲ့ ဂူကို ရောက်နိုင်တယ်လို့ ပြောတယ်"

ထိုစကားများကို ကျော်စွာရော တင်မောင်လွင်ပါ အသေအချာ မှတ်ထားလိုက်ကြသည်။

"ဆရာလေးတို့ရှာမယ့် ဆေးပင်မျိုးက ကျောက်ဂူတွေထဲမှာ ပေါက်တဲ့အပင်မျိုးလား"

"ဟုတ်တယ်... ဂူတွေဘာတွေမေးတာက အခုလောက်ချမ်းတဲ့ ရာသီမျိုးမှာ ကျောက်ဂူထဲမှာဝင်ပြီး စခန်းချတော့ နွေးနွေးထွေးထွေးနဲ့ စိတ်ချလုံခြုံမှု ရှိတာပေါ့ဗျာ..."

"အဖေပြောတာကတော့ ကျောက်ဂူက အတော်ကျယ်ပြီး လူနေလို့ရလောက်အောင် ကောင်းတယ်လို့ ပြောဖူးတယ်၊ ကျုပ်လည်း ဒီနေရာကို ရောက်ချင်တာ အတော်ကြာပြီ... အခုမှပဲ တကယ်ရောက်ဖြစ်တော့တယ်..."





"ကဲ... ကိုလော်ဟန်၊ စကားကောင်းနေလို့ မပြီးသေးဘူးဗျ။ အခုမှ မွန်းတည့်သာသာပဲ ရှိသေးတယ်၊ နေမစောင်းခင် တောင်ခြေရောက်အောင်သွားမှ ကျုပ်တို့အတွက် ကောင်းမယ်ဗျို့"

ဟု ကျော်စွာက လောဆော်လိုက်ပြီး ခရီးဆက်ကြသည်။

အတန်ငယ်သွားမိသောအခါ လော်ဟန်ပြောသည့် တောနက်အတွင်းမှ ဖြတ်သန်းကြရလေတော့သည်။

တောမှာ သစ်ကြီးဝါးကြီးများ အုပ်မိုးနေသောကြောင့် မြေပြင်သို့ ရောက်သွားသောအခါ စောစောက လှမ်းမြင်ရသော တောင်ကို မမြင်ရတော့ပေ...။

စောစောကမြင်ရသော တောင်မှာ ၎င်းတို့ရှိနေရာ အရပ်၏ အနောက်ဘက်စူးစူးတွင်းရှိသဖြင့် အရှေ့ အနောက် တောင် မြောက်ကို မှတ်သားပြီးသွားကြရသည်။

နေရောင်ခြည် မပျောက်သေးသောကြောင့် သွားရတာ မခက်ခဲလှပေ...။

တောတွင်းတစ်နေရာသို့ ရောက်သောအခါ ရှေ့ဆုံးမှ သွားနေသော လော်ဟန်က နောက်မှလူများကို အသံမထွက်စေရန် အချက်ပေးလိုက်ပြီး ကျောမှာလွယ်ထားသော သေနတ်ကိုယူ၍ မောင်းတင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် အတူပါလာသော အဖော်ကလည်း လေးနှင့်မြားကို အဆင်သင့်ပြင်လိုက်သည်ကို တွေ့ရသဖြင့် ရှေ့တွင် အန္တရာယ်တစ်ခုခု ရှိနေပြီဖြစ်ကြောင်း သိလိုက်သောကြောင့် တင်မောင်လွင်က ၎င်းသေနတ်ကို အဆင်သင့်ပြင်ထားလိုက်သည်။

ရှေ့ဆုံးမှ လော်ဟန်တို့နှစ်ယောက်သွားကာ အလယ်တွင် ကျော်စွာနှင့် ပန်းအိဖြူတို့နေ၍ နောက်ဆုံးမှ တင်မောင်လွင်နှင့် ဦးထွန်းအုံတို့က လိုက်ကြသည်။

သူတို့သုံးယောက်တွင် တင်မောင်လွင်မှာ သေနတ်တစ်လက်၊ ကျော်စွာမှာ ဝါးရှည်တစ်ချောင်းနှင့် ဦးထွန်းအုံမှာတော့ လှံရှည်တစ်လက်ပါလာသည်။

ပန်းအိဖြူဆီမှာတော့ လိုရမယ်ရ အသုံးပြုနိုင်ရန် ဓားမြှောင်တစ်လက် ပေးထားသည်။

တစ်နေရာရောက်သောအခါ သူတို့ရှေ့ဘက်ရှိ သစ်ပင်ပေါ်မှ အခြားသစ်ပင်ပေါ်သို့ ရိုပ်ခနဲ ဖြတ်ကူးသွားသော ဖြူဖြူသဏ္ဍာန်တစ်ခုကို အားလုံးမြင်လိုက်ရသည်။

လော်ဟန်က နောက်ကိုလှည့်ပြီး လက်နှစ်ချောင်းထောင်ပြသောကြောင့် နှစ်ကောင်ဖြစ်မည်ဟု ခန့်မှန်းရသည်။





တစ်နေရာသို့ ရောက်သောအခါ သစ်ပင်ပေါ်မှ "ဂါး"ဟု
ာ်သံတစ်ချက်ကြားလိုက်ရပြီး သတ္တဝါတစ်ကောင် ခုန်ဆင်း
ာသည်။ လော်ဟန်က လက်နှေးသူမဟုတ်ပေ...။

ဖျတ်ခနဲ သေနတ်ဖြင့် ချိန်ကာပစ်သည်။

"ဒိုင်း..."

ကျားသစ်ဖြူပင်...။

လော်ဟန် သေနတ်နှင့်ပစ်သည်နှင့် ဘေးသို့လှန်ဆင်း
ွားသည်။

ထိုအခိုက်မှာပင် အနောက်ဘက်တောစပ်မှ နောက်ထပ်
စ်ကောင် ဘွားခနဲထွက်လာပြီး နောက်မှလိုက်လာသော
င်မောင်လွင်တို့ကို ခုန်အုပ်ရန် ဟန်ပြင်လိုက်သည်။

ကျားသစ်ဖြူက ခုန်အုပ်ရန် ဟန်ပြင်လိုက်သည်နှင့်
င်မောင်လွင်က ဖျတ်ခနဲ သေနတ်ကို ထုတ်လိုက်သည်။

လွှားခနဲ ခုန်ဝင်လာသည်နှင့် သေနတ်နှင့်ချိန်၍ပစ်သည်။

"ဒိုင်း..."

တင်မောင်လွင် ပစ်လိုက်သောကျည်ဆန်က ကျားသစ်ဖြူ
ို ထိမှန်သွားသောကြောင့် ဟန်ချက်ပျက်ပြီး ကျလာစဉ်
ထွန်းအုံက အောက်မှ လှံဖြင့်ဆီးပုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှကျလာသော အလေးချိန်နှင့် အောက်မှ ဆီးတို သောအရှိန်တို့ ပေါင်းမိသွားကာ လုံက အရိုးထိအော နစ်မြုပ်ဝင်သွားကာ မြေပေါ်သို့ ဗုန်းခနဲကျသွားကာ မာန် ရုန်းကန်လျက်ရှိရာ တင်မောင်လွင်က အနားသွားပြီး သေနတ် ဖြင့် နောက်တစ်ချက်ပစ်တော့မှ တဖြည်းဖြည်း ငြိမ်ကျသွား လေတော့သည်။

သူတို့ ဘယ်လိုမှထင်မထားသော လူများက ကျားသစ် ဖြူတစ်ကောင်ကို အနိုင်ယူ သတ်ပြလိုက်သောအခါ လော်ဟ နှင့် သူ့အဖော်တို့မှာ များစွာ အံ့သြနေကြဟန်ရှိသည်။

တင်မောင်လွင်က ဘာမှ ထူးခြားမှုမရှိသလို သေနတ် ကို အိတ်ထဲပြန်ထည့်လိုက်သည်။

ထို့နောက်...

ကျားသစ်ဖြူကို တုတ်ဖြင့်လျှို၍ ရှေ့နောက် တစ်လူညီ ထမ်းကာ တောင်ခြေရောက်အောင် သယ်ယူလာခဲ့ကြရာ နေဝင်ချိန်တွင် သူတို့သွားလို့ ရောက်လိုသော ကျားသစ်ဖြူ တောင်ခြေသို့ ရောက်သွားကြလေတော့သည်။





## အခန်း (၁၇)

# ကျားသစ်ဖြူတောင်ပေါ်မှ ထူးဆန်းသောပုံရိပ်

တကယ်တော့ ကျားသစ်ဖြူတောင်မှာ ကျောက်တောင် အမျိုးအစားဖြစ်ပြီး ပေပေါင်း တစ်သောင်းနီးပါးခန့် အမြင့် ရှိသော နှင်းဖုံးတောင် အမျိုးအစားဖြစ်သည်။

"ငါ မြေပုံထဲမှာကြည့်တော့ တရုတ်နယ်ထဲက တာပိန် မြစ်ရဲ့ အနောက်ဘက်ကမ်းမှာရှိတဲ့ ပေတစ်သောင်းကျော် မြင့်တဲ့ တောင်တစ်တောင်ကို တွေ့ရတယ်၊ ဒီတောင်ပဲဖြစ်မယ် ထင်တယ်"

ဟု ကျော်စွာက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ တောင်ကတော့ အတော်မြင့်တယ်၊ တောင်ထိပ်မှာ မြူနှင်းတွေ ဖုံးနေတာ မြင်ရတော့ ဘယ်လွှမ်းရမှန်းမသိပါဘူးကွာ... လွှမ်းချင်သလိုလို တောင် ဖြစ်လာတယ်...”

တင်မောင်လွင်က ပန်းအိဖြူကို ဖျတ်ခနဲ တစ်ချက် ကြည့်ကာ ပြောလိုက်သည်။ ပန်းအိဖြူကတော့ မမြင်ဟန် မကြားဟန် ဆောင်နေလေသည်။

“မင်းခံစားရတာနဲ့ ငါက ပိုပြီးခံစားရတာပေါ့ သူငယ်ချင်းရယ်”

“ဘာလဲ...မင်း မိမိမြတ်ကို လွှမ်းနေပြီလား”

“ဒါလည်းပါတာပေါ့၊ နောက်တစ်ခုက ဒီတောင်မှာ ငါ့အဖေနဲ့ အမေတို့ ဖူးစာဆုံခဲ့ကြတာ မဟုတ်လား၊ အခု သူတို့ရဲ့ဝိညာဉ်တွေဟာ နေရာဟောင်းမှာလာပြီး ပျော်ချင်ပျော် နေကြမှာပေါ့... ငါ့စိတ်ထဲမှာ တစ်မျိုးကြီးခံစားရတယ်ကွာ”

“ဒါတွေတွေးပြီး စိတ်မကောင်းဖြစ်မနေပါနဲ့ကွာ၊ အရေးကြီးတာက ဟိုလူနှစ်ယောက်ပဲ... သူတို့ကို ဘယ်လို လုပ်မလဲ... ပြန်လွှတ်လိုက်ရင် ကောင်းမလား”

“အဲဒီလိုပြန်လွှတ်လိုက်ရင် သူတို့က တို့ကို တစ်နည်း၊ နည်းနဲ့ ရန်ရှာမှာသေချာတယ်”





“ဒီတော့ ဘယ်လိုလုပ်မလဲ...”

“ဒီလိုပဲ မေးပြီးခေါ်သွားမယ်... ကိုယ့်ရည်ရွယ်ချက် ပြည့်တော့မှ တစ်နည်းကြံကြတာပေါ့”

“မင်းက ဒီခရီးရဲ့ အဓိကပဲ၊ မင်းကောင်းသလိုသာ စီစဉ်ပေတော့၊ ဒါပေမယ့် တစ်ချက်ကလေးမှ သတိမလစ်စေ နဲ့”

“စိတ်ချပါ...”

“အရေးပေါ်လာရင် လက်မနှေးဖို့လည်း အရေးကြီး တယ်”

“လမ်းမှာ မင်းရဲ့လက်ရည်ကို မြင်ပြီးကတည်းက သူတို့ နည်းနည်းတော့ လန့်သွားပုံရတယ်... မကောင်းကြံရင် တောင်မှ ပြောင်ကြံဝံ့မှာမဟုတ်ဘူး၊ လျှို့ဝှက်ပြီးကြံမှာပါ... အခုတော့ သူ့ရည်ရွယ်ချက် ကိုယ်မသိ၊ ကိုယ့်ရည်ရွယ်ချက် သူမသိနဲ့ဆိုတော့ ဒီလိုပဲ ဟန်မပျက်ကလေး နေကြတာပေါ့”

ဟု ပြောဆိုတိုင်ပင်နေကြစဉ် လော်ဟန်နှင့် သူ့အဖော် တို့ အပြင်မှပြန်လာကြသည်။

သူတို့တွင် ယုန်တစ်ကောင်နှင့် ဖွတ်တစ်ကောင် ပါလာ သဖြင့် နံနက်စာအတွက် ပြင်ဆင်နေကြသည်။

“ကျုပ်တို့မုဆိုးတွေမှာ ဆိုရိုးတစ်ခုရှိတယ် ဆရာလေးရဲ့”



www.burmeseclassic.com

www.burmeseclassic.com



လော်ဟန်က ယုန်နှင့်ဖွတ်ကို မီးတောက်ပြင်းပြင်း လှည့်ကင်ပေးနေရင်း ပြောလိုက်သည်။

"ဘယ်လိုစကားလဲ ကိုလော်ဟန်ရဲ့"

"အသွားမှာ ထမင်းတစ်လုပ်စားရင် အပြန်မှာ ထမ နှစ်လုပ်စားပါတဲ့..."

"အဲဒါ ဘာအဓိပ္ပါယ်လဲဗျ..."

"ဩော်... ဒါက အသွားကျတော့ ကိုယ်သွားရမ ခရီးက ဘယ်အချိန် ရောက်မှန်းမသိ၊ ဘယ်အချိန်မှ ပြ မယ်ဆိုတာ မခန့်မှန်းနိုင်တော့ ပါလာတဲ့ရိက္ခာကို ချွေတာစားရ သဘောပေါ့ဗျာ၊ အပြန်မှာ ထမင်းနှစ်လုပ်စားဆို အပြန်ခရီးက အချိန်ကို ခန့်မှန်းလို့ရပြီဆိုတော့ ယူလာ ရိက္ခာတွေကို အလေးခံပြီး သယ်နေတာနဲ့စာရင် မြန်မြ ကုန်အောင် စားပစ်နိုင်းတဲ့ သဘောပါပဲ..."

"မှတ်သားရပါပေ့ ကိုလော်ဟန်ရယ်... ခင်ဗျားပြော စကားအဓိပ္ပါယ်က ကျွန်တော်တို့သွားချင်တဲ့နေရာ ရောက် ဆိုတော့ ခင်ဗျားတာဝန်လည်း ပြီးပြီဆိုပါတော့... ဘာ ခင်ဗျားတို့က ဒီကနေပြီး လှည့်ပြန်တော့မယ့် သဘောမျိုးလာ ကိုလော်ဟန်"





ကျော်စွာက စကားတစ်ချက် ထောက်ကြည့်လိုက်သည်။

"ဒီလိုပြန်ရင် ဘယ်ကောင်းပါ့မလဲ ဆရာလေးရယ်၊ ကကြီးမျက်မည်းထဲမှာ ဆရာလေးတို့ကို ပစ်ထားခဲ့သလို ဖြစ်နေမှာပေါ့"

"ဒါဖြင့် ခင်ဗျားတို့က ဘယ်လိုစီစဉ်ချင်သလဲ..."

"အခု ဆရာလေးတို့ရောက်ချင်တဲ့ တောင်လည်းရောက် ပြီဆိုတော့ အေးအေးဆေးဆေး ဆေးပင်ဆေးမြစ်တွေ တက် ရှာကြပေတော့၊ ကျုပ်တို့နှစ်ယောက်က အမဲပစ်ရင်းနဲ့ မှားတစ်ဝိုက်ကပဲ စောင့်ကျန်ရစ်တော့မယ်... ဒါပေမယ့် ကိုဘက်နားမှာ ရေစီးသန်တဲ့ ချောင်းတစ်ချောင်းရှိသေးတယ်၊ ဒီချောင်းကို ကူးကြရဦးမှာဆိုတော့ ကျုပ်တို့ လိုက်ပို့ပေး ပါမယ်... "

ဟု ပြောဆိုကာ နံနက်စာ စားသောက်ပြီး တောင်၏ အနောက်ဘက်သို့ လာသောအခါ အတော်အတန်ကျယ်၍ ရေစီးသန်သော ချောင်းစပ်သို့ ရောက်လာကြသည်။

ထိုနေရာတစ်ဝိုက်မှာ ယခင်က ရှိခဲ့ဖူးသည်ဆိုသော ရေစပ်စပ်နှင့် အင်းကဲ့သို့ နေရာမျိုးရော သီးပင်စားပင် ကင်းများပါ လုံးဝမတွေ့ရတော့ဘဲ ယခင်က ရေစပ်စပ်နှင့် င်းနေရာမှာ ရေစီးသန်သော ချောင်းတစ်ချောင်းဖြစ်နေပြီး



www.burmeseclassic.com

www.burmeseclassic.com



စိုက်ခင်းများရှိသည်ဆိုသော နေရာမှာတော့ အခြားသစ် ကြီးက နေရာယူလျက်ရှိနေသည်။

နှစ်ပေါင်းကလည်း ခြောက်ဆယ်ခန့်ကြာခဲ့ပြီမို့ အ အနေများက သွင်သွင်ကြီးကို ပြောင်းလဲလျက်ရှိနေ သည်။

ချောင်းက ရေစီးအတော်သန်ပြီး ရေစူးနက်ဟန်လ ရှိသည်။ လော်ဟန်က တောထဲမှ ဝါးတစ်လုံး ခုတ်ယူလာ ရေထဲသို့ ထိုးကြည့်သောအခါ ပေနှစ်ဆယ် အစိတ်လော နက်သည်အထိ မြေကြီးသို့ မထောက်မိသေးပေ။

"ချောင်းက အတော်နက်တာပဲ...ဒီချောင်းက တာ မြစ်ထဲအထိ စီးဆင်းသွားပုံရတယ်... မဟုတ်ကာမှလွဲ တောင်ထိပ်မှာ နှင်းခဲတွေပျော်ကျနေလို့ ဒီလောက်ရေစီး နေတာ ဖြစ်ရမယ်"

ဟု တင်မောင်လွင်က မှတ်ချက်ချသည်။

"အင်း... ဒီနားတစ်ဝိုက်မှာ ကျုပ်အဖေ ပြော အမှတ်အသားတွေလည်း မရှိတော့ပါလား၊ ဒီနေရာမှာ နှုတ်ခမ်းရှိတယ်ဆိုတာ အခုတော့ ချောင်းဖြစ်နေပြီ တော ရောက်ဖို့ ဒီချောင်းကို မဖြတ်ဘဲနဲ့ ဘယ်နည်းနဲ့မှ မရော နိုင်ဘူး"





ဟု ပြောဆိုနေစဉ် ပန်းအိဖြူက မလှမ်းမကမ်းမှာ မြင်နေရသော ချောင်းတစ်နေရာသို့ လက်ညှိုးထိုးပြသည်။

"ကိုကို... ဟိုနေရာလေးက ဒီဘက်နဲ့စာရင် နည်းနည်း ကျဉ်းတယ်၊ သွားကြည့်ပါလား"

ဟု အကြံပေးသဖြင့် ထိုနေရာသို့ သွားကြည့်သောအခါ ချောင်းမှာ ကွေ့ဖြစ်နေသောကြောင့် အခြားနေရာများနှင့် စာလျှင် အတော်ကျဉ်းကြောင်း တွေ့ရသည်။

ယောကျ်ားတစ်ယောက် လွတ်လွတ်လပ်လပ် ခုန်ကူး ပါက ရောက်နိုင်လောက်သော အနေအထားမျိုးဖြစ်သည်။

"ဘယ်လိုလဲ၊ ခုန်ကူးကြမလား"

လော်ဟန်က မေးသည်။

"အသက်ကြီးသူ တစ်ယောက်နဲ့ မိန်းကလေးတစ် ယောက်ပါတော့ ခုန်ကူးဖို့တော့မဖြစ်နိုင်ဘူး၊ တခြားနည်း စဉ်းစားပါဦး"

လော်ဟန်က အတန်ကြာအောင် စဉ်းစားနေပြီးမှ...

"ဒီလိုဆိုရင် တံတားထိုးကူးဖို့ ကျုပ်တို့ သစ်သား သွားရှာလိုက်ဦးမယ်၊ ဒီနေရာက ခဏစောင့်နေကြပါ..."

ဟု ပြောဆိုကာ တောထဲသို့ဝင်သွားကြရာ တော်တော် နှင့် ပေါ်မလာတော့ပေ...။



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာတို့လည်း ထိုနေရာမှ စောင့်ကြရင်းနှင့် အချိန်ကုန်သွားလေတော့သည်။

မိုးချုပ်ခါနီးတော့မှ လော်ဟန်တို့နှစ်ယောက် ဝါးလုံးနှင့် နွယ်ကြိုးများယူကာ ပြန်လာကြသည်။

"ကြာလှချည်လား ကိုလော်ဟန်၊ ဘာဖြစ်နေလို့လဲ..."

"တောထဲမှာ လမ်းအမှတ်အသားတွေ ပျောက်နေလို့ ကြာသွားတာပါ ဆရာလေး၊ ကိုင်း... ဒီကနေ့တော့ ဒီဘက်ကမ်းမှာပဲ အိပ်ကြရင်ကောင်းမယ်... မနက်လင်းတော့မှပဲ မြင်မြင်ထင်ထင် ကူးကြတာပေါ့"

ဟု ပြောသဖြင့် ထိုညက ချောင်းနံဘေးမှာပင် ဖြစ်သလို စခန်းချကြလေသည်။

သို့စေကာမူ... လော်ဟန်တို့ နှစ်ယောက်မှာ ၎င်းတို့ နားမလည်သော တရုတ်ဘာသာစကားဖြင့် တကြိတ်ကြိတ် လုပ်နေသောကြောင့် သူတို့ အကြံအစည်နှင့် အစီအစဉ်များ ပြုလုပ်နေပြီဖြစ်ကြောင်း ရိပ်မိသဖြင့် ခါတိုင်းထက်ပိုမို သတိဝီရိယထားကာ နေကြရသည်။

ထိုညတွင် ဘာမှ ပြဿနာမပေါ်ဘဲ ကောင်းမွန်စွာ အနားယူ အိပ်စက်ကြရသည်။





နောက်တစ်နေ့ နံနက်လင်း၍ ပါလာသောအစားအစာများကို ဝမ်းပြည့်အောင် စားသောက်ကြပြီး တစ်ဖက်ကမ်းသို့ ကူးရန်ပြင်ဆင်ကြသည်။ ဆယ်ပေ၊ ဆယ့်နှစ်ပေခန့် ကျယ်သော ချောင်းကိုဖြတ်ကူးဖို့ရန် ဝါးတံတားလုပ်ရသည်မှာ ခက်အခဲတော့ မရှိလှပေ...

သို့သော်...

လော်ဟန်ပြုလုပ်သော လှေကားတံတားမှာ အနည်းငယ် တိုနေရာ ကောင်းစွာမမီဘဲ ရှိနေသည်။

သို့သော် မတတ်သာတော့ပေ...

အချိန်ကလည်း မရှိတော့သဖြင့် နောက်ထပ် လှေကားတံတားတစ်ခုကို ပြုလုပ်ရန် ဘယ်လိုမှမဖြစ်တော့ပေ...

အဘယ်ကြောင့်ဆိုသော်...

တံတားပြုလုပ်ရန် ဝါးခုတ်သွားရသောနေရာမှာ ချောင်းနှင့် အတော်ဝေးသောကြောင့် ဖြစ်သည်။

ထိုနေရာသည် ချောင်းကျဉ်းသဖြင့် ရေစီးပိုကြမ်းသယောင် ရှိရုံမက မလှမ်းမကမ်းမှာလည်း ကျောက်ဆောင်ကျောက်တုံးများ ဝန်းရံထားသော ဝဲကတော့များ ရှိပေသည်။

"ဆရာလေးတို့ ရေကူးတတ်ကြသလား"

လော်ဟန်က မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဘကတော့ ကူးတတ်မှာပေါ့၊ ကျွန်တော်တို့ သုံးယောက်ကတော့ ဘယ်ကူးတတ်မလဲဗျ..."

ထိုစကားကြားသောအခါ လော်ဟန်က ကျေနပ်သွားဟန်ရှိသည်။

"ရေစူးကလည်း နက်တယ်၊ ရေစီးကလည်းကြမ်းတယ်၊ ဒါ့အပြင် ဝဲကတော့တွေရှိသေးတယ်၊ ကဲ...ကဲ... ဆရာလေးတို့ အရင်ကူးကြ၊ ကျုပ် ဒီဘက်က တံတားကို ကိုင်ထားပေးမယ်"

ထိုသို့ ဆိုသော်လည်း ကျော်စွာက စိတ်မချသောကြောင့် သူပါ ဒီဘက်မှာ စောင့်ပေးသည်။

ဦးစွာ လော်ဟန်နှင့် အဖော်ပါလာသူက အရင်ကူးသွားသည်။ သူကူးတာ စိတ်ချရတော့မှ နောက် ဦးထွန်းအုံနှင့် တင်မောင်လွင်တို့ တစ်ယောက်ပြီးတစ်ယောက်ကူး၍ တစ်ဖက်သို့ ရောက်သွားတော့မှ ကျော်စွာကူးသည်။

နောက်ဆုံးမှ လော်ဟန် ကူးလိုက်လာသည်။

သူသည် တစ်ဖက်ကမ်းသို့ ရောက်သည်နှင့် ခြေချော်သလိုလိုနှင့် အစွန်းပေါ်မှာတင်ထားသော တံတားကို ခြေဖြင့် တမင်ကန်ချလိုက်သည်။

"ဝုန်း"





တံတားက ရေစီးသန်သော ချောင်းထဲရောက်သွားသည်နှင့် ကျောက်ဆောင် ကျောက်တုံးများဖြင့် တိုက်မိပြီး ကျိုးပဲ့ပျက်စီးသွားတော့သည်။

"ဘယ်လိုဖြစ်တာလဲ ကိုလော်ဟန်"

"အပေါ်ကို လှမ်းတက်လိုက်တာ ခြေချော်ပြီး တံတားကို ကန်ချလိုက်သလို ဖြစ်သွားတယ်ဗျာ..."

"တံတားကျသွားတာ အရေးမကြီးဘူး၊ ဒီဘက်ကမ်းမှာ ကျောက်တုံးတွေပဲရှိတယ်၊ သစ်ပင်ဆိုလို့ ဘာအပင်မှ ကြီးကြီးမားမား မရှိဘူး၊ အပြန် ဘယ်လိုကူးကြမှာလဲ..."

ဟု တင်မောင်လွင်က စိတ်တိုသောအသံနှင့် မေးလိုက်သည်။

ထိုအခါ လော်ဟန်က သိပ်ပြီး အလေးအနက်မထားသော အသံဖြင့်...

"အပြန်ကျတော့လည်း ဒီလိုပဲ ကြည့်လုပ်ကြတာပေါ့ ဆရာလေးရဲ့၊ ကဲ...ကဲ... အချိန်ရှိခိုက် ကျောက်တောင်ပေါ် တက်ကြရအောင်... ဒီဘက်ရောက်ကာမှ ကျုပ်အဖေ ပြောလိုက်တဲ့ အမှတ်အသားလေးတွေ နည်းနည်းပြန်တွေ့ရတော့တယ်၊ ဒီလောက်ဆိုရင် လမ်းကိုမှန်းလို့ရပြီ၊ တောင်ပေါ်ကို တက်ရမှာ ဒီနေရာပဲ..."



www.burmeseclassic.com

www.burmeseclassic.com



ဟု လော်ဟန်ကပြောသဖြင့် အားလုံးက တောင်ပေါ်သို့ မော့ကြည့်လိုက်ကြရာ မြူနှင်းများဝေနေသော တောင်စောင်း တစ်နေရာတွင် ရပ်နေသော လူတစ်ဦး၏ပုံရိပ်ကို အားလုံး မြင်လိုက်ကြရလေသည်။

"ဟင်… "

ရပ်နေသောလူမှာ အဘိုးအိုတစ်ဦးဖြစ်ပြီး တစ်ကိုယ်လုံး အဖြူရောင် အဝတ်အစားများ ဝတ်ထားသည်။

၎င်း၏ အဝတ်အစားများက လေထဲမှာ တလူလူလွင့် နေသည်။ ခဏကြာတော့ ထိုနေရာမှာ မရှိတော့ပေ…

လော်ဟန်သည် ထိုပုံရိပ်ကို မြင်လိုက်သောအခါ မျက်စိ မျက်နှာ ပျက်သွားလေသည်။

"ဆရာလေး စောစောက ကျုပ်တို့သွားမယ့်လမ်းမှာ လူတစ်ယောက်ရပ်နေတာ တွေ့လိုက်မိသလား"

ဟု မေးသည်။

"အင်း…တွေ့လိုက်တယ်လေ… သူလည်း ကျွန်တော် တို့လို ဆေးမြစ်ဆေးဥရှာတဲ့လူ ဖြစ်ချင်ဖြစ်မှာပေါ့"

ကျော်စွာက အရေးမကြီးသလို ပြောလိုက်သည်။

"ဒါဟာ အတော်ဆန်းတာပဲ… ဒီတောင်ပေါ်မှာ လူရှိ နေတယ်ဆိုတာ ဖြစ်ကိုမဖြစ်နိုင်ဘူးထင်တယ်…"





"ဟုတ် မဟုတ် အပေါ်ရောက်မှ သိမှာပေါ့၊ ဒါထက် ခင်ဗျားတို့နှစ်ယောက်ပါ အပေါ်လိုက်ကြမှာလား"

"လိုက်ခဲ့မယ် ဆရာလေး… ဒီနေရာရောက်မှတော့ မထူးတော့ပါဘူး၊ ဆရာလေးတို့နဲ့ပဲ လိုက်ခဲ့တော့မယ်"

ဟု ပြောကာ လူတစ်ယောက်သွားသာရုံ ကျဉ်းနေ သေးသော လမ်းကလေးအတိုင်း အပေါ်သို့တက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၁၈)

# လောဘသား၏ နိဂုံး

လမ်းဟောင်းအတိုင်း ပေလေးရာကျော် ငါးရာနီးပါး ...က်မိသောအခါ အတော်အတန်ကျယ်ဝန်းသော ဂူဟောင်း ...စ်လုံးအတွင်းသို့ ရောက်သွားကြသည်။

ဂူမှာ လူမရောက်ဘဲ စွန့်ပစ်ထားသည်မှာ နှစ်ပေါင်း ...တော်ကြာသည့် လက္ခဏာမျိုးရှိသော်လည်း တစ်ချိန်က ...အများ အချိန်ကြာမြင့်စွာ နေထိုင်ခဲ့သော သဲလွန်စ‌,များ ...ိုလည်း တွေ့ရလေသည်။

ထိုနေရာ ရောက်သောအခါ ကျော်စွာ၏စိတ်ထဲ၌..



www.burmeseclassic.com

www.burmeseclassic.com



"အင်း... အခုငါတို့ရောက်နေတဲ့ နေရာက လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ငါ့အဖေရောက်ခဲ့တဲ့ နေရာပဲဖြစ်မယ်... ဒီလိုဆိုရင် အဖေတောင်မှ တွေ့အောင်ရှာသွားတာ ငါလည်း တွေ့အောင်ရှာမှဖြစ်မယ်"

ဟု တွေးလိုက်မိသည်။

ထိုဂူထဲရောက်သောအခါ သူတို့သည် လောလောဆယ် စိတ်ချလက်ချ နေနိုင်သောနေရာ ဖြစ်သဖြင့် မပြန်မချင်း ထိုဂူထဲမှာပင် စ,တည်းချနေနိုင်ရန် ဆုံးဖြတ်ပြီး အထုပ်အပိုး များကိုချကာ အနားယူကြလေတော့သည်။

သူတို့အတွက် နေစရာတွေ့ပြီ ဖြစ်သော်လည်း ပါလာ သော ရိက္ခာများက နည်းနေပြီမို့ ရိက္ခာအတွက် ပူပန်ရလေ သည်။

ထိုအခါ လော်ဟန်က...

"ကျုပ် ကြည့်ရသလောက်တော့ ဒီဂူထဲမှာ ဘာသစ်ပင် မှ မရှိနိုင်ဘူး၊ ဆရာလေးတို့ ဆေးပင်က ဘယ်နေရာမှာ ရှာကြမှာလဲ"

ဟု မေးသည်။

"ကျွန်တော်တို့ ရှာမယ့်ဆေးပင်က သာမန်ရိုးရိုးပေါက် တာ မဟုတ်ဘူး၊ အချိန်အခါရောက်မှ ကျောက်တောင်ကြား





ထဲက ထွက်လာတာဗျ၊ ဒါကြောင့် အချိန်တော့ နည်းနည်း စောင့်ရလိမ့်မယ်"

ကျော်စွာက ယုတ္တိရှိရှိ ပြောလိုက်သည်။

"ဘယ်လောက်ကြာမယ်လို့ မှန်းထားသလဲ"

"အလွန်ဆုံးကြာလှမှ နောက်ထပ် တစ်ပတ်လောက် ပေါ့"

"ဒီလိုဆိုရင်တော့ ကျွန်တော်တို့ယူခဲ့တဲ့ရိက္ခာ မလောက် နိုင်ဘူး၊ ဒီတော့ ဆရာလေးတို့က တောင်ပေါ်မှာ ဆေးပင် ရှာနေတုန်း ကျုပ်တို့နှစ်ယောက်က တောင်အောက်ပြန်ဆင်း ပြီး ဟင်းစားလေးဘာလေး သွားရှာလိုက်ဦးမယ်"

ဟု ပြောကာ နှစ်ယောက်သား ဂူထဲမှ ပြန်ထွက်သွား ကြလေသည်။

ထိုအခါမှ ကျော်စွာတို့လည်း ခေါင်းချင်းဆိုင်ကာ တိုင်ပင်ကြလေတော့သည်။

"ဒီနေရာဟာ တို့ရဲ့ ဘိုးတော် ဘွားတော်တွေ မူလ နေခဲ့တဲ့ နေရာဆိုတာတော့ သေချာတယ်၊ နောက်တော့ လော်စံဆိုတဲ့ တရုတ်တစ်ယောက်က ဒီနေရာကိုတွေ့သွား တာနဲ့ နောက်တစ်နေရာကို ပြောင်းနေခဲ့ကြတယ်...



www.burmeseclassic.com

www.burmeseclassic.com



အတန်ငယ် သွားမိသောအခါ အပေါ်သို့တက်သွားသော လှေကားထစ်လိုလို ကျောက်ထစ်များကို တွေ့ရရုံမက ထိုနေရာ ရောက်သောအခါ လူတစ်ယောက် သွားလို့ရလောက်အော အနည်းငယ် ကျယ်ဝန်းလာသည်ကို တွေ့ကြရသည်။

ထိုလမ်းအတိုင်း လာကြရာ တစ်နေရာ ရောက်သော အခါ လမ်းမရှိတော့ပေ။

အားလုံး အကြံရခက်သွားလေသည်။

ကျော်စွာက လက်နှိပ်မီး အလင်းရောင်ဖြင့် ဂူနံရံမျာ ကို လိုက်လံထိုးကြည့်သော်လည်း မည်သို့မှ မထူးခြားပေ။

သို့ကြောင့်...

စိတ်ပျက်လက်ပျက်နှင့် ထိုင်ချလိုက်ကြကာ လက်ထဲမှ လက်နှိပ်မီးကို ခေတ္တပိတ်ထားလိုက်သည်။

လက်နှိပ်မီး ပိတ်လိုက်သောအခါ ဂူတစ်ခုလုံး အမှော အတိ ဖုံးသွားလေတော့သည်။

"ဟင်..."

အမှောင်ထဲမှာ မျက်စိကျင့်သား ရသွားသောအခါမှ ဂူနံရံတစ်နေရာဆီမှ ထွက်နေသော အနီရောင် အလင်းစက် တစ်ခုကို သတိပြုမိလိုက်သည်။





လက်နှိပ်မီးဖြင့် ထိုးကြည့်သောအခါ အနီရောင်အလင်း က် ပျောက်သွားပြီး ကျောက်ဂူနံရံကိုသာ တွေ့ရသည်။ ပိတ်လိုက်မှ အနီရောင်အလင်းစက်က ပြန်ပေါ်လာသည်။

ကျော်စွာက ထိုနေရာကို အသေအချာမှတ်ပြီး လက်ဝါး စမ်းကြည့်သောအခါ အပြင်မှ စိမ့်ဝင်လာသော လေ၏ တွေ့အထိကိုရသည်။

"ဟုတ်ပြီ... ဒီနေရာမှာ အပေါက်ရှိရမယ်"

ဟု တွေးကာ လက်ဖြင့် အားစိုက်၍တွန်းကြည့်သော ခါ အနည်းငယ် လှုပ်သွားသယောင် ထင်ရသည်။

အားလုံးက စိတ်ဝင်စားစွာဖြင့် အနားကပ်လာကြသည်။

"ဘာလဲ ကျော်စွာ..."

"ဒီနေရာမှာ အပေါက်ရှိနိုင်တယ်၊ တွန်းကြည့်ရအောင်"

ဟု ပြောကာ လေးယောက်သား အားစိုက်၍ တွန်းကြည့် ကြရာ အတန်ကြာသောအခါ ကျောက်နံရံမှာ အနည်းငယ် ပ်လာပြီး ကျောက်တုံးတစ်တုံး လိမ့်ထွက်သွားသော အသံ ကြားလိုက်ရပြီး တစ်ခန်းလုံး အနီရောင်များ တိုးဝင်လာ ည်။

အားလုံးက ကြောက်လန့်တကြားဖြင့် အသီးသီး မျက်စိ များ မှိတ်ထားလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်...

ဂူထဲသို့ လိုက်လံကြည့်ရှုသောအခါ လူ့အသုံးအဆောင် ပစ္စည်းများမှာ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်သောကြောင့် ဖုံအလူးလူး ပင့်ကူအိမ်အထွေးထွေးနှင့် ဖြစ်နေလေသည်။

အချို့သောပစ္စည်းများမှာ နန်းတွင်း၌သာ အသုံးပြုသော ပစ္စည်းများ ဖြစ်ကြလေသည်။

ဖုံနှင့် ပင့်ကူအိမ်များကို ဖယ်၍ကြည့်သောအခါ မြေနှင့် ပြုလုပ်ထားသောပစ္စည်းများ၊ ကျောက်ခွက်များ၊ ရွှေငွေဖြင့် ပြုလုပ်ထားသောပစ္စည်းများ ဖြစ်ကြလေသည်။

ကျော်စွာကတော့ အနီရောင်အလုံးကြီး လက်ဝါးပေါ် တင်ထားသော ရုပ်တုကြီးကို အနားကပ်၍ အသေအချာ ကြည့်နေလေသည်။

ထိုအမျိုးသမီးကြီးမျက်နှာကို သတိထားကြည့်သော အခါမှ ဓာတ်ပုံထဲမှာ တွေ့ဖူးခဲ့သော သူ့မိခင်မျက်နှာနှင့် လွန်စွာတူကြောင်း အမှတ်ရလေသည်။

ကျောက်ဂူ၏ အတွင်းဘက်တစ်နေရာမှာတော့ ကျောက် ခုတင်ပေါ်၌ လူအရိုးစုကြီးတစ်ခုကို တွေ့ကြရသည်။

မလှမ်းမကမ်း နေရာမှာတော့ ဖုံတက်နေပြီဖြစ်သော ဓား လှံအချို့ကို ထောင်ထားသည်။





ခုတင်ဘေး ကျောက်ခုံပေါ်မှာ ကမ္ဗဝါထည့်သော ယွန်းသေတ္တာတစ်လုံး တင်ထားသည်။

ထို့နောက် သူတို့သည် ဂူတစ်ဂူလုံးမှာ စိတ်ဝင်စား ဖွယ်ရာ အကောင်းဆုံးအရုပ်ကြီး ရှိရာသို့ ပြန်လာ၍ ဝိုင်းကြည့် ကြလေသည်။

အရုပ်မှာ သီးသန့်ပြုလုပ်ထားသော ဖယောင်းဖြင့် ပြုလုပ်ထားခြင်းဖြစ်ကာ အရပ်အမောင်းမှာ ၎င်းတို့ထက် အနည်းငယ်မြင့်လေသည်။

ဦးခေါင်းတွင် ပဝါတစ်ထည်ပတ်ထားပြီး နန်းဝတ်နန်းစား များ ဝတ်ဆင်ထားသည်။

ပထမတော့ ထိုအရုပ်၏လက်ပေါ်တွင် တင်ထားသော နီနီအလုံးကြီးကို ပတ္တမြားကြီးတစ်လုံးဟု ထင်လိုက်မိသဖြင့် အနားကပ်၍ သေသေချာချာ ကြည့်သောအခါမှ ပတ္တမြား မဟုတ်မှန်း သိရလေသည်။

သို့သော်လည်း မည်သို့သော အရာဝတ္ထု ဖြစ်မည်ကို တော့ သူတို့ မသိနိုင်ပေ။

ထိုအရုပ်ကြီး၏ နောက်ဘက်တွင် ကျောက်ကြားမှ တစ်စက်,တစ်စက်ကျနေသော အိုင်တစ်အိုင်ကို တွေ့ရသဖြင့် တင်မောင်လွင်က ရေမှတ်၍ သွားသောက်လိုက်ရာ ရေမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လော်ဟန်ကလည်း လှည့်ပစ်သည်။

"ဒိုင်း..."

"ဒိုင်း..."

တင်မောင်လွင်ပစ်သော ကျည်ဆံက လော်ဟန်၏ သေနတ်ကိုင်လက်ကို ထိကာ သေနတ် လွတ်ကျသွားသည်။

သို့သော် လော်ဟန်က ကျန်လက်တစ်ဖက်နှင့် အနီရောင် အလုံးကြီးကို အကျီအိတ်ထဲထည့်ယူကာ ဂူအနောက်ဘက်သို့ ပြေးလေသည်။ မီးခိုးငွေ့များ တလူလူနှင့် ပါသွားလေသည်။

ကံကောင်းသည်ဟု ဆိုရပေမည်။

လော်ဟန်နှင့်ပါလာသူ ပစ်လိုက်သောမြားက ဖယောင်းရုပ်ကို ဝင်ရောက်စိုက်မိသဖြင့် မည်သူ့ကိုမှမထိလိုက်ပေ...

သူက နောက်တစ်ချက်ပစ်ရန် မြားတစ်ချောင်း ထုတ်ယူနေစဉ် ကျော်စွာက အနီးမှာထောင်ထားသော လှံ တစ်လက်ကိုယူ၍ ပစ်ထိုးလိုက်ရာ တည့်မတ်စွာ စိုက်ဝင်သွားပြီး လဲကျသွားလေတော့သည်။

လော်ဟန်ပစ်လိုက်သော သေနတ်ကျည်ဆန်က တင်မောင်လွင်၏ ပခုံးစွန်းကိုထိကာ တင်မောင်လွင် လဲကျသွားသည်။

"ဟင်... ကိုတင်မောင်လွင်..."





ပန်းအိဖြူက အလန့်တကြား အော်လိုက်လေသည်။

ကျော်စွာက ကပျာကယာပြေးလာပြီး ကြည့်တော့ သေကွင်းသေကွက် မထိမှန်းသိရသဖြင့် စိတ်အေးသွားပြီး...

"ညီမလေး... တင်မောင်လွင့်ဒဏ်ရာကို ပြုစုပေးထား လိုက်၊ ကိုကို ဟိုလူ့နောက် လိုက်သွားမယ်..."

ဟု ဆိုကာ နောက်ထပ် လှံတစ်ချောင်းကိုယူကာ လော်ဟန်ပြေးရာနောက်သို့ လိုက်ခဲ့လေသည်။

လော်ဟန်သည် သူလိုချင်တာ ရသွားပြီဖြစ်သဖြင့် လာလမ်းအတိုင်း နောက်ကြောင်းသို့ပြန်လှည့်၍ ပြေးခြင်း ဖြစ်သည်။

ကျော်စွာကလည်း မလှမ်းမကမ်းမှ ထက်ကြပ်မကွာ လိုက်သွားလေသည်။

လော်ဟန်သည် အလာတုန်းက တံတားထိုးကာ ဖြတ်ကူးရသော ချောင်းရှိရာသို့ တန်းပြေးလေသည်။

"ငါ့ကိုဖမ်းချင်ရင် ဒီချောင်းကို ငါခုန်ကူးသလို ကူးနိုင် ရင်တော့ ရမယ်ဟေ့"

ဟု အော်ပြောလိုက်သည်။

ထိုအခါမှ လာစဉ်က ထိုအကြံနှင့် တံတားကို တမင် ကန်ချလိုက်မှန်း သိရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၁၉)

# အထီးကျန်ဘဝ၏ နိဂုံး

"ချစ်လှစွာသောကြင်ယာတော် သီရိစန္ဒာဒေဝီကို လွမ်းဆွတ် အောက်မေ့စွာဖြင့် ဤစာကို ရေးသားခဲ့ခြင်းဖြစ်သည်။

စောခုံမှိုင်းအမည်ရှိသော ငါသည်လည်း စော်ဘွားအနွယ်တော်၊ ငါ့ချစ်သူ စောခင်နှစ်သည်လည်း စော်ဘွားအနွယ်တော်၊ ငါတို့နှစ်ယောက် ခိုင်မြဲသောမေတ္တာဖြင့် သစ္စာရှိစွာ ချစ်ကြပါသော်လည်း ငါ့မိဘဆွေမျိုး စော်ဘွားတစ်နွယ်လုံးသည် အစဉ်အဆက် မသင့်မြတ်ခဲ့ကြသည်ကြောင့် ငါနှင့် စောခင်နှစ်တို့ မေတ္တာလမ်းကြောင်းသည် အခက်အခဲနှင့် ရင်ဆိုင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ… ငါတို့နှစ်ယောက် ရှမ်းပြည့်နယ်ကို စွန့်ခွာထွက်လာခဲ့ကြသည်။ ရတနာပုံ နေပြည်တော်အရောက်လာခဲ့ကြသည်။ မင်းတုန်း ဘုရင်မင်းမြတ်၏ ဘုန်းရိပ်ကိုခိုလှုံကြသည်။ မင်းတုန်းဘုရင်မင်းမြတ်သည် ငါ့ကို ချစ်မြတ်နိုးသည့်အလျောက်၊ မိဖုရားခေါင်ကြီး စကြာဒေဝီသည်စောခင်နှစ်ကို ချစ်မြတ်နိုးသည့်အလျောက် ငါတို့နှစ်ယောက်ကိုခမ်းနားစွာ လက်ထပ်ထိမ်းမြားပေးတော်မူသည်။

ငါ့ကို မင်းရဲကျော်သူဟူသော ဘွဲ့တော်နှင့် မင်းညီမင်းသားတို့ အဆောင်အယောင်ကို ပေးသနားကာ အတွင်းတော်မှာ အမှုတော်ထမ်းစေသည်။ မိဖုရားခေါင်ကြီးက စောခင်နှစ်ကို သီရိစန္ဒာဒေဝီဟူသော ဘွဲ့တော်နှင့် မင်းသမီးတို့၏အဆောင်အယောင်ကို ပေးသနားတော်မူသည်။

ခေါင်ဘုရားသည် စောခင်နှစ်ကို ဘွဲ့တော်နှင့်တကွအဆောင်အယောင်များကို ပေးသနားတော် မူသည့်အပြင်သားသမီးရတနာ မထွန်းကားသော ခေါင်ဘုရားသည်စောခင်နှစ်ကို သမီးတော်ရင်းအသွင် ချစ်ခင်တော်မူသည့်အတွက် သူ့လည်ဝယ် အစဉ်အမြဲ ဆွဲဆောင်တော်မူထားသည့်ပတ္တမြားလည်ဆွဲတော်ကို ရွှေလက်တော်ဖြင့်ဖြုတ်ခါ သီရိစန္ဒာ





ဒေဝီဘွဲ့ ချီးမြှင့်ပြီးဖြစ်သော စောခင်နှစ်ကို ကိုယ်တော်တိုင်ဆင်မြန်းပေးအပ် ချီးမြှင့်တော်မူသည်။

ထိမ်းမြားလက်ထပ်ပြီးပြီဖြစ်သော ငါတို့နှစ်ယောက်ကိုရှမ်းပြည်ကို မပြန်စေဘဲ ရာထူး တိုးတက်ချီးမြှင့်တော်မူသည်။ အိမ်ဝင်းသီးသန့် ပေးသနားတော်မူသည်။ အပြင်မှာ လွတ်လပ်စွာ နေခွင့်ပြုတော်မူသည်။ ငါတို့နေထိုင်ရန် ပေးသနားတော်မူထားသော အိမ်သည် အိမ်ရှေ့စံ ကနောင်ကိုယ်တော်ကြီး၏စံအိမ်တော်နှင့် နီးသည်ဟု ဆိုနိုင်သည်။

ငါတို့ကံသိုလ်က ကောင်းသည်ဟုပင် ဆိုရပေမည်။ အိမ်ချင်းနီးလာသော ကနောင်ကိုယ်တော်ကြီးသည် ငါတို့မောင်နှံကို ချစ်ခင်ကြင်နာတော် မူသည့်အလျောက် သူ့အိမ်တော်သို့ လည်ပတ်သွားလာခွင့် ပေးတော်မူသည်။ ငါ့ကြင်ယာတော်သည် မိန်းမသားတစ်ယောက် ဖြစ်လျက်နှင့် ကနောင်ကိုယ်တော်ကြီး၏ ဆောင်ရွက်ချက်တွေမှာ များစွာစိတ်ဝင်စားနေသည်။

ကနောင်ကိုယ်တော်ကြီး၏ ဆောင်ရွက်တော် မူချက်များကား တိုင်းပြည် ကာကွယ်ရန်အတွက် လက်နက်တွေပြုလုပ်နေခြင်းပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကနောင်ကိုယ်တော်ကြီး ရေမြှုပ်ပုံးလုပ်ငန်းကို ငါ့ကြ
ယာတော်သည် အားရများစွာ ဝမ်းပြောက်နေသည်။

"အိမ်ရှေ့စံကိုယ်တော်ကြီးရဲ့ မိဖုရားတွေဟာ တ
ယောက်နဲ့ တစ်ယောက် ဂုဏ်ပြိုင်ကြမယ့်အစား သူ့မောင်တေ
ာ်ဘုရား၏ တိုင်းပြုပြည်ပြု လုပ်ငန်းများကို တစ်ဖက်တစ်လမ်းက
ကူကြရင် ကောင်းမှာ"

ဟူသော စကားမျိုးကို မည်သူမှမကြားရအောင် ငါ
တိုးတိတ်စွာ မကြာခဏ ပြောတတ်ခဲ့သည်။

ငါ့ ကြင်ယာတော်သည် သံချက်ဝန်မင်း ဦးမြူနှင့်လ
ခင်မင်သည် ဖြစ်သောကြောင့် သံချက်စက်ရုံမှ သူလိုချင်သော
အရွယ်အစား သံတိုသံစတွေကို အလွယ်ပင် ဝန်မင်းထံ
တောင်းယူရရှိခဲ့သည်။ ထို့နောက် လက်နက်စက်ရုံမှ လက်န
ထုတ်လုပ်သူတွေနှင့် မိတ်ဆွေဖွဲ့သည်၊ သူ စိတ်ကူးပေါက်သ
ပုံစံသစ်တွင်နေသည်။

ငါ့ကြင်ယာကား ခင်ပွန်းဝေယျာဝစ္စနှင့် အိမ်ထောင်
အလုပ်မှလွဲလျှင် တာဝန်မရှိ၊ အားနေသည့်အလျောက်
စိတ်ကူးရသလို အပျင်းဖြေနေနိုင်သော်လည်း ငါ့မှာ ဘု
မင်းမြတ်တာဝန်ကို ထမ်းဆောင်နေရသူ ဖြစ်သောကြ





ားလပ်သည်ဟူ၍ မရှိခဲ့။ ထို့ကြောင့် သူ ဘာတွေလုပ်နေ
သည်ကို အချိန်ပြည့် စောင့်မကြည့်နိုင်ချေ။

စိတ်ကူးဉာဏ်တွင် သာမန်ယောကျ်ားတစ်ယောက်ထက်
ထက်မြက်သော ကြင်ယာတော်သည် လက်နက်တစ်ခု
တီထွင်ပြုလုပ်၍ အောင်မြင်သည်ဟု ဆိုသည်။ သူ့စိတ်ကူး
ဉာဏ်အလျောက် လုပ်ထားသောလက်နက်သည် ရန်သူ့ရှိရာ
ပစ်သွင်းလိုက်သည်နှင့် တစ်ပြိုင်နက် ရန်သူသည် မည်သို့မှ
မခုခံနိုင်တော့ဘဲ လောင်မိုးကြိုး ထိမှန်သူလိုဖြစ်ကာ ရှုံးနိမ့်ရမည့်
လက်နက်မျိုးဟု ဆိုသည်။

ငါ့ကြင်ယာတော်က သူတီထွင်ထားသည့် လက်နက်ကို
စမ်းချင်လှပြီဖြစ်သော်လည်း ကနောင်ကိုယ်တော်ကြီးက သူ့
ရေမြှုပ်ပုံးကို အရင်ဦးစွာ စမ်းမည်၊ သူ့လက်နက်ကို စမ်းပြီးမှ
ခွင့်ပြုတော်မူမည် ဆိုသောကြောင့် စောင့်ဆိုင်းနေရသည်။

ငါ့ကြင်ယာတော်သည် ထိုမျှသာမဟုတ်သေး။ ကော်
တစ်မျိုးဖြင့် အရုပ်ပုံတူ သွန်းလောင်းသည့် အတတ်ကိုလည်း
စိတ်ကူးဉာဏ်ဖြင့် တီထွင်လိုက်သေးသည်။

သူ့ပညာကို စမ်းသည့်သဘောဖြင့် သူ့ရုပ်ပုံကို ပန်းချီ
ဆရာတစ်ယောက်အား ပုံတူရေးဆွဲစေသည်၊ သူ့အလုံး
အရပ်ရုပ်ရည်ဖြင့် တစ်သဝေမတိမ်း တူသော ပန်းချီပုံကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ခါ သူ့ ဟီထွင် ဖော်စပ်ထားသော ကော်တစ်မျိုးဖြင့် အခေါင်းပွရုပ်ပုံ သွင်းလိုက်သည်။ သူ့ရုပ်ရည်ဖြင့် ရွေးမရအောင် တူညီသော သူ့ပုံတူ ရုပ်လုံးကြီးကား လေးလံခြင်းမရှိဘဲ ပေါ့ပါးလှသည်။

ကနောင်ကိုယ်တော်ကြီးကား ငါ့ကြင်ယာတော်၏ အစွမ်း အစ အရည်အသွေးကို အားရတော်မူလှသောကြောင့်...

"နှမငယ်... နောင်တော်ဘုရားမရှိတော့လို့ ငါ ရွှေထီး ရွှေနန်း သိမ်းမြန်းရတဲ့အခါ နှမငယ်ကို လက်နက်ဝန်ခန့်မယ်၊ တို့တိုင်းပြည်မှာ တို့တိုင်းရင်းသူ အမျိုးသမီးတွေ ဘယ်လောက် စွမ်းဆောင်နိုင်တယ်ဆိုတာ နှမငယ်က စံပြဖြစ်ရမှာပေါ့..."

ဟူ၍ပင် ထုတ်ဖော် ချီးကျူးတော်မူခဲ့သည်။ ငါတို့ ဖနီးမောင်နှံနှင့် ကနောင်ကိုယ်တော်ကြီး၏ ချစ်ခင်ရင်းနှီးမှုကား ဆွေရင်းမျိုးချာပမာ ရှိတော့သည်။

ကနောင်ကိုယ်တော်ကြီးသည် မင်းဟူသော မာနစိတ် ရှိသည့်နေရာတွင် ရှိမည်ဖြစ်သော်လည်း တိုင်းပြည်အတွက် အထောက်အကူ ပြုမည့်သူကိုမူ တန်ဖိုးထားတော်မူသည်။ လေးလေးစားစား ဆက်ဆံတော်မူသည်။ တိုင်းပြည်အတွက် အသုံးကျမည့်သူဆိုလျှင် ကိုယ်တော်ကြီး ဆက်ဆံပုံမှာ တန်းတူ





လို သဘောထားတော် မူနိုင်သည်ကပင် ချီးကျူးစရာ ဖြစ်နေသည်။

အရည်အသွေး အစွမ်းအစကို အားရတော်မူသော ကြောင့် ငါတို့ဖနီးမောင်နှံကို အထူးအရေးပေး ကြည်ဖြူ တော်မူသော ကနောင်ကိုယ်တော်ကြီးက နှစ်မရင်းညီရင်းလို ဆက်ဆံတော်မူသည်ကို မနာလိုဝန်တိုသူတွေ ရှိနေကြသည်။ ထိုသို့ရှိနေကြောင်းကို ငါတို့ဖနီးမောင်နှံ၏ တပည့်ရင်း မောင်ဘိုးလွန်းက သတင်းကြားသည်ဖြစ်၍ ငါတို့ကို မကြာခဏ သတိပေးသည်။

မောင်ဘိုးလွန်းကား ဗမာလူမျိုးဖြစ်သည်၊ ဗန်းမော် နယ်သားဖြစ်သည်။ အသက်အရွယ်မှာ ငါတို့နှင့် ရွယ်တူ လောက်ပင် ဖြစ်သည်။

မောင်ဘိုးလွန်းအပြင် နောက်တစ်ယောက်ရှိသေးသည်။ သူလည်း ဗမာလူမျိုး ဗန်းမော်နယ်သားပင် ဖြစ်သည်။ မောင်ဘိုးလွန်းနှင့် ငယ်သူငယ်ချင်းများဖြစ်ပြီး ငါတို့ထံမှာပင် အမှုထမ်းနေသော မောင်ထွန်းအိမ် ဖြစ်သည်။

သူတို့နှစ်ယောက်ကား ငါတို့မောင်နှံကို သွေးသားရင်းချာ များပမာ သံယောဇဉ်ကြီးပြီး သစ္စာရှိသူများ ဖြစ်ကြသည်။ သူတို့နှစ်ယောက် သတိပေးသလိုပင် ငါတို့မောင်နှံကို မနာလို



www.burmeseclassic.com

www.burmeseclassic.com



ဝန်တိုသူများ ရှိနေသည်ကို ငါတို့လည်းသိပါသည်။ သို့သော် ကနောင်ကိုယ်တော်ကြီးနှင့် ဘဝရှင် မင်းတုန်းမင်းတရားကြီး ရှိနေသရွေ့တော့ သူတို့ ဘာမှမလုပ်နိုင်ကြပါ။

ငါ့ကြင်ယာတော်သည် သူစူးစမ်းထားသော၊ အောင်မြင်စွာ ပြုလုပ်ထားသော လက်နက်စမ်းသပ်ခွင့်ကို စိတ်ဇောကြီးစွာ စောင့်ဆိုင်းနေသည်။

သို့သော် စိတ်ဇောကြီးစွာ အခွင့်ကို မျှော်နေသော ငါ့ကြင်ယာတော်ကား ကြိုးစားထားသမျှ သဲထဲရေကျ ဖြစ်သွားရလေသည်၊ အဘယ်ကြောင့်ဆိုသော် ကနောင်ကိုယ်တော်ကြီးသည် အောင်ပင်လယ်မှာ ရေမြှုပ်ပုံးကို စမ်းသပ် အောင်မြင်လိုက်သော်ငြားလည်း ဆရာတော်ကြီးများ၏ စိတ်မချမ်းမြေ့မှုကို လိုက်လျောသောအားဖြင့် ရှင်ဘုရင်က လက်နက်ထုတ်လုပ် စမ်းသပ်မှုများကို တားမြစ်လိုက်သောအခါ ကနောင်ကိုယ်တော်ကြီးသည် မျက်နှာတော်ကို လက်ဖြင့်ဖုံး၍ မျက်ရည်ဖြိုင်ဖြိုင် ကျတော်မူရှာသည်။

ကနောင်ကိုယ်တော်ကြီးပင် လက်လျှော့လိုက်ရသော လက်နက်ထုတ်မှု၊ စမ်းသပ်မှုကို ငါ့ကြင်ယာတော်အနေဖြင့် အဘယ်မှာ လူသိရှင်ကြား အသိခံ စမ်းသပ်ဝံ့ပါတော့မည်နည်း။





ကိုယ်ရှိန်သတ်၍ ငြိမ်ငြိမ်နေလိုက်လင့်ကစား ငါ့ကြင်ယာတော်၏ အစွမ်းအစကို သိသူတွေက သိထားကြပြီး ဖြစ်သည်။

ဤသို့နှင့်ပင် အကြောင်းမထူးဘဲ နေထိုင်လာခဲ့ကြရာ ငါတို့ ကြည်ညိုအားကိုးရာ သခင်ဖြစ်တော်မူသော အိမ်ရှေ့စံ ကနောင်ကိုယ်တော်ကြီးသည် အာဏာရူးသော မြင်ကွန်း-မြင်းခုန်တိုင် မင်းသားညီနောင်ကြောင့် ရေတိမ်နစ်၍ နတ်ရွာစံတော်မူခဲ့ရသည်။ ထို့နောက် ငါတို့ မယ်တော်တမျှ မြတ်နိုး ကြည်ညိုရသော မိဖုရားခေါင်ကြီး နတ်ရွာစံတော်မူသည်။ ငါတို့အဖို့ ဘုရင်မင်းမြတ် တစ်ပါးတည်းသာ ကိုးကွယ်ရာ ရှိတော့သည်။

သို့နှင့်ပင် ငါတို့မောင်နှံ အသက်သုံးဆယ် ကာလပိုင်းမျှ သိသိစွန်းသည့် အချိန်တွင်ကား ငါတို့၏ တစ်ပါးတည်းသော ကိုးကွယ်ရာ ဘုရင်မင်းတရားကြီး နတ်ရွာစံတော်မူသည်။

ဤတွင် နန်းရေးရှုပ်ထွေး၍ ဖမ်းဆီး သတ်ဖြတ်မှုတွေ ပေါ်ပေါက်နေသည့်အချိန်တွင် ငါတို့မောင်နှံမှာ အကြောင်းမဲ့ သက်သက် ရာဇဝတ်သင့်ရတော့မည့် အခြေအနေသို့ ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးဘုရား ညီတော် နောင်တော် နှစ်ပါးရှိ စဉ်ကပင် မလိုမုန်းပွား မျက်ငြိုးထားခဲ့သော လူတချို့သည် လက်နက်အသစ်အဆန်း တီထွင်တတ်သော ငါတို့မောင်နှံကပင် တိုင်းပြည်ကို ပုန်ကန်တော့မည်လိုလို၊ ဖမ်းဆီးသတ်ဖြတ်ရာတွင် မပါဘဲ လွတ်မြောက်သွားသော မင်းသားကြီး တစ်ပါးထံ ဝင်ရောက်ခိုလှုံခါ လက်နက်တွေလုပ်ကိုင် ဆက်သွင်းပြီး တိုင်းပြည်ကို လုတော့မည့်ကိစ္စမှာ အားပေးမည့် ယောင်ယောင် မဟုတ်သတင်းတွေကို အာဏာပိုင်များထံမှာ ပြောကြား လျှောက်တင်ကြသည်။ ဘုရင်ရွှေနားတော်ကြား တင်လျှောက်ကြသည်။

ငါတို့၏ စေတနာကား နတ်ရွာစံဘုရင်ကြီး လက်ထက်မှာ အားပေးခြင်းမပြုခဲ့သော လက်နက်ထုတ်လုပ်မှုကို ယခုနန်းတက်တော်မူသော ဘုရင်လက်ထက်မှာ အားပေးတော်မူခဲ့လျှင် တိုင်းပြည်အတွက် အင်အားရှိလာစေမည့် လက်နက်များအနက် တစ်မျိုးဖြစ်သော ရန်သူအတွင်း ပစ်သွင်းတိုက်ခိုက်နိုင်သည့် လက်ဖြင့်ပစ်ရသည့် ဗုံးကို ပြုလုပ်တင်ဆက်ရန် ရည်ရွယ်ထားသည်။

သို့သော် ငါတို့ရည်ရွယ်ချက်ကား မထင်ပေါ်တော့ချေ။





မလိုသူတွေ ကုန်းချောပြောကြသည့် စကားကသာ ထင်ပေါ်သွားသည့်ကြောင့် ငါတို့မောင်နှံသည် ရတနာပုံနေပြည်တော်မှာ နေ၍မဖြစ်သော အခြေအနေ ရောက်လာကြပေပြီ။

ငါတို့ ဘယ်ကို သွားရောက် ခိုလှုံမည်နည်း။ ရှမ်းပြည်နယ်မှာရှိနေကြသော ငါတို့မောင်နှံ၏ နှစ်ဖက်လုံးက ဆွေတော်မျိုးတော်တွေကမူ ငါတို့ကို ဆွေမျိုးသားသမီးစာရင်း မသွင်းတော့ဘဲ ပယ်ထားပြီးဖြစ်ရာ ရှမ်းပြည်နယ်ကို ပြန်သွား၍လည်း မဖြစ်နိုင်ချေ။

ဤအချိန်မှာ သစ္စာရှိသော တပည့် မောင်ဘိုးလွန်းနှင့် မောင်ထွန်းအိမ်တို့က သူတို့နေထိုင်ရာ ပန်းမော်ခရိုင်အတွင်း ချောင်ကျလှသည့် တောရွာဒေသသို့ လိုက်ပါနေထိုင်နိုင်လျှင် ဘေးရန်အန္တရာယ် မရှိနိုင်ဘဲ လုံခြုံစွာနေထိုင်နိုင်ကြောင်း၊ သူတို့နှစ်ယောက်ကလည်း အသက်ပေး စောင့်ရှောက်မည် ဖြစ်ကြောင်းကို ပြောကြားကြသည်။

မျှော်လင့်စရာမရှိတော့သော ငါတို့မောင်နှံသည် ကြံရာမရသည့်အဆုံးမှာ သစ္စာရှိလူယုံတော် မောင်ဘိုးလွန်းနှင့် မောင်ထွန်းအိမ်တို့ ဆောင်ကျဉ်းရာ လိုက်ပါခဲ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



နေပြည်တော်က ငါတို့ထွက်လာခဲ့မိသည်မှာ အချိန် အတော်ပင်။ အသက်ဘေးမှ ကင်းဝေးလာခဲ့ခြင်းကြောင့် မောင်ဘိုးလွန်းနှင့် မောင်ထွန်းအိမ်တို့ကို ကျေးဇူးတင်ရပေသည်။ ငါတို့မှာ အသက်ခာယ်နှစ်အရွယ် သားတစ်ယောက်သာ ရှိခဲ့သောကြောင့် ရှောင်တိမ်းသွားလာရေးသည် ပြောလောက်အောင် အခက်အခဲမတွေ့ချေ။

ငါ့ကြင်ယာတော်သည် သူ စူးစမ်းအောင်မြင်ထားသော လက်ဖြင့်ပစ်ခါ ရန်သူကိုပြိုပျက်နိုင်သော လက်နက်လုပ်နည်းကိုလည်းကောင်း၊ ပုံတူရုပ်လုံးသွင်းရာမှာ သုံးနိုင်သည့် ကော်တစ်မျိုးကို ဖော်စပ်နည်းကိုလည်းကောင်း ပေစာမှာ ရေးထားခဲ့သည်။ ပေစာနှင့် သူကိုယ်တိုင် ပုံတူသွင်းထားသော ရုပ်ပုံရုပ်လုံးကြီးကိုလည်းကောင်း ငါတို့သည် အထူးဂရုစိုက် ဆောင်ယူလာခဲ့သည်။

မောင်ဘိုးလွန်းနှင့် မောင်ထွန်းအိမ်တို့ နေသောနေရာသည် ဗန်းမော်ခရိုင်အတွင်း ဆိုသော်လည်း တော်တော်ပင် ချောင်ကျသော နေရာဖြစ်သည်။ တာပိန် မြစ်ကမ်းပေါ်မှာ တည်ရှိ၍ မြန်မာနိုင်ငံနယ်နိမိတ်နား ကပ်နေသော ရွာကလေး တစ်ရွာသာ ဖြစ်သည်။ ရွာကလေးဆိုသည်မှာ သူတို့ဆွေစုမျိုးစု စုနေကြသော အိမ်စုကလေးမျှသာ ဖြစ်သည်။





အခြားသူတွေမရှိချေ။ ထို့ကြောင့် ထိုနေရာလေးမှာ ငါတို့မောင်နှံ လုံခြုံစိတ်ချစွာ နေထိုင်နိုင်သည်။

သို့သော် ကံဆိုးမသွားလေရာ မိုးလိုက်လို့ရွာဆိုသောစကားလို ငါတို့ ဤနေရာ ရောက်နေကြသည်ကို ဗန်းမော်မြို့ဝန်သည် မည်သို့သတင်းစကား ကြားသိသွားသည်မသိ စုံစမ်းထောက်လှမ်းသူတွေ ရောက်လာသောအခါ ငါတို့ လှေကြီးတစ်စင်းဖြင့် တာပိန်မြစ်ကြောင်းအတိုင်း ဆန်တက်ပြောင်းရွှေ့ခဲ့ကြရာ ဝေးဝေးရောက်လေ ဘေးကင်းလေဟူသော ယူဆချက်ဖြင့် မြစ်ကြောင်းတစ်လျှောက် လှေသွား၍ရသမျှ ဆန်တက်လာခဲ့ကြရာမှ တဖြည်းဖြည်းနယ်ကျွံခါ တရုတ်ပြည်ထဲ ရောက်လာခဲ့ကြသည်။

မြန်မာနိုင်ငံနယ်စပ်နှင့် မည်မျှ ကွာဝေးလာပြီကို မခန့်မှန်းနိုင်တော့ချေ။ တာပိန်မြစ်သည် ရေစီးသန်လာသည်။ လှေသွားရန် ခက်ခဲလောက်အောင်ပင် ရေမြှုပ်ကျောက်ဆောင်တွေ ရှိလာသည်။

မြစ်ကမ်းနှစ်ဖက်သည် မတ်စောက်လာသည်။ တောက ထူသထက် ထူလာပြီး တောင်ကုန်း မြေမြင့်ကြီးတွေကို ညို့ညို့မှိုင်းမှိုင်း မြင်ရသည်။ မြင်ရသော တောင်ကုန်းမြေမြင့်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကွေ့အနက် တော်တော်လေးမြင့်သော တောင်ထိပ်လို နေရာကို တွေ့ရသည်။

တရုတ်နယ်ထဲကိုလည်း ရောက်လာပြီး ဤတောင်ထိပ်ကို မြင့်မြင့်နေရာက အရပ်လေးမျက်နှာကိုလည်း မျှော်ကြည့်၍ရသည်။ ရှေ့ဆက်သွားရန် ခရီးလမ်းမှာ လှေအတွက် ခက်ခဲခြင်းလည်း ဖြစ်သည်။

ထို့ကြောင့် ငါတို့သည် ဤနေရာမြစ်ကမ်းမှာ လှေဆိုက်ပြီး နေရာထိုင်ခင်း ရှာကြသည်တွင် ဤတောင်ခြေမှာ စားပင်သီးပင် စိုက်၍ ရနိုင်သော ရေမြေ အနေအထားကို တွေ့ကြသည်။ တောင်ခြေမှ အတန်မြင့်သောနေရာမှာ ကျောက်ဂူတစ်ဂူ၊ တောင်ထိပ်နား ရောက်ခါနီးမှာ ကျောက်ဂူတစ်ခုကိုလည်း အဆင်သင့် တွေ့ရသည်။

အကယ်၍ စားရေရိက္ခာ လိုလာလျှင် ဤနေရာမှ လှေကို သက်သက်သာသာ စုံဆင်းသွားနိုင်ပြီး မြန်မာနိုင်ငံထဲ ဝင်ခါ လိုအပ်သောပစ္စည်းကို ဝယ်နိုင်သည်။

ဤနေရာမှာပင် ငါတို့နိုလှုံရန် ဆုံးဖြတ်လိုက်ကြသည်။ လှေပေါ်မှာ စားရေရိက္ခာ အဝတ်အထည်ကို လုံလောက်အောင် ငါတို့ယူဆောင်လာကြသည်။ မောင်ဘိုးလွန်း၊ မောင်ထွန်းအိမ် တို့ နှစ်ယောက်အပြင် ဆွေနီးမျိုးစပ်တော်ပြီး အားကိုးရာ





မိဘမရှိတော့သော သန်သန်မာမာ သူငယ်နှစ်ယောက်လည်း ပါလာကြသည်။

နှမနှင့်ယောက်ဖ သေဆုံးသွားပြီဖြစ်၍ မိဘမဲ့သော မယ်ရွှေစင် မည်သော မောင်ဘိုးလွန်း၏ တူမလေးတစ်ယောက်လည်းပါလာသည်။ ရုပ်ရည်ချောမောလှပသော မယ်ရွှေစင်ကား ငါတို့သားတော် စောနန်းဦးနှင့် ရွယ်တူပင်ဖြစ်သည်။

"ဒီနေရာမှာပဲ ငါတို့နေသိုက်ကြပြီး မြန်မာနိုင်ငံက သတင်းကို ဈေးဝယ်ရင်း နားထောင်ကြတာပေါ့၊ လက်နက်နိုင်ငံဖြစ်ဖို့ ငါတို့ကို ဘုရင်မင်းမြတ်က စိတ်ချယုံကြည်ပြီး ပြန်ခေါ်တော်မူတဲ့အခါမှာ ငါတို့အမှုတော်ကို ပြန်ထမ်းကြမယ်"

ဤဆုံးဖြတ်ချက်ဖြင့် ငါတို့ နေထိုင်လာခဲ့ကြသည်။

လေးလတစ်ကြိမ်လောက် ခြောက်လတစ်ကြိမ်လောက် ဈေးဝယ်ရန် မောင်ဘိုးလွန်းဖြစ်စေ၊ မောင်ထွန်းအိမ်ဖြစ်စေ အဖော် သူငယ်တစ်ယောက်နှင့် ဗန်းမော်မြို့နားအထိ သွားကြသည်။ သတင်းနားထောင်ကြသည်။

ထိုသို့ ဈေးသွားဝယ်ရာမှာ ငါတို့စီးလာသော လှေမှာ ကြီးသောကြောင့် ထိုလှေကြီးကို မသုံးဘဲ မြစ်ကွေ့တစ်ခုမှာ လုံအောင်ဝှက်ထားလိုက်ပြီး သစ်ပင်တစ်ပင်ကို ခုတ်လှဲကာ



www.burmeseclassic.com

www.burmeseclassic.com



လုံးတွင်းလှေငယ်သဘောမျိုး လှေတစ်စင်း ပြုလုပ်ထားသည်။ ထိုလှေငယ်ဖြင့်သာ စုံဆင်းဈေးဝယ်သည်။

သို့နှင့်ပင် တောထဲတောင်ထဲမှာ ခုနစ်နှစ်ကျော်မျှသော အချိန်သည် ကုန်လွန်ခဲ့ပြီးအချိန်ဝယ် ဈေးဝယ်သွားသော သူတွေ ပြန်ရောက်လာကြသောအခါ ငါတို့အဖို့ မျက်ရည် ဖြိုင်ဖြိုင်ကျစေသော သတင်းဆိုးကြီးတစ်ခု ပါလာသည်။

ထိုသတင်းဆိုးကြီးကား မြန်မာတစ်နိုင်ငံလုံး ကုလားဖြူ လက်အောက်ရောက်ခါ ကျွန်ဖြစ်ကုန်ကြပြီ ဟူသော သတင်း ဆိုးကြီးပင် ဖြစ်သည်။

"လက်နက်အင်အား တောင့်တင်းရင် ဒီလို လွယ်လွယ်နဲ့ ကျွန်ဖြစ်နိုင်မလား။ တူတူတန်တန် လက်နက်မရှိလို့ မိဖုရားရေ တိုင်းသူပြည်သားရော ဆုံးရတာ၊ ကနောင်ကိုယ်တော်ကြီးလို ငါတို့လို လက်နက်အသစ်အဆန်း တွင်နိုင်သူတွေကိုသာ မြှောက်စားခဲ့ရင် ငါတို့တိုင်းပြည် ဒီလိုမဖြစ်နိုင်ဘူး၊ ရေတိမ်နစ်ပြီ ငါတို့အပင်ပန်းခံပြီး ရှာဖွေစူးစမ်းထားခဲ့ရတာတွေ အလကား ဖြစ်ပြီ..."

မျက်ရည်ဖြိုင်ဖြိုင်ဖြင့် ငေးငိုင်နေရာမှ ငါ့ကြင်ယာတော် သည် စိတ်ထိခိုက်လှစွာ ကြေကြေကွဲကွဲ ပြောလိုက်သည်။





ထို့နောက်တွင်ကား ကြီးမားသော မျှော်လင့်ချက်၊ ရည်ရွယ်ချက်ကြီး ပျက်စီးသွားပြီဖြစ်သောကြောင့် စိတ်ထိခိုက် သွားသော ငါ့ကြင်ယာတော်သည် မယ်မယ်ရရ ရောဂါအမည် ရှာမရဘဲ တငေးငေးတငိုင်ငိုင် ဖြစ်နေရာမှ ကွယ်လွန်သွား ရှာသည်။

ကြင်ယာတော်၏ ရုပ်ကလပ်ကို အစအန မကျန်ရစ် စေရအောင် ပြာကျသည်အထိ စောင့်ပြီး မီးရှို့လိုက်သည်။ အဆင့်အတန်းနှင့် လျော်ညီသော အထိမ်းအမှတ် မပြုလုပ်နိုင် ဘဲနှင့် မြေမြှုပ်ခြင်းကို မပြုလုပ်လိုချေ။ ပျောက်သွားသည့် တိုင်အောင် မီးရှို့လိုက်သည်က စိတ်သက်သာရာ ရနိုင်သည်။

ကြင်ယာတော် ကွယ်လွန်ပြီး မကြာမီမှာ သားတော် စောနန်းဦးနှင့် မောင်ဘိုးလွန်း၏တူမ မယ်ရွှေစင်တို့သည် လူငယ်ချင်းသဘာဝ ချစ်ခင်ကြသည်ဖြစ်သောကြောင့် ငါသည် သူတို့ချစ်ခြင်းကို မခွဲဘဲ ကောင်းမွန်စွာပင် လက်ထပ်ပေး လိုက်သည်။

သားနှင့်ချွေးမတို့ကား ကုသိုလ်ကံ နည်းပါးရှာကြသည်။ သူတို့သမီးလေးမွေးဖွားပြီး သမီးလေး ငါးနှစ်သမီးအရွယ်မှာ နှစ်ယောက်စလုံးပင် အပြင်းဖျားကာ ကွယ်လွန်ကုန်ကြပြီ ဖြစ်ရာ ငါသည် ကြင်ယာတော်ကို လည်းကောင်း၊ သားတော်



www.burmeseclassic.com

www.burmeseclassic.com



ကို လည်းကောင်း၊ ချွေးမတော်ကိုလည်းကောင်း အလွမ်းပြေ
စရာဟူ၍ မြေးတော်လေး သီရိစန္ဒာဒေဝီသာ ရှိလေသည်။

မြေးတော်လေးကို တခြားနာမည် မမှည့်ဘဲ သူ့ဘွား
တော်ကို ခေါ်င်ဘုရား သနားချီးမြှင့်တော်မူခဲ့သည့် ဘွဲ့တော်
ကိုပင် ပြန်လည်မှည့်ခေါ်လိုက်သည်။

မှည့်ခေါ်ထိုက်အောင်ပင် မြေးတော်လေးကား သူ့ဘွား
တော်နှင့် ခွဲမရအောင်ပင် ချောမောလှပသည့် ရုပ်ရည်ခြင်းမှာ
တူညီလှသည်။

မြေးတော်လေး အသက်အရွယ် ဆယ့်ခြောက်နှစ်မျှ
ရှိသောအခါ ငါတို့တွင် မောင်ဘိုးလွန်းနှင့် မောင်ထွန်းအိမ်တို့
ခေါ်လာသူ အမျိုးသူငယ် နှစ်ယောက်သာ ရှိတော့သည်။
သင်္ခါရသဘောအတိုင်း သေဆုံးကြကုန်ပြီဖြစ်ရာ ငါတို့မြေး
အဘိုးနှင့် သူငယ်ချင်းနှစ်ယောက်တို့သည် ဤနေရာမှာ
အနေကြာပြီဖြစ်၍ လူနားသူနားမှာ ပြန်လည်နေထိုင်ချင်သော
စိတ်မျိုး မရှိတော့ချေ။

ထိုသူငယ်နှစ်ယောက်ကို ငါက နှုတ်ကျိုးနေ၍ သူငယ်ဟု
သုံးနှုန်းနေသော်လည်း ဤအချိန်အခါမှာ အသက်အရွယ်
မငယ်တော့ချေ။ နှစ်ယောက်စလုံးပင် လေးဆယ်ကျော်
ငါးဆယ်နီးနေကြလေပြီ။ ငါသည်ပင် အသက်ရှစ်ဆယ်နား





နီးနေပြီဖြစ်သည်။ သူငယ်နှစ်ယောက်ကလည်း သစ္စာရှိကြ
ပါသည်။

ငါတို့မှာပါလာသော ရတနာများကို ရိက္ခာဝယ်ရာမှာ
ကုန်ခဲ့ရောင်းချခဲ့ကြခြင်းဖြင့် ကုန်သလောက်ပင် ဖြစ်နေကြပြီ။

သွားလေသူ ငါ့ကြင်ယာတော် စီမံပြုလုပ်ခဲ့သည့်
လက်နက်၊ ထူးဆန်းသော ထိုလက်နက်၊ ရန်သူအတွင်းကို
ပစ်သွင်းပြီးဖျက်နိုင်သော လက်နက်၊ ဤလက်နက်၏ သဏ္ဌာန်
ကား လက်ဖြင့်အလွယ်တကူ ဆုပ်ကိုင်၍ရနိုင်သည့် ကြက်ဥ
ပမာဏမျှသာရှိပြီး မီးကျီးခဲရောင်၊ ပတ္တမြားအသွင် ပန်းရင့်ရောင်
လွင်လွင် တောက်နေသော အလုံးတစ်လုံးဖြစ်သည်။

ထိုအရာသည် သူ့ကို ပစ်ခတ်ဖောက်ခွဲခြင်း မပြုလျှင်
ပေါက်ကွဲခြင်းမရှိပေ။ လှုပ်ရှားရုံကိုင်လိုက်လျှင် မီးခိုးလုံးကြီးတွေ
ထွက်လာကာ မမြင်ရအောင် မှောင်သွားတတ်သည်။

ထိုအရာကို ငါသည် ကြင်ယာတော်ရုပ်တု၏ လက်ပေါ်
မှာ ရှိသေစွာ တင်ထားခြင်းအားဖြင့် ညအချိန်မှာ ငါတို့အဖို့
အလင်းရောင်ရနေသည်။

ဤသို့ဖြင့် မြေးတော်လေး သီရိစန္ဒာဒေဝီ အသက်အရွယ်
နှစ်ဆယ်မှာ ငါတို့နေရာဂူကို တရုတ်လူမျိုးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တွေ့သွားသည်။ ထို့ကြောင့် ငါတို့သည် နေရင်းစွဲကျောက်ဂူကို စွန့်လွှတ်ခါ တောင်ထိပ်နားမှာရှိနေသော အထက်ကျောက်ဂူဆီသို့ ဂူတွင်းပတ်ကြားအက် လမ်းကြောင်းအတိုင်း ပြောင်းရွှေ့လာခဲ့ကြသည်။

အထက်ကျောက်ဂူ ရှိသည့်နေရာကား တော်ရုံသဖြင့် မည်သူမျှ လမ်းစရှာနိုင်မည်၊ ရောက်နိုင်မည် မဟုတ်ချေ။

သို့ပါလျက် တစ်နေ့ဝယ် ငါတို့လိုဗမာလူမျိုးတစ်ယောက်သည် ဂူတွင်းပက်ကြားအက် လမ်းကြောင်းအတိုင်း လိုက်လာခါ ငါတို့နေရာ အထက်ဂူသို့ ရောက်လာသည်။ မွန်ရည်သန့်ပြန့်သော ရုပ်ရည်ရှိသည့် ထိုသူစိမ်းသည် ငါတို့နေရာဂူနားကို မည်သည့်အချိန်က ရောက်နေသည်ကို မသိတော့ချေ။

ထိုအချိန်မှာ ငါ့အပေါ် သစ္စာရှိကြသော သူငယ်နှစ်ယောက်ကလည်း မရှိကြတော့၊ ကွယ်လွန်ခဲ့ကြပြီဖြစ်သည်။ တစ်ယောက်က ဈေးဝယ်ဆင်းရင်းသေခဲ့သည်။ တစ်ယောက်ကတော့ ပစ္စည်းတွေနှင့် အဖော်၏အလောင်းကို လှေပေါ်တင်ကာ တစ်ယောက်တည်း ပင်ပန်းခံလာသည့် ဒဏ်ကြောင့်ထင်သည်။ ငါတို့နေရာ အထက်ဂူကိုရောက်ပြီး မကြာမီပင် သေဆုံးသွားသည်။





သူတို့နှစ်ယောက်ထံမှ သဲလွန်စ ရ,ဟန်တူသည်။ မည်သူမှမသိသော ဤနေရာကို ဤသူစိမ်းက ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။

ယခု သူစိမ်းရောက်လာသည့် အချိန်တွင်ကား အထက်ဂူတွင် ငါတို့မြေးအဘိုးနှစ်ယောက်သာ ရှိတော့သည်။ သွားလေသူတို့ ဝယ်ပေးထားခဲ့သည့်ရိက္ခာက ကုန်တော့မည်ဖြစ်သည်။

ငါကား စိတ်ကို ခိုင်မာစွာ ဆုံးဖြတ်ထားသည်။

ရိက္ခာကုန်သည့်နေ့တွင် ငါ့မြေးတော်ကို ငါ အဆုံးစီရင်မည်။ ထို့နောက် ငါ့ကိုယ်ကိုငါ စီရင်မည်။ ကြင်ယာတော်သီရိစန္ဒာဒေဝီနောက်ကို လိုက်ခြင်းအားဖြင့် ငါတို့ဘဝသည် အေးချမ်းသာယာသွားမည် မဟုတ်လော။

မြေးတော်သည် မည်သည့်အချိန်က ရောက်နေသည် မသိသော ထိုလူစိမ်းနှင့် ဂူအပြင်ဘက်မှာ တွေ့ထိကြည်နူးနေကြသည်ကို ငါမြင်လိုက်ရသော အခိုက်ဝယ် ငါ့ရင်ထဲမှာ မီးတောက်သွားသည်သို့ ခံစားလိုက်ရသည်။ သို့သော် စိတ်ကိုထိန်းခါ နှစ်ယောက်စလုံးကို ငါ့ရှေ့မှောက်သို့ ခေါ်ယူလိုက်သည်။

အကြောင်းကို မေးသောအခါ သူစိမ်း၏မျိုးရိုးဇာတိနှင့် ငါ့မြေးတော်အပေါ်မှာ ထားသောမေတ္တာကို ဆိုစရာမရှိသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း နှစ်ယောက်လုံး ဘယ်ကိုမှ မသွားရဘဲ ငါ့မျက်စိအောက်မှာ နေရမည်။ ကြုံသလို ဖြစ်သလို စားရမည်။ ဝတ်သည့်အချိန်မှာ အတူအသေခံရမည်ဟု ငါကပြောသည်။

ငါ့ အသက်တမျှချစ်သော ကြင်ယာတော်နှင့် ရုပ်ရည်တူညီလှသော ငါ့မြေးတော်ကို ငါသည် မျက်စိအောက်မှ အပျောက်မခံနိုင်ချေ။ ကြင်ယာတော်ကို အလွမ်းဖြေစရာ ဤမြေးတော်ပင်ရှိသည် မဟုတ်လော။ ငါမခွဲနိုင်...။

သို့သော်လည်း မြေးတော်၏ကြင်ယာတော် သူစိမ်းကား ဤနေရာမှာ မနေနိုင်တော့ပေ။ ငါ့မြေးတော်ကိုလည်း သူမထားနိုင်။ ထို့ကြောင့် သူတို့ပြေးတော့မည့်ဆဲဆဲ အချိန်မှာ ငါ မိလိုက်သည်။

ငါ့ကိုတော့ သူတို့ကြောက်ကြသည်။ ငါ့ရှေ့မှာပြားပြားဝပ်ထိုင်ပြီး သွားခွင့်ပြုရန်၊ ဘိုးတော်ပါလိုက်ခဲ့ရန် ခေါ်နေကြသည်။ ငါ့စိတ်ကို သူတို့မသိကြချေ။ ငါက ခွင့်မပြုသောအခါ သူစိမ်းသည် ဓွတ်လုပ်တော့သည်။

ဤတောကြီး တောင်ကြီးထဲမှာ အဓိပ္ပာယ်မရှိ ဘဝကိုအဆုံးခံမနေနိုင်ကြောင်း ပြောကာ ငါ့မြေးတော်ကို လက်ဆွဲပြီး ဂူထဲမှ ထွက်ပြန်ပြေးသည်။ ငါ့မြေးတော်ကလည်း လိုက်ပြန်ပြေးသည်။





ထောင့်ငါးရာ အချစ်နှင့် ငါးရာ့နှစ်ဆယ် အချစ်ကားကွာလွန်းလှသည်။ ငါ၏ရင်ထဲမှ အသည်းနှလုံးသားများသည် ပြုတ်ကြွေကုန်ပြီဟု ထင်လိုက်သည်။

"ငါအသက်တမျှချစ်တဲ့ ကြင်ယာတော် ခေါင်းချသွားတဲ့နေရာက ငါဘယ်ကိုမှ မသွားဘူး မြေးတော်၊ တားမရရင်လည်းသွားပေတော့၊ မြေးတော်ကျန်းမာအောင် ဘိုးဘိုးဆေးတစ်ခွက်တိုက်လိုက်မယ်၊ သောက်သွားနော်..."

ဟူသောစကားကို ငါပြောသည်။

ဆေးဘက်ဝါးဘက်မှာ နားလည်သော ဘိုးတော်အကြောင်းကို သိပြီးဖြစ်သော မြေးတော်သည် ယုံမှားသံသယမရှိဘဲ တိုက်သောဆေးမှုန့်လေးကို သောက်ချလိုက်သည်။

ငါတိုက်သောဆေးမှုန့်ကို သောက်လိုက်သော ငါ့မြေးတော်ကို ငါသည်ကြေကွဲစွာ မျက်ရည်ဖြိုင်ဖြိုင်ကျရင်း ကြည့်နေလိုက်သည်။ ငါ့မြေးတော်သည် ဆေးမှုန့်ကို သောက်ပြီးစကားပြောမည်ပြုသောအခါမှ အသံ လုံးဝမထွက်တော့သည်ကို သိရသောအခါ ငါ့ခြေရင်းမှာ ပစ်လှဲပြီး ငါ့ခြေကိုဖက်ခါငိုရှာသည်။

"သွားပေတော့ မြေးတော်၊ ဘိုးတော်စကား နား မထောင်တဲ့ မြေးမိုက်ကို တစ်သက်လုံးဖြေဆေးမရှိတဲ့ ...ကို



www.burmeseclassic.com

www.burmeseclassic.com



တိုက်လိုက်ပါပြီကွယ်... ငါ့မြေးသွားရင် ဘိုးတော်မှာ စကား ပြောဖော်မရှိတော့ဘဲ အ,အကြီးလို နေရတော့မယ် မဟုတ် လား၊ ဘိုးတော် အ,အကြီးဖြစ်နေသလို မြေးတော်လည်း အ,အကြီး ဖြစ်ပါစေပေါ့..."

ငါသည် ကြေကွဲစွာပြောကာ ငါ့ကြင်ယာတော် ရုပ်တုကြီး လက်ပေါ်မှာ တင်ထားသော လက်နက်ကို အသာအယာ ကိုင်တွယ် လှုပ်ရှားလိုက်သည်။ မီးခိုးလုံးကြီးသည် မှောင်နေ အောင် ထွက်လာသည်။ သူတို့ ထွက်ခွာသွားကြသည်ကို ငါ မမြင်လိုသောကြောင့် မီးခိုးမှောင်အောင် လုပ်လိုက်ခြင်း ဖြစ်သည်။

မီးခိုးမှောင်တွေ ဆဲသွားသောအခါတွင်ကား ငါ့မြေး တော်နှင့် သူစိမ်းတို့ကို မတွေ့ရချေ။ ငါသည် ကြင်ယာ တော်၏ ရုပ်တုကြီးရှေ့ဝယ် ပုံလျက်လဲကာ သတိလစ်သွား လေတော့သည်။

ငါ သတိရလာသောအခါတွင်ကား နောက်တစ်နေ့သို့ပင် ကူးနေလေပြီ။ ငါသည် စားချင်သောက်ချင်သော စိတ်လည်း မရှိတော့။ ငါ့ရင်ထဲမှာ အသည်းနှလုံးတွေ ရှိသည်ဟုလည်း မထင်တော့။ ဘယ်နေရာကိုပဲ ကြည့်လိုက်စေကာမူ ငါ့မြေး တော်လေးကိုပဲ မြင်နေသည်။





ဂူဝကိုလေတိုးသော အသံသည် ငါ့မြေးလေးက ငါ့ကို ခေါ်နေသော အသံပေလားဟုထင်မိသည်။ ငါ့ကို ပြုံးစုလုပ်ကိုင် ပေးနေသော ငါ့မြေးလေး၏ လှုပ်ရှားဟန်ကိုသာ မြင်ယောင် နေတော့သည်။

တစ်ရက် နှစ်ရက် ကြာသောအခါ ငါသည် အသက် ရှည်နေရမည်ကို ငြီးငွေ့လာ၏။ မငြီးငွေ့စေကာမူ ငါကား ရိက္ခာပြတ်သည့်နေ့မှာ သေရမည်သာဖြစ်သည်။ ထို့ကြောင့် မသေမီမှာ ငါတို့၏ အထုပ္ပတ္တိအကြောင်းကို ရေးလိုသော ဆန္ဒ ပေါ်လာသည်။

ထိုသို့ရေးနေသည့် အချိန်လေးအတွင်းမှာ ငါ့စိတ် သက်သာရာ ရပေလိမ့်မည်။ သို့မဟုတ်လျှင် ငါ့ကို စွန့်ခွာ ထွက်သွားသော ငါ့မြေးတော်ကိုသာလျှင် ငါသည် အချိန်ရှိ နေသရွေ့ လွမ်းဆွတ် သတိရနေခြင်းဖြင့် ပြင်းထန်သော စိတ်ဆင်းရဲမှုကို ခံစားနေရပေလိမ့်မည်။

ငါ့ကြင်ယာတော် ရုပ်တုကြီးခြေရင်းမှာ ငါ့ကြင်ယာတော် လက်ပေါ်က လက်နက်၏အလင်းရောင်ဖြင့် ငါသည် ပုရပိုက်ကို ဖြန့်ခင်းကာ ငါတို့အထုပ္ပတ္တိကိုရေးသည်။ ထိုသို့ရေးနေဆဲမှာပင် ကြင်ယာတော်၏ လက်ပေါ်ရှိလက်နက်မှ အလင်းရောင်သည် တဖြည်းဖြည်း မှေးမှိန်လာသည်ကို ငါ သတိထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေးသားပြီးဆုံးသော အချိန်တွင်ကား အလင်းရောင်သည် လင်းသည်ဆိုရုံမျှသာ လင်းတော့သည်။

ငါ့ကြင်ယာတော်သည် သူ စူးစမ်းရှာဖွေ တွေ့ရှိထားသော လက်နက်လုပ်နည်းနှင့် ကော်တစ်မျိုးကို ဖော်စပ်နည်းကို သူကိုယ်တိုင် မတွေ့နိုင်အောင် ပုရပိုက်တစ်ဆူဖြင့် ရေးမှတ်ထားခဲ့သည်ကို ငါ ယူကြည့်လိုက်သည်။ ကြင်ယာတော်၏ လက်ရေးများကို ကြည့်နေစဉ်မှာ ငါသည် အကြောင်းကြောင်းတွေ၊ ရှေးဟောင်းနှောင်းဖြစ်တွေကို တွေးရင်း မျက်ရည်ကျမိသည်။

ဗမာနိုင်ငံကို ကျွန်အဖြစ်ရောက်စေသော ကုလားဖြူအစိုးရကို ငါစေတနာမရှိနိုင်။ ဤလက်နက်လုပ်နည်းကို ကုလားဖြူလက်ထဲ မရောက်စေရ။ ဗမာတိုင်းရင်းသားထဲက ရသွားတာဖြစ်စေကာမူ တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးရှိနိုင်သည့် နေရာမှာသုံးလျှင်ကား မထောင်းသာ။ ယုတ်မာသော စိတ်ဖြင့် မသင့်မတော်သောနေရာမှာ သုံးကြမည်ကို ငါစိုးရိမ်သည်။

ထို့ကြောင့် ပျောက်ပျက်သွားသည်မှာ အကောင်းဆုံးဟု စိတ်ဆုံးဖြတ်ပြီး ကြင်ယာတော်၏ လက်ရေးတွေကို နောက်ဆုံးကြည့်ခြင်းဖြင့် ဝ,အောင်ကြည့်ပြီး မီးရှို့ဖျက်ဆီးလိုက်သည်။





ငါ ရေးသားပြီးစီးသော ငါ့အထုပ္ပတ္တိပေစာများကိုမူ မပျက်စီးရအောင် ပြုလုပ်ရချေမည်။ ငါတို့ပြောင်းရွှေ့လာစဉ်က အလွန်ခွေျခွေျတာတာ သိမ်းဆည်း ချန်ထားခဲ့သဖြင့် ကျန်နေသေးသော ရေနံချေးနှင့် တောထဲကရထားသော ပျားဖယောင်းကို ရောကျိုလိုက်သည်။

ထိုအရည်ဖြင့် ပေစာတွေကိုစိမ်သည်။ ပေစာထုပ်မည့် အဝတ်ကို စိမ်သည်။ ထို့နောက် ပေစာတွေကို ထိုအဝတ်ဖြင့် သေချာစွာ ထုပ်လိုက်သည်။

အားလုံးပြီးစီးသောအခါ အစာမစားဘဲ နေခဲ့သော ငါသည် စိတ်လျှော့လိုက်ပြီဖြစ်၍ လှုပ်ရှားရန်ပင် ခက်ခဲစွာ အားစိုက်နေရလေပြီ။ အသက်တမျှချစ်သော ကြင်ယာတော် ငယ်ချစ် စောခင်နှစ် "သီရိစန္ဒာဒေဝီဘွဲ့ခံ" စောခင်နှစ်၏ မျက်နှာကို တစိမ့်စိမ့်ကြည့်ရင်းပင် အသက်ထွက်တော့မည်။ ကြင်ယာတော်ရုပ်တုနှင့် မျက်နှာချင်းဆိုင်မှာ ရှိနေသော ကျောက်ခုံထက်မှာ ပေစာတွေကို ငါ့ဦးခေါင်းရင်းမှာထားမည်။ ကြင်ယာတော်ရုပ်တုရှိရာကို မျက်နှာလှည့်ကာ မထ,တော့သော လဲလျောင်းခြင်းဖြင့် လဲလျောင်း အိပ်စက်တော့မည်။

"အသက်ပေးချစ်သော ကြင်ယာတော်ကို နောက်ဆုံးနှုတ်ဆက်ခြင်းဖြင့် နှုတ်ဆက်လိုက်ပါသည် ငယ်ချစ်ဦး စောခင်နှစ်..."



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲကျော်သူ...။

ဟူသော အကြောင်းအရာများအား ဖတ်ရှုရသောအခါ သုံးယောက်သား စိတ်ထဲမှာ လွမ်းဆွတ်ကြေကွဲသော ဝေဒနာများကို ခံစားကြရသည်။

အလင်းရောင်မှိန်မှိန်အောက်မှာ အထီးကျန်တစ်ယောက်၏ ကြေကွဲလွမ်းဆွတ်သော စိတ်ကိုလည်း မှန်းဆမိကြသည်။

လွန်စွာချစ်ခင်ရသော ကြင်ယာတော် သီရိစန္ဒာဒေဝီကလည်းမရှိ။ နောက်လိုက်နောက်ပါ ငယ်ကျွန်များကလည်း မရှိကြတော့သည့် အချိန်မျိုးမှာ မြေးတော်လေး သီရိစန္ဒာ တစ်ဦးတည်းကိုသာ အဖော်ပြု၍ နေရသော ဘဝမျိုးတွင် သီရိစန္ဒာကပါ ချစ်သူနောက်သို့ လိုက်သွားသောအခါ ဂူတစ်ဂူထဲမှာ အဖော်ကင်းမဲ့စွာ တစ်ယောက်တည်းနေရသော ဘဝ၏ အထီးကျန် ဝေဒနာကို မှန်းဆကြည့်ရုံဖြင့် ဝမ်းနည်းကြေကွဲဖွယ်ရာ ဖြစ်တော့သည်။

အလင်းရောင် မှိန်မှိန်အောက်မှာ ကြင်ယာတော်၏ ရုပ်တုကို မော့ကြည့်ရင်း မှတ်တမ်းပေစာများကို နှလုံးသွေးသို့မဟုတ် မျက်ရည်များဖြင့် ရေးခဲ့သလားဟုပင် ထင်မှတ်ရသည်။





မင်းရဲကျော်သူ၏ အရိုးစုမှာ ကျောက်ခုတင်ပေါ်၌
သီရိစန္ဒာ ရုပ်တုရှိရာဘက်သို့ တစောင်းအနေအထားမျိုး
ရှိနေရာ နောက်ဆုံး အသက်ဝိညာဉ် ချုပ်ငြိမ်းသည်အထိ
ကြင်ယာတော် သီရိစန္ဒာအား ကြည့်နေခဲ့ဟန် ရှိပေသည်။ သူ၏
ကျော်စွာမှာ ပေစာထပ်များကို ကိုင်ထားရင်း
ပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျလာလေတော့သည်။
ဒါကို သူကိုယ်တိုင်ပင် သတိမပြုမိလိုက်ပေ... ။



www.burmeseclassic.com

www.burmeseclassic.com







အခန်း (၂၀)

# ကျားသစ်ဖြူတောင်မှ နှုတ်ဆက်သူများ

ထိုမှတ်တမ်းများကို ရလိုက်သဖြင့် ကျော်စွာဘဝအတွက် များစွာအဓိပ္ပာယ်ရှိသွားပြီ ဖြစ်သည်။

လူပုံအလယ်မှာ သူ၏ဆွေစဉ်မျိုးဆက်များ အကြောင်းကို ရဲဝံ့စွာပြောနိုင်ပြီ ဖြစ်သည်။

ပေစာများ ထည့်ထားသော ယွန်းသေတ္တာအတွင်းမှ နောက်ထပ် တွေ့ရသောအထုပ်ကို ဖြေကြည့်သောအခါ ပတ္တမြားများဖြင့် စီကာပြုလုပ်ထားသော ပတ္တမြားဘယက်တစ်ခုနှင့် သီရိစန္ဒာဒေဝီဟူသော စာတန်းပါသည့် ရွှေဆွဲပြား



www.burmeseclassic.com

www.burmeseclassic.com



တံဆိပ်တော်တစ်ခုနှင့် အခြား ရွှေငွေလက်ဝတ်ရတနာအချို့တို့ကို တွေ့ရလေသည်။

ပတ္တမြားဘယက်နှင့် ရွှေပြားဘယက်တို့မှာ မိဖုရားခေါင်ကြီးက သီရိစန္ဒာဒေဝီအား ချီးမြှင့်ပေးခဲ့သော ရတနာများပင် ဖြစ်ပေတော့သည်။

လော်ဟန်တို့လို လောဘသားများမှာ ပေါက်ကွဲစေဟတ်သောဗုံးကို ပတ္တမြားဟုထင်ကာ လောဘ တက်နေကြခြင်းဖြစ်ရာ အကယ်၍သာ ထိုရတနာများ ဂူထဲ၌ရှိကြောင်းသိရလျှင် ထို့ထက်ပို၍ လောဘတက်ကြမည် ဖြစ်ပေသည်။

ထို့နောက်တွင် ကျော်စွာနှင့် ဦးထွန်းအုံတို့ နှစ်ယောက်မှာ ပြန်လမ်းကြည့်ရန်အတွက် ဂူအောက်သို့ ဆင်းသွားကြစဉ်ပခုံးမှာ ဒဏ်ရာရထားသော တင်မောင်လွင်အား ပန်းအိဖြူကပြုစုရင်းနှင့် ကျန်ခဲ့လေသည်။

တင်မောင်လွင်ကလည်း ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ အခွင့်သာခိုက် မိမိရင်ထဲမှာရှိသော စကားများကိုပန်းအိဖြူအား ဖွင့်ပြောလေသည်။

"အခွင့်အရေး ယူတယ်လို့လည်း မထင်ပါနဲ့ အိဖြူ... ကိုယ့်အနေနဲ့ ဟိုအရင်ထဲက အိဖြူကို စိတ်ဝင်စားမိတယ်၊ အခုလို ရက်အတော်ကြာကြာ အိဖြူနဲ့ ခရီးအတူတူ သွားကြ





ရတော့ တဖြည်းဖြည်းနဲ့ ချစ်လာမိတယ်... ဒါကို အိဖြူသိတယ် မဟုတ်လားဟင်... "

ပန်းအိဖြူက ခေါင်းညိတ်ပြသည်။

"အဲဒါ ,အိဖြူရဲ့သဘောကို သိပါရစေ..."

"ဒါထက် ကိုလွင့်မှာ မိဘတွေ သဘောတူထားတဲ့လူရှိတယ် မဟုတ်ဘူးလား"

"အို... အဲဒါက ဘယ်နည်းနဲ့မှ ဖြစ်တော့မယ်မထင်ပါဘူး"

"ဘာဖြစ်လို့လဲဟင်..."

"ကိုယ်နဲ့စေ့စပ်တဲ့ အမျိုးသမီးက တခြားလူမဟုတ်ဘူး၊ ကျော်စွာရဲ့ချစ်သူလေ..."

"ဟင်... ကိုကို့ချစ်သူ ဟုတ်လား"

"ဟုတ်တယ်၊ သူတို့က ဒီကပြန်သွားတာနဲ့ လက်ထပ်ကြတော့မှာ... ဒါကြောင့် ကိုယ်နဲ့စေ့စပ်တဲ့ အမျိုးသမီးကိုကိုယ့်အနေနဲ့ ဘယ်လိုမှ စိတ်မဝင်စားနိုင်တော့တာပေါ့၊ ကိုယ် တကယ်ချစ်တာကလည်း ဒီလောကမှာ အိဖြူတစ်ယောက်တည်းပဲ ရှိပါတယ်၊ ဒါကို ယုံပါနော်..."

"ယုံပါတယ်... ကိုလွင်ရယ်၊ ဒီလိုဆိုရင် မြို့ပြန်ရောက်ရင်ကိုလွင် သဘောကျသလိုသာ စီစဉ်ပါတော့၊ အိဖြူ လက်ခံပါ့မယ်... "



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင် အိပြုံဘွဲ့ရတဲ့အထိ ကိုယ်စောင့်မယ်... ပြီးတာနဲ့ မိဘတွေကို ခွင့်တောင်းပြီး ကိုယ်တို့ လက်ထပ်ကြမယ်နော်..."

ဟု ဝမ်းသာအားရ ပြောလေရာ အိပြုံက ပြုံး၍ ခေါင်းညိတ် ပြလိုက်လေသည်။

"အို... ကိုယ်ဝမ်းသာလိုက်တာ အိပြုံရယ်... အခုမှပဲ စိတ်အေးရတော့တယ်..."

ဟု ပြောကာ အနားမှာရှိသော ပန်းအိပြုံကိုယ်ကလေးကို ဖက်လိုက်ရာ ပန်းအိပြုံမှာ အငိုက်မိသွားပြီး တင်မောင်လွင့် ရင်ခွင်ထဲသို့ ရောက်သွားလေတော့သည်။

"အိုး... ဒဏ်ရာနဲ့လူကလည်း ဒါမျိုးကျတော့ လက်သွက်လှချည်လား၊ တော်ကြာ ကိုကိုတို့ ပြန်ရောက်လာလို့ မြင်သွားရင် မတော်ဘူးလေ... လွှတ်ပါဦး..."

"ကိုယ် ဝမ်းသာလွန်းလို့ပါ အိပြုံရယ်..."

အတန်ကြာသောအခါ ကျော်စွာနှင့် ဦးထွန်းအုံတို့ ပြန်ရောက်လာကြသည်။

တာပိန်မြစ်ဘက်သို့ ဆင်းသောလမ်း တွေ့ပြီဖြစ်သောအခါ ဂူထဲမှပြန်ထွက်ကြရန် ပြင်ဆင်ကြလေသည်။

ဂူထဲမှ ပြန်ထွက်ခါနီးသောအခါ ကျော်စွာက မီးခြစ်ကို ယူ၍ သီရိစန္ဒာ ရုပ်တုကြီးအနီးသို့ ပြန်လျှောက်သွားသည်။





"ဘာလုပ်မလို့လဲ မောင်ကျော်စွာ"

ဦးထွန်းအုံက စိုးရိမ်တကြီး လှမ်းမေးလိုက်သည်။

"နောက်ထပ် ဒီနေရာကို လူတွေ ရှာတွေ့သွားရင် ကျွန်တော်တို့ရဲ့ ဘိုးတော် ဘွားတော်တွေကို ဖျက်ဆီးကြလိမ့်မယ်...

ဒါကြောင့် မြေးတစ်ယောက်အနေနဲ့ တာဝန်ကျေအောင် ကျွန်တော် သူတို့ကို သဂြိုဟ်ခဲ့ပါရစေ..."

ဟု ပြောဆိုကာ သီရိစန္ဒာဒေဝီ နောက်ဘက်နားမှာရှိသည့် ရေနံဆီများ စိမ့်ထွက်နေသော အိုင်ထဲသို့ မီးတောက်ကို ချပေးလိုက်သောအခါ ချက်ချင်း မီးတောက်များထ,လာသည်။

မီးတောက်များမှာ ချက်ချင်း အရှိန်ရလာလေရာ အပူရှိန်ကြောင့် ဖယောင်းဖြင့်ပြုလုပ်ထားသော အရုပ်ကြီးမှာလည်း တစ်စတစ်စ အရည်များ ပျော်ကျလာသည်။

ထိုမှတစ်ဆင့် ဂူထဲရှိ အခြားပစ္စည်းများကို ကူးစက်လောင်ကျွမ်းပြီးနောက် မင်းရဲကျော်သူ အရိုးစုဆီသို့ပါ ကူးသွားလေသည်။ ခဏကြာသောအခါ ဂူတစ်ဂူလုံး မီးတောက်မီးလျှံများ ပြည့်နှက် ဖုံးလွှမ်းသွားလေတော့သည်။

ထိုအခါမှ ကျော်စွာသည် မီးတောက်များအတွင်းမှ တဖြည်းဖြည်း အရေပျော်ကျနေပြီဖြစ်သော ရုပ်တုနှင့် အရိုး



www.burmeseclassic.com

www.burmeseclassic.com



စုကြီးတို့ကို ကန့်တော့လိုက်ပြီး ဂူထဲမှ ထွက်ခဲ့ကြလေတော့သည်။ မြေပြန့်ဆီသို့ရောက်ပြီး ကျွဲသစ်ဖြူတောင်ဆီသို့ လှည့်ကြည့်လိုက်သောအခါ တောင်ထိပ်တစ်ပိုက်တွင် မြူနှင်းများနှင့် မီးခိုးငွေ့များ ရောကာထွက်လျက်ရှိနေသည်။

ထိုမီးခိုးငွေ့များမှာ ပုံရိပ်အမျိုးမျိုး ဖြစ်ပေါ်နေရာ ထိုအထဲတွင် လူရိပ်သဏ္ဌာန်နှစ်ခုတွေ့ရပြီး သူတို့ကို လက်ပြနှုတ်ဆက်နေသည်ကို တွေ့မြင်ကြရသည်။

ကျော်စွာတို့မှာလည်း စိတ်မကောင်းကြီးစွာဖြင့် ပြန်၍ လက်ပြ နှုတ်ဆက်ပြီးနောက် တာပိန်မြစ်ကမ်းဆီသို့ ဆင်းလာခဲ့ကြလေသည်။

ထိုလမ်းမှာ ယခင်က အသုံးပြုခဲ့သောလမ်းမို့ အခက်အခဲမရှိဘဲနှင့် တာပိန်မြစ်ကမ်းသို့ ပြန်လည်ရောက်ကြလေသည်။ မြစ်ကမ်းသို့ရောက်သည်နှင့် ဝါးများကိုခုတ်၍ ဖောင်ငယ်တစ်ခု ပြုလုပ်ကာ တာပိန်မြစ်အတိုင်း အောက်ဘက်သို့ ပြန်စုန်ခဲ့ကြရာ ရက်အနည်းငယ်အတွင်းမှာပင် မိုးမခရွာသို့ ပြန်လည်ရောက်ကြလေတော့သည်။





## အခန်း (၂၁)

# သစ္စာရှိသူတို့၏ မေတ္တာဆုံတဲ့ပွဲ

တင်မောင်လွင်၏ မိဘများဖြစ်ကြသော ဦးမြတ်အောင် ဒေါ်ရွှေရည်တို့ ခြံကြီးထဲတွင် မိမိမြတ်၏ မိဘများဖြစ်ကြသော ဦးအောင်နိုင် ဒေါ်နန်းနွယ်တို့ ရောက်နေကြသည်။

၎င်းတို့သည် သားရေးသမီးရေး ကိစ္စများဆွေးနွေးရန် ရောက်နေကြခြင်းဖြစ်၏။

တင်မောင်လွင်၏ဖခင် ဦးမြတ်အောင်က...

"ဦးအောင်နိုင် ဒေါ်နန်းနွယ်တို့ကို မေးစရာလေးရှိလို့ပါ"

ဟု စကားပလ္လင်ခံလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေးပါရှင် မေးပါ..."

မိမိမြတ်မိခင် ဒေါ်နန်းနွယ်က အပြုံးဖြင့်ပြောလိုက်သည်။

"ဒီလိုပါ... ဦးအောင်နိုင် ဒေါ်နန်းနွယ်တို့က နန်းစဉ်နန်းဆက် တော်ဝင်မျိုးနွယ်တွေလို့ သိရပါတယ်၊ အဲဒါလေးတွေ သိချင်တာပါ..."

ဦးမြတ်အောင်က မေးလိုက်ရာ ဒေါ်နန်းနွယ်ကလည်း ထိုအကြောင်းကို လွန်စွာမှ ပြောချင်နေသူများပီပီ ၎င်းတို့မျိုးရိုးမှာ မင်းတုန်းမင်းတရားကြီး လက်ထက်တော်တွင် အမှုထမ်းခဲ့သော သံချက်ဝန်မင်း ဦးမြူ၏ ဆွေတော်မျိုးတော်များ ဖြစ်ကြောင်း ပြောပြလေသည်။

"ဒီလိုဆိုရင် အဲဒီအချိန်တုန်းက သံချက်ဝန်မင်း ဦးမြူနဲ့ လွန်စွာရင်းနှီးတဲ့ မင်းရဲကျော်သူ ကိုယ်တော်ကြီးနဲ့ သီရိစန္ဒာဒေဝီတို့ကိုရော သိသလားဟင်..."

"သိတာပေါ့ ဦးမြတ်အောင်ရယ်၊ မင်းတရားကြီးနဲ့ မိဖုရားခေါင်ကြီးတို့ မြှောက်စားခဲ့တဲ့သူတွေပဲ... မသိရှိပါ့မလား။ ဒါထက် ဦးမြတ်အောင်က သူတို့ကို ဘယ်လိုသိပြီး ဘာတွေ မေးနေတာလဲဟင်..."

"ဒီလိုပါ... ကျွန်တော်တို့က လူကြီးချင်း သားရေး သမီးရေးကိစ္စတွေ တိုင်ပင်ထားကြပေမယ့် ကလေးတွေက





ဒီကိစ္စတွေကို လက်မခံကြဘူး၊ အခုဆိုရင် ကျွန်တော့်သားမှာလည်း သူ့မှာ လက်ထပ်ရမယ့်မိန်းကလေး ရှိနေပါပြီ..."

"ဟင်..."

"ဒီလိုပဲ...ဦးအောင်နိုင် ဒေါ်နန်းနွယ်တို့ရဲ့ သမီးလေးမှာလည်း ချစ်သူရှိပါတယ်...သူ့ချစ်သူကတော့ တခြားမဟုတ်ပါဘူး၊ သီရိဂေဟာခြံနဲ့ အိမ်ကြီးရဲ့ အရှင်သခင်လည်းဖြစ်၊ မင်းရဲကျော်သူ သီရိစန္ဒာဒေဝီတို့ရဲ့ မြေးတော်ဖြစ်တဲ့ မောင်ကျော်စွာပါပဲ..."

ထိုစကားကြားသောအခါ ဦးအောင်နိုင် ဒေါ်နန်းနွယ်တို့၏ မျက်နှာများပေါ်မှာ အံ့ဩဝမ်းသာမှုများ အထင်းသားပေါ်လာလေတော့သည်။

"ဒါကတော့ ဦးမြတ်အောင်ရယ်... ဒီလို ဆွေတော်မျိုးတော်တွေထဲက ဂုဏ်ဒြပ်ရှိတဲ့ကလေး ဆိုပြန်တော့ ကျွန်မတို့က ဘယ်ငြင်းလို့ကောင်းပါ့မလဲ... ကလေးတွေ စိတ်ချမ်းသာအောင် စီစဉ်ပေးရမှာပေါ့၊ ကျွန်မတို့ကလည်း သမီးလေးတစ်ယောက်တည်း ရှိတာဆိုတော့ သူ စိတ်မချမ်းသာတာကို ဇွတ်အတင်း မစီစဉ်ချင်ပါဘူး၊ ဒါထက် အဲဒီသူငယ်က ဘယ်မှာလဲဟင်..."

"ကျွန်တော် ခေါ်လိုက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ ဦးမြတ်အောင်က တင်မောင်လွင်ကို အခေါ်ခိုင်းလိုက်ရာ ထိုအိမ်ထဲမှာပင် အဆင်သင့်ရှိနေသော ကျော်စွာက အပြင်သို့ ထွက်လာလေသည်။

ကျော်စွာကို မြင်လိုက်သောအခါ ဦးအောင်ခိုင်ရော ဒေါ်နန်းနွယ်ပါ မြင်ဖူးသလိုအထင်နှင့် စူးစူးစိုက်စိုက် ကြည့်နေကြသည်။

"သူ့ကို မြင်ဖူးသလိုလိုပဲ..."

ထိုအခါ ကျော်စွာက...

"ဟုတ်ပါတယ်၊ ကျွန်တော် ဒေါ်ဒေါ်တို့အိမ်ကို သတင်းစာ လာပို့ပေးဖူးပါတယ်"

ဟု ပြောလိုက်ရာ ဒေါ်နန်းနွယ်မှာ အထိတ်တလန့် ဖြစ်သွားလေသည်။

"ဟင်... သတင်းစာလာပို့တဲ့ သူငယ် ဟုတ်လား၊ မင်းက သီရိစန္ဒာဒေဝီရဲ့ မြေးတော်ဟုတ်လား"

ဟု တအံ့တသြ မေးလိုက်သည်။

"ဟုတ်ပါတယ်... ကျွန်တော်ဟာ မင်းရဲကျော်သူနဲ့ သီရိစန္ဒာဒေဝီတို့ရဲ့ မြေးတော်ပါပဲ...ဒီမှာ ကျွန်တော့် ဘိုးတော် ဘွားတော်တွေရဲ့ မှတ်တမ်းနဲ့ လက်ဝတ်ရတနာတွေပါ"





ဟု ပြောကာ ဂူထဲမှယူလာသော ကျောက်သေတ္တာလေးကို ပြလိုက်လေသည်။

ထိုသေတ္တာထဲမှာ ပေစာမှတ်တမ်းများ...

ပတ္တမြားဘယက်တစ်ခု...

ရွှေပြားဘွဲ့တံဆိပ်တော်နှင့် အဖိုးတန် လက်ဝတ်ရတနာများ ရှိလေသည်။

ထိုပစ္စည်းများကို မြင်သောအခါ ဒေါ်နန်းနွယ်၏ မျက်နှာကြီးမှာ အပြောင်းလဲကြီး ပြောင်းလဲသွားလေတော့သည်။

ဦးမြတ်အောင်ကလည်း ကျော်စွာနှင့် ပတ်သက်သော အဖြစ်အပျက်အားလုံးကို ပြောပြလိုက်လေသည်။

ထိုအခါမှ ဦးအောင်ခိုင် ဒေါ်နန်းနွယ်တို့မှာ ကျော်စွာ၏ ကြိုးစားမှုများကို ချီးမွမ်းမကုန်အောင် ရှိနေကြတော့သည်။ ဒေါ်နန်းနွယ်မှာ ပတ္တမြားဘယက်ကြီးကို ကိုင်တွယ်ကြည့်ရှုရင်းနှင့်...

"သီရိစန္ဒာဒေဝီကို မိဖုရားခေါင်ကြီး ချီးမြှင့်ခဲ့တဲ့ ပတ္တမြားဘယက်ကြီးပါလား၊ ဒီဘယက်မှာပါတဲ့ ပတ္တမြားတွေရဲ့ တန်ဖိုးဟာ တန်ဖိုးမဖြတ်နိုင်အောင်ကို ရှိမယ်၊ ဒီလို မျိုးရိုးမြင့်မြတ်တဲ့ နန်းသွေးနန်းဆက် အနွယ်တော်တွေနဲ့ ကျွန်မသမီးလေး ဖူးစာဆုံရတာ အလွန်ကံကောင်းလှတယ်..."



www.burmeseclassic.com

www.burmeseclassic.com



ဟု တဖွဖွပြောနေလေသည်။

"ဒီလိုဆိုရင် မောင်ကျော်စွာနဲ့ ဒေါ်နန်းနွယ်ရဲ့သမီးလေးနဲ့ လူငယ်ချင်း မေတ္တာမျှနေကြတာကို သဘောတူကြရဲ့ မဟုတ်လား"

ဟု ဦးမြတ်အောင်က မေးလိုက်သည်။

"သဘောတူပါတယ်ရှင်... သဘောတူပါတယ်၊ ဒီလို မျိုးရိုးမြင့်မြတ်တဲ့ ကလေးမျိုးနဲ့မှ သဘောမတူရင် ကျွန်မတို့က ဘယ်လိုလူမျိုးနဲ့ သဘောတူရမှာလဲ... ဦးမြတ်အောင်တို့ ကောင်းသလိုသာ စီစဉ်ပါတော့..."

"ကောင်းပါပြီ... ကျွန်တော်တို့ကပဲ မောင်ကျော်စွာဘက်က မိဘအနေနဲ့ စီစဉ်ဆောင်ရွက်ပေးရမှာ ဆိုတော့ ဦးအောင်နိုင် ဒေါ်နန်းနွယ်တို့နဲ့ ညှိနှိုင်းတိုင်ပင်ပြီး ကလေးတွေရဲ့ မင်္ဂလာပွဲကို စီစဉ်ပေးပါ့မယ်..."

"ကောင်းပါပြီရှင်... သင့်မြတ်လှပါပေတယ်..."

ဟု ပြောဆိုကာ ပြန်သွားကြလေတော့သည်။

ကျော်စွာမှာ ခရီးထွက်ရာမှ ပြန်ရောက်လာကတည်းက တစ်ချက်ကလေးမှ မအားရသေးပေ...

သူတို့ပြန်ရောက်လာတော့ သီရိဂေဟာအိမ်နှင့် ခြံကြီးမှာ သော့ခတ်ထားလေသည်။ အိမ်ခြံသော့ကိုပင် ရှေ့နေကြီး





ဦးဘဦးထံမှ တောင်းယူရသည်။ သိင်္ဂီတစ်ယောက် ဘယ်ရောက်သွားပြီလဲဟု စုံစမ်းကြည့်သောအခါ ကျော်စွာတို့ ခရီးသွားနေခိုက်မှာ အိမ်ပေါ်မှာ ကြိတ်ပိုင်း၊ လောင်းကစားဝိုင်းများ အကြီးအကျယ်လုပ်နေမှုနှင့် ပုလိပ်က သတင်းရသဖြင့် လာရောက် ဖမ်းဆီးခေါ်သွားကြောင်း သိရလေသည်။

သို့ကြောင့်...

ပန်းအိဖြူကို ကျောင်းပြီးသည်အထိ ကျော်စွာကပင် တာဝန်ယူ စောင့်ရှောက်ရပေတော့မည်။

ယခုအခါမှာတော့ သီရိဂေဟာအိမ်ကြီး၌ ဦးထွန်းအုံနှင့် ဒေါ်မင်းဇာတို့လည်း ပြန်ရောက်နေကြပြီ ဖြစ်သောကြောင့် ကျော်စွာ့အတွက် အားလုံး အဆင်ပြေသွားပေပြီ...

အားလုံး ကိစ္စများပြီးစီးသောအခါမှ မိမိမြတ်နှင့် အေးအေးဆေးဆေး တွေ့ရလေသည်။

"ကိုကျော်စွာက အရင်တုန်းက ကျောင်းတက်ရင်းနဲ့ သတင်းစာပို့ ဆိုက်ကားနင်းနေတဲ့လူ... အခုတော့ မဟာမျိုး၊ မဟာနွယ် သူဌေးတစ်ယောက်ဘဝ ရောက်သွားပြီဆိုတော့ မြတ်ကို သတိရပါတော့မလားလို့ စိုးရိမ်နေမိတာ..."

ဟု အပြုံးကလေးဖြင့် ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ဘဝမှာ မြတ်ကို စတွေ့မှ အချစ်ဆိုတာကို သိခဲ့ရတာပါ… ရင်ထဲမှာ တစ်သက်မှာ တစ်ခါသာပေါ်တဲ့ အချစ်ကို ဘယ်အရာနဲ့မှ မလဲနိုင်ပါဘူး၊ ကျွန်တော့်ရဲ့ အချစ်မှာ အဆင့်အတန်းနဲ့ ဂုဏ်ဓနတွေ မပါ,ပါဘူး မြတ်ရယ်"

"ယုံပါတယ်ရှင် ယုံပါတယ်… ဒါကြောင့်လည်း စတွေ့ကတည်းက မောင့်ရဲ့အချစ်ကို ယုံယုံကြည်ကြည်နဲ့ လက်ခံခဲ့တာပေါ့၊ ဒါပေမယ့် အခုလိုမှ ဆုံစည်းရပါ့မလားလို့ အရမ်းကို စိတ်ပူနေရတာပဲ… သိရဲ့လား"

"အခုတော့ ဘာမှစိတ်ပူစရာမရှိတော့ဘူး၊ မောင်က မြတ်ကို သစ္စာရှိရှိနဲ့ တစ်သက်လုံး ရိုးမြေကျ လက်တွဲသွားပါ့မယ်လို့ ရင်ထဲက သစ္စာတရားနဲ့ ကတိပေးပါတယ်"

"မြတ်ကလည်း မောင့်ကို သစ္စာရှိရှိနဲ့ တစ်သက်လုံး လက်တွဲသွားပါ့မယ်လို့ ကတိပေးပါတယ် မောင်ရယ်…"

ဟု ချစ်သူနှစ်ဦးတို့ မေတ္တာတရားဖြင့် သစ္စာစကားများ ပြောဆိုမကုန် ဖြစ်နေခိုက်မှာပင် တင်မောင်လွင်နှင့် ပန်းအိဖြူတို့နှစ်ယောက် ရောက်လာကြသည်။

ပန်းအိဖြူက မိမိုမြတ်ကို မြင်သောအခါ…

"မမကို ဘုရားပေါ်မှာတုန်းက တစ်ခါတွေ့ဖူးတယ်… မမက သိပ်လှတာပဲနော်…ကိုကိုတော့ မမကိုရတာ အရမ်းကံကောင်းတာပဲ…"





ဟု ပြုံးရွှင်သောမျက်နှာနှင့် ပြောလိုက်လေသည်။

"ညီမလေးကလည်း လှလည်းလှ၊ ချစ်ဖို့လည်း အရမ်းကောင်းတာပါပဲ"

"ကိုကိုတို့ ဘယ်တော့ လက်ထပ်ကြမှာလဲဟင်"

"လက်မထပ်ခင် ဘုရားပေါ်သွားပြီး ကုသိုလ်ကောင်းမှု ပြုရဦးမယ် ညီမလေးရဲ့…"

"ဘယ်သူ့အတွက်လဲဟင်…"

"ဘယ်သူ့အတွက် ရှိရဦးမလဲကွယ်… သွားလေသူ မိဘတွေအတွက်ရော… အဘိုးအဘွားတွေ အတွက်ရော ရည်စူးပြီး ကုသိုလ်ကောင်းမှုတွေပြု အမျှအတမ်းတွေ ပေးဝေရမှာပေါ့…"

"ဒီလိုဆိုရင် ညီမလေးတို့လည်း လိုက်ခဲ့မယ်လေ…"

"လိုက်ခဲ့ပေါ့ ညီမလေးရဲ့၊ ကုသိုလ်ကောင်းမှုပြုတာပဲ ဘယ်သူလိုက်လိုက် ရတာပေါ့"

"ကိုလွင့်ကိုရော ခေါ်ခဲ့ရမလား"

ထိုစကားကြောင့် ကျော်စွာက ရယ်နေသဖြင့် တင်မောင်လွင်က…



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ မင်းတို့အကျိုးကို အောင်မြင်အောင် ဆောင်ရွက်ပေးရတယ်၊ အခုအခါမှ ငါ့ကို မခေါ်ရင်တော့ ငါက ဖွတ်လိုက်ရလိမ့်မယ် ရွှေယောက်ဖရေ..."

ဟု ပြောလိုက်သောစကားကို သဘောကျသဖြင့် အားလုံးရယ်မောလိုက်ကြသည်တွင် ကျွန်ုပ်ရေးသားသော "နှင်းဖြူ တောင်တန်း လွမ်းသက်သေ" အမည်ရှိ ဂမ္ဘီရ ဆန်းကြယ် ဝတ္ထုကြီးမှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။ ။

အနိစ္စာ ဟောတု၊ သုခိအတ္တာနံ ပရိဟရတု... ။

တြိစက္က

စာပြီးချိန်... ၂၀၀၅ခုနှစ်၊ ဇွန်လ ၂၉–ရက်၊ ဗုဒ္ဓဟူးနေ့၊
ည–၁–နာရီ...။





# ကြယ်နဂါးနဲ့ ရွှေသားလိုက်ဂူ

- သေမင်းငရဲစခန်းမှ နာမည်တူ ကတ္တူအကျိုးပေး လူငါးဦးနှင့် ထူးဆန်းသောစွန့်စားမှုများ၊
- တောင်ညိုတောင်တန်း တစ်နေရာမှ ဘားပြဒိုလ် မိုးကြီး၏ လှိုဏ်ဂူကြီးစွာ မြှုပ်နှံထားသော ရတနာသိုက်နှင့် လှိုဏ်ဂူ ဆန်းကြယ်မှုများ၊
- ကင်းမြီးကောက်ပုံသဏ္ဌာန်ရှိသော ကြယ်နဂါးရွှေရုပ်နှင့် ရတနာသိုက်နှင့် ဆက်စပ်နေမှုများ၊
- စက်ကိုးစက်နှင့် ဆက်စပ်နေသော ကြယ်နဂါးနှင့် ကြမ္မာဆိုးများ၊
- ကတ္တူအကျိုးပေး လူငါးဦးဆီသို့ အစဉ်အတိုင်း ရောက်လာသော ဘေးအန္တရာယ်များ၊


www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com